موسوعة الأحاديث النبوية

# ဟဒီးဆ်စွယ်စုံကျမ်းမှ ကောက်နုတ်ထား သော သြဝါဒတော်များ



المنتقى من موسوعة الأحاديث النبوية

ح جمعية خدمة المحتوى الإسلامي باللغات ، ١٤٤٦هـ

جمعية خدمة المحتوى الإسلامي باللغات
المنتقى من موسوعة الأحاديث النبوية - بورمي. / جمعية خدمة
المحتوى الإسلامي باللغات - ط١. .- الرياض ، ١٤٤٦هـ

٤٣٠ ص ؛ ..سم

رقم الإيداع: ١٤٤٦/١٦٥١١
ردمك: ٩٧٨-٦٠٣-٨٥٢٤-٩٦-١

Partners in Implementation

Content Association
Rowad Translation
Rabwah Association
IslamHouse

This publication may be printed and disseminated by any means provided that the source is mentioned and no change is made to the text.

Tel: +966 50 244 7000
info@islamiccontent.org
Riyadh 13245- 2836
www.islamhouse.com

# المنتقى

من

# موسوعة الأحاديث النبوية

اللغة البورمية

## إعداد القسم العلمي

جمعية خدمة المحتوى
الإسلامي باللغات

جمعية الدعوة
وتوعية الجاليات بالربوة

## မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အနန္တ ကရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏။

## စကားချီး

ချီးမွမ်းခြင်းဟူသမျှသည် စကြဝဠာအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်တော်မူသည်။ ထို့နောက် ကျွန်ုပ်တို့၏ နဗီတမန် တော် မုဟမ္မဒ်အပေါ်သို့လည်းကောင်း၊ တမန်တော်မြတ်၏ အိမ်သူအိမ်သားများနှင့် ဆွဟာဗဟ် သာဝကကြီးများအပေါ်သို့လည်းကောင်း၊ ကိယာမသ်နေ့ထိတိုင် ၎င်းတို့ နောက်သို့ ကောင်းမှုနှင့်တကွ လိုက်ကြသူများအပေါ်သို့လည်းကောင်း အလ္လာဟ်အရှင် မြတ် ဘက်တော်မှ ကောင်းချီးမင်္ဂလာနှင့် ငြိမ်းချမ်းသာယာမှုများ ကျရောက်ပါစေ။

မွတ်စ်လင်မ်တစ်ဦးအနေဖြင့် အထူးဂရုပြုရမည့် အရေးအကြီးဆုံးအရာမှာ (အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်မြတ် ကုရ်အာန်ပြီးနောက်) တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ စွန္နဟ် (ဟဒီးဆ်)တော်များကို ဖတ်ရှုခြင်း၊ အလေးအနက် ထားခြင်း၊ စဉ်းစားဆင်ခြင်သုံးသပ်ခြင်း၊ သိနားလည်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်း ဖြစ် သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့သည်။ " အို

လူသားအပေါင်းတို့ ငါကိုယ်တော်သည် အသင်တို့၌ အရာနှစ်ခုကို ချန်ထားတော်မူသည်။ ထိုအရာနှစ်ခုကို အသင်တို့ ဆုပ်ကိုင်ထားသမျှ ဘယ်သောအခါမှ အသင်တို့ လမ်းမှား လိမ့်မည် မဟုတ်ချေ။ (ထိုအရာနှစ်ခုမှာ) အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်နှင့် အရှင် မြတ်၏ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ စွန္နဟ်ပင် ဖြစ်သည်။ " (အိမာမ်မာလိက် ဆင့်ပြန် ထားသည်။) ထို့ပြင် အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူ သည်။ " ထို့ပြင် အသင်တို့သည် အသင်တို့အား တမန်တော်ပေးသည်ကို ယူကြပါ။ ထို့ပြင် တမန်တော်တားမြစ်တော်မူသည်မှ ရှောင်ကြဉ်ကြပါ။" (စူရဟ် ဟရှ်ရ် - အာယသ် : ၇) ထို့ကြောင့် ဘာသာစကားများဖြင့် အစ္စလာမ့်အကြောင်းအရာ ဝန်ဆောင်မှုအသင်းနှင့် ရဗ်ဝဟ်ရှိ လူ့အဖွဲ့အစည်းများအား ဒအ်ဝဟ်ဖိတ်ခေါ်မှုနှင့် အသိပညာပေးရေးအသင်း တို့က တမန်တော်မြတ်၏ဟဒီးဆ်တော်များစွယ်စုံကျမ်းကို ပြုစုပြီး ဘာသာစကား အမျိုး မျိုးဖြင့် ဘာသာပြန်ဆိုရန် အထူးကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် ဤစွယ်စုံကျမ်းမှ မွတ်စ်လင်မ်တစ်ဦး၏ သာသနာရေးနှင့် လောကီအရေးအတွက် အထောက်အကူ ဖြစ် စေမည့် ဟဒီးဆ်တော်များကို ကောက်နှုတ် ရွေးချယ်ရန်နှင့် ၎င်းဟဒီးဆ်တော်များ၏ အကျဉ်းချုပ် ရှင်းလင်းချက်များ၊

အခိပ္ပါယ်ဖွင့်ဆိုချက်များနှင့် အကျိုးကျေးဇူးအချို့ကိုပါ ရှင်းလင်းတင်ပြရန် လွယ်ကူမှု ပေးသနားတော်မူခဲ့သည်။ ထိုဟဒီးဆ်တော်များကို "ဟဒီးဆ်စွယ်စုံကျမ်းမှ ကောက်နုတ်ထားသော ဩဝါဒတော်များ" အမည်ရှိ ကျမ်းတွင် စုစည်းတင်ပြလိုက်ပါသည်။ ဤလုပ်ငန်းစဉ်သည် ကမ္ဘာပေါ် ရှိ ရှင်သန်အသုံးပြုနေသော ဘာသာစကားအားလုံးသို့ ဘာသာပြန်ဆိုရန်ဖြစ်ပြီး ထိုသို့ဘာသာပြန်ဆိုခြင်းဖြင့် ဟဒီးဆ် တော်များတွင်ပါဝင်သည့် အကြောင်းအရာများဖြင့် လူအများ အကျိုးခံစားနိုင်ရန်နှင့် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ စွန္နဟ်တော်များကို လူသားအား လုံးထံ ၎င်းတို့၏ မိခင်ဘာသာစကားများဖြင့် ပို့ဆောင်ရန်ဖြစ်သည်။

ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်၌ ဤလုပ်ငန်းအား လက်ခံ သဘောတူရန် တောင်းခံအပ်ပါသည်။ ထို့ပြင် ဤလုပ်ငန်း၌ ဗရကသ်မင်္ဂလာ ချီးမြှင့်ပေး တော်မူရန်၊ အရှင်မြတ်နှစ်သက်မှု အတွက်သာ ဖြစ်စေရန်နှင့် ၎င်းအားပြင်ဆင်ခြင်း၊ ဘာသာပြန်ခြင်းနှင့် ထုတ်ဝေဖြန့်ချိခြင်းတို့တွင်ကူညီပေးသူ အားလုံးအပေါ် သို့ အလ္လာဟ် အရှင်မြတ်ထံတော်မှ ကောင်းမြတ်သော အစားများ ချီးမြှင့်ပေးသနားတော်မူရန် တောင်း ခံအပ်ပါသည်။ ကျွန်ုပ်တို့၏ နဗီတမန်တော် မုဟမ္မဒ်အပေါ်သို့ အလ္လာဟ်အရှင်မြတ် ဘက် တော်မှ ကောင်းချီးမင်္ဂလာနှင့် ငြိမ်းချမ်းသာယာမှုများ ကျရောက်ပါစေ။

(1) – عن عمر بن الخطاب رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «إِنَّمَا الْأَعْمَالُ بِالنِّيَّةِ، وَإِنَّمَا لِامْرِئٍ مَا نَوَى، فَمَنْ كَانَتْ هِجْرَتُهُ إِلَى اللهِ وَرَسُولِهِ، فَهِجْرَتُهُ إِلَى اللهِ وَرَسُولِهِ، وَمَنْ كَانَتْ هِجْرَتُهُ لِدُنْيَا يُصِيبُهَا أَوِ امْرَأَةٍ يَتَزَوَّجُهَا، فَهِجْرَتُهُ إِلَى مَا هَاجَرَ إِلَيْهِ».

وفي لفظ للبخاري: «إِنَّمَا الْأَعْمَالُ بِالنِّيَّاتِ، وَإِنَّمَا لِكُلِّ امْرِئٍ مَا نَوَى». [صحيح] - [متفق عليه]

(1) – အုမရ် ဗင်န် ခသ်သွားဗ်(ရသ္ဓိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့ သည်။ ကောန်အမှန်ပင် အမလ်လုပ်ဆောင်ချက်များသည် ရည်စူးချက်အပေါ်တွင် မူတည်သည်။ လူတိုင်းသည် မိမိရည်စူးခဲ့သည့်အရာကိုသာ ရရှိမည်ဖြစ် သည်။ ထို့ကြောင့် အကြင်သူ၏ ဟိဂ်ျရသ် နေရပ်စွန့်ခွာရွှေ့ ပြောင်းခြင်း သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်အတွက် ဖြစ်ခဲ့လျှင် ထိုသူ၏ဟိဂ်ျရသ် နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်းသည် အလ္လာဟ် အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော် အတွက် ဖြစ်မည်။ ထို့ပြင် အကြင်သူ၏ဟိဂ်ျရသ် နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်းသည် လောကီ(အကျိုး) ရရှိရန်အတွက် သို့မဟုတ် အမျိုး သမီးတစ်ဦးအား ထိမ်းမြားရန်အတွက် ဖြစ်ခဲ့မည်ဆိုလျှင် ထိုသူ၏ ဟိဂ်ျရသ် နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်းသည် ၎င်းသူစွန့်ခွာရွှေ့ပြောင်းခဲ့သည့် အရာအတွက်ပင် ဖြစ်လိမ့်မည်။ ဗုခါရီ၏ စာသားတွင် «ကောန်အမှန်ပင် အမလ်လုပ်ဆောင်ချက်များသည် ရည်စူး ချက်များအပေါ်တွင်

မှုတည်သည်။ လူတိုင်းသည် မိမိရည်စူးခဲ့သည့် အရာကိုသာရရှိမည်ဖြစ်သည်။» [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ ကောင်းမှုန် လုပ်ဆောင်ချက်အားလုံးသည် ရည်စူးချက်အပေါ်တွင် အခြေခံသည်။ ဤအမိန့်သည် ခဝပ်ကိုးကွယ်မှု၌ဖြစ်စေ၊ အရောင်းအဝယ် ၌ဖြစ်စေ အားလုံးနှင့် သက်ဆိုင်သည့် ယေဘုယျအမိန့်ဖြစ်သည်။ သို့ဖြစ်၍ မိမိ၏အမလ်ကျင့်ဆောင်မှုဖြင့် လောကီအကျိုးကို မျှော်လင့်သူသည် ထိုအကျိုးကိုသာ ရရှိမည်ဖြစ်ပြီး ကုသိုလ်အကျိုးရရှိမည်မဟုတ်ပါ။ မိမိ၏ အမလ်ကျင့်ဆောင်မှုဖြင့် အလ္လာဟ်အရှင်မြတ်နှင့် နီးကပ်မှုရရန် ရည်ရွယ်သူ သည် စားခြင်း၊ သောက်ခြင်းကဲ့သို့ သာမန်ကိစ္စမျိုးပင်ဖြစ်စေ မိမိ၏အမလ် ကျင့်ဆောင်မှုအတွက် အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။

ထိုနှစ်ချက်သည် အပေါ်ယံအားဖြင့် တူညီနေသော်လည်း အမလ်ကျင့် ဆောင်မှုများတွင် ရည်စူးချက်၏ အကျိုးသက်ရောက်မှုကို ရှင်းပြရန် တမန် တော်မြတ်(ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)က ပမာပေးတော်မူခဲ့သည်။ ကိုယ်တော်က ရှင်းပြတော်မူသည်မှာ အကြင်သူသည် မိမိ၏ ဟိဂ်ျရသ် နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်းအား

အလ္လာဟ်အရှင်မြတ် ကျေနပ် နှစ်သက်ရန် အတွက် ရည်စူးခဲ့လျှင် သူ၏ဟိဂ်ျရသ်သည် တရားတော်နှင့်ကိုက်ညီကာ လက်ခံသဘောတူခြင်းခံရသည့် ဟိဂျရသ်ဖြစ်ပြီး သူ၏ရည်စူးချက် မှန်ကန် မှုကြောင့် အကျိုးကုသိုလ်ရရှိမည် ဖြစ်သည်။ အကြင်သူသည် မိမိ၏ ဟိဂ်ျရသ် နေရပ်စွန့်ခွာ ရွှေ့ပြောင်းခြင်းအား ဥစ္စာပစ္စည်း၊ ဂုဏ်သိက္ခာ၊ အရောင်းအဝယ်၊ အမျိုးသမီးစသည့် လောကီအကျိုးစီးပွားအတွက် ရည်စူး ခဲ့လျှင် သူ၏ဟိဂ်ျရသ်မှ သူရည်စူးလိုက်သည့် အကျိုးကိုသာ ရရှိမည်ဖြစ်ပြီး နောင်တမလွန်ဘဝတွင် မည်သည့်အကျိုးကုသိုလ်ကိုမျှ ဝေစုအဖြစ်ရရှိလိမ့် မည် မဟုတ်ပါ။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အိခ်လာဆ်ရှိရန် တိုက်တွန်းထားသည်။ ဇကန်အမှန်ပင် အလ္လာဟ် အရှင် မြတ်သည် မိမိကျေနပ်နှစ်သက်ရန်အတွက် ဆောင်ရွက်သည့် အမလ် ကောင်းမှုကိုသာ လက်ခံတော်မူမည်ဖြစ်သည်။
2. ကျေးကျွန်တစ်ဦးသည် အလ္လာဟ်အရှင်မြတ်နှင့်နီးကပ်စေသည့် အမလ် ကျင့်ဆောင်မှုများကို အလေ့အထသဘောမျိုးဖြင့် ဆောင်ရွက်ခဲ့ပါက အကျိုးကုသိုလ်ရရှိမည်မဟုတ်ပေ။ ထိုအမလ်ကျင့်ဆောင်မှုများဖြင့်

အလ္လာဟ်အရှင်မြတ်နှင့်နီးကပ်မှုရရန် ရည်ရွယ်ချက်ပါမှသာ အကျိုး ကုသိုလ်ရရှိမည်ဖြစ်သည်။

(4560)

(2) – عن عمر بن الخطاب رضي الله عنه قال: بَيْنَمَا نَحْنُ عِنْدَ رَسُولِ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ ذَاتَ يَوْمٍ إِذْ طَلَعَ عَلَيْنَا رَجُلٌ شَدِيدُ بَيَاضِ الثِّيَابِ، شَدِيدُ سَوَادِ الشَّعَرِ، لَا يُرَى عَلَيْهِ أَثَرُ السَّفَرِ، وَلَا يَعْرِفُهُ مِنَّا أَحَدٌ، حَتَّى جَلَسَ إِلَى النَّبِيِّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ، فَأَسْنَدَ رُكْبَتَيْهِ إِلَى رُكْبَتَيْهِ، وَوَضَعَ كَفَّيْهِ عَلَى فَخِذَيْهِ، وَقَالَ: يَا مُحَمَّدُ، أَخْبِرْنِي عَنِ الْإِسْلَامِ، فَقَالَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ: «الْإِسْلَامُ أَنْ تَشْهَدَ أَنْ لَا إِلَهَ إِلَّا اللهُ، وَأَنَّ مُحَمَّدًا رَسُولُ اللهِ، وَتُقِيمَ الصَّلَاةَ، وَتُؤْتِيَ الزَّكَاةَ، وَتَصُومَ رَمَضَانَ، وَتَحُجَّ الْبَيْتَ إِنِ اسْتَطَعْتَ إِلَيْهِ سَبِيلًا» قَالَ: صَدَقْتَ، قَالَ: فَعَجِبْنَا لَهُ، يَسْأَلُهُ وَيُصَدِّقُهُ، قَالَ: فَأَخْبِرْنِي عَنِ الْإِيمَانِ، قَالَ: «أَنْ تُؤْمِنَ بِاللهِ، وَمَلَائِكَتِهِ، وَكُتُبِهِ، وَرُسُلِهِ، وَالْيَوْمِ الْآخِرِ، وَتُؤْمِنَ بِالْقَدَرِ خَيْرِهِ وَشَرِّهِ» قَالَ: صَدَقْتَ، قَالَ: فَأَخْبِرْنِي عَنِ الْإِحْسَانِ، قَالَ: «أَنْ تَعْبُدَ اللهَ كَأَنَّكَ تَرَاهُ، فَإِنْ لَمْ تَكُنْ تَرَاهُ فَإِنَّهُ يَرَاكَ» قَالَ: فَأَخْبِرْنِي عَنِ السَّاعَةِ، قَالَ: «مَا الْمَسْؤُولُ عَنْهَا بِأَعْلَمَ مِنَ السَّائِلِ» قَالَ: فَأَخْبِرْنِي عَنْ أَمَارَتِهَا، قَالَ: «أَنْ تَلِدَ الْأَمَةُ رَبَّتَهَا، وَأَنْ تَرَى الْحُفَاةَ الْعُرَاةَ الْعَالَةَ رِعَاءَ الشَّاءِ يَتَطَاوَلُونَ فِي الْبُنْيَانِ» قَالَ: ثُمَّ انْطَلَقَ، فَلَبِثْتُ مَلِيًّا ثُمَّ قَالَ لِي: «يَا عُمَرُ، أَتَدْرِي مَنِ السَّائِلُ؟» قُلْتُ: اللهُ وَرَسُولُهُ أَعْلَمُ، قَالَ: «فَإِنَّهُ جِبْرِيلُ، أَتَاكُمْ يُعَلِّمُكُمْ دِينَكُمْ». [صحيح] - [رواه مسلم]

(2) – အုမရ် (ရသိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တစ်ရက်တွင် ကျွန်တော်တို့သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)ထံ၌ ထိုင်နေကြစဉ် လွန်စွာဖြူဖွေးသည့် အဝတ် အစားများ ဝတ်ဆင်ထားပြီး အလွန်မည်းနက်သော ဆံပင်ရှိသည့်ပုဂ္ဂိုလ် တစ်ဦး ကျွန်တော်တို့ရှေ့၌ ရုတ်တရက် ရောက်ရှိလာခဲ့သည်။ ထိုသူ့၌ ခရီး ထွက်လာသည့်လက္ခဏာ မတွေ့ရသလို ကျွန်တော်တို့ထဲတွင် သူ့ကိုသိသူ တစ်ဦးမျှလည်းမရှိပေ။ နောက်ဆုံးတွင် သူသည် တမန်တော်မြတ် ထံလာ၍ သူ၏ဒူးနှစ်ဖက်အား ကိုယ်တော်၏ဒူးနှစ်ဖက်နှင့်ထိကာ ကိုယ်တော်၏ပေါင် နှစ်ဖက်ပေါ်တွင် သူ၏လက်နှစ်ဖက်ကိုတင်၍ ထိုင်လိုက်ပါသည်။ ထို့နောက် သူက အို မုဟမ္မဒ်၊ ကျွန်ုပ်ကို အစ္စလာမ်နှင့်ပတ်သက်၍ ပြောပြပါဟု လျှောက်ထားလိုက်ပါသည်။ ထိုအခါ တမန်တော်မြတ်က အစ္စလာမ်ဟူသည် «အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခြင်းခံထိုက်သည့် အရှင် မရှိကြောင်းနှင့် မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ဖြစ်ကြောင်း သက်သေခံခြင်း၊ ဆွလာသ်ဆောက်တည်ခြင်း၊ ဇကာသ်ပေး ခြင်း၊ ရမသွာန်လတွင် ဆိုဝ်ယာမ်ဥပုသ်စောင့်ထိန်းခြင်းနှင့် (မက္ကဟ်မြို့သို့) သွားရောက်နိုင်စွမ်းရှိသူအတွက် ကအ်ဗဟ်ကျောင်းတော်သို့ သွားရောက် ဟဂ်ျ ပြုခြင်းတို့ဖြစ်သည်ဟု မိန့်ကြားတော်မူသည်။» ထိုအခါ ထိုသူက

သင်ပြောတာ မှန်ပါသည်ဟုလျှောက်ထားခဲ့ရာ သူကိုယ်တိုင်က တမန်တော် မြတ်ကို မေးမြန်းလျှောက်ထားခဲ့ပြီးနောက် သူကိုယ်တိုင်ပင် မှန်ကန် ကြောင်းထောက်ခံသဖြင့် သူ့ကို ကျွန်တော်တို့ အံ့သြခဲ့ကြရပါသည်။ ထို့ နောက် ထိုသူက ကျွန်ုပ်ကို အီမာန်နှင့်ပတ်သက်၍ ပြောပြပါဟုလျှောက် ထားရာ တမန်တော်မြတ်က «အီမာန်ဟူသည် သင့်အနေဖြင့် အလ္လာဟ်အရှင် မြတ်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ကောင်းကင်တမန်များကို လည်း ကောင်း၊ ထိုအရှင်မြတ်၏ ကျမ်းဂန်များကိုလည်းကောင်း၊ ထိုအရှင်မြတ် ၏ရစူလ် တမန်တော်များကို လည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်း ကောင်း၊ သက္ကဒီရ် အရှင်မြတ်၏ အကောင်းအဆိုးသတ်မှတ်ချက်ကို လည်း ကောင်း သက်ဝင်ယုံကြည်ခြင်းဖြစ်သည်ဟု မိန့်တော်မူသည်။» ထိုအခါ ထိုသူက သင်ပြောတာ မှန်ပါသည်ဟုလျှောက်ထားလိုက်ပါသည်။ ထို့နောက် ထိုသူက ကျွန်ုပ်ကို အိဟ်စာန်နှင့်ပတ်သက်၍ ပြောပြတော်မူပါဟု လျှောက် ထားရာ တမန်တော်မြတ်က «အသင်သည် အလ္လာဟ်အရှင်မြတ်ကို မြင်နေ ရသကဲ့သို့ အရှင်မြတ်ကို ခဝပ်ကိုးကွယ်ပါ။ အကယ်၍ အသင်သည် အလ္လာဟ်အရှင်မြတ်ကို မမြင်မတွေ့နိုင်လျှင်လည်း အရှင်မြတ်က အသင့်ကို မြင်တော်မူသည်(ဟုမှတ်ယူ၍ ခဝပ်ကိုးကွယ်ပါ)ဟု မိန့်တော်မူသည်။» ထိုသူက ကျွန်ုပ်ကို ကိယာမတ် ပြန်လည်ရှင်ပြန်ထမည့်နေ့နှင့်ပတ်သက်၍

ပြောပြတော်မူပါဟု လျှောက်ထားရာ တမန်တော်မြတ်က ထိုအကြောင်း အရာနှင့်ပတ်သက်၍ အမေးခံရသူသည် မေးမြန်းသူထက် ပိုမသိနိုင်ပါဟု မိန့်တော်မူသည်။ ထိုသူက သို့ဖြစ်လျှင် ထို(ကိယာမသ်)၏ ရှေ့ပြေးနိမိတ် လက္ခဏာများကို ပြောပြတော်မူပါဟု လျှောက်ထားရာ တမန်တော်မြတ်က ကျွန်မသည် မိမိ၏သခင်မကို မွေးဖွားလိမ့်မည်။ ခြေဗလာအဝတ်အစားမဲ့ ဆင်းရဲသား ဆိတ်ကျောင်းသားတို့သည် မြင့်မားသည့်အဆောက်အဦးများ ဆောက်လုပ်ကြသည်ကို အသင်မြင်တွေ့ရလိမ့်မည်ဟု မိန့်တော်မူသည်။ ထို့ နောက် ထိုပုဂ္ဂိုလ်သည် ထွက်ခွာသွားခဲ့ပါသည်။ အချိန်ခဏကြာပြီးနောက် တမန်တော်မြတ်က အို - အုမရ်၊ မေးမြန်းလျှောက်ထားသူကို အသင်သိပါ သလားဟု မိန့်တော်မူရာကျွန်တော်က အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ် ၏ရစူလ်တမန်တော်သာ အသိဆုံးဖြစ်ပါသည် ဟုလျှောက်ထားလိုက်ပါ သည်။ တမန်တော်မြတ်က စင်စစ်၊ ထိုသူသည် ဂျိဗ်ရီးလ် ဖြစ်သည်။ သူသည် အသင်တို့အား အသင်တို့၏ သာသနာကိုသင်ကြားပေးရန် အသင်တို့ထံ ရောက်လာခဲ့ခြင်းဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့ပါသည်။

[ဤဟာဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

အုမရ်(ရသွိယလ္လာဟုအန်ဟု)က ပြောပြသည်မှာ ဂျိဗ်ရီးလ်(အလိုင်းဟိစ္စလာမ်)သည် ဆွဟာဗဟ်များထံ လူစိမ်းတစ်ဦးအသွင်ဖြင့် ထွက်ပေါ်လာ သည်။ ၎င်း၏သွင်ပြင်မှာ သူ၏အဝတ်အစားများသည် လွန်စွာဖြူဖွေးကာ ဆံပင်သည် အလွန်မည်းနက်လျက်ရှိပြီး သူ၌ ပင်ပန်းနွမ်းနယ်ခြင်း၊ ဖုန်များ ပေနေခြင်း၊ ဆံပင်များဖွာနေခြင်း၊ အဝတ်အစားများညစ်ပေနေခြင်းစသည့် ခရီးထွက်လာသည့် လက္ခဏာအရိပ်အယောင်မျှပင် မမြင်တွေ့ရပေ။ တမန် တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံပါးတွင် ထိုင်နေသူများ အနက်မည်သူမျှ သူ့ကိုမသိကြပေ။ ထို့နောက် သူသည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ရှေ့မှောက်တွင် ပညာသင်ယူဆည်းပူး သူကဲ့သို့ထိုင်ကာ တမန်တော်မြတ်အား အစ္စလာမ်နှင့် ပတ်သက်၍ မေးမြန်း ခဲ့သည်။ ကိုယ်တော်က သူ့အား အစ္စလာမ့်မဏ္ဍိုင်ကြီးများဖြစ်သည့် ရှဟာဒသ် သက်သေခံချက်နှစ်ခုအားဝန်ခံခြင်း၊ ဆွလာသ် ငါးကြိမ် စွဲမြဲစွာ ဆောက်တည်ခြင်း၊ ဇကာသ်ယူထိုက်သူများကို ဇကာသ်ပေးခြင်း၊ ရမသွာန် လ၏ ဆိုယာမ်ဥပုသ် စောင့်ထိန်းခြင်း၊ တတ်စွမ်းနိုင်သူအပေါ်တွင် ဟဂ်ျ ဖရ်သွ်တာဝန်ကို ကျေပွန်ခြင်းစသည်တို့ကို ဖြေကြားတော်မူခဲ့သည်။

ထိုအခါ မေးမြန်းသူက သင်ပြောတာ မှန်ပါသည်ဟု လျှောက်ထားခဲ့သည်။ မေးခွန်းမေးမြန်းခြင်းကို ကြည့်ခြင်းအားဖြင့် သူမသိကြောင်း ပေါ်လွင်နေသည့် အကြောင်းအရာတစ်ခုကို သူကိုယ်တိုင်က မှန်ကန်ကြောင်း ပြန်လည်ထောက်ခံသဖြင့် သာဝကကြီးများက အံ့သြခဲ့ကြသည်။

ထို့နောက် အီမာန်ယုံကြည်ခြင်းနှင့်ပတ်သက်၍ မေးမြန်းရာ ကိုယ်တော် က သူ့အား အီမာန်ဟူသည် အလ္လာဟ်အရှင်မြတ်တည်ရှိတော်မူခြင်းနှင့် အရှင်မြတ်၏ဂုဏ်တော်များကို လည်းကောင်း၊ အရှင်မြတ်သည် ဖန်ဆင်းခြင်းကဲ့သို့ မိမိ၏ဆောင်ရွက်မှုများတွင် တစ်ပါးတည်းဖြစ်တော်မူကြောင်း နှင့် ကိုးကွယ်ခံထိုက်ခြင်းတို့တွင် တစ်ပါးတည်း ဖြစ်တော်မူကြောင်းကို လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်က နူရ်ဖြင့်ဖန်ဆင်းထားသည့် 'မလာ အိကဟ်' ကောင်းကင်တမန်များသည် မြင့်မြတ်သောကျွန်များ ဖြစ်ကြပြီး၊ အလ္လာဟ်အရှင်မြတ်အား မဖီဆန်ကြဘဲ ထိုအလ္လာဟ်အရှင်မြတ်၏ အမိန့်ကိုလိုက်နာသူများ ဖြစ်ကြသည်ကို လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးမှ ရစူလ်တမန်တော်များအပေါ် ကျရောက်ခဲ့သော ကျမ်းဂန်များ ဖြစ်သည့် ကုရ်အာန်ကျမ်းမြတ်၊ သောင်ရာသ်ကျမ်း၊ အင်န်ဂျီလ်ကျမ်းနှင့် အခြားကျမ်းဂန်များကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်ဘက်တော်မှ အရှင်မြတ်၏သာသနာကို

ပို့ချခဲ့ကြသည့် ရစူလ်တမန် တော်များဖြစ်သော
နူးဟ်(အလိုင်းဟိစ္စလာမ်)၊ အိဗ်ရာဟီးမ် (အလိုင်း ဟိစ္စလာမ်)
မူဆာ(အလိုင်း ဟိစ္စလာမ်)၊ အီဆာ(အလိုင်းဟိစ္စလာမ်)၊
နောက်ဆုံးနဗီတမန်တော် မုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)နှင့်
အခြားသော နဗီရစူလ်များကိုလည်း ကောင်း၊
နောက်ဆုံးနေ့ကိုလည်းကောင်း ယင်း၌သေပြီးနောက် ကဗရ်၌ ကြုံ
တွေ့ရမည့်အရာများ၊ 'ဗရ်ဇခ်' ကြားစခန်း၏သက် တမ်းတို့ ပါဝင်သည်။
လူသားသည် သေဆုံးပြီးနောက် ပြန်လည် ရှင်ပြန်ထရပြီး စာရင်းအင်း
စစ် ဆေးခြင်းခံရမည်ဖြစ်ပြီး ၎င်း၏ပြန်လှည့်ရာနေရာသည် ဂျန္နသ်
သို့မဟုတ် ဂျဟန္နမ်ဖြစ်သည်ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည်
အရာ ခပ်သိမ်းကိုမိမိ'အိလ်မ်'အသိပညာဖြင့် ကြိုတင်သိရှိတော်မူပြီး
ထိုသို့သိရှိ သည့်အတိုင်း မိမိ 'ဟိကမ်သ်' အမြော်အမြင်ဖြင့် သတ်မှတ်
ဆုံးဖြတ်ကာ ရေးဆွဲမှတ်တမ်းတင်တော်မူခဲ့သည်။ ၎င်းနောက်
ထိုအရာများကို ဖြစ်ပေါ် လာစေရန် အလိုတူခဲ့သည်။
ထိုသတ်မှတ်ချက်များသည် အရှင်မြတ် သတ် မှတ်ထားသည့်အတိုင်း
အရှင်မြတ်ဖန်ဆင်းလိုက်သည့်အတိုင်း ဖြစ်ပေါ်လာ ကြောင်းကို
အီမာန်သက်ဝင်ယုံကြည်ခြင်းတို့ ဖြစ်သည်။ ထို့နောက် ၎င်းက အိဟ်စာန်
နှင့်ပတ်သက်၍ မေးမြန်းခဲ့သည်။ ကိုယ်တော်ကအိဟ်စာန်ဟူ သည်
အလ္လာဟ်အရှင်မြတ်အား မြင်နေသကဲ့သို့မှတ်ယူကာ ခဝပ်ကိုးကွယ်

ခြင်းဖြစ်သည်။ အကယ်၍ ထိုသူသည် ဤအဆင့်အတန်းထိ မရောက်နိုင်လျှင် အလ္လာဟ်အရှင်မြတ်က မိမိအားမြင်နေသည်ဟုမှတ်ယူကာ ခဝပ်ကိုးကွယ်မှုပြုရမည်။ ပထမအဆင့်သည် 'မုရှာဟဒဟ်'အဆင့်ဖြစ်ပြီး အမြင့် ဆုံးဖြစ်သည်။ ဒုတိယအဆင့်သည် 'မုရာကဗဟ်'ဖြစ်သည်။

ထို့နောက် ၎င်းက 'ကိယာမသ်' ကမ္ဘာပျက်မည့်နေ့နှင့်ပတ်သက်၍ မေးမြန်းခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က 'ကိယာမသ်'နေ့နှင့် သက်ဆိုင်သည့် အသိပညာအား အလ္လာဟ်အရှင်မြတ်သည် မိမိ၏အသိပညာ၌သာ ထားရှိတော်မူပြီး မည်သည့် အဖန်ဆင်းခံမျှ မသိရှိကြောင်းနှင့် မေးမြန်းသူလည်း မသိသလို အမေးခံရသူလည်း မသိကြောင်း ရှင်းပြတော်မူသည်။

ထိုနောက် ၎င်းက ကိယာမသ်၏ နိမိတ်လက္ခဏာများနှင့် ပတ်သက်ပြီး မေးမြန်းခဲ့သည်။ ထိုအခါ ကိုယ်တော်က ထိုနိမိတ်လက္ခဏာများအနက် ကျွန်မများနှင့် သူမတို့၏ သားသမီးများ များပြားလာခြင်း သို့မဟုတ် သား သမီးများက မိခင်များ၏အမိန့်ကို ဖီဆန်လာကြပြီး ၎င်းတို့အား ကျွန်များကဲ့ သို့ ဆက်ဆံလာကြခြင်း၊ နောက်ဆုံးခေတ်သမယ၌ ဆိတ်ကျောင်းသားများ နှင့် ဆင်းရဲသားများသည် လောကီ၏ချမ်းသာကြွယ်ဝမှုကို ရရှိလာကြပြီး အဆောက်အဦးများအား လှပတင့်တယ်အောင်ပြုလုပ်ကာ ယင်းအဆောက် အဦးများ၏ ခိုင်မာထည်ဝါမှုအပေါ် အချင်းချင်း

ဂုဏ်တုဂုဏ်ပြိုင်ပြုလာကြ မည်ဖြစ်ကြောင်း
ရှင်းလင်းတင်ပြတော်မူသည်။

ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)က မေးခွန်းမေးသူသည် ဂျိဗ်ရီးလ်(အလိုင်းဟိစ္စလာမ်)ဖြစ်ပြီး ဖြောင့်မတ် မှန်ကန်သည့် သာသနာတော်အား ဆွဟာဗဟ်များကို သင်ကြားပေးရန် အတွက် လာရောက်ခြင်းဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကောင်းမြတ်သည့် ကိုယ်ကျင့်တရားအားတင်ပြထားသည်။ ကိုယ်တော်သည်မိမိ၏ အဆ်ွဟာဗ်တော်များနှင့်အတူ ထိုင်လေ့ရှိပြီး အဆ်ွဟာဗ်တော်များ က လည်း ကိုယ်တော်ထံထိုင်ကြသည်။
2. စိတ်ကျဉ်းကျပ်ခြင်း၊ ကြောက်ရွံ့ခြင်းတို့မရှိဘဲ မေးခွန်းများ မေးမြန်းနိုင် ရန်အတွက် မေးမြန်းသူအား နီးနီးကပ်ကပ်ရှိစေပြီး နူးညံ့စွာဆက်ဆံ ရမည်။
3. ဆရာအပေါ်ထားရှိရမည့် ကျင့်ဝတ်သည် ဂျိဗ်ရီးလ် (အလိုင်း ဟိစ္စလာမ်) လုပ်ပြခဲ့သည့်အတိုင်းပင်ဖြစ်သည်။ သူသည် တမန်တော် မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)ထံမှ သင်ယူဆည်းပူးရန် အတွက် ကိုယ်တော်၏ရှေ့မှောက်တွင်

ရှိသေစွာထိုင်ခဲ့သည်။

4. အစ္စလာမ်၏မဏ္ဍိုင်သည် ငါးခုရှိပြီး၊ အီမာန်၏ အခြေအမြစ် တရား သည် ခြောက်ပါးရှိသည်။
5. အီမာန်နှင့် အစ္စလာမ်အား တွဲသုံးထားလျှင် အစ္စလာမ်သည် အပြင်ပိုင်း ဆိုင်ရာ ကျင့်ဆောင်မှုများကို ဖွင့်ဆိုခြင်းဖြစ်ပြီး အီမာန်သည် အတွင်း ပိုင်းဆိုင်ရာ ကျင့်ဆောင်မှုများကို ဖွင့်ဆိုခြင်းဖြစ်သည်။
6. သာသနာတော်တွင် မတူညီသော အဆင့်အတန်းများရှိသည် ပထမ အဆင့်မှာ အစ္စလာမ်ဖြစ်ပြီး ဒုတိယအဆင့်မှာ အီမာန်ဖြစ်သည်။ တတိယအဆင့်မှာ အိဟ်စာန်ဖြစ်ပြီး ၎င်းသည် အမြင့်ဆုံးအဆင့်ဖြစ် သည်။
7. လူတစ်ဦး မေးမြန်းရခြင်း၏ အဓိကအကြောင်းရင်းမှာ မသိနားမလည် သည့်အတွက်ဖြစ်သည်။ မသိနားမလည်ခြင်းကပင် မေးခွန်းမေးရန် တွန်းအားပေးခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ဂျိဗ်ရီးလ်(အလိုင်း ဟိစ္စလာမ်)က သူကိုယ်တိုင်မေးပြီး သူကိုယ်တိုင်ပြန်ထောက်ခံနေသည့် အတွက် ဆွဟာဗဟ်များ အံ့သြခဲ့ကြခြင်းဖြစ်သည်။
8. အရေးကြီးဆုံးအရာဖြင့် စတင်ပြီး တဆင့်ပြီးတဆင့် အရေးကြီးသော အရာများကို တင်ပြရမည်။

အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် အစ္စလာမ်အား ရှင်းပြသည့်အခါ သက်သေခံခြင်းနှစ်ခုဖြင့် စတင်ခဲ့ပြီး အီမာန်ယုံကြည်မှုကို ရှင်းပြသည့်အခါ အလ္လာဟ်အရှင်မြတ်အား သက် ဝင်ယုံကြည်ခြင်းဖြင့် စတင်ထားသည်။

9. အခြားသူကို သင်ကြားပေးရန်အတွက် မေးခွန်းမေးမြန်းသူသည် မိမိသိ ပြီးသားအရာကို ပညာရှင်တစ်ယောက်အား မေးမြန်းခွင့်ရှိသည်။

10. (ကိယာမသ်) ရှင်ပြန်ထမည့်နေ့၏ အသိပညာကို အလ္လာဟ်အရှင်မြတ် က မိမိ၏ အသိပညာ၌သာ ထားရှိသည်။

(4563)

(3) – عَنْ مُعَاذٍ رَضِيَ اللَّهُ عَنْهُ، قَالَ: كُنْتُ رِدْفَ النَّبِيِّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ عَلَى حِمَارٍ يُقَالُ لَهُ عُفَيْرٌ، فَقَالَ: «يَا مُعَاذُ، هَلْ تَدْرِي حَقَّ اللَّهِ عَلَى عِبَادِهِ، وَمَا حَقُّ العِبَادِ عَلَى اللَّهِ؟»، قُلْتُ: اللَّهُ وَرَسُولُهُ أَعْلَمُ، قَالَ: «فَإِنَّ حَقَّ اللَّهِ عَلَى العِبَادِ أَنْ يَعْبُدُوهُ وَلا يُشْرِكُوا بِهِ شَيْئًا، وَحَقَّ العِبَادِ عَلَى اللَّهِ أَنْ لا يُعَذِّبَ مَنْ لا يُشْرِكُ بِهِ شَيْئًا»، فَقُلْتُ: يَا رَسُولَ اللَّهِ أَفَلاَ أُبَشِّرُ بِهِ النَّاسَ؟ قَالَ: «لا تُبَشِّرْهُمْ، فَيَتَّكِلُوا». [صحيح] - [متفق عليه]

(3) – မုအာဇ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် မြည်းပေါ်တွင် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ နောက် မှ လိုက်ပါစီးနင်းခဲ့သည်။ ထိုမြည်း၏နာမည်မှာ အုဖိုင်းရ်ဖြစ်သည်။ ကိုယ် တော်က အို-မုအာဇ်

အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ အရှင်မြတ်၏ ကျေးကျွန်များအပေါ်တွင်ရှိသည့်ဝတ္တရားနှင့် ကျေးကျွန်များနှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်အပေါ်တွင်ရှိသည့်ဝတ္တရားကို သင်သိပါသလားဟု မေး တော်မူသည်။ ကျွန်တော်က အလ္လာဟ်အရှင်မြတ်နှင့် အရှင့်ရစူလ် တမန် တော်သာ အသိဆုံးဖြစ်ပါသည်ဟု ဖြေကြားခဲ့သည်။ ထိုအခါ ကိုယ်တော်က မိန့်တော်မူသည်မှာ- ဧကန်မုချ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ကျေး ကျွန်များအပေါ်တွင်ရှိသည့်ဝတ္တရားမှာ ထိုအရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ် ရန်နှင့် အရှင်မြတ်နှင့်အတူ မည်သည့်အရာကိုမျှ ယှဉ်တွဲကိုးကွယ်မှု မပြုရန် ဖြစ်သည်။ ကျေးကျွန်များနှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်အပေါ် တွင်ရှိသည့် ဝတ္တရားမှာ အရှင်မြတ်နှင့်အတူ မည်သည့်အရာကိုမျှ ယှဉ်တွဲ ကိုးကွယ်မှု မပြုသူအား အဇာပ်ပြစ်ဒဏ်မပေးရန်ဖြစ်သည်။ ထိုအခါ ကျွန်တော်က အို- အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ဤသတင်းကို လူတို့အား ကျွန်တော်မျိုး ပြောပြရမည်လောဟု လျှောက်ထားမေးမြန်းခဲ့ သည်။ ကိုယ်တော်က ၎င်းတို့အား မပြောပြလေနှင့် ပြောပြလိုက်လျှင် ထို အပေါ်တွင်သာ မှီခိုအားထားပြီး(အမလ်ကျင့်ဆောင်မှု မပြုဘဲ) နေကြလိမ့် မည်ဟု မိန့်ကြားခဲ့သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)သည် အလ္လာဟ် အရှင်မြတ်နှင့် ပတ်သက်၍ အရှင်မြတ်၏ကျေးကျွန်များအပေါ်တွင်ရှိသည့် ဝတ္တရားနှင့် ကျေးကျွန်များနှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်အပေါ် တွင် ရှိသည့် ဝတ္တရားတို့ကိုရှင်းပြတော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ကျေးကျွန်များအပေါ်တွင်ရှိသည့်ဝတ္တရားမှာ ထိုအရှင်မြတ်တစ်ဆူ တည်းကိုသာ ခဝပ်ကိုးကွယ်ရန်နှင့် အရှင်မြတ်နှင့်အတူ မည်သည့်အရာကိုမျှ ယှဉ်တွဲကိုးကွယ်မှု မပြုရန်ဖြစ်သည်။ ကျေးကျွန်များနှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်အပေါ်တွင်ရှိသည့် ဝတ္တရားမှာ အရှင်မြတ်နှင့်အတူ မည်သည့်အရာကိုမျှ ယှဉ်တွဲကိုးကွယ်မှု မပြုသူ 'မုဝဟ္ဟိဒ်'အား အဇာဗ်ပြစ် ဒဏ်မပေးရန်ဖြစ်သည်။ ထို့နောက် မုအာဇ်(ရသွိယလ္လာဟုအန်ဟု)က အို-အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ဤထွတ်မြတ်မှုကိုသိပြီး လူတို့ ဝမ်းသာပျော်ရွှင်ကြစေရန် ကျွန်တော်မျိုး သတင်းကောင်းပါးလိုက်ရမည်လားဟု လျှောက်ထားမေးမြန်းခဲ့သည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာ ဟုအလိုင်းဟိဝစလ္လမ်)က လူတို့သည် ထိုအပေါ်တွင်သာ မှီခိုအားထားပြီး အမလ်ကျင့်ဆောင်မှုမပြုဘဲ နေကြမည်ကို စိုးရိမ်၍ မပြောပြရန် တားမြစ် တော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အလ္လာဟ်အရှင်မြတ်က မိမိ၏ကျေးကျွန်များအပေါ် လိုက်နာရန် သတ် မှတ်ထားသည့် အရှင်မြတ်နှင့်သက်ဆိုင်သည့် တာဝန်ကို ရှင်းလင်း တင်ပြထားသည်။ ၎င်းမှာ အလ္လာဟ်အရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ် ရန်နှင့် အရှင်မြတ်နှင့်အတူ မည်သည့်အရာကိုမျှ ယှဉ်တွဲကိုးကွယ်မှု မပြုရန်ဖြစ်သည်။
2. အလ္လာဟ်အရှင်မြတ်သည် ကျေးကျွန်များအပေါ် ကျေးဇူးပြုသည့် အနေဖြင့် မိမိအပေါ် မိမိ သတ်မှတ်ထားသည့် တာဝန်ကို ရှင်းလင်း တင်ပြထားသည်။ ၎င်းမှာ ကျေးကျွန်တို့အား အပြစ်မပေးဘဲ ဂျန္နသ် သုခဘုံသို့ ဝင်ရောက်စေခြင်းဖြစ်သည်။
3. အလ္လာဟ်အရှင်မြတ်နှင့်အတူ မည်သည့်အရာကိုမျှ ယှဉ်တွဲကိုးကွယ် ခြင်းမပြုသော သောင်ဝ်ဟီးဒ်တရားကို သက်ဝင်ယုံကြည်သူများနှင့် ပတ်သတ်၍ ဤဟဒီးဆ်တော်၌ ကြီးကျယ်သည့် သတင်းကောင်း ပါရှိ သည်။ ထိုသူတို့၏ နောက်ဆုံးပြန်လှည့်ရာနေရာသည် ဂျန္နသ်ဝင်ရောက် ရခြင်းပင်ဖြစ်သည်။
4. မုအာဇ်(ရဿိယလ္လာဟုအန်ဟု)သည် အသိပညာကို ဖုံးကွယ်ထား သည့် အပြစ်အကုသိုလ်ကိုကြောက်ရွံ့သည့်အတွက် မကွယ်လွန်မီ ဤ ဟဒီးဆ်တော်အား ဆင့်ပြန်ခဲ့ခြင်းဖြစ်သည်။

5. ကျင့်စဉ်ကျင့်ရပ်များ၊ ရှရီအဟ်၏ အမိန့်ပညတ်ချက်များ မပါသော အချို့ဟဒီးဆ်သြဝါဒတော်များကို အဓိပ္ပာယ် နားမလည်နိုင်မည့် လူအချို့အား ဆင့်ပြန်ခြင်းမပြုရန်သတိပေးထားသည်။
6. သော်ဝ်ဟီးဒ်တရားကို လက်ခံကျင့်သုံးသူများအနက်မှ အကုသိုလ် အပြစ်ကျူးလွန်သူတို့အခြေအနေသည် အလ္လာဟ်အရှင်မြတ်၏ အလို တော်အတိုင်းသာ ဖြစ်လိမ့်မည်။ အကယ်၍ အလ္လာဟ်အရှင်မြတ်က ၎င်းတို့အားအပြစ်ပေးလိုက ပေးတော်မူမည်ဖြစ်ပြီး၊ ခွင့်လွှတ်လိုက ခွင့်လွှတ်တော်မူမည် ဖြစ်သည်။ ထို့နောက် ၎င်းတို့ပြန်လှည့်ရာနေရာ ဌာနသည် ဂျန္နသ်သုခဘုံသာဖြစ်သည်။

(65007)

(4) – عن أنس بن مالك رضي الله عنه: أَنَّ النَّبِيَّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ وَمُعَاذٌ رَدِيفُهُ عَلَى الرَّحْلِ قَالَ: «يَا مُعَاذُ بْنَ جَبَلٍ»، قَالَ: لَبَّيْكَ يَا رَسُولَ اللهِ وَسَعْدَيْكَ، قَالَ: «يَا مُعَاذُ»، قَالَ: لَبَّيْكَ يَا رَسُولَ اللهِ وَسَعْدَيْكَ، ثَلَاثًا، قَالَ: «مَا مِنْ أَحَدٍ يَشْهَدُ أَنْ لَا إِلَهَ إِلَّا اللهُ وَأَنَّ مُحَمَّدًا رَسُولُ اللهِ صِدْقًا مِنْ قَلْبِهِ إِلَّا حَرَّمَهُ اللهُ عَلَى النَّارِ»، قَالَ: يَا رَسُولَ اللهِ، أَفَلَا أُخْبِرُ بِهِ النَّاسَ فَيَسْتَبْشِرُوا؟ قَالَ: «إِذًا يَتَّكِلُوا». وَأَخْبَرَ بِهَا مُعَاذٌ عِنْدَ مَوْتِهِ تَأَثُّمًا. [صحيح] – [متفق عليه]

(4) – အနတ်စ်ဗင်န် မာလိက် (ရဲသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လာဟုအလိုင်းဟိဝစလ္လမ်)နှင့်အတူ မုအာဇ်သည် အစီးအနင်းပေါ်၌ ကိုယ်တော်၏

နောက်တွင်လိုက်ပါခဲ့သည်။ ကိုယ်တော်က အို-မုအာဇ်ဗင်န်ဂျဗလ် ဟုခေါ်လိုက်ရာ ၎င်းက အို-အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ကျွန်တော်မျိုးအသင့်ရှိပါသည်။ အမိန့်နာခံရန် အသင့်ရှိ ပါသည်ဟု ဖြေကြားခဲ့သည်။ ကိုယ်တော်က အို-မုအာဇ်ဟုခေါ်လိုက်ရာ ၎င်းက အို-အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ကျွန်တော်မျိုးအသင့် ရှိပါသည်။ အမိန့်နာခံရန် အသင့်ရှိပါသည်ဟု ဖြေကြားခဲ့သည်။ ထိုသို့ သုံးကြိမ်ခေါ်တော်မူပြီးနောက် ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ- မည်သည့် ကျေးကျွန်မဆို အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ် ထိုက်သော အရှင်မရှိကြောင်းနှင့် မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ အစေတော်နှင့် ရစူလ်တမန်တော်ဖြစ်ကြောင်း စိတ်နှလုံးသားထဲမှ မှန်ကန် စွာ သက်သေခံခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အပေါ် ငရဲမီးကို ဟရာမ်အဖြစ်သတ်မှတ်တော်မူမည်ဖြစ်သည်။ ထိုအခါ ၎င်းက အို-အလ္လာဟ် အရှင်မြတ်၏ ရစူလ်တမန်တော် လူတို့ဝမ်းမြောက်ပျော်ရွှင်ကြစေရန် အတွက် ဤသတင်းကို ကျွန်တော်မျိုး ပြောပြရမည်လောဟု လျှောက်ထား မေးမြန်းခဲ့သည်။ ကိုယ်တော်က ပြောပြလိုက်လျှင် ၎င်းတို့သည် ထိုအပေါ် တွင်သာ မှီခိုအားထားပြီး(အမလ်ကျင့်ဆောင်မှုမပြုဘဲ) နေကြလိမ့်မည်ဟု မိန့်ကြားခဲ့သည်။ထို့ကြောင့် မုအာဇ်သည် ကွယ်လွန်ခါနီးအချိန်၌ (အသိ

ပညာကို ဖုံးကွယ်ထားသည့်) အပြစ်ဖြစ်မည်ကို စိုးရိမ်သဖြင့် ထိုအကြောင်း ကို ပြောပြခဲ့သည်။ [ဤဟာဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

မုအာဇ်ဗင်န်ဂျဗလ် (ရဿွိယလ္လာဟုအန်ဟု)သည် အစီးအနင်းပေါ်၌ ကိုယ်တော်၏ နောက်တွင် လိုက်ပါစီးနင်းခဲ့သည်။ ကိုယ်တော်က သူ့အား အို-မုအာဇ်ဟု ခေါ်လိုက်သည်။ ကိုယ်တော်သည် မိမိရှေ့ဆက်ပြောမည့် စကားကို အလေးအနက်ထားစေရန်အတွက် သူ့အား သုံးကြိမ်တိုင်တိုင် ခေါ်တော်မူသည်။

ကိုယ်တော်က ခေါ်လိုက်တိုင်း မုအာဇ် (ရဿွိယလ္လာဟုအန်ဟု)က "အို-အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ကျွန်တော်မျိုးအသင့်ရှိပါသည်။ အမိန့်နာခံရန် အသင့်ရှိပါသည်။"ဟု ဖြေကြားခဲ့သည်။ ဆိုလိုသည်မှာ ကျွန်တော်မျိုးသည် အကြိမ်ကြိမ် ကိုယ်တော်၏ အမိန့်ကိုနာခံနေပါသည်။ ကိုယ်တော်၏ အမိန့်ကိုနာခံရန် အမြဲအဆင်သင့်ရှိပါသည်ဟု ဖြေကြား ခဲ့သည်။

ထို့နောက် ကိုယ်တော်မြတ် (ဆွလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြား သည်မှာ မည်သည့်ကျေးကျွန်မဆို အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ် ကိုးကွယ်ထိုက်သော အရှင်မရှိကြောင်းနှင့် မုဟမ္မဒ်သည် အလ္လာဟ်အရှင် မြတ်၏အစေတော်နှင့် ရစူလ်တမန်တော်ဖြစ်ကြောင်းကို

လိမ်လည်၍ မဟုတ်ဘဲ စိတ်နှလုံးသားထဲမှ မှန်ကန်စွာ သက်သေခံပြီး ဤအခြေအနေ ၌ပင် ကွယ်လွန်သွားခဲ့ပါက အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အပေါ် ငရဲမီးကို ဟရာမ်အဖြစ်သတ်မှတ်တော်မူမည် ဖြစ်သည်။

ထိုအခါ မုအာဇ် (ရသွိယလ္လာဟုအန်ဟု)က လူတို့ ဝမ်းမြောက်ပျော်ရွှင် ကြစေရန်နှင့် သတင်းကောင်းရရှိကြစေရန်အတွက် ဤသတင်းကို လူတို့ အား ပြောပြရန် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ထံ ခွင့် တောင်းခဲ့သည်။

သို့သော် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က လူတို့သည် ထိုအပေါ်တွင်သာ မှီခိုအားထားပြီး အမလ်ကျင့်ဆောင်မှု လျော့နည်းသွားကြ မည်ကို စိုးရိမ်တော်မူခဲ့သည်။

ထို့ကြောင့် မုအာဇ် (ရသွိယလ္လာဟုအန်ဟု)သည် ဤသတင်းကို မည်သူ့ ကိုမှ မပြောပြခဲ့ပေ။ သို့သော် ကွယ်လွန်ခါနီးအချိန်၌ အသိပညာကို ဖုံးကွယ် သည့် အပြစ်ထိုက်မည်ကို စိုးရိမ်သည့်အတွက်ကြောင့် ပြောပြခဲ့ခြင်းဖြစ် သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အစီးအနင်းပေါ်တွင် မုအာဇ် (ရသွိယလ္လာဟုအန်ဟု)အား မိမိ၏ နောက်မှ လိုက်ပါစီးနင်းစေခြင်းသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ရိုကျိုးနှိမ့်ချမှုကို ဖော်ပြနေသည်။
2. တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ၏

ပညာသင်ကြားပေး သည့် နည်းစနစ်ကို သိရှိရသည်။
ကိုယ်တော်သည် မိမိပြောမည့် စကားကို အာရုံစိုက်စေရန် မုအာဇ် (ရသ်ွိယလ္လာဟုအန်ဟု)အား ထပ် တလဲလဲခေါ်ဆိုခဲ့သည်။

3. "လာအိလာဟ အိလ္လလ္လာဟ် မုဟမ္မဒုရ် ရစူလွလ္လာဟ်" (အလ္လာဟ်အရှင် မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သော အရှင်မရှိ၊ မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်သည်။)ကို သက်သေခံ ရာတွင် စည်းကမ်းချက်တစ်ချက်မှာ ကလိမဟ်တော်ကို ဝန်ခံသက်သေ ထွက်ဆိုသူသည် သံသယဖြစ်ခြင်း၊ အပေါ်ယံဟန်ဆောင်ဖတ်ခြင်းမျိုး မဟုတ်ဘဲ ယုံကြည်ချက်နှင့်တကွ မှန်ကန်စွာ သက်သေခံရမည်။
4. သောင်ဟီးဒ်တရားတော်ကို သက်ဝင်ယုံကြည်သူများသည် ဂျဟန္နမ် ငရဲမီး၌ အမြဲထာဝစဉ်နေထိုင်ရမည် မဟုတ်ပေ။ အကယ်၍ အပြစ် အကုသိုလ်များကြောင့် ဂျဟန္နမ်ငရဲသို့ ကျရောက်ခဲ့လျှင်လည်း အပြစ် များမှ သန့်စင်ခြင်းခံရပြီးနောက် ဂျဟန္နမ်မှ ထွက်ရမည်ဖြစ်သည်။
5. သက်သေခံခြင်းနှစ်မျိုးကို မှန်ကန်စွာသက်သေခံခြင်း၏ အကျိုး ကျေးဇူးကို ဖော်ပြထားသည်။
6. ဆိုးကျိုးဖြစ်ပေါ်လာနိုင်လျှင် အချို့သောအခြေအနေများ၌ ဟဒီးဆ် တစ်ပုဒ်အား မဆင့်ပြန်ပဲနေခွင့်ရှိသည်။

(10098)

(5) – عن طارق بن أشيم الأشجعي رضي الله عنه قال: سمعتُ رسولَ الله صلى الله عليه وسلم يقول: «مَنْ قَالَ: لَا إِلَهَ إِلَّا اللهُ، وَكَفَرَ بِمَا يُعْبَدُ مِنْ دُونِ اللهِ حَرُمَ مَالُهُ وَدَمُهُ، وَحِسَابُهُ عَلَى اللهِ». [صحيح] - [رواه مسلم]

(5) – သွာရိက် ဗင်န် အရှိးမ် အလ်အရှ်ဂျအီ (ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။ အကြင်သူသည် ကလိမဟ်တော် "လာအိလာဟ အိလ္လလ္လာဟ်"အား ရွတ်ဆိုပြီး အလ္လာဟ် အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခံရသော အရာများကို ငြင်းပယ်ခဲ့ပါက ၎င်း၏ပစ္စည်းဥစ္စာနှင့် အသက်သွေးတို့သည် (အခြားသူတစ်ဦးအတွက်) ဟရာမ်ဖြစ်သွားချေပြီ။ ၎င်းအား စာရင်းစစ်ဆေးခြင်းသည် အလ္လာဟ်အရှင် မြတ်နှင့်သာ သက်ဆိုင်ပေသည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူ သည်မှာ အကြင်သူသည် ကလိမာတော် "လာအိလာဟ အိလ္လလ္လာဟ်" (အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သူမရှိ)အား နှုတ်ဖြင့် ရွတ်ဆို သက်သေခံမည်။ အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခံရ သော အရာများကို ငြင်းပယ်မည်။ အစ္စလာမ်သာသနာတော်မှအပ အခြား

သာသနာများအားလုံးမှ ကင်းရှင်းမည်ဆိုပါက သူ၏ ပစ္စည်းဥစ္စာ၊ အသက် သွေးတို့သည် အခြားမွတ်စ်လင်မ်များအပေါ်တွင် ဟရာမ်ဖြစ်သွားပြီဖြစ် သည်။ ပေါ်လွင်ထင်ရှားသော သူ၏လုပ်ရပ်သည်သာ ကျွန်ုပ်တို့နှင့် သက် ဆိုင်သည်။ ထို့ကြောင့် ရာဇဝတ်မှုနှင့် ပြစ်ကျူးလွန်မှုတို့ကြောင့် အစ္စလာမ့် အမိန့်ပညတ်ချက်များအရ အရေးယူအပြစ်ပေးသည့် ကိစ္စမျိုးမှလွဲ၍ သူ၏ ဥစ္စာပစ္စည်းကို သိမ်းပိုက်ခြင်း၊ သွေးထွက်သံယိုပြုခြင်းတို့ ပြုခွင့်မရှိ တော့ပေ။

ကိယာမသ်နေ့၌ ၎င်းအား စာရင်းစစ်ဆေးခြင်းကို အလ္လာဟ်အရှင်မြတ် က တာဝန်ယူထားပြီးဖြစ်သည်။ အကယ်၍ ၎င်းသည် မှန်ကန်သူဖြစ်ပါက အရှင်မြတ်က အကျိုးကုသိုလ်ချီးမြှင့်မည်ဖြစ်ပြီး မုနာဖိက် အရေခြုံ မွတ်စ်လင်မ်ဖြစ်ပါက အရှင်မြတ်က ပြစ်ဒဏ်ပေးမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ‘လာအိလာဟ အိလ္လလ္လာဟ်’ ရွတ်ဆိုခြင်းနှင့် အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ရာတိုင်းကို ငြင်းပယ်ခြင်းသည် အစ္စလာမ် သာသနာသို့ ဝင်ရောက်ရန်အတွက် သတ်မှတ်ထားသည့် စည်းကမ်း ချက်ဖြစ်သည်။
2. ‘လာအိလာဟ အိလ္လလ္လာဟ်’၏ အဓိပ္ပာယ်မှာ

အလ္လာဟ်အရှင်မြတ်မှ အပ ခဝပ်ကိုးကွယ်ခြင်းခံနေရသော အရာများဖြစ်သည့် ရုပ်တုများ၊ သင်္ချိုင်းများနှင့် အခြားအရာများကို ငြင်းပယ်ခြင်း၊ ချို့တဲ့မှု အပေါင်းမှ ကင်းစင်တော်မူသော အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းကိုသာ ခဝပ် ကိုးကွယ်ခြင်းဖြစ်သည်။

3. အကြြင်သူသည် သောင်ဟီးဒ်ကိုလက်ခံပြီး ရှရီအသ်အမိန့်ပညတ်ချက် များကို ပေါ်လွင်ထင်ရှားစွာ လိုက်နာကျင့်သုံးနေပါက ယင်းနှင့်ဆန့်ကျင် ဘက် အရာတစ်ခုခု သူ့ထံမှ မပေါ်လွင်လာသေးသမျှ ၎င်းအား ထိခိုက် နစ်နာအောင်ပြုခွင့်မရှိပေ။

4. တရားတော်က သတ်မှတ်ထားသည့် ခိုင်လုံသော သက်သေ အထောက် အထားမရှိဘဲ မွတ်စ်လင်မ်တစ်ဦး၏ အသက်၊ ဥစ္စာပစ္စည်း၊ ဂုဏ်သိက္ခာ တို့အား ထိခိုက်နစ်နာအောင် ပြုလုပ်ခွင့်မရှိပါ။

5. လောကီ၏ တရားစီရင်ရေးသည် ထင်သာမြင်သာရှိသော အပြင်ပိုင်း ကိုသာ အခြေခံသော်လည်း နောင်တမလွန်ဘဝ၌မူ ရည်စူးချက်များနှင့် ရည်ရွယ်ချက်များပေါ်မူတည်၍ တရားစီရင်မည်ဖြစ်သည်။

(6765)

(6) – عَنْ جَابِرٍ رضي الله عنه قَالَ: أَتَى النَّبِيَّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ رَجُلٌ فَقَالَ: يَا رَسُولَ اللهِ، مَا الْمُوجِبَتَانِ؟ فَقَالَ: «مَنْ مَاتَ لَا يُشْرِكُ بِاللهِ شَيْئًا دَخَلَ الْجَنَّةَ، وَمَنْ مَاتَ يُشْرِكُ بِاللهِ شَيْئًا دَخَلَ النَّارَ» [صحيح] - [رواه مسلم]

(6) – ဂျာဗိရ် (ရသ္ဒိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ပုဂ္ဂိုလ်တစ်ဦး သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံ လာရောက်၍ အို- အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဂျန္နသ်နှင့် ဂျဟန္နမ်) ဝါဂျိဗ် ထိုက်စေမည့် အချက်နှစ်ချက်မှာ အဘယ်အရာပါနည်းဟု လျှောက်ထားမေး မြန်းခဲ့သည်။ ထိုအခါ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ- မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာကို ယှဉ်တွဲကိုးကွယ်ခြင်းမပြုဘဲ သေဆုံးခဲ့ပါက ဂျန္နသ် သုခဘုံသို့ဝင်ရောက်ရမည်။ မည်သူမဆို အလ္လာဟ် အရှင်မြတ်နှင့် တစ်စုံတစ်ရာကို ယှဉ်တွဲကိုးကွယ်၍ သေဆုံးခဲ့ပါက ဂျဟန္နမ် ငရဲဘုံသို့ဝင် ရောက်ရမည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) အား ဂျန္နဟ် သုခဘုံကိုရရှိစေမည့်အချက်နှင့် ဂျဟန္နမ်သို့ကျရောက်စေမည့်

အချက်တို့ကို မေးမြန်းခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)က ၎င်းအားဖြေကြားခဲ့သည်မှာ ဂျန္နဟ်သုခဘုံကို ရရှိစေမည့် အချက်မှာ လူသားသည် အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းကိုသာ ခဝပ် ကိုးကွယ်ပြီး အရှင်မြတ်နှင့်အတူ မည်သည့်တစ်စုံတစ်ရာကိုမျှ ယှဉ်တွဲ ကိုးကွယ်ခြင်းမပြုဘဲ သေဆုံးကွယ်လွန်သွားခြင်းဖြစ်သည်။ ဂျဟန္နမ်သို့ ရောက်စေမည့်အချက်မှာ လူသားသည်အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံ တစ်ရာကို ယှဉ်တွဲကိုးကွယ်ခြင်းဖြစ်ပြီး ခဝပ်ကိုးကွယ်မှုကိုခံထိုက်ခြင်း၌ လည်းကောင်း၊ အလုံးစုံကိုမွေးမြူဖန်ဆင်း ထိန်းသိမ်းစောင့်ရှောက်ခြင်း၌ လည်းကောင်း၊ ဂုဏ်တော်၊ နာမတော်များ ပိုင်ဆိုင်ရာတွင် လည်းကောင်း အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ရာသည်လည်း အတူပါဝင် နေသည်ဟု ယုံကြည်ချက်ထားကာ သေဆုံးကွယ်လွန်သွားခြင်းဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. သောဝ်ဟီးဒ်တရား၏မွန်မြတ်မှုကို ဖော်ပြထားသည်။ အကြင်သူသည် အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာကို ယှဉ်တွဲကိုးကွယ်ခြင်းမပြုဘဲ မုအ်မင်န်အဖြစ် သေဆုံးခဲ့ပါက ဂျန္နသ် သုခဘုံသို့ဝင်ရောက်ရမည်။
2. ရှိရ်က်၏အန္တရာယ်ကို ဖော်ပြထားသည်။ အကြင်သူသည် အလ္လာဟ် အရှင်မြတ်နှင့် တစ်စုံတစ်ရာကို ယှဉ်တွဲကိုးကွယ်၍

သေဆုံးခဲ့ပါက ဂျဟန္နမ်ငရဲဘုံသို့ ဝင်ရောက်ရမည်။

3. သော်ဝ်ဟီးဒ်တရားကို လက်ခံကျင့်သုံးသူများအနက်မှ အပြစ်အကုသိုလ် ကျူးလွန်သူတို့အခြေအနေသည် အလ္လာဟ်အရှင်မြတ်၏ အလိုတော်အတိုင်းသာဖြစ်လိမ့်မည်။ အကယ်၍ အလ္လာဟ်အရှင်မြတ် က ၎င်းတို့အားအပြစ်ပေးလိုကပေးတော်မူမည်ဖြစ်ပြီး၊ ခွင့်လွှတ်လိုက ခွင့်လွှတ်တော်မူမည်ဖြစ်သည်။ ထို့နောက် ၎င်းတို့ပြန်လှည့်ရာနေရာ ဌာနသည် ဂျန္နသ်သုခဘုံသာဖြစ်သည်။

(65008)

(7) – عَنِ ابْنِ عَبَّاسٍ رَضِيَ اللَّهُ عَنْهُمَا قَالَ: قَالَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ لِمُعَاذِ بْنِ جَبَلٍ، حِينَ بَعَثَهُ إِلَى الْيَمَنِ: «إِنَّكَ سَتَأْتِي قَوْمًا أَهْلَ كِتَابٍ، فَإِذَا جِئْتَهُمْ فَادْعُهُمْ إِلَى أَنْ يَشْهَدُوا أَنْ لَا إِلَهَ إِلَّا اللهُ، وَأَنَّ مُحَمَّدًا رَسُولُ اللهِ، فَإِنْ هُمْ أَطَاعُوا لَكَ بِذَلِكَ، فَأَخْبِرْهُمْ أَنَّ اللهَ قَدْ فَرَضَ عَلَيْهِمْ خَمْسَ صَلَوَاتٍ فِي كُلِّ يَوْمٍ وَلَيْلَةٍ، فَإِنْ هُمْ أَطَاعُوا لَكَ بِذَلِكَ، فَأَخْبِرْهُمْ أَنَّ اللهَ قَدْ فَرَضَ عَلَيْهِمْ صَدَقَةً تُؤْخَذُ مِنْ أَغْنِيَائِهِمْ فَتُرَدُّ عَلَى فُقَرَائِهِمْ، فَإِنْ هُمْ أَطَاعُوا لَكَ بِذَلِكَ، فَإِيَّاكَ وَكَرَائِمَ أَمْوَالِهِمْ، وَاتَّقِ دَعْوَةَ الْمَظْلُومِ، فَإِنَّهُ لَيْسَ بَيْنَهُ وَبَيْنَ اللهِ حِجَابٌ».

[صحيح] - [متفق عليه]

(7) – အိဗ်နုအဗ္ဗာစ် (ရဿိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မုအာဇ် (ရဿိယလ္လာ ဟုအန်ဟု)အား ယီမင်နိုင်ငံသို့စေလွှတ်သည့်အခါ

မှာကြားတော်မူသည်မှာ- ဧကန်အမှန်အသင်သည်
ကျမ်းရထားသူများထံ သွားရောက်နေသည်ဖြစ်ရာ အသင်သည်
သူတို့ထံရောက်ရှိလျှင် ၎င်းတို့အား အလ္လာဟ်အရှင်မြတ်မှအပ
အခြားခဝပ်ကိုးကွယ်ခြင်းခံထိုက်သောအရှင်မရှိကြောင်းနှင့် ဧကန်အမှန်
ငါကိုယ်တော်သည် အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်ဖြစ်ကြောင်း ကို သက်သေခံရန်
ပထမဦးဆုံးဖိတ်ခေါ်ပါလေ။ ထိုအရာနှင့်ပတ်သက်၍ ၎င်းတို့က
သင့်အားလက်ခံခဲ့သော် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အပေါ် ဝယ်
နေ့နှင့်ညတွင် ဆွလာသ်ငါးကြိမ် ဖရည်တာဝန်အဖြစ် သတ်မှတ်ထား
ကြောင်း အသိပေးပါ။ ထိုအရာနှင့်ပတ်သက်၍ ၎င်းတို့က
သင့်အားလက်ခံခဲ့ သော် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အပေါ်တွင်
သူတို့၏ဥစ္စာပစ္စည်းများ ထဲမှ ဇကာသ်ပေးလှူခြင်းအား
ဖရည်တာဝန်အဖြစ် သတ်မှတ်ကြောင်း အသိပေးပါ။ ယင်းဇကာသ်ကို
၎င်းတို့ထဲရှိကြွယ်ဝချမ်းသာသူများထံမှ ယူ ဆောင်၍
သူတို့၏ဆင်းရဲသားများကိုခွဲဝေပေးကမ်းရမည်။ ထိုအရာနှင့် ပတ်
သက်၍ ၎င်းတို့က သင့်အားလက်ခံခဲ့သော် အသင်သည် ဇကာသ်
ကောက် ယူရာတွင် ၎င်းတို့၏အကောင်းဆုံး ဥစ္စာပစ္စည်းများကို
ကောက်ယူခြင်းမှ ရှောင်ကြဉ်ပါ။ ၎င်းနောက် အသင်သည်
မတရားဖိနှိပ်ညှဉ်းပန်းခြင်းခံရသူ၏ မကောင်းဆုတောင်းခြင်းခံရမှု

(ကျိန်ဆဲမှု)ကို ရှောင်ကြဉ်ပါ။ အဘယ် ကြောင့်ဆိုသော် ယင်းတိုင်ကြားမှုနှင့် အလ္လာဟ်အရှင်မြတ်၏ကြားတွင် အကာကွယ်မရှိပေ။ [ဤဟာဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မုအာဇ်ဗင်န် ဂျဗလ် (ရဿိယလ္လာဟုအန်ဟု)အား ယီမင်နိုင်ငံသို့ အလ္လာဟ့်ဘက်သို့ ဖိတ် ခေါ်သူ၊ သာသနာရေးရာ သင်ကြားပို့ချသူအဖြစ် စေလွှတ်သည့်အခါ ကြို တင်ပြင်ဆင်ထားရန်အတွက် မကြာမီ(နဆွ်ရာနီ) ခရစ်ယာန်မျိုးနွယ်စုများနှင့် ဆုံတွေ့ရမည်ဖြစ်ကြောင်း သူ့အား ရှင်းပြတော်မူခဲ့သည်။ ထို့နောက် ၎င်းတို့ အား ဒအ်ဝဟ် ဖိတ်ခေါ်မှုပြုရာတွင် အရေးအကြီးဆုံးကိစ္စနှင့် စတင်ကာ တစ်ဆင့်ပြီးတစ်ဆင့် အရေးကြီးသောအရာများကို ဖိတ်ခေါ်ရန်လည်း မိန့် ကြားတော်မူခဲ့သည်။ ထို့ကြောင့် သူသည် လူတို့အား ယုံကြည်ချက် ပြုပြင် တည့်မတ်ပေးရန်အတွက် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ် ကိုးကွယ်ထိုက်သော အရှင်မရှိကြောင်းနှင့် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်းဟိ ဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်းကို ဦးစွာပထမ တင်ပြဖိတ်ခေါ်ရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထို

သက်သေခံချက်ဖြင့်သာ ၎င်းတို့ အစ္စလာမ်သာသနာသို့ ဝင်ရောက်နိုင်မည် ဖြစ်သည်။ အကယ်၍ သူတို့သည် ထိုအချက်ကို လက်ခံခဲ့လျှင် ၎င်းတို့အား ဆွလာသ်ဆောက်တည်ရန် အမိန့်ပေးရမည်။ အဘယ့်ကြောင့်ဆိုသော် သောင်ဟီးဒ်တရား၏ နောက်တွင် ဆွလာသ်သည် အကြီးကျယ်ဆုံး ဖရ်သ့် တာဝန်ဖြစ်သည်။ အကယ်၍ သူတို့သည် ဆွလာသ် ဆောက်တည်ကြလျှင် ၎င်းတို့အနက် ချမ်းသာကြွယ်ဝသူများက သူတို့၏ ဥစ္စာပစ္စည်းများထဲမှ ၎င်း တို့ထဲရှိ ဆင်းရဲသားများကို ဇကာသ်ပေးရန်အမိန့်ပေးရမည်။ ဇကာသ် ကောက်ယူရာတွင် အလယ်အလတ်တန်းစားကိုသာ ကောက်ယူရန် တာဝန် ရှိသည့်အတွက် အကောင်းဆုံးပစ္စည်းများကို ကောက်ယူခြင်းမပြုရန် ကိုယ် တော်ကသူ့အား သတိပေးတားမြစ်တော်မူခဲ့သည်။ ထို့နောက် မတရားဖိနှိပ် ခံရသူ၏ မကောင်းဆုတောင်းခြင်း မခံရစေရန်အတွက် မတရားမှုမှ ရှောင် ကြဉ်ရန် မှာကြားတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မတရားဖိနှိပ်ခံ ရသူ၏ ဒုအာသည် လက်ခံကဗူလ်ပြုခြင်းခံရသည့်အတွက်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သော အရှင် မရှိ ကြောင်း သက်သေခံခြင်း၏ အလိုသဘောမှာ အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းကိုသာ ခဝပ်ကိုးကွယ်ပြီး

အရှင်မြတ်မှအပ အခြား မည် သည့်အရာကိုမျှ ခဝပ်ကိုးကွယ်မှု မပြုခြင်းဖြစ်သည်။

2. မုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ဖြစ်ကြောင်းသက်သေခံခြင်း၏ အလိုသဘောမှာ ကိုယ်တော်နှင့် ကိုယ်တော်ယူဆောင်လာခဲ့သည့် အရာများကို အီမာန် သက်ဝင်ယုံကြည်ခြင်း၊ တမန်တော်မြတ်သည် လူသားတို့ထံ စေလွှတ် ခြင်းခံရသည့် အလ္လာဟ်အရှင်မြတ်၏ နောက်ဆုံး စေတမန်တော် ဖြစ် ကြောင်း သက်ဝင်ယုံကြည်ခြင်းဖြစ်သည်။

3. ပညာရှိသူ၊ စာဒကများသူကို ပြောဆိုတင်ပြခြင်းသည် ပညာမဲ့အား ပြောဆိုတင်ပြခြင်းနှင့် မတူပေ။ ထို့ကြောင့် ကိုယ်တော်က မုအာဇ် (ရဿိယလ္လာဟုအန်ဟု)အား (ဧကန်မုအမှန်ပင် သင်သည် ကျမ်းရ ပုဂ္ဂိုလ်များထံသွားရောက်နေသည်)ဟု အသိပေးမိန့်ကြားတော်မူခြင်း ဖြစ်သည်။

4. မွတ်စ်လင်မ်တစ်ဦးသည် သံသယရှိသူတို့၏ ဒွိဟသံသယများမှ ကင်း ဝေးနိုင်ရန် မိမိသာသနာအား အထောက်အထားနှင့်တကွ သိနားလည် ထားရှိရန် အရေးကြီးသည်။ ဤသည် သာသနာ့ပညာသင်ယူ ဆည်ပူး ခြင်းဖြင့်သာ ရရှိနိုင်မည်ဖြစ်သည်။

5. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) စေလွှတ်ခံရပြီး နောက်  ယဟူဒီနှင့် နဆွ်ရာနီတို့၏ သာသနာသည် တရားမဝင်တော့ပေ။ ၎င်းတို့သည် တမန်တော် မုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) အပေါ် အီမာန်သက်ဝင်ယုံကြည်ကာ အစ္စလာမ်သာသနာ့သို့ မဝင် ရောက်မချင်း ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် လွတ်မြောက် အောင် မြင်မည့်သူများတွင် ပါဝင်မည်မဟုတ်ပါ။

(3390)

(8) – عَنْ أَبِي هُرَيْرَةَ رضي الله عنه أَنَّهُ قَالَ: قِيلَ: يَا رَسُولَ اللهِ، مَنْ أَسْعَدُ النَّاسِ بِشَفَاعَتِكَ يَوْمَ الْقِيَامَةِ؟ قَالَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ: «لَقَدْ ظَنَنْتُ يَا أَبَا هُرَيْرَةَ أَنْ لَا يَسْأَلَنِي عَنْ هَذَا الْحَدِيثِ أَحَدٌ أَوَّلُ مِنْكَ؛ لِمَا رَأَيْتُ مِنْ حِرْصِكَ عَلَى الْحَدِيثِ، أَسْعَدُ النَّاسِ بِشَفَاعَتِي يَوْمَ الْقِيَامَةِ، مَنْ قَالَ لَا إِلَهَ إِلَّا اللهُ خَالِصًا مِنْ قَلْبِهِ أَوْ نَفْسِهِ». [صحيح]

- [رواه البخاري]

(8) – အဗူဟုရိုင်ရဟ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည် အို-အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ကိယာမသ် တရားစီရင်မည့်နေ့၌ ကိုယ်တော်၏ ရှဖာအသ် ကြားဝင်အသနားခံပေးမှုဖြင့် နဖူးစာအကောင်းဆုံး ဖြစ်မည့်သူမှာ မည်သူပါနည်း ဟုမေးလျှောက်ခဲ့သည်။ ထိုအခါ တမန်တော် မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လာမ်)က မိန့်ကြားတော်မူသည်။ အိုအဗူ

ဟုရိုင်ရပ် ဟဒီးဆ်နှင့် ပတ်သက်လျှင် သင်၏စိတ်ပြင်းပြမှုကို ငါကိုယ်တော် မြင်တွေ့ရသည့်အတွက် ဤကဲ့သို့ဟဒီးဆ်မျိုးကို သင့်အလျင် ငါကိုယ်တော် အား မည်သူမျှ မေးမြန်းလိမ့်မည် မဟုတ်ဟု ထင်ထားသည်။ ကိယာမသ် တရားစီရင်မည့်နေ့၌ ငါကိုယ်တော်၏ ရှဖာအသ် ကြားဝင်အသနားခံပေးမှု ဖြင့် နဖူးစာအကောင်းဆုံးဖြစ်မည့်သူမှာ မိမိနှလုံးသားတွင်း၌ အရှင်မြတ် အတွက်သာရည်စူး၍ (လာအိလာဟအိလ္လလ္လာဟ်)ကို ရွတ်ဆိုခဲ့သူဖြစ် သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်။လူတို့အနက် ကိယာမသ် တရားစီရင်မည့်နေ့တွင် ကိုယ်တော်၏ ရှဖာအသ် ကြားဝင်အသနားခံပေးမှုဖြင့် နဖူးစာအကောင်းဆုံးဖြစ်မည့်သူမှာ ရှိရ်က် ဖက်စပ်ယှဉ်တွဲကိုးကွယ်မှု၊ ရိယာအ် ပြစားမှုတို့မှကင်းစင်ကာ မိမိ နှလုံးသားတွင်းမှ အရှင်မြတ်အတွက်သာရည်စူး၍ (လာအိလာဟ အိလ္လ လ္လာဟ်) အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သော အရှင် မရှိဟူ၍ ရွတ်ဆိုခဲ့သူဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. နောင်တမလွန်၌ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ရှဖာအသ် ကြားဝင်အသနားခံပေးခြင်းကို အတည်ပြုဖော်ပြထား သည်။ ယင်းကြားဝင်အသနားခံပေးမှုသည် သောင်ဟီးဒ် သစ္စာဝါဒီများ အတွက်သာ ဖြစ်သည်။
2. တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ရှဖာအသ်သည် သောင်ဟီးဒ်သစ္စာဝါဒီများအနက်မှ ဂျဟန္နမ်ငရဲသို့ ကျရောက်မည့်သူ များကို ဂျဟန္နမ်သို့ မကျရောက်စေရန်နှင့် ဂျဟန္နမ်ငရဲသို့ ကျရောက် သွားသူများကို ဂျဟန္နမ်မှ ထွက်ခွင့်ရစေရန်အတွက် အလ္လာဟ်အရှင် မြတ်ထံ ကြားဝင်သနားခံပေးခြင်းဖြစ်သည်။
3. ကလိမဟ်တော်ကို အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်ရန် အတွက် သာ ရည်ရွယ်(ရွတ်ဆို)ခြင်း၏ မွန်မြတ်မှုနှင့် ယင်း၏အကျိုးကျေးဇူး ကြီးမားပုံကို တင်ပြထားသည်။
4. သောင်ဟီးဒ်သစ္စာတရား၏ ကလိမဟ်တော်ကို အကောင်အထည်ဖေါ်ခြင်းဟူသည် ကလိမဟ်၏အဓိပ္ပာယ်ကို သိနားလည်ပြီး ၎င်း၏ တောင်း ဆိုမှုများအတိုင်း လိုက်နာကျင့်သုံးခြင်းဖြစ်သည်။

5. အဗူဟုရိုင်ရဟ် (ရသ္ဒိယလ္လာဟုအန်ဟု)၏ ထွတ်မြတ်မှုနှင့် ပညာအတွက် သူ၏စိတ်ဓာတ်ပြင်းပြမှုကိုတင်ပြသည်။

(3414)

(9) – عن أبي هريرة رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «الْإِيمَانُ بِضْعٌ وَسَبْعُونَ -أَوْ بِضْعٌ وَسِتُّونَ- شُعْبَةً، فَأَفْضَلُهَا قَوْلُ لَا إِلَهَ إِلَّا اللهُ، وَأَدْنَاهَا إِمَاطَةُ الْأَذَى عَنِ الطَّرِيقِ، وَالْحَيَاءُ شُعْبَةٌ مِنَ الْإِيمَانِ». [صحيح] - [متفق عليه]

(9) – အဗူဟုရိုင်ရဟ်(ရသ္ဒိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အီမာန် သက်ဝင်ယုံကြည်မှု၌ အကိုင်းအလက် (အစိတ်အပိုင်း) ခုနစ်ဆယ်ကျော် သို့ မဟုတ် ခြောက်ဆယ်ကျော် ရှိသည်။ ၎င်းတို့အနက် အမြင့်မြတ်ဆုံးမှာ "လာ အိလာဟ အိလ္လလ္လာဟ်"ရွတ်ဆိုခြင်းဖြစ်ပြီး အနိမ့်ဆုံးမှာ လမ်းပေါ်မှ ဒုက္ခဖြစ် စေမည့် အရာကို ဖယ်ရှားပေးခြင်းဖြစ်သည်။ အရှက်တရားသည် အီမာန်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူ သည်မှာ အီမာန် သက်ဝင်ယုံကြည်မှုတွင်

အကိုင်းအလက်များ၊ အကျင့်အမူ များ များစွာရှိသည်။ ယင်း၌ နှုတ်ဖြင့်ဝန်ခံခြင်း၊ လက်တွေ့ကျင့်ဆောင်ခြင်း၊ နှလုံးသားဖြင့် သက်ဝင်ယုံကြည်ခြင်းတို့ပါဝင်သည်။

အီမာန်၏ အကျင့်အမူများအနက် အမြင့်ဆုံးနှင့် အမွန်မြတ်ဆုံးမှာ “လာ အိလာဟ အိလ္လလ္လာဟ်” အား အဓိပ္ပာယ်နားလည်ပြီး ရွတ်ဆိုခြင်း၊ ကလိမဟ် တော်၏ တောင်းဆိုချက်အတိုင်း လိုက်နာကျင့်သုံးခြင်းဖြစ်သည်။ ကလိ မဟ်၏ အဓိပ္ပာယ်မှာ အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းသာလျှင် ကိုးကွယ် ခံထိုက်သည့်အရှင်ဖြစ်ပြီး အရှင်မြတ်မှအပ ကိုးကွယ်ထိုက်သည့် အရှင် ဟူ၍မရှိဖြစ်သည်။

အီမာန်၏အနိမ့်ဆုံး အမလ်ဆောင်ရွက်မှုမှာ လူတို့အား ဒုက္ခဖြစ်စေမည့် အရာတိုင်းအား လမ်းပေါ်မှ ဖယ်ရှားပေးခြင်းဖြစ်သည်။

ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က အရှက် တရားသည် အီမာန်၏ အစိတ်အပိုင်းများအနက်မှ ဖြစ်သည်ဟု မိန့်ကြားခဲ့ သည်။ အရှက်တရားဟူသည် ကောင်းသောကိစ္စများကို ပြုလုပ်ရန်နှင့် စက် ဆုပ်ဖွယ်ရာကိစ္စများကို စွန့်လွှတ်ရန် တွန်းအားပေးသည့် အကျင့် စာရိတ္တပင် ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အီမာန်တွင် အဆင့်အတန်းများစွာရှိပြီး အချို့ကအချို့ထက် ပို၍မွန်မြတ်သည်။
2. အီမာန်ဟူသည် နှုတ်ဖြင့်ဝန်ခံခြင်း၊ လက်တွေ့ကျင့်ဆောင်ခြင်း၊ နှလုံး သားမှ ယုံကြည်ခြင်းတို့ဖြစ်သည်။
3. အလ္လာဟ်အရှင်မြတ်အပေါ် အရှက်တရားထားခြင်းဟူသည် အရှင်မြတ်၏ တားမြစ်ချက်များကို သင်ကျူးလွန်နေကြောင်း အရှင်မြတ်က မမြင်တွေ့ရခြင်းနှင့် အရှင်မြတ်က အမိန့်ပေးထားသည့် ကိစ္စအား ပျက်ကွက်မှုမရှိခြင်းတို့ ဖြစ်သည်။
4. ဟဒီးဆ်တော်၌ အရေအတွက်ကို တင်ပြခြင်းသည် ထိုအရေအတွက် ဖြင့်သာ ကန့်သတ်ထားခြင်း မဟုတ်ပေ။ သို့သာမက အီမာန်နှင့် သက်ဆိုင်သည့် အမလ်ကျင့်ဆောင်မှုများသည် အများအပြား ရှိ ကြောင်း ညွှန်ပြနေခြင်းဖြစ်သည်။ အရဗ်တို့သည် တစ်စုံတစ်ရာနှင့် ပတ်သက်၍ အရေအတွက် ဖော်ပြသည့်အခါ ထိုအရေအတွက်အပြင် နောက်ထပ်မရှိတော့ကြောင်း ရည်ရွယ်ခြင်းမရှိပါ။

(6468)

(10) – عن أبي هريرة رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «قَالَ اللهُ تَبَارَكَ وَتَعَالَى: أَنَا أَغْنَى الشُّرَكَاءِ عَنِ الشِّرْكِ، مَنْ عَمِلَ عَمَلًا أَشْرَكَ فِيهِ مَعِي غَيْرِي تَرَكْتُهُ وَشِرْكَهُ». [صحيح] - [رواه مسلم]

(10) – အဗူဟုရိုင်ရဟ် (ရည်ိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကြီးကျယ် မြင့်မားတော်မူသော အလ္လာဟ်အရှင် မြတ်က မိန့်ကြားတော်မူသည်။ ငါအရှင်မြတ်သည် ဖက်စပ်ကိုးကွယ်သူတို့ ၏ ဖက်စပ်ကိုးကွယ်ခြင်းမှ ကင်းရှင်းတော်မူသည်။ အကြင်သူသည် အမလ် ကောင်းမှုပြုလုပ်ရာတွင် ငါအရှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ရာကို ဖက်စပ်ကိုးကွယ်ခဲ့လျှင် ငါအရှင်မြတ်သည် ထိုသူနှင့် သူ၏ဖက်စပ်ကိုးကွယ် မှုကိုပါ စွန့်ပစ်တော်မူသည်။ [ဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက် ကို တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က အသိပေးမိန့်ကြား တော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် ဖက်စပ်ကိုးကွယ်သူတို့၏ ဖက် စပ်ကိုးကွယ်ခြင်းမှ ကင်းရှင်းတော်မူသည်။ အရှင်မြတ်သည် အရာခပ်သိမ်း အလုံးစုံမှ

လိုလားတောင့်တမှု ကင်းတော်မူသောအရှင်ဖြစ်သည်။ လူတစ်ဦး သည် အမလ်ကောင်းမှုတစ်ခုကို ဆောင်ရွက်ရာ၌ အလ္လာဟ်အရှင်မြတ်နှင့် အတူ အခြားတစ်စုံတစ်ရာကိုပါ ယှဉ်တွဲကိုးကွယ်ခဲ့လျှင် အရှင်မြတ်သည် ထိုသူကို စွန့်ပစ်တော်မူပြီး သူပြုလုပ်သည့် ကောင်းမှုကို လက်ခံတော်မူမည် မဟုတ်ပေ။ ထိုကောင်းမှုကို ၎င်းသူထံသို့သာ စွန့်ပစ်တော်မူမည်။ ထို့ကြောင့် အမလ်ကောင်းမှုများကို အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းအတွက်သာ သီးသန့်ပြုလုပ်ရန် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ချွတ်ယွင်းမှု အပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် မိမိ အတွက် သီးသန့်ရည်ရွယ်၍ပြုလုပ်သည့် အမလ်ကောင်းမှုကိုသာ လက်ခံ တော်မူသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ရှိရ်က်နှင့် ၎င်း၏ပုံစံအသီးသီးတို့မှ သတိပေးတားမြစ်ထားသည်။ ရှိရ်က်သည် အမလ်ကောင်းမှုများ လက်ခံသဘောတူခြင်းခံရမှုကို အတားဆီးဖြစ်စေသည်။
2. အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်မှုနှင့် အရှင်မြတ်သည် လိုလား တောင့်တမှုအပေါင်းမှ ကင်းစင်တော်မူကြောင်းကို သိရှိရပြီး ထို အချက်က အမလ်ကောင်းမှုများကို အိခ်လာဆ်ဖြင့်ပြုလုပ်ရန် အကူ အညီဖြစ်စေသည်။

(11) – عن أبي هريرة رضي الله عنه أن رسول الله صلى الله عليه وسلم قال: «كُلُّ أُمَّتِي يَدْخُلُونَ الْجَنَّةَ إِلَّا مَنْ أَبَى»، قَالُوا: يَا رَسُولَ اللهِ، وَمَنْ يَأْبَى؟ قَالَ: «مَنْ أَطَاعَنِي دَخَلَ الْجَنَّةَ، وَمَنْ عَصَانِي فَقَدْ أَبَى». [صحيح] - [رواه البخاري]

(11) – အဗူဟုရိုင်ရဟ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ငြင်းပယ်သူမှလွဲ၍ ငါကိုယ်တော်၏ အွမ္မသ်သား အားလုံးသည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ကြရမည်။ ထိုအခါ သာဝကကြီး များက အို - အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် ငြင်းပယ်သူသည် မည်သူဖြစ်ပါသနည်းဟု လျှောက်ထားမေးမြန်းကြသည်။ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ မည်သူမဆို ငါကိုယ်တော့်အမိန့်ကိုနာခံလျှင် ထိုသူ သည် ဂျန္နသ်ကိုဝင်ရမည်ဖြစ်ပြီး မည်သူမဆိုငါကိုယ်တော်၏ အမိန့်ကို မနာ ခံလျှင် ထိုသူသည်ငြင်းပယ်သူဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ငြင်းပယ်သူမှလွဲ ၍ ကိုယ်တော်၏ အွမ္မသ်သားအားလုံး ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ကြရမည် ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်။

ထိုအခါ ဆွဟာဗဟ်(ရဿိယလ်လာဟုအန်ဟုမ်)တို့က အို -

အလ္လာဟ် အရှင်မြတ်၏ရစူလ်တမန်တော် ငြင်းပယ်သူသည် မည်သူဖြစ်ပါသနည်းဟု လျှောက်ထားမေးမြန်းကြသည်။

ကိုယ်တော်က မည်သူမဆို ရစူလ်တမန်တော်(ဆွလ္လလ္လာဟု အလိုင်းဟိ ဝစလ္လမ်)၏ အမိန့်ကိုနာခံကာ နောက်လိုက်မှုပြုလျှင် ထိုသူသည် ဂျန္နသ်ကို ဝင်ရမည်ဖြစ်ပြီး မည်သူမဆို အမိန့်ဖီဆန်ကာ ရှရီအဟ်တရားတော်ကို လိုက်နာခြင်းမရှိလျှင် ထိုသူသည် သူ၏မကောင်းသော (အအ်မာလ်) လုပ် ဆောင်မှုများကြောင့် ဂျန္နသ်သို့ ဝင်ရောက်ခွင့်ရမည်မဟုတ်ဟု ဖြေကြား တော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ အမိန့်ကို နာခံခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ကို နာခံခြင်းဖြစ်ပြီး တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏အမိန့်ကို ဖီဆန်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ကို ဖီဆန်ခြင်းဖြစ်သည်။
2. တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)၏ အမိန့်နာခံခြင်း သည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်စေပြီး တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)၏အမိန့်ကို ဖီဆန်ခြင်းသည် ဂျဟန္နမ်ငရဲဘုံသို့ ကျ ရောက်စေမည်ဖြစ်သည်။
3. ဟဒီးဆ်တော်တွင် ဤအွမ္မသ်သားတို့အနက်မှ အမိန့်နာခံသူများ အတွက် သတင်းကောင်းပါရှိသည်။ အလ္လာဟ်အရှင်မြတ်နှင့် အရှင်

မြတ်၏ရစူလ်တမန်တော်အား ဗီဆန်သူတို့မှအပ ကျန်အွမ္မသ်သား အားလုံး သည် ဂျန္နသ်သို့ ဝင်ရမည်ဖြစ်သည်။

4. မိမိ၏အွမ္မသ်သားတို့အပေါ် ထားရှိသည့် တမန်တော်မြတ် (ဆွလ္လလ္လာ ဟုအလိုင်းဟိဝစလ္လမ်)၏ ကရုဏာတော်နှင့် ၎င်းတို့(ဟိဒါယသ်) တရား လမ်းမှန်ရရှိရန် ကိုယ်တော်၏ စိတ်အားထက်သန်မှုတို့ကို ဖော်ပြ ထားသည်။

(4947)

(12) – عَن عُمَرَ بنِ الخَطَّابِ رَضِيَ اللَّهُ عَنْهُ قال: سَمِعْتُ النَّبِيَّ صَلَّى اللَّهُ عَلَيْهِ وَسَلَّمَ يَقُولُ: «لَا تُطْرُونِي كَمَا أَطْرَتِ النَّصَارَى ابْنَ مَرْيَمَ؛ فَإِنَّمَا أَنَا عَبْدُهُ، فَقُولُوا: عَبْدُ اللهِ وَرَسُولُهُ». [صحيح] - [رواه البخاري]

(12) – အုမရ်ဗင်န်ခဲသ်သွာဗ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့် ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။ နဆ္ဝရာနီတို့သည် မရ်ယမ်၏ သား တော်(တမန်တော်အီစာ) (အလိုင်းဟိစ္စလာမ်)အား အတိုင်းထက်အလွန် ကြည်ညိုအမွှမ်းတင်ကြသကဲ့သို့ အသင်တို့သည် ငါကိုယ်တော်အား အတိုင်း ထက်အလွန် ကြည်ညိုအမွှမ်းတင်ခြင်းမပြုကြနှင့်။ ငါကိုယ်တော်သည် အရှင်မြတ်၏ ကျေးကျွန်သာဖြစ်သည်။ ထို့ကြောင့် ငါကိုယ်တော်အား အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်နှင့် အရှင်မြတ်၏

ရစူလ်တမန်တော် ဖြစ် သည်ဟူ၍သာ သင်တို့ပြောကြလေကုန်။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)သည် မိမိနှင့် ပတ် သက်၍ နဆွ်ရာနီ (ခရစ်ယာန်)တို့က မရ်ယမ်၏သားတော် (အီစာ) (အလိုင်း ဟိစ္စလာမ်)အား ပြုခဲ့ကြသည့်အတိုင်း ရှရီအဟ်တရားတော်၏ ဘောင်ကို ကျော်ကာ အတိုင်းထက်အလွန်ချီးမွမ်းခြင်း၊ အလ္လာဟ်အရှင်မြတ်၏ ဂုဏ် တော်များ၊ အရှင်မြတ်နှင့်သာ သက်ဆိုင်သည့် လုပ်ဆောင်ချက်များဖြင့် ဂုဏ် ပေးခြင်း၊ အကွယ်ကိုသိသည်ဟု ယုံကြည်ခြင်း၊ အလ္လာဟ်အရှင်မြတ်နှင့် အတူ ယှဉ်တွဲ၍ ဒုအာဆုတောင်းခြင်းများ မပြုလုပ်ကြရန် တားမြစ်တော်မူခဲ့ သည်။ ထို့နောက် ကိုယ်တော်က မိမိသည် အလ္လာဟ်အရှင်မြတ်၏ ကျွန်များ အနက်မှ ကျွန်တစ်ဦးဖြစ်ကြောင်း ရှင်းပြတော်မူပြီး ကျွန်တော်တို့အနေဖြင့် ကိုယ်တော့်အား အလ္လာဟ်အရှင်မြတ်၏ကျွန်နှင့် အရှင်မြတ်၏ ရစူလ် တမန် တော်ဟူ၍သာ ပြောဆိုကြရန် အမိန့်ပေးတော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ရှရီအဟ်တရားတော်ဘောင်ကိုကျော်ကာ အတိုင်းထက်အလွန် ချီးမွမ်း ခြင်း၊ ကြည်ညိုလေးစားခြင်းများမပြုရန်

သတိပေးတားမြစ်ထား သည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြုလုပ်ခြင်းသည် ရှိရက် ဖက် စပ်ကိုးကွယ်မှုသို့ရောက်ရှိစေသည်။

2. တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သတိပေးတားမြစ်ခဲ့ သည့်ကိစ္စသည် ဤအွမ္မသ်၌ ပေါ်ပေါက်လာသည်။ အုပ်စုတစ်စုသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)နှင့် ပတ်သက်၍ အစွန်းရောက်ခဲ့ကြပြီး အချို့အုပ်စုသည် 'အဟ်လွလ်ဗိုင်းသ်' ကိုယ်တော်၏ အိမ်တော်သူအိမ်တော်သားများနှင့် ပတ်သက်၍ အစွန်းရောက်ခဲ့ကြသည်။ အချို့အုပ်စုသည် ဝလီသူတော်စင်များနှင့် ပတ်သက်၍ အစွန်းရောက်ခဲ့ကြသည်။ ဤသို့ဖြင့် ၎င်းတို့အားလုံးသည် ရှိရက် ဖက်စပ်ကိုးကွယ်မှုသို့ ကျရောက်ခဲ့ကြသည်။

3. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိမိသည် အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံ ကျေးကျွန်တစ်ဦးဖြစ်သည့်အတွက် ဖန်ဆင်းရှင်နှင့်သာသက်ဆိုင်သည့် မည်သည့်အရာကိုမျှ မိမိ အတွက် သုံးစွဲပိုင်ခွင့်မရှိကြောင်း ရှင်းပြရန်အလို့ငှာ မိမိကိုယ်မိမိ အလ္လာဟ်အရှင်မြတ်၏ကျွန်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

4. တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)က မိမိကိုယ်မိမိ

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ဖြစ်ကြောင်း ပြောကြားခြင်းမှာ မိမိသည် အလ္လာဟ်အရှင်မြတ်စေလွှတ်သည့် ရစူလ်တမန်တော်တစ်ပါး ဖြစ်သည့်အတွက် မိမိအားထောက်ခံရန်နှင့် နောက်လိုက် မှုပြုရန် အရေးကြီးကြောင်း ရှင်းပြရန်အတွက်ဖြစ်သည်။

(3406)

(13) – عن أنس رضي الله عنه قال: قال النبي صلى الله عليه وسلم: «لَا يُؤْمِنُ أَحَدُكُمْ حَتَّى أَكُونَ أَحَبَّ إِلَيْهِ مِنْ وَالِدِهِ وَوَلَدِهِ وَالنَّاسِ أَجْمَعِينَ». [صحيح] - [متفق عليه]

(13) – အနတ်စ် (ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော် မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့ အနက် မည်သူမဆို မိမိ၏ သားသမီး၊ မိမိ၏ မိဘနှင့် လူသားအားလုံးထက် ငါကိုယ်တော်အား ပိုမချစ်သမျှ ကာလပတ်လုံး ပြည့်ဝသည့် မုအ်မင်န် မဖြစ်နိုင်ပေ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာ မွတ်စ်လင်မ်သည် ကိုယ်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ အချစ်အား မိမိ၏ မိခင်၊ ဖခင်၊ မိမိ၏ သားသမီးနှင့် လူသားအားလုံးအား၏ အချစ်ထက်

ရှေ့တန်းမတင်သမျှ ကာလပတ်လုံး ပြည့်ဝသည့် မုအ်မင်န် မဖြစ်နိုင်ပေ။ ဤအချစ်၌ ကိုယ် တော်မြတ်၏အမိန့်ကို နာခံခြင်း၊ ကိုယ်တော်မြတ်အား ကူညီခြင်း၊ ကိုယ် တော်မြတ်၏ အမိန့်ကို ဖီဆန်မှုမပြုခြင်းတို့ ရှိရန်လိုအပ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား အချစ်ထားရန် တာဝန်ရှိပြီး ကိုယ်တော်အား အခြားအဖန်ဆင်းခံ အားလုံးထက်ပို၍ ချစ်မြတ်နိုးရမည်။
2. အပြည့်အဝချစ်မြတ်နိုးခြင်း၏ လက္ခဏာတစ်ခုမှာ တမန်တော်မြတ်၏ စွန္နဟ်တော်ကို ကူညီပံ့ပိုးခြင်း၊ ထို့အတွက် မိမိ၏ကိုယ်နှင့် ဥစ္စာပစ္စည်း ကို အသုံးချခြင်းဖြစ်သည်။
3. ကိုယ်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား ချစ်မြတ်နိုးခြင်းသည် ကိုယ်တော် အမိန့်ပေးသည့်အရာကို နာခံရန်၊ ကိုယ်တော် သတင်းပေးထားသည့်အရာကို ထောက်ခံရန်၊ ကိုယ်တော် တားမြစ် ထားသည့်အရာကို ရှောင်ကြဉ်ရန်၊ ဗိဒ်အဟ် တရားသစ်တီထွင်မှုတိုင်း ကို စွန့်လွှတ်ရန် လိုအပ်သည်။
4. ကိုယ်တော်မြတ်သည် ကျွန်တော်တို့အတွက် လမ်းမှားမှ လမ်းမှန်ကို သိရှိစေသည့်အကြောင်းခံ၊ ဂျဟန္နမ်ငရဲမီးဘေးမှ ကယ်တင်ပေးသည့် အကြောင်းခံ၊ ဂျန္နသ်သုခဘုံကို ရရှိခြင်းဖြင့်

အောင်မြင်မှုကို ရရှိနိုင်မည့် အကြောင်းခံဖြစ်သောကြောင့် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်း ဟိဝစလ္လမ်)၏ အခွင့်အရေးသည် လူသားအားလုံး၏ အခွင့်အရေး ထက်ပို၍ ကြီးကျယ်ပြီး ပို၍လေးနက်သည်။

(5953)

(14) – عن عبد الله بن عمرو رضي الله عنهما أن النبي صلى الله عليه وسلم قال: «بَلِّغُوا عَنِّي وَلَوْ آيَةً، وَحَدِّثُوا عَنْ بَنِي إِسْرَائِيلَ وَلَا حَرَجَ، وَمَنْ كَذَبَ عَلَيَّ مُتَعَمِّدًا فَلْيَتَبَوَّأْ مَقْعَدَهُ مِنَ النَّارِ». [صحيح] - [رواه البخاري]

(14) – အဗ်ဒုလ္လာဟ်ဗင်န်အမ်ရ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)မိန့်ကြားတော်မူသည်။ အသင်တို့သည် အာယသ်တော် တစ်ခုမျှပင် ဖြစ်စေ ငါကိုယ်တော်ထံမှ ကြားသိခဲ့ရသည်တို့ကို ပို့ချကြပါ။ အစ္စရာအီလ် မျိုးနွယ်ထံမှ ကြားသိရသည်တို့ကိုလည်း ဆင့်ပြန်ပြောကြလေကုန် (ထိုသို့ ပြောကြားခြင်းသည်) အပြစ်တစ်စုံတစ်ရာမရှိပေ။ ထို့ပြင် အကြင်သူသည် ငါကိုယ်တော့်အပေါ် သိလျက်နှင့်တမင်လိမ်လည်ပြောဆိုခဲ့လျှင် သူသည် မိမိနေထိုင်ရမည့်နေရာအား ငရဲမီးတွင် သတ်မှတ်လိုက်ပါ။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိထံမှ သိခဲ့ရ သော ကုန်အာန်ကျမ်းမြတ်နှင့် ဟဒီးဆ်တော်များကို ပြန်လည်ပို့ချရန် မိန့် ကြားတော်မူခဲ့သည်။ ထိုသို့ ပြန်လည်ပို့ချမည့်အရာသည် ကုရ်အာန် တစ် အာယသ်မျှလောက် သို့မဟုတ် ဟဒီးဆ်တော် တစ်ပုဒ်မျှလောက် အနည်း ငယ်ပင်ဖြစ်စေ ပို့ချသူသည် ၎င်းအား ခိုင်မာတိကျစွာ သိနားလည်ရမည် ဟူ သည့် စည်းကမ်းချက်နှင့်အညီ ပို့ချရမည်ဖြစ်သည်။ ထို့နောက် ကိုယ်တော် မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ကျွန်ုပ်တို့၏ ရှရီအသ်တရားတော် နှင့် မဆန့်ကျင်သည့် ဗနီအစ္စရာအီလ်တို့တွင် ဖြစ်ခဲ့သော မှန်ကန်သည့် ဖြစ် ရပ်များကို တဆင့်ပြန်ပြောကြားခွင့်ရှိကြောင်း ပြောကြားတော်မူခဲ့သည်။ ထို့နောက် ကိုယ်တော်က မိမိနှင့်ပတ်သက်၍ လိမ်လည်ပြောဆိုခြင်းအား သတိပေးတားမြစ်တော်မူခဲ့သည်။ မည်သူမဆို ကိုယ်တော်မြတ်နှင့် ပတ် သက်၍ သိလျက်နှင့် တမင်လိမ်လည်ပြောဆိုခဲ့လျှင် ၎င်းသည် မိမိနေထိုင် ရာနေရာဌာနအား ငရဲမီးတွင် သတ်မှတ်လိုက်ရမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အလ္လာဟ်အရှင်မြတ်၏ (ရှရီအဟ်) တရားတော်အား ပို့ချရန် တိုက် တွန်းထားသည်။ လူတစ်ဦးသည် အနည်းငယ်မျှပင်ဖြစ်စေ မိမိကျက် မှတ် နားလည်သဘောပေါက်ထားသည့်အရာအား

ပို့ချရမည်။

2. အလ္လာဟ်အရှင်မြတ်ကို ခဝပ်ကိုးကွယ်ရန်နှင့် အလ္လာဟ်အရှင်မြတ်၏ ရှရီအဟ်တရားတော်ကို အမှန်အတိုင်းပို့ချနိုင်ရန်အတွက် ရှရီအဟ် တရားတော်ကို သင်ယူဆည်းပူးရန် ဝါဂျိဗ်တာဝန်ဖြစ်သည်။
3. အထက်တွင်ဖော်ပြခဲ့သော သတိပေးတားမြစ်ချက်သို့ မကျရောက်စေ ရန် မည်သည့်ဟဒီးဆ်တော်ကိုမဆို မပို့ချမီ၊ မဖြန့်ချိမီအလျင် မှန်ကန်မှု ရှိမရှိ စစ်ဆေးရန် အရေးကြီးသည်။
4. စကားပြောရာတွင် လိမ်လည်မှု၌ မကျရောက်စေရန်အတွက် ဆင်ခြင် ရန်နှင့် မှန်ကန်စွာပြောဆိုရန် တိုက်တွန်းထားသည်။ အထူးသဖြင့် အနန္တတန်ခိုးတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ တရား ဥပဒေပြဋ္ဌာန်းချက်နှင့်ပတ်သက်၍ မှန်ကန်စွာပြောဆိုရမည်။

(3686)

(15) – عن المقدام بن معدِيْكَرِب رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «أَلَا هَلْ عَسَى رَجُلٌ يَبْلُغُهُ الْحَدِيثُ عَنِّي وَهُوَ مُتَّكِئٌ عَلَى أَرِيكَتِهِ فَيَقُولُ: بَيْنَنَا وَبَيْنَكُمْ كِتَابُ اللهِ، فَمَا وَجَدْنَا فِيهِ حَلَالًا اسْتَحْلَلْنَاهُ، وَمَا وَجَدْنَا فِيهِ حَرَامًا حَرَّمْنَاهُ، وَإِنَّ مَا حَرَّمَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ كَمَا حَرَّمَ اللهُ». [صحيح] - [رواه أبو داود والترمذي وابن ماجه]

(15) – အလ်မိက္ကဒါမ်ဗင်န် မအ်ဒီကရိဗ်(ရသ္ဝိယလ္လာဟုအန်ဟု)က ဆင့်ပြန် သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကောင်းစွာမှတ်သားကြလေကုန်၊ ငါကိုယ် တော်၏ ဟဒီးဆ်တော်တစ်ပုဒ်သည် လူတစ်ဦးထံသို့ ရောက်ရှိသည့်အခါ ထိုသူသည် မိမိ၏သလွန်ပေါ်တွင် မှီလျက် အသင်တို့နှင့် ကျွန်ုပ်တို့ကြားတွင် အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်မြတ်ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့ သည် ထိုကျမ်းထဲတွင် ဟလာလ်ဟုတွေ့ရသောအရာကို ဟလာလ်ဟုမှတ် ယူမည်။ ကျွန်ုပ်တို့သည် ထိုကျမ်းထဲတွင် ဟရာမ်ဟုတွေ့ရသောအရာကို ဟရာမ်ဟု မှတ်ယူမည်ဟု ပြောကြားလိမ့်မည်။ ဧကန်မုချ အလ္လာဟ်အရှင် မြတ်၏ ရစူလ်တမန်တော် တားမြစ်ထားသောအရာသည် အလ္လာဟ်အရှင် မြတ် တားမြစ်ထားသောအရာနှင့် အတူတူပင်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] – [အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီ၊ အိဗ်နုမာဂျဟ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူ သည်မှာ ဤသို့သော ထိုင်နေသည့် လူတန်းစားမျိုးရှိသည့် ခေတ်ကာလ မကြာမီ ရောက်ရှိလာမည်။

၎င်းတို့အနက်မှ တစ်ဦးသည် မိမိ၏သလွန်ပေါ်တွင် မှီလျက်ရှိမည်။ ၎င်းထံသို့ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)၏ ဟဒီးဆ်တော်တစ်ပုဒ် ရောက်လာသောအခါ ဤသို့ပြောလိမ့် မည်။ ကျမ်းတော်မြတ်ကုရ်အာန်သည်သာလျှင် အသင်တို့နှင့်ကျွန်ုပ်တို့ကြား တွင် အရေးကိစ္စအဝဝကို ဖြေရှင်းပေးမည့် ကျမ်းတော်ဖြစ်သောကြောင့် ယင်းကျမ်းတော်သည်ပင် ကျွန်တော်တို့အဖို့ လုံလောက်သည်။ ထိုကျမ်း တော်၌ ဟလာလ်အဖြစ် တွေ့ရသောအရာများကို လိုက်နာကျင့်သုံးပြီး ထို ကျမ်းတော်၌ ဟရာမ်အဖြစ် တွေ့ရသောအရာများကို ရှောင်ကြဉ်ကြမည်။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြ တော်မူသည်မှာ ကိုယ်တော်မြတ်၏ ဟဒီးဆ်တော်တွင် ဟရာမ်အဖြစ် သတ်မှတ်ထားသောအရာ၊ တားမြစ်ထားအရာတိုင်းသည် ကျမ်းတော်မြတ် ကုရ်အာန်တွင် အလ္လာဟ်အရှင်မြတ် တားမြစ်ထားသကဲ့သို့ပင်ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်မြတ်သည်မိမိ၏ အရှင်သခင်ထံတော်မှ တဆင့် ပြန်လည်ပို့ချသူပင်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကုရ်အာန်ကျမ်းတော်မြတ်ကို ဂုဏ်ပေးလေးစားသကဲ့သို့ ဟဒီးဆ်တော် ကိုလည်း ဂုဏ်ပေးလေးစားကာ

လိုက်နာကျင့်သုံးရမည်။

2. တမန်တော်မြတ်၏အမိန့်ကို နာခံခြင်းသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို နာခံခြင်းဖြစ်ပြီး တမန်တော်မြတ်၏အမိန့်ကို ဖီဆန် ခြင်းသည် အလ္လာဟ်အရှင်မြတ်၏အမိန့်ကို ဖီဆန်ခြင်းဖြစ်သည်။
3. ဟဒီးဆ်သည်အထောက်ထားဖြစ်ကြောင်း အတည်ပြုထားပြီး ဟဒီးဆ် ကိုလက်မခံကြသူများ၊ ငြင်းပယ်ကြသူများကို ချေပထားသည်။
4. ဟဒီးဆ်ကိုကျော်ခိုင်း၍ ကုရ်အာန်ကျမ်းမြတ်ဖြင့်သာ လုံလောက်ကြောင်း ပြောဆိုသူသည် ကုရ်အာန်ကျမ်းမြတ်နှင့် ဟဒီးဆ် နှစ်မျိုးစလုံးကို ကျော်ခိုင်းသူ၊ ကုရ်အာန်ကျမ်းမြတ်ကို နောက်လိုက်သည်ဟု လိမ်လည်ကြွေးကြော်သူသာဖြစ်သည်။
5. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) နဗီဖြစ်ကြောင်း အထောက်များအနက်မှအချို့မှာ ကိုယ်တော်မြတ်သည် အနာဂတ်တွင် ဖြစ်ပေါ်လာမည့်အရာကို ကြိုတင်ပြောပြခြင်းနှင့် ပြောပြခဲ့သည့် အတိုင်း ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။

(65005)

(16) – عن أبي هريرة رضي الله عنه عن النبي صلى الله عليه وسلم: «اللَّهُمَّ لَا تَجْعَلْ قَبْرِي وَثَنًا، لَعَنَ اللهُ قَوْمًا اتَّخَذُوا قُبُورَ أَنْبِيَائِهِمْ مَسَاجِدَ». [صحيح] - [رواه أحمد]

(16) – အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု)က တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံမှ ဆင့်ပြန်ခဲ့သည်။ အို-အလ္လာဟ် အရှင် မြတ် ကျွန်တော်မျိုး၏ကဗရ်အား ကိုးကွယ်ရာအဖြစ် မပြုလုပ်လိုက်ပါနှင့်။ မိမိတို့နဗီတမန်တော်များ၏ ကဗရ်များကို ဦးချရာနေရာများအဖြစ် သတ် မှတ်ခဲ့ကြသော အမျိုးသားတို့အား အလ္လာဟ်အရှင်မြတ်သည် အလွန် အမျက်ထွက်တော်မူသည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [အိမာမ် အဟ်မဒ် ဆင့်ပြန်ခဲ့သည်။]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏ အရှင် မြတ် ထံတော်၌ မိမိ၏ကဗရ်အား လူတို့ကြည်ညို ကိုးကွယ်ကြသည့် ကိုးကွယ်ရာအဖြစ် မပြုလုပ်ရန်နှင့် ကဗရ်ရှေ့တွင် စဂျ်ဒဟ်ဦးချခြင်းတို့ မပြု စေရန် ဒုအာတောင်းတော်မူခဲ့သည်။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာ ဟုအလိုင်းဟိဝစလ္လမ်)သည် နဗီတမန်တော်များ၏ ကဗရ်များကို ဦးချရာ နေရာများအဖြစ် သတ်မှတ်ခဲ့ကြသူများကို အလ္လာဟ်အရှင်မြတ်က မိမိ၏ ကရုဏာတော်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း အသိပေး မိန့်ကြားတော်မူ ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကဗရ်များကို ဦးချရာနေရာများအဖြစ် သတ်မှတ်ခြင်းသည် ၎င်းတို့အား ကိုးကွယ်ယုံကြည်မှုကို ဖြစ်စေသည့် အကြောင်းအရင်းတစ်ခုပင်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. နဗီတမန်တော်များ၊ ဝလီသူတော်စင်များ၏ ကဗရ်သင်္ချိုင်းများတွင် ရှရီအသ်တရားတော်က ခွင့်ပြုထားသည်ထက် ဘောင်ကျော်ခြင်းသည် ထိုကဗရ်သင်္ချိုင်းများကို အလ္လာဟ်အရှင်မြတ်အပြင် ခဝပ်ကိုးကွယ်ရာ များအဖြစ် ပြုလုပ်လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ရှိရ်က် ဖက်စပ် ယှဉ်တွဲကိုးကွယ်မှုကို ဖြစ်စေသည့် အကြောင်းခံများကို ရှောင်ကြဉ်ရန် အရေးကြီးသည်။
2. ကဗရ်ထဲတွင် မြှုပ်နှံထားသူသည် မည်မျှပင် အလ္လာဟ်အရှင်မြတ်နှင့် နီးကပ်သည့်ပုဂ္ဂိုလ်ဖြစ်စေ ထိုကဗရ်သင်္ချိုင်းများအား ဂုဏ်ပေး ကြည် ညိုရန်၊ ထိုကဗရ်များ၌ အိဗာဒသ် ခဝပ်ကိုးကွယ်မှုပြုရန် ရည်ရွယ်ချက် ဖြင့် သွားရောက်ခြင်း မပိုင်ပေ။
3. ကဗရ်များပေါ်တွင် စဂ်ျဒဟ်ဦးချရာနေရာများ(ဗလီများ) တည်ဆောက် ခြင်းဟရာမ်ဖြစ်သည်။
4. ဗလီမဆောက်ထားလျှင်လည်း ကဗရ်သင်္ချိုင်းများတွင် ဆွလာသ် ဆောက်တည်ခြင်းသည် ဟရာမ်ဖြစ်သည်။ သို့သော် ဂျနာဇဟ် ဆွလာသ်ဝတ်မပြုဘဲ မြှုပ်နှံခံရသူအား ကဗရ်တွင်သွားရောက်ကာ ဂျနာဇဟ် ဆွလာသ်ဝတ်ပြုခွင့်ရှိသည်။

(17) – عن أبي هريرة رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «لَا تَجْعَلُوا بُيُوتَكُمْ قُبُورًا، وَلَا تَجْعَلُوا قَبْرِي عِيدًا، وَصَلُّوا عَلَيَّ؛ فَإِنَّ صَلَاتَكُمْ تَبْلُغُنِي حَيْثُ كُنْتُمْ». [حسن] - [رواه أبو داود]

(17) – အဗူဟုရိုင်ရဟ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ စူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့၏ နေအိမ်များကို ကဗရ်သင်္ချိုင်းများ အဖြစ် မပြုလုပ်ကြနှင့်၊ ငါကိုယ်တော်၏ကဗရ်ကိုလည်း အီးဒ်မပြုလုပ်ကြနှင့် ငါကိုယ်တော်အပေါ်သို့ ဆွလာသ်မေတ္တာ ပို့သကြလေကုန်၊ ဧကန်မုချ အသင်တို့၏ ဆွလာသ်မေတ္တာ ပို့သမှုသည် အသင်တို့မည်သည့်နေရာတွင် ရှိသည်ဖြစ်စေ ငါကိုယ်တော်ထံရောက်ရှိလေသည်။ [ဤဟဒီးဆ်သည် ဟစန် အဆင့် ရှိသည်။] - [အဗူဒါဝူဒ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အိမ်များကို ဆွလာသ်ဆောက်တည်ခွင့် မရှိသော ကဗရ်သင်္ချိုင်းများသဖွယ် အိဗာဒသ် ခဝပ်ကိုးကွယ်မှု မပြုဘဲနေခြင်းမှ တားမြစ်တော်မူခဲ့သည်။ ထို့ပြင် မိမိ ကဗရ်တွင် ဇိယာရသ်ပြုရန် အကြိမ်ကြိမ်လာရောက်၍ ပုံမှန်စုဝေးခြင်း ကိုလည်း တားမြစ်တော်မူခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြုလုပ် ခြင်းသည် ရှိရ်က်သို့ကျရောက်စေသည့် အကြောင်းခံဖြစ်သည်။ ထို့နောက် ကိုယ်တော်က ကမ္ဘာပေါ် ရှိ မည်သည့်နေရာမှပင်ဖြစ်စေ

မိမိအပေါ်(ဆွလာသ်) ကောင်းချီးမင်္ဂလာနှင့် (စလာမ်)မေတ္တာပို့သရန် မိန့်ကြားတော်မူ ခဲ့သည်။ ထိုသို့ပို့သခြင်းသည် အနီးမှဖြစ်စေ၊အဝေးမှဖြစ်စေ ကိုယ်တော့်ထံ ရောက်ရှိရာတွင် အတူတူပင်ဖြစ်သည်။ထို့ကြောင့် ကိုယ်တော်၏ ကဗရ်သို့ အကြိမ်ကြိမ်သွားရောက်နေရန် မလိုအပ်ပေ။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အိမ်များတွင် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်မှုမပြုဘဲ နေခြင်း ကို တားမြစ်ထားသည်။
2. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကဗရ်ကို ဇိယာ ရသ်ပြုရန် ရည်ရွယ်ချက်ဖြင့် ခရီးထွက်ခြင်းကို တားမြစ်ထားသည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ်သည် မိမိအားဆွလာသ် မေတ္တာပို့သကြရန် အမိန့်ပေးထားပြီး ထိုပို့သလိုက်သည့် ဆွလာသ် သည် မိမိထံသို့ရောက်ရှိကြောင်းလည်း အသိပေးထားသည်။ ထို့ ကြောင့် ခရီးထွက်လျှင် မတ်စ်ဂျစ်ဒ်ိနဗဝီ ဗလီဝတ်ကျောင်းတော်သို့ သွားရန်နှင့် ထိုဗလီ၌ ဆွလာသ်ဝတ်ပြုရန်အတွက်သာ ရည်ရွယ်ချက် ထားရမည်။
3. တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကဗရ်တွင် အချိန် သီးသန့်၊ ပုံသဏ္ဌာန်သီးသန့်ဖြင့်

အီးဒ်သဖွယ်အကြိမ်ကြိမ်လာရောက် ဇိယာရသ်ပြုခြင်းအား တားမြစ်ထားသည်။ ထိုအတိုင်းပင် အခြား ကဗရ်သင်္ချိုင်းတို့ကိုလည်း ဤကဲ့သို့ ဇိယာရသ်ပြုခြင်းမျိုးမှ တားမြစ် ထားသည်။

4. အလ္လာဟ်အရှင်မြတ်ထံတော်၌ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်း ဟိဝစလ္လမ်)၏ ဂုဏ်သိက္ခာမြင့်မြတ်မှုကို ဖော်ပြထားသည်။ မည်သည့် အချိန်၊ မည်သည့်နေရာမှဖြစ်စေ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)အပေါ် (ဆွလာသ်) ကောင်းချီးမင်္ဂလာနှင့် (စလာမ်) မေတ္တာပို့သရန် ခွင့်ပြုထားသည်။
5. သင်္ချိုင်းများတွင် ဆွလာသ်ဆောက်တည်ခြင်းကို တားမြစ်ထားကြောင်း ဆွဟာဗဟ်များ သိရှိပြီးဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် (ဆွလ္လ လ္လာဟုအလိုင်းဟိဝစလ္လမ်)က အိမ်များတွင် ဆွလာသ်မဆောက်တည် ဘဲ ကဗရ်သင်္ချိုင်းများကဲ့သို့ မပြုလုပ်ရန် တားမြစ်ခဲ့ခြင်းဖြစ်သည်။

(3350)

(18) – عن جندب رضي الله عنه قال: سَمِعْتُ النَّبِيَّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ قَبْلَ أَنْ يَمُوتَ بِخَمْسٍ وَهُوَ يَقُولُ «إِنِّي أَبْرَأُ إِلَى اللهِ أَنْ يَكُونَ لِي مِنْكُمْ خَلِيلٌ فَإِنَّ اللهَ تَعَالَى قَدِ اتَّخَذَنِي خَلِيلًا كَمَا اتَّخَذَ إِبْرَاهِيمَ خَلِيلًا، وَلَوْ كُنْتُ مُتَّخِذًا مِنْ أُمَّتِي خَلِيلًا لَاتَّخَذْتُ أَبَا

بَكْرٍ خَلِيلًا! أَلَا وَإِنَّ مَنْ كَانَ قَبْلَكُمْ كَانُوا يَتَّخِذُونَ قُبُورَ أَنْبِيَائِهِمْ وَصَالِحِيهِمْ مَسَاجِدَ، أَلَا فَلَا تَتَّخِذُوا الْقُبُورَ مَسَاجِدَ! إِنِّي أَنْهَاكُمْ عَنْ ذَلِكَ». [صحيح] - [رواه مسلم]

(18) – ဂျွန်ဒုဗ်(ရသ္ဝိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မကွယ်လွန်မီငါးရက် အလိုတွင် မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။ ငါကိုယ်တော်သည် အသင်တို့အနက် တစ်ဦးတစ်ယောက်အား ငါကိုယ်တော်အတွက် အချစ် တော်၊ အဆွေတော်အဖြစ် သတ်မှတ်ခြင်းမှ အလ္လာဟ်အရှင်မြတ်ထံတွင် ကင်းရှင်းတော်မူသည်။ အမှန်တကယ်ပင် အလ္လာဟ်အရှင်မြတ်သည် အိဗ်ရာဟီမ်(အလိုင်းဟိစ္စလာမ်)အား (ခလီလ်)အချစ်တော်၊ အဆွေတော် အဖြစ် သတ်မှတ်ခဲ့သလို ငါကိုယ်တော်အားလည်း အချစ်တော်၊ အဆွေ တော်အဖြစ် သတ်မှတ်တော်မူခဲ့သည်။ အကယ်၍ ငါကိုယ်တော်သည် ငါ၏ နောက်လိုက်သားတို့အနက်မှ အချစ်တော်၊ အဆွေတော် သတ်မှတ်ရမည် ဆိုလျှင် မုချအဗူဗကရ်(ရသ္ဝိယလ္လာဟုအန်ဟု)အား သတ်မှတ်မည်ဖြစ် သည်။ ကောင်းစွာသတိပြုကြလေကုန် အသင်တို့အလျင်ရှိခဲ့ကြသော သူတို့ သည် ၎င်းတို့နဗီတမန်တော်များ၊ သူတော်စင်များ၏ ကဗရ်သင်္ချိုင်းများကို ဝတ်ပြုဦးချရာနေရာများအဖြစ် ပြုလုပ်ခဲ့ကြသည်။ ကောင်းစွာ သတိပြုကြ လေကုန် သင်တို့သည် ကဗရ်သင်္ချိုင်းများကို ဝတ်ပြုဦးချရာနေရာများအဖြစ် မပြုလုပ်ကြနှင့်။

ဤကဲ့သို့ပြုလုပ်ခြင်းအား ငါကိုယ်တော် သင်တို့အား တား မြစ်တော်မူသည်။ [ဤဟာဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)သည် အလ္လာဟ် အရှင်မြတ်ထံတော်တွင်ရှိသည့် မိမိ၏ အဆင့်အတန်းကို အသိပေးပြော ကြားခဲ့သည်။ ထိုအဆင့်သည် အချစ်၏ အဆင့်အတန်းများအနက် အမြင့် ဆုံးအဆင့်ဖြစ်ပြီး ထိုအဆင့်အတန်းအား တမန်တော် အိဗ်ရာဟီးမ် (အလိုင်း ဟိစ္စလာမ်) ရခဲ့သည့်အတိုင်း ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကိုယ်တော် မြတ်သည် အလ္လာဟ်အရှင်မြတ်အပြင် မိမိတွင်အခြားအချစ်တော်၊ အဆွေ တော်ရှိခြင်းကို ငြင်းဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏နှလုံးသား ထဲတွင် အရှင်မြတ်၏အချစ်၊ အရှင်မြတ်၏ကြီးကျယ်မှုနှင့် အရှင်မြတ်၏ အသိတရားတို့ဖြင့် ပြည့်နှက်နေပြီး အလ္လာဟ်အရှင်မြတ်အပြင် အခြားသူ အတွက် နေရာမရှိတော့ပေ။ အကယ်၍ ကိုယ်တော်သည် မိမိအတွက် အဖန်ဆင်းခံများအနက်မှ အချစ်တော်၊ အဆွေတော် သတ်မှတ်ရမည် ဆို လျှင် ထိုသူသည် အဗူဗကရ်ဆိဒ်ဒီက် (ရဿိယလ္လာဟုအန်ဟု)သာ ဖြစ် လိမ့်မည်။ ထို့နောက် ကိုယ်တော်မြတ်သည် အချစ်နှင့်ပတ်သက်၍ ခွင့်ပြု ထားသော အတိုင်းအတာကို ကျော်လွန်သည့် လုပ်ရပ်များကို သတိပေး

တားမြစ်တော်မူခဲ့သည်။ ထိုလုပ်ရပ်များကို ရဟူဒီ၊ နဆ္ဆရာနီတို့က မိမိတို့၏ နဗီတမန်တော်များ၊ သူတော်စင်များ၏ ကဗရ်သင်္ချိုင်းများတွင် ပြုလုပ်ခဲ့ကြ ပြီး ၎င်းတို့သည် ထိုကဗရ်သင်္ချိုင်းများကို အလ္လာဟ်အရှင်မြတ်အပြင် ခဝပ် ကိုးကွယ်ခြင်းခံရသော ဖက်စပ်ကိုးကွယ်ရာများအဖြစ် ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့သည် ထိုကဗရ်သင်္ချိုင်းများပေါ်တွင် ဗလီဝတ်ကျောင်းတော်များ၊ အိဗာဒသ်ပြုရာ နေရာများ ဆောက်လုပ်ခဲ့ကြသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)သည် မိမိအွမ္မသ် နောက်လိုက်များကို ၎င်းတို့ပြုလုပ်သောလုပ်ရပ်များကို မပြုလုပ်ရန် တားမြစ်တော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အဗူဗက်ရ် ဆိဒ္ဒီက်(ရဿိယလ္လာဟုအန်ဟု)၏ မွန်မြတ်မှုကို ဖော်ပြ ထားသည်။ သူသည် အွမ္မသ်နောက်လိုက်သားများအနက် အမွန်မြတ် ဆုံး ပုဂ္ဂိုလ်ဖြစ်ပြီး တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ကွယ်လွန် ဝဖာသ်ဖြစ်ပြီးနောက် လူတို့အနက် ခိလာဖသ်နှင့် အထိုက် တန်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။
2. ကဗရ်သင်္ချိုင်းများပေါ်တွင် ဗလီဝတ်ကျောင်းတော်များ ဆောက်လုပ် ခြင်းသည်ရှေးယခင် အွမ္မသ်သားတို့၏ လမ်းစဉ်များအနက်မှဖြစ်သည်။
3. ကဗရ်သင်္ချိုင်းများကို ခဝပ်ကိုးကွယ်ရာနေရာများအဖြစ်

သတ်မှတ်ပြီး ထိုနေရာများတွင် ဆွလာသ်ဆောက်တည်ခြင်း၊ ၎င်းသ်ချိုင်းများ ဘက် သို့လှည့်၍ ဆွလာသ်ဆောက်တည်ခြင်း၊ ၎င်းတို့အပေါ် ဗလီဝတ် ကျောင်းတော်များ၊ (ဂွန်မ်ဗဒ်)အမိုးခုံးများ တည်ဆောက်ခြင်းတို့ကို တားမြစ်ထားသည်။

ဤသို့တားမြစ်ထားခြင်းသည် ထိုကိစ္စရပ်များကို အကြောင်းခံပြီး (ရှိရ်က်) ဖက်စပ်ယှဉ်တွဲကိုးကွယ်မှုထဲသို့ ကျရောက် ခြင်းမှ ရှောင်ကြဉ်နိုင်ရန်အတွက်ဖြစ်သည်။

4. ဝလီသူတော်စင်များနှင့် ပတ်သက်၍ အလွန်အကျူး အစွန်းရောက်ခြင်းသည် 'ရှိရ်က်'ဖက်စပ်ယှဉ်တွဲကိုးကွယ်မှုသို့ ကျရောက်စေသော ကြောင့် သတိပေး တားမြစ်ထားသည်။
5. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ထိုလုပ်ရပ် များ၏ ဆိုးကျိုးများအကြောင်းကို မကွယ်လွန်မီ ငါးရက်အလိုတွင် မိန့်ကြားတော်မူခဲ့ကြောင်း အတည်ပြုတင်ပြထားသည်။

(3347)

(19) – **عن أبي الهيَّاج الأسدي قال: قَالَ لِي عَلِيُّ بْنُ أَبِي طَالِبٍ: أَلَا أَبْعَثُكَ عَلَى مَا بَعَثَنِي عَلَيْهِ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ؟ أَنْ لَا تَدَعَ تِمْثَالًا إِلَّا طَمَسْتَهُ، وَلَا قَبْرًا مُشْرِفًا إِلَّا سَوَّيْتَهُ.** [صحيح] – [رواه مسلم]

(19) – အဗူဟိုင်ယာဂ့် အလ်အစဒီက ဆင့်ပြန်ခဲ့သည်။ ကျွန်တော့်အား အလီ ဗင်န် အဗီသွာလိဗ် (ရသိွယလ္လာဟုအန်ဟု)က ပြောကြားခဲ့သည်။ အလ္လာဟ် အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ကျွန်ုပ်အား စေလွှတ်ခဲ့သည့်အတိုင်း ကျွန်ုပ်လည်း သင့်အားမစေလွှတ်ရ ဘူး လား။ ၎င်းမှာ မည်သည့်ရုပ်ပုံကိုမျှ မချန်ထားဘဲ ဖျက်ဆီးပစ်ရန်နှင့် မြင့်နေ သည့် ကဗရ်သင်္ချိုင်းတိုင်းအား (မြေပြင်နှင့်) တစ်ပြေးတည်းဖြစ်အောင် ပြု လုပ်ရန်ဖြစ်သည်။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏သာဝက များကို မည်သည့် ‘သင်မ်စာလ်’ သက်ရှိရုပ်တု၊ သက်မဲ့ရုပ်တုကိုမျှ မချန် ထားပဲ ဖယ်ရှားပစ်ရန် ၊

မြင့်နေသည့် ကဗရ်သင်္ချိုင်းတိုင်းအား မြေပြင်နှင့် တစ်ပြေးတည်း ဖြစ် အောင် ပြုလုပ်ရန်၊ ကဗရ်ပေါ်တွင်ရှိသော အဆောက်အအုံကို ဖြိုချပစ်ရန်၊ သို့မဟုတ် ကဗရ်၏အမြင့်ကို မြေပေါ်တွင် အလွန်မမြင့်မားစေဘဲ တစ်ထွာ ခန့်သာထားရှိရန်အတွက် စေလွှတ်တော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. သက်ရှိများကို ရုပ်ပုံ၊ ဓာတ်ပုံရိုက်ကူးခြင်း ဟရာမ်ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် ထိုသို့ပြုလုပ်ခြင်းသည် (ရှိရ်က်) ယှဉ်တွဲကိုးကွယ်မှုသို့ ကျရောက်ရန် အကြောင်းခံတစ်ခုပင်ဖြစ်သည်။
2. အခွင့်အာဏာရှိသူ သို့မဟုတ် တားမြစ်နိုင်စွမ်းရှိသူသည် မကောင်းမှု အား လက်ဖြင့်တားမြစ်ခွင့်ရှိသည်။
3. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ရုပ်ပုံများ၊ ရုပ်တုဆင်းတုများ၊ ကဗရ်သ်ချိုင်းများရှိ အဆောက်အဦးများ အပါ အဝင် အမိုက်ခေတ်ကို ညွှန်ပြနေသည့် လက္ခဏာများအားလုံးကို ဖယ် ရှားပစ်ရန် စိတ်အားထက်သန်ခဲ့သည်။

(5934)

(20) – عن عمران بن حصين رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «لَيْسَ مِنَّا مَنْ تَطَيَّرَ أَوْ تُطُيِّرَ لَهُ، أَوْ تَكَهَّنَ أَوْ تُكُهِّنَ لَهُ، أَوْ سَحَرَ أَوْ سُحِرَ لَهُ، وَمَنْ عَقَدَ عُقْدَةً، وَمَنْ أَتَى كَاهِنًا فَصَدَّقَهُ بِمَا يَقُولُ فَقَدْ كَفَرَ بِمَا أُنْزِلَ عَلَى مُحَمَّدٍ صَلَّى اللَّهُ عَلَيْهِ وَسَلَّمَ». [حسن] - [رواه البزار]

(20) – အင်မရာန် ဗင်န် ဟုဆွိုင်န် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့ သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူ သည်။ အတိတ်နိမိတ်ဆိုးကောက်သူ၊

အတိတ်နိမိတ်ဆိုးကောက်ပေးသူ၊ ဗေဒင်လက္ခဏာကြည့်သူ၊ ဗေဒင်လက္ခဏာကြည့်ပေးသူ၊ ဂျာဒူပယောဂ ပြုသူ၊ ဂျာဒူပယောဂပြုပေးသူ၊ အထုံးအဖွဲ့များ ထုံးဖွဲ့ပေးသူတို့သည် ငါ ကိုယ်တော်၏ နောက်လိုက်သားတို့အနက်မှ မဟုတ်ပေ။ အကွယ်ရှိ အကြောင်းအရာများကို ဟောကြားသူထံသွား၍ ၎င်း၏ ဟောကြားချက်ကို ထောက်ခံခဲ့လျှင် ထိုသူသည် တမန်တော် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်းဟိ ဝစလ္လမ်)အပေါ် ချပေးခဲ့သည့်အရာ (ကုရ်အာန်ကျမ်းမြတ်)ကို ငြင်းပယ် လိုက်ခြင်းပင်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဟစန်အဆင့်ရှိသည်။] - [အလ်ဗဇ်ဇာရ် ဆင့်ပြန်ခဲ့သည်။]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏အွမ္မဟ် သားတို့အနက်မှ အချို့လုပ်ရပ်များကို ပြုလုပ်သူတို့အား ငါကိုယ်တော်၏ နောက်လိုက်သားတို့အနက်မှ မဟုတ်" ဟူသော စကားဖြင့် သတိပေး ခြိမ်း ခြောက်ထားသည်။ ၎င်းတို့မှာ-

(၁) အတိတ်နိမိတ်ဆိုးကောက်သူ၊ အတိတ်နိမိတ်ဆိုးကောက်ပေးသူ ဖြစ်သည်။ ယင်း၏ပုံသဏ္ဌာန်မှာ ခရီးထွက်ရန်၊ အရောင်းအဝယ်ရေးပြုရန် နှင့် အခြားကိစ္စများကို ဆောင်ရွက်ရန်အတွက် လုပ်ငန်းမစတင်မီ ငှက်ကို လွှတ်လိုက်သည်။

အကယ်၍ ငှက်က ညာဘက်သို့ ပျံသွားပါက နိမိတ် ကောင်းသည်ဟု ယူဆကာ မိမိဆောင်ရွက်မည့် ကိစ္စကို ဆက်လက်လုပ် ဆောင်သည်။ အကယ်၍ ငှက်က ဘယ်ဘက်သို့ ပျံသွားပါက နိမိတ်ဆိုး သည်ဟု ယူဆကာ မိမိဆောင်ရွက်မည့်ကိစ္စကို မလုပ်ဘဲ နေလိုက်သည်။

ဤကဲ့သို့လုပ်ရပ်မျိုးအား မိမိကိုယ်တိုင် လုပ်သည်ဖြစ်စေ၊ အခြားသူအား လုပ်ခိုင်းသည်ဖြစ်စေ မပိုင်ပေ။ ဤသို့မပိုင်သည့် လုပ်ရပ်ထဲ၌ တစ်စုံ တစ်ရာကို ကြားခြင်း၊ မြင်ခြင်း၊ ငှက်များ၊ တိရစ္ဆာန်များ၊ ရောဂါသည်များ၊ ကိန်းဂဏန်းများ၊ နေ့ရက်များ စသည်တို့အပြင် အခြားအရာများဖြင့် နိမိတ် ဆိုးကောက်ခြင်းလည်း ပါဝင်သည်။

(၂) ဗေဒင်လက္ခဏာကြည့်သူ၊ ဗေဒင်လက္ခဏာကြည့်ပေးသူဖြစ်သည်။ အကြင်သူသည် ကြယ်တာရာများနှင့် အခြားအရာများကို အသုံးချ၍ အကွယ်ကို သိကြောင်းကြွေးကြော်သည် သို့မဟုတ် ဗေဒင်ဆရာနှင့် ၎င်းတို့ ကဲ့သို့ အကွယ်ကိုသိကြောင်း ကြွေးကြော် သူများထံသွားကာ ၎င်းတို့ဟော ကြားသည့် အကွယ်အကြောင်းအရာများကို ထောက်ခံလျှင် ထိုသူသည် တမန်တော် မုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အပေါ် ချပေးသည့် အရာ (ကုရ်အာန်ကျမ်းမြတ်)ကို ငြင်းပယ်လိုက်ခြင်းပင်ဖြစ်သည်။

(၃) ဂျာဒူပယောဂပြုသူ၊ ဂျာဒူပယောဂပြုပေးသူ ဖြစ်သည်။ ၎င်းသည် တစ်ဦးတစ်ယောက်အား အကျိုးဖြစ်စေရန် သို့မဟုတ်

ထိခိုက်နစ်နာစေရန် အတွက် ကိုယ်တိုင် ဂျာဒူပယောဂပြုသည် သို့မဟုတ် အခြားသူအား မိမိ ကိုယ်စား ဂျာဒူပယောဂပြုခိုင်းသည် သို့မဟုတ် ကြိုးဖြင့် အထုံးအဖွဲ့များ ထုံးဖွဲ့ကာ ၎င်းတို့အပေါ် ဟရာမ်တားမြစ်ထားသော သအ်ဝီဇာသ် (ခိုလုံမှုရ ယူသည့်ဂါထာ)များ ဖတ်ရွတ်ကာ မန်းမှုတ်၍ ဂျာဒူပြုသည်။ သို့ဖြစ်၍ ၎င်း တို့အားလုံးသည် ကိုယ်တော်မြတ်၏ နောက်လိုက်သားတို့အနက်မှ မဟုတ် ပေ။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အလ္လာဟ်အရှင်မြတ်အပေါ် သဝက္ကုလ် ယုံပုံအားကိုးရန်နှင့် အလ္လာဟ် အရှင်မြတ်၏ ဆုံးဖြတ်ချက် သတ်မှတ်ချက်အပေါ် အီမာန် သက်ဝင် ယုံ ကြည်ရန်အရေးကြီးသည်။ ထို့ပြင် ငှက်ဖြင့်အတိတ်ကောက်ခြင်း၊ နိမိတ်ဆိုးကောက်ခြင်း၊ ဂျာဒူ ပယောပပြုခြင်း၊ ဗေဒင်လက္ခဏာ ကြည့် ပေးခြင်း၊ ဗေဒင်မေးခြင်းတို့သည် ဟရာမ်ဖြစ်သည်။
2. အကွယ်ကိုသိကြောင်း ကြွေးကြော်ခြင်းသည် သောင်ဝ်ဟီးဒ်နှင့် ဆန့် ကျင်သည့် ‘ရှိရ်က်’ အလ္လာဟ်အရှင်မြတ်နှင့်တုဖက်နိူင်းယှဉ်မှု ဖြစ် သည်။
3. ဗေဒင်ဆရာများကို ထောက်ခံခြင်း၊ ဗေဒင်ဆရာဆီ သွားခြင်းသည် ဟရာမ်ဖြစ်သည်။ ထိုနည်းတူစွာလက်ဝါးပြင်ကိုကြည့်၍ ဗေဒင်တွက် ခြင်း၊ ဖန်ခွက်ဖြင့် ဗေဒင်တွက်ခြင်း၊

ရာသီခွင်ကိုကြည့်ကာ ဟောခြင်း စသည်တို့သည်လည်း ဟာရာမ်ဖြစ်သည်။ ထိုလုပ်ရပ်များကို မယုံကြည် သော်လည်း လေ့လာရန်သဘောမျိုးဖြင့် သွားခြင်းသည်လည်း ဟာရာမ် ဖြစ်သည်။

(5981)

(21) – عَنْ زَيْدِ بْنِ خَالِدٍ الْجُهَنِيِّ رضي الله عنه أَنَّهُ قَالَ: صَلَّى لَنَا رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ صَلَاةَ الصُّبْحِ بِالْحُدَيْبِيَةِ عَلَى إِثْرِ سَمَاءٍ كَانَتْ مِنَ اللَّيْلَةِ، فَلَمَّا انْصَرَفَ أَقْبَلَ عَلَى النَّاسِ، فَقَالَ: «هَلْ تَدْرُونَ مَاذَا قَالَ رَبُّكُمْ؟» قَالُوا: اللهُ وَرَسُولُهُ أَعْلَمُ، قَالَ: «أَصْبَحَ مِنْ عِبَادِي مُؤْمِنٌ بِي وَكَافِرٌ، فَأَمَّا مَنْ قَالَ: مُطِرْنَا بِفَضْلِ اللهِ وَرَحْمَتِهِ، فَذَلِكَ مُؤْمِنٌ بِي وَكَافِرٌ بِالْكَوْكَبِ، وَأَمَّا مَنْ قَالَ: بِنَوْءِ كَذَا وَكَذَا، فَذَلِكَ كَافِرٌ بِي وَمُؤْمِنٌ بِالْكَوْكَبِ».

[صحيح] - [متفق عليه]

(21) – ဇိုက်ဒ်ဗင်န် ခါလစ်ဒ် အလ်ဂျုဟာနီး (ရသိွယလ္လာဟုအန်ဟု) ကဆင့် ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)သည် ဟုဒိုင်ဗီယဟ်တွင် ညဘက်မိုးရွာသွန်းပြီးနောက် ကျွန်တော်တို့အား ဦးဆောင်ကာ ဖဂျရ်ဆွလာသ်ကို ဆောက်တည်ပေးတော် မူသည်။ ကိုယ်တော်သည် ဆွလာသ်ပြီးနောက် လူတို့ဘက်သို့လှည့်တော်မူ ပြီး အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က မည်သို့ အမိန့်ရှိသည်ကို သင်တို့သိကြပါသလားဟု မေးမြန်းတော်မူသည်။ သာဝက ကြီးများက

အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်သည်သာလျှင် အသိဆုံးဖြစ်တော်မူပါသည်ဟု ဖြေကြားခဲ့ကြသည်။ ကိုယ်တော်ကမိန့်ကြား သည်မှာ- (အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်) ငါအရှင်မြတ်၏ ကျေး ကျွန်များအနက်အချို့သည် ငါအရှင်မြတ်အား သက်ဝင်ယုံကြည်သူ 'မုအ်မင်န်'အဖြစ် နံနက်ချိန်သို့ ဝင်ရောက်ကြပြီး အချို့သည်ငြင်းပယ်သူ 'ကာဖိရ်'အဖြစ် နံနက်ချိန်သို့ဝင်ရောက်ကြသည်။  အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် အရှင်မြတ်၏ ကရုဏာတော်ကြောင့် ကျွန်ုပ်တို့အပေါ် မိုးရွာသွန်းသည်ဟု ပြောဆိုသူသည် ငါအရှင်မြတ်ကို ယုံကြည်သူဖြစ်ပြီး၊ နက္ခတ်တာရာများကို ငြင်းပယ်သူဖြစ်သည်။ ဤနက္ခတ်၊ ထိုနက္ခတ်ကြောင့် (မိုးရွာသွန်းသည်)ဟု ပြောဆိုသူသည်ငါအရှင်မြတ်ကို ငြင်းပယ်သူဖြစ်ပြီး၊ နက္ခတ်တာရာများကို ယုံကြည်သူဖြစ်သည်။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့် ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)သည် မက္ကဟ်မြို့ အနီးနားရှိ ရွာတစ်ရွာဖြစ်သော ဟုဒိုင်ဗီယဟ်တွင်ရှိနေစဉ် ညဘက်မိုးရွာ သွန်းပြီးနောက် နံနက်တွင်ဖဂျ်ရ်ဆွလာသ်ကို ဆောက်တည်တော်မူခဲ့သည်။ ကိုယ်တော်သည် စလာမ်လှည့်ကာ

ဆွလာသ်ကိုအဆုံးသတ်ပြီးနောက် လူတို့ဘက်သို့လှည့်တော်မူပြီး
အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင် မြတ်က
မည်သို့အမိန့်ရှိသည်ကို သင်တို့သိကြပါသလားဟု မေးမြန်းတော်မူ
သည်။ သာဝကကြီးများက အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်
သည်သာလျှင် အသိဆုံး ဖြစ်တော်မူပါသည်ဟု ဖြေကြားခဲ့ကြသည်။ ထို
အခါ ကိုယ်တော်ကမိန့်ကြားသည်မှာ မိုးရွာသွန်းသည့်အခါ လူတို့တွင်
အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်သူ 'မုအ်မင်န်'နှင့်
အလ္လာဟ်အရှင် မြတ်ကိုငြင်းပယ်သူ 'ကာဖိရ်'ဟူ၍
နှစ်မျိုးကွဲသွားကြောင်း အလ္လာဟ်အရှင် မြတ်က မိန့်ကြားတော်မူခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် အရှင်မြတ်၏
ကရုဏာတော်ကြောင့် ကျွန်ုပ်တို့အပေါ် မိုးရွာသွန်းသည်ဟု ပြောဆိုသူ၊
အလ္လာဟ်အရှင်မြတ်ကသာ မိုးရွာသွန်းစေသည်ဟု ပြောဆိုသူ သည်
စကြဝဠာခပ်သိမ်းကို စီမံအုပ်ချုပ်တော်မူသော ဖန်ဆင်းရှင် အလ္လာဟ်
အရှင်မြတ်ကို ယုံကြည်သူဖြစ်ပြီး၊ နက္ခတ်တာရာများကို ငြင်းပယ်သူဖြစ်
သည်။ ဤနက္ခတ်၊ ထိုနက္ခတ်ကြောင့် ကျွန်ုပ်တို့အပေါ်
မိုးရွာသွန်းသည်ဟု ပြောဆိုသူသည်ငါအရှင်မြတ်ကို ငြင်းပယ်သူဖြစ်ပြီး၊
နက္ခတ်တာရာများကို ယုံကြည်သူဖြစ်သည်။ မိုးရွာသွန်းခြင်းအား
နက္ခတ်တာရာများနှင့် ပတ်သက် ဆက်နွယ်ပြောဆိုခြင်းသည်'ကုဖ်ရ်
အဆ္ဂဂရ်'ဖြစ်ပြီး အစ္စလာမ့်ဘောင် အပြင်သို့ မရောက်စေသော်လည်း

ကြီးမားသည့် အပြစ်အကုသိုလ် ဖြစ် သည်။ အလ္လာဟ်အရှင်မြတ်သည် ထိုနက္ခတ်တာရာများကို ရှရီအသ် တရား တော်အရဖြစ်စေ၊ သတ်မှတ်ချက်အရဖြစ်စေ အကြောင်းခံအဖြစ် မသတ် မှတ်ထားပါ။ မိုးရွာသွန်းခြင်းအပြင် ကမ္ဘာပေါ်တွင် ဖြစ်ပျက်နေသော အကြောင်းကိစ္စများသည် နက္ခတ်တာရာများပေါ်ထွက်ခြင်း၊ ပျောက်ကွယ်ခြင်းတို့ကြောင့်ဖြစ်ပြီး ၎င်းတို့က ထိုကိစ္စများကို အမှန်တကယ်ဖြစ်ပေါ်စေ သည်ဟု ယုံကြည်ချက်ထားသူသည် 'ကုဖ်ရ် အက္ကဗရ်' အစ္စလာမ့်ဘောင် အပြင်သို့ရောက်စေသည့် ကုဖ်ရ် ထိုက်မည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. မိုးရွာသည့်အခါ (မုသ္ဝိရ်နာ ဗိဖဿ္ဝ်လိလ်လာဟိ ဝရဟ်မသိဟီ) အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် အရှင်မြတ်၏ ကရုဏာတော် ကြောင့် ကျွန်ုပ်တို့အပေါ် မိုးရွာသွန်းခဲ့သည်ဟု ဆိုခြင်း 'မွတ်စ်သဟဗ်' ဖြစ်သည်။
2. မိုးရွာသွန်းခြင်းနှင့် အခြားနိအ်မသ်ကျေးဇူးတော်များကို နက္ခတ်တာရာ များက ဖန်ဆင်းလိုက်ခြင်း၊ ဖြစ်ပေါ်စေခြင်း ဖြစ်သည်ဟု ယုံကြည်လျှင် 'ကုဖ်ရ် အက္ကဗရ်' အစ္စလာမ့်ဘောင်အပြင်သို့ရောက်စေသည့် ကုဖ်ရ် ထိုက်မည်ဖြစ်သည်။ထို့ပြင် နက္ခတ်တာရာများသည် ထိုနိအ်မသ်

ကျေး ဇူးတော်များ၏ အကြောင်းခံဖြစ်သည်ဟု ယုံကြည်ချက်ထားလျှင် 'ကုဖ်ရ် အဆ္ဂရ်' ထိုက်ပြီး အစ္စလာမ့်ဘောင်အပြင်သို့ မရောက်စေ သော်လည်း ကြီးမားသည့် အပြစ်အကုသိုလ် ဖြစ်သည်။ ၎င်းတို့သည် ရှရီအသ် တရားတော်အရဖြစ်စေ၊ လက်တွေ့အရဖြစ်စေ မည်သည့် အကြောင်းခံမျှမဟုတ်ပေ။

3. နိအ်မသ်ကျေးဇူးတော်များကို ကျေးဇူးတင်ခြင်းသည် အီမာန်ယုံကြည် မှု၏ အကြောင်းခံဖြစ်ပြီး၊ ငြင်းပယ်ခြင်းသည် 'ကုဖ်ရ်' သွေဖည် ငြင်း ပယ်မှု၏ အကြောင်းခံဖြစ်သည်။
4. ဤနက္ခတ်၊ ထိုနက္ခတ်ကြောင့် ကျွန်ုပ်တို့အပေါ် မိုးရွာသွန်းသည်ဟု ပြောဆိုခြင်းကို တားမြစ်ထားသည်။ အကယ်၍ ထိုစကားမျိုးကို နက္ခတ်တာရာများ ထွက်ပေါ်ချိန်တွင် မိုးရွာသွန်းသည်ဟူသော ရည်ရွယ် ချက်မျိုးဖြင့် ပြောဆိုလျှင်လည်း 'ရှိရ်က်'သို့ ကျရောက်စေမည့် အကြောင်းခံများကို တားမြစ်သည့်အနေဖြင့် မပြောဆိုရန် တားမြစ် ထားသည်။
5. နိအ်မသ် ကျေးဇူးတော်များကို ရယူရာတွင်ဖြစ်စေ၊ မနှစ်သက်ဖွယ်ရာ များကို ဖယ်ရှားရာတွင်ဖြစ်စေ စိတ်နှလုံးသားသည် အလ္လာဟ်အရှင် မြတ်နှင့်သာ ချိတ်ဆက်ထားရန် အရေးကြီးသည်။

(65010)

(22) – عن عبد الله بن مسعود رضي الله عنه قال: سمعتُ رسولَ الله صلى الله عليه وسلم يقول: «إنَّ الرُّقَى والتمائِمَ والتِّوَلَةَ شِرْكٌ». [صحيح] - [رواه أبو داود وابن ماجه وأحمد]

(22) – အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ်(ရသို့ယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့ သည်။ ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လ လ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားခဲ့သည်။ ဧကန် အမှန်ပင် ဂါထာမန္တန်မန်းမှုတ်ခြင်း၊ အင်းအိုင်အဆောင် လက်ဖွဲ့ချိတ်ဆွဲခြင်း၊ တစ်ဦးကတစ်ဦးကို ချစ်ခင်လာစေရန်အတွက် ဂျာဒူဖြင့်ပြုလုပ်ခြင်း စသည့် ကိစ္စရပ် အားလုံးသည် ရှိရ်က်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] –[အဗူဒါဝူးဒ်ကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း၊ အဟ်မဒ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ရှိရ်က် ဖြစ်စေ သော လုပ်ရပ်များကို ရှင်းပြတော်မူခဲ့သည်။ ၎င်းတို့မှာ-

(၁) "ရုကာ" ရောဂါပျောက်ကင်းရန်အတွက် ဂျာဟိလီယသ် အမိုက် ခေတ်က လူတို့ရွတ်ဖတ်သည့် 'ရှိရ်က်'စကားလုံးများပါဝင်သော မန်းမှုတ် သည့် စာသားများကို ခေါ်ဆိုသည်။

(၂) "သမာအင်မ်"  (နဇရ်) မျက်စိထိခြင်းမှကာကွယ်ရန်အတွက် ကလေး ငယ်များ၊ တိရစ္ဆာန်များနှင့် အခြားအရာများတွင်

ချိတ်ဆွဲပေးသော ပုတီးစေ့ ကဲ့သို့သော အဆောင်လက်ဖွဲ့များဖြစ်သည်။

(၃) "သိဝလဟ်" ဇနီးမောင်နှံကြား ချစ်ခင်မှုရရန် ဂျာဒူဖြင့် ပီယဆေး ပြုကျင့်သောကိစ္စကိုခေါ်သည်။

ဤလုပ်ရပ်များသည် 'ရှိရ်က်' ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်း တို့သည် အထောက်အထားများဖြင့် အတည်ပြုထားသော ရှရီအဟ် တရား တော်က ခွင့်ပြုထားသည့် အကြောင်းခံများ မဟုတ်သည့်အပြင် လက်တွေ့ ကျကျ အတည်ပြုနိုင်သော အာရုံခံစားသိနိုင်သည့် အကြောင်းခံလည်း မဟုတ်ပေ။ ကုရ်အာန်ကျမ်းမြတ် ဖတ်ရွတ်ခြင်းကဲ့သို့ တရားတော်လာ အကြောင်းခံများ သို့မဟုတ် လက်တွေ့ကျကျ သက်သေပြထားသော ဆေးဝါးများကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ အကြောင်းခံများသည် ပြုပိုင်သည်။ သို့သော် ၎င်းတို့သည် အကြောင်းခံများသာဖြစ်ပြီး ဧကန်မုချ ကောင်းကျိုး နှင့် ဆိုးကျိုးသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်၌သာ ရှိသည်ဟုသာ ယုံကြည်ချက်ထားရမည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. သောင်ဝ်ဟီးဒ် နှင့်အကီဒဟ် ယုံကြည်ချက်ကို ထိန်းသိမ်းပြီး ၎င်းတို့အား ပျက်ပြားစေမည့် ကိစ္စတိုင်းမှရှောင်ကြဉ်ရမည်။
2. ရှိရ်က်ပါသည့် "ရုကာ" "သမာအင်မ်" "သိဝလဟ်" တို့ကိုသုံးစွဲခြင်း ဟရာမ် မပြုပိုင်ပေ။

3. လူတစ်ဦးက အထက်ပါ အရာသုံးခုကို အကြောင်းခံများဖြစ်ကြောင်း ယုံကြည်ပါက အကြောင်းခံမဟုတ်သည့်အရာကို အကြောင်းခံအဖြစ် သတ်မှတ်သည့်အတွက် ရှိရ်က် အသေးစားဖြစ်မည်။ အကယ်၍၎င်းက ထိုအရာများသည် ၎င်းတို့ပင်ကိုကပင် ကောင်းကျိုး၊ ဆိုးကျိုးပေးနိုင် သည်ဟု ယုံကြည်ချက်ထားပါက ရှိရ်က်အကြီးစားပင်ဖြစ်သည်။
4. ရှိရ်က်ဖြစ်စေသောအကြောင်းခံများ၊ ဟရာမ်မပြုပိုင်သော အကြောင်း ခံများကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန် တိုက်တွန်းထားသည်။
5. ရှရီအဟ် တရားတော်က ခွင့်ပြုထားသည့် နည်းလမ်းမှအပ အခြား နည်းလမ်းများဖြင့် မန်းမှုတ်ခြင်းသည် ရှိရ်က်ဖြစ်သောကြောင့် တား မြစ်ထားသည်။
6. စိတ်နှလုံးသားသည် အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းဖြင့်သာ ချိတ် ဆက်ထားရမည်။ ကောင်းကျိုး၊ ဆိုးကျိုးသည် ဖက်စပ်ယှဉ်တွဲ ကိုး ကွယ်မှု အပေါင်းမှ ကင်းစင်းတော်မူသော အလ္လာဟ်အရှင်မြတ် တစ်ပါး တည်းထံတော်မှဖြစ်သည်။ အလ္လာဟ်အရှင်မြတ်မှအပ မည်သူမျှ ကောင်းကျိုးပေးနိုင်သလို အလ္လာဟ်အရှင်မြတ်မှလွဲ၍ မည်သူမျှ ဆိုးကျိုးများကို မဖယ်ရှားပေးနိုင်ပေ။

7. မန်းမှုတ်ခြင်းသည် အောက်ပါအချက် သုံးချက်ပါရှိပါက ပြုပိုင်သည်။ ၎င်းတို့မှာ - (၁) မန်းမှုတ်ခြင်းသည် အကြောင်းခံသာဖြစ်ပြီး အလ္လာဟ် အရှင်မြတ်အလိုတော်ဖြင့်သာ အကျိုးပေးနိုင်သည်ဟု ယုံကြည်ရမည်။ (၂) ကုရ်အာန်ကျမ်းမြတ်၊ အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်၊ နာမ တော်များ၊ ဟဒီးဆ်တော်လာ ဒုအာများ၊ ရှရီအသ်တရားတော်က ခွင့်ပြု ထားသော ဒုအာများဖြင့်သာ မန်းမှုတ်ရမည်။ (၃) အဓိပ္ပာယ် သိနားလည်နိုင်သော စာသားများဖြစ်ရမည်။ အင်းကွက်ဆွဲခြင်း၊ မှော်အတတ်ပညာစာသားများ မပါရှိရပါ။

(5273)

(23) – عن بعض أزواج النبي صلى الله عليه وسلم عن النبي صلى الله عليه وسلم قال:

«مَنْ أَتَى عَرَّافًا فَسَأَلَهُ عَنْ شَيْءٍ لَمْ تُقْبَلْ لَهُ صَلَاةٌ أَرْبَعِينَ لَيْلَةً». [صحيح] - [رواه مسلم]

(23) – တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကြင်ရာတော် အချို့က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိ ဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို အကွယ်ရှိအကြောင်းအရာ များကို ဟောကြားသူထံသွား၍ တစ်စုံတစ်ရာ မေးမြန်းပါက ရက်ပေါင်း လေးဆယ်တိုင် ထိုသူ၏ ဆွလာသ် လက်ခံခြင်းခံရမည် မဟုတ်ပေ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အရ်ရာဖ်ဟု ခေါ်သည့် အကွယ်ရှိအကြောင်းအရာများကို ဟောကြားသူထံ သွားရောက် ခြင်းကို တားမြစ်တော်မူခဲ့သည်။ အရ်ရာဖ်ဟူသည့် စကားလုံးတွင် အကွယ် ဆိုင်ရာအသိပညာအတွက် ကြိုတင်ခန့်မှန်းချက် နိမိတ်လက္ခာများကို အသုံး ပြုကာ ဟောကြားသည့် အကြားအမြင်ဆရာ၊ ဗေဒင်လက္ခဏာဆရာ၊ နက္ခတ်ဗေဒဆရာ၊ သဲပေါ်တွင် အရုပ်ရေးခြစ်ဟောသည့်ဆရာများ အားလုံး ပါဝင်သည်။ ၎င်းတို့အား အကွယ်ဆိုင်ရာ ကိစ္စတစ်စုံတစ်ရာကို မေးမြန်း ရုံဖြင့် အလ္လာဟ်အရှင်မြတ်သည် မေးမြန်းသူအား ၎င်းသူရက်ပေါင်း လေးဆယ် ဝတ်ပြုခဲ့သောဆွလာသ်၏ အကျိုးကုသိုလ်မှ လက်မဲ့ဖြစ်စေ တော်မူမည်ဖြစ်သည်။ ဤသည် သူကျူးလွန်ခဲ့သည့် ကြီးလေးသော အပြစ် အကုသိုလ်အတွက် ပြစ်ဒဏ်ပင်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဗေဒင်ဟောခြင်း၊ ဗေဒင်လက္ခဏာဆရာများထံ သွားခြင်း၊ ၎င်းတို့အား အကွယ်အကြောင်းအရာများကို မေးခြင်း ဟရာမ်ဖြစ်သည်။
2. လူသားသည် မိမိကျူးလွန်လိုက်သည့် အကုသိုလ်ကြောင့် တစ်ခါတစ်ရံ ကောင်းမှုများ၏ အကျိုးကုသိုလ်မှ

လက်မဲ့ဖြစ်သွားသည်။

3. ရာသီခွင်ကို ကြည့်ကာ ဗေဒင်တွက်ခြင်း ဟောခြင်း၊ လက်ဝါးပြင်ကို ကြည့်၍ ဟောခြင်း၊ ဖန်ခွက်ဖြင့် ဟောခြင်း စသည့်ကိစ္စရပ်များကို ယုံကြည်မှုမရှိဘဲ လေ့လာရန်သဘောမျိုးဖြင့် သွားရောက်မေးမြန်းခြင်း သည်လည်း ဤဟဒီးဆ်တော်၏ အမိန့်တွင် အကျုံးဝင်သည်။ အဘယ် ကြောင့်ဆိုသော် ဖော်ပြပါ ကိစ္စများအားလုံးသည် ဗေဒင်လက္ခဏာ ပညာဖြစ်ပြီး အကွယ်ကိုသိကြောင်း ကြွေးကြော်ခြင်း၌ပါဝင်သည်။
4. ဗေဒင်၊ နက္ခတ်၊ အကြားအမြင်ဆရာများထံ သွားသူ၏အပြစ်သည် ဤသို့ဖြစ်လျှင် မိမိကိုယ်တိုင် ဟောကြားသူသည် မည်မျှအပြစ်ကြီး မည်နည်း။
5. ရက်ပေါင်း လေးဆယ်တိုင် ထိုသူ၏ ဆွလာသ် လက်ခံခြင်းမခံရသည့် အလိုသဘောမှာ ဆွလာသ်အထမြောက်သွားပြီး ကဿာဖြည့်ရန် မလို သော်လည်း ဆွလာသ်အတွက်မည်သည့် အကျိုးကုသိုလ်မျှ ရရှိမည် မဟုတ်ပေ။

(5986)

(24) – عن ابْنِ عُمَرَ رضي الله عنهما أنه سَمِعَ رَجُلًا يَقُولُ: لَا وَالْكَعْبَةِ، فَقَالَ ابْنُ عُمَرَ: لَا يُحْلَفُ بِغَيْرِ اللَّهِ، فَإِنِّي سَمِعْتُ رَسُولَ اللَّهِ صَلَّى اللَّهُ عَلَيْهِ وَسَلَّمَ يَقُولُ: «مَنْ حَلَفَ بِغَيْرِ اللهِ فَقَدْ كَفَرَ أَوْ أَشْرَكَ». [صحيح] - [رواه أبو داود والترمذي وأحمد]

(24) – အဗ်ဒုလ္လာဟ်ဗင်န်အုမရ်(ရဿိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ သူသည် ပုဂ္ဂိုလ်တစ်ဦးက ကအ်ဗဟ်ကျောင်းတော်၏ကစမ်၊ “မဟုတ် ပါ”ဟု ပြောလိုက်သည်ကို ကြားခဲ့သည်။ ထိုအခါ အိဗ်နုအုမရ်က ပြောကြား သည်မှာ အလ္လာဟ်အရှင်မြတ်မှအပ အခြားအရာဖြင့် ကျိန်ဆိုခြင်းမပြုရ။ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိခဲ့သည်။ အကြင်သူ သည် အလ္လာဟ်အရှင်မြတ်မှအပ အခြားတစ်စုံတစ်ရာဖြင့် ကစမ်ကျိန်ဆိုခဲ့ လျှင် ထိုသူသည် (ကုဖ်ရ်) သွေဖည်ငြင်းပယ်မှု သို့မဟုတ် (ရှိရ်က်) ဖက်စပ် ယှဉ်တွဲမှု ပြုခြင်းဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] – [အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း၊ အဟ်မဒ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်။ မည်သူမဆိုအလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ နာမတော်များ၊ ဂုဏ်တော်များမှအပ အခြားတစ်စုံတစ်ရာဖြင့် ကျိန်ဆိုပါက ထိုသူသည် အလ္လာဟ်အရှင်မြတ်ကို ‘ကုဖ်ရ်’သွေဖည်ငြင်းပယ်သူ သို့မဟုတ် ‘ရှိရ်က်’ ဖက်စပ်ယှဉ်တွဲကိုးကွယ်သူပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျိန်ဆို ခြင်းဟူသည် တိုင်တည်ကျိန်ဆိုလိုက်သည့်အရာအား

ကြီးကျယ်မြင့်မြတ် ကြောင်း သတ်မှတ်လိုက်ခြင်းပင်ဖြစ်သည်။ ကြီးကျယ်မြင့်မြတ်မှုသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း အတွက်သာဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ နာမတော်များ၊ ဂုဏ်တော်များအပြင် အခြားမည်သည့်အရာဖြင့်မျှ ကျိန်ဆိုခွင့်မရှိပေ။ ထိုသို့ကျိန်ဆိုခြင်းသည် 'ရှိရ်က် အဆ်ဂရ်' အစ္စလာမ့်ဘောင်အပြင်သို့ မရောက်စေသော ရှိရ်က် အသေးစား ကျူးလွန်လိုက်ခြင်းဖြစ်သည်။ သို့သော် ကျိန်ဆိုသူသည် မိမိ ကျိန်ဆိုရန် တိုင်တည်လိုက်သည့်အရာအား အလ္လာဟ်အရှင်မြတ်ကို ဂုဏ်ပေးသကဲ့သို့ ဂုဏ်ပေးလေးစားခြင်း သို့မဟုတ် ထို့ထက်ပို၍ ဂုဏ်ပေးလေးစားခြင်းမျိုးဖြစ်ပါက 'ရှိရ်က်အက်ဗရ်' အစ္စလာမ့်ဘောင်အပြင်သို့ ရောက်စေသော ရှိရ်က်အကြီးစား ကျူးလွန်လိုက်ခြင်းပင်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကျိန်ဆိုမှုဖြင့် ကြီးကျယ်မြင့်မြတ်ကြောင်း ဖော်ထုတ်ခြင်းသည် ချို့တဲ့မှု အပေါင်းမှ ကင်းစင်တော်မူသော အလ္လာဟ်အရှင်မြတ်နှင့်သာ သက် ဆိုင်သည့် အခွင့်အရေးဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ နာမတော်များ၊ ဂုဏ်တော်များဖြင့်သာ ကျိန်ဆိုရမည်။
2. ဆွဟာဗဟ် သာဝကများသည် ကောင်းရာညွှန်ကြားခြင်းနှင့်

မကောင်းမှု တားမြစ်ခြင်းပြုရန် အလွန်ပင်
စိတ်အားထက်သန်ကြသည်။ အထူး သဖြင့် ကုဖ်ရ်၊ ရှိရ်က်နှင့်
သက်ဆိုင်သည့် မကောင်းမှုများကို တားမြစ် ရန်
ပို၍ပင်စိတ်အားထက်သန်ကြသည်။

(3359)

(25) – عن أبي مَرْثَدٍ الغَنَوِيّ رضي الله عنه قال: قال رسول الله صلى الله عليه وسلم:
«لَا تَجْلِسُوا عَلَى الْقُبُورِ، وَلَا تُصَلُّوا إِلَيْهَا». [صحيح] - [رواه مسلم]

(25) – အဗူမရ်ဆဒ် အလ်ဂနဝီ (ရသိဝိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့သည် ကဗရ်သင်္ချိုင်းများပေါ်တွင် မထိုင်ကြ နှင့် ၎င်းတို့ဘက်သို့လှည့်၍ ဆွလာသ် မဆောက်တည်ကြနှင့်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ကဗရ်သင်္ချိုင်း များပေါ်ထိုင်ခြင်းကို တားမြစ်တော်မူခဲ့သည်။

ထို့အတူ ကဗရ်သင်္ချိုင်းဘက်သို့ လှည့်၍ ဆွလာသ် ဆောက်တည်ခြင်း ကိုလည်း တားမြစ်တော်မူသည်။

ထိုသို့ဆောက်တည်ခြင်းဖြင့် ကဗရ်သည် ဆွလာသ်ဆောက်တည်သူ၏ ရှေ့တွင်ရှိနေသောကြောင့် ဤသည် (ရှိရ်က်) ဖက်စပ်ယှဉ်တွဲကိုးကွယ်မှုသို့ ကျရောက်စေမည့် အကြောင်းခံတစ်ခုပင် ဖြစ် သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. စွန္နသ်တော်တွင် အတည်ပြုထားသော ဂျနာဇဟ်ဆွလာသ်မှအပ သင်္ချိုင်းများ၌လည်းကောင်း၊ သင်္ချိုင်းများကြား၌ လည်းကောင်း၊ သင်္ချိုင်းများဘက်သို့ လှည့်၍လည်းကောင်း ဆွလာသ်ဆောက်တည် ခြင်းကို တားမြစ်ထားသည်။
2. ‘ရှိရ်က်’ ဖက်စပ်ယှဉ်တွဲကိုးကွယ်မှုသို့ ရောက်ရှိစေမည့် အကြောင်းခံ များအားလုံးကို ပိတ်ပင်သည့်အနေဖြင့် ကဗရ်သင်္ချိုင်းဘက်သို့ လှည့်၍ ဆွလာသ် ဆောက်တည်ခြင်းကို တားမြစ်ထားသည်။
3. အစ္စလာမ်သာသနာတော်သည် ကဗရ်များကို အတိုင်းထက်အလွန် ဂုဏ်ပေးခြင်းနှင့် သေးသိမ်အောင်ပြုခြင်း နှစ်မျိုးစလုံးကို တားမြစ်ထား သည်။ အတိုင်းထက်အလွန်ဖြစ်ခြင်းနှင့် လျစ်လျူပြု အလေးမထား ခြင်းတို့ မရှိစေရ။
4. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားချက် ဖြစ် သည့် “သေသူ၏အရိုးကို ချိုးခြင်းသည် အသက်ရှင်နေစဉ်

အရိုးကို ချိုးသကဲ့သို့ပင်ဖြစ်သည်။” ဟူသည့် သြဝါဒတော်ကြောင့် မွတ်စ်လင်မ် တစ်ဦး၏ ဂုဏ်သိက္ခာသည် ၎င်းသူ ကွယ်လွန်ပြီးနောက်တွင်လည်း ကျန်ရှိနေသည်။

(10647)

(26) – عَن أَبِي هُرَيْرَةَ رَضِيَ اللَّهُ عَنْهُ: قَالَ رَسُولُ اللَّهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ: «يَأْتِي الشَّيْطَانُ أَحَدَكُمْ فَيَقُولُ: مَنْ خَلَقَ كَذَا؟ مَنْ خَلَقَ كَذَا؟ حَتَّى يَقُولَ: مَنْ خَلَقَ رَبَّكَ؟ فَإِذَا بَلَغَهُ فَلْيَسْتَعِذْ بِاللهِ وَلْيَنْتَهِ». [صحيح] - [متفق عليه]

(26) – အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့အနက် တစ်ဦးတစ်ယောက်ထံသို့ ရှိုင်သွာန် က လာရောက်၍ ဤအရာကို မည်သူဖန်ဆင်းခဲ့ပါသနည်း၊ ဤအရာကို မည်သူဖန်ဆင်းခဲ့ပါသနည်းဟု မေးမြန်းရင်း နောက်ဆုံး သင်၏အရှင်သခင် ကို မည်သူဖန်ဆင်းခဲ့ပါသနည်းဟု မေးမြန်းလိမ့်မည်။ အကယ်၍ ထိုအဆင့် ထိ ရောက်လာခဲ့လျှင် أَعُوذُ بِاللَّهِ (အလ္လာဟ်အရှင်မြတ်၏ ထံတော်တွင်ခိုလှုံပါ၏ဟု) ရွတ်ဆိုကာ ထိုမကောင်းသည့်အတွေးကို စွန့်လိုက်ပါ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား ရှိုင်သွာန်မိစ္ဆာ ဘက်မှ ထည့်သွင်းပေးသော မကောင်းသည့် သံသယမေးခွန်းများကို ထိရောက်စွာ ကုသနိုင်မည့် နည်းလမ်းကို ညွှန်ပြတော်မူခဲ့သည်။ ရှိုင်သွာန်မိစ္ဆာက ဤ အရာကို မည်သူဖန်ဆင်းခဲ့ပါသနည်း၊ ဤအရာကို မည်သူဖန်ဆင်းခဲ့ပါ သနည်း၊ မိုးကောင်းကင်ကို မည်သူဖန်ဆင်းခဲ့သနည်း၊ မြေပထဝီကို မည်သူ ဖန်ဆင်းခဲ့သနည်းဟူ၍ မေးမြန်းလိမ့်မည်ဖြစ်သည်။ ထိုအခါ မုအ်မင်န်က ဘာသာတရား၊ ပင်ကိုအသိ၊ အသိဉာဏ်ပညာတို့ဖြင့် အလ္လာဟ်အရှင်မြတ် ပင် ဖြစ်သည်ဟု ဖြေကြားလိမ့်မည်။ သို့သော် ရှိုင်သွာန်မိစ္ဆာသည် မကောင်း သည့် သံသယမေးခွန်းများကို ဤအတိုင်းအတာလောက်ဖြင့် မရပ်တန့်သွား ဘဲ နောက်ဆုံး သင်၏အရှင်သခင်ကို မည်သူဖန်ဆင်းခဲ့ပါသနည်းဟု ဆက် လက်မေးမြန်းမည်ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် မုအ်မင်န်တစ်ဦး အနေ ဖြင့် ဤသို့သော မကောင်းသည့် သံသယမေးခွန်းများကို အချက်(၃) ချက် အားဖြင့် ဖယ်ရှားပစ်ရမည်။

၎င်းတို့မှာ (၁) အလ္လာဟ်အရှင်မြတ်အပေါ် အီမာန်သက်ဝင် ယုံကြည် ခြင်း၊

(၂) ရှိုင်သွာန်မိစ္ဆာ၏ နှောက်ယှက်မှုမှ ကင်းဝေးရန် အလ္လာဟ် အရှင်

မြတ်ထံတော်တွင် ခိုလှုံမှုရယူခြင်း၊

(၃) ဆက်တိုက်ဖြစ်ပေါ်လာသော မကောင်းသည့် သံသယမေးခွန်းများ ရပ်တန့်ပစ်ခြင်း စသည်တို့ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ရှိုင်သွာန်၏ အန္တရာယ်နှင့် ၎င်းဘက်မှ ဖြစ်ပေါ်လာသော မကောင်းသည့် အတွေးများကို ဆက်လက်တွေးတော စဉ်းစားခြင်းမပြုဘဲ ကျောခိုင်း လိုက်ရမည်။ ထိုအတွေးများကို ဖယ်ရှားပေးရန် ကြီးကျယ် မြင့်မြတ် တော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်တွင် ခိုလှုံမှုရယူရမည်။
2. လူသား၏ စိတ်နှလုံးထဲတွင် ပေါ်ပေါက်လာသော သာသနာနှင့် ဆန့်ကျင်သည့်အတွေးများသည် ရှိုင်သွာန်ဘက်မှဖြစ်သည်။
3. အလ္လာဟ်ရှင်မြတ်၏ 'ဇာသ်' ဇာတိတော်နှင့်ပတ်သက်၍ စဉ်းစားခြင်း မပြုရန် တားမြစ်ထားပြီး အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံများနှင့် အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို စဉ်းစားရန် တိုက်တွန်း ထားသည်။

(65013)

(27) – عن مَعقِلِ بن يَسار المُزَنِيِّ رضي الله عنه قال: إني سمعتُ رسولَ الله صلى الله عليه وسلم يقول: «مَا مِنْ عَبْدٍ يَسْتَرْعِيهِ اللهُ رَعِيَّةً، يَمُوتُ يَوْمَ يَمُوتُ وَهُوَ غَاشٌّ لِرَعِيَّتِهِ، إِلَّا حَرَّمَ اللهُ عَلَيْهِ الْجَنَّةَ». [صحيح] - [متفق عليه]

(27) – မအ်ကိလ် ဗင်န် ယစာရ် အလ်မုဇနီး (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် လူတစ်ဦးအား အုပ်စုတစ်စုကို ခေါင်းဆောင်ရန် ခန့်အပ်ထားရာ ထိုသူသည် ၎င်းတို့ကို လိမ်လည်လှည့်စားကာ ကွယ်လွန်ချိန် ဆိုက်ရောက်သဖြင့် ကွယ်လွန်သွားလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့ အပေါ် ဂျန္နသ်သုခဘုံကို ဟရာမ်ပြုတော်မူမည် ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့ သည်။ လူတို့အပေါ် အုပ်ချုပ်ရန်အတွက် အလ္လာဟ်အရှင်မြတ်ဘက်တော်မှ တစ်ဦးတစ်ယောက်အား တာဝန်ခံခေါင်းဆောင်အဖြစ် ခန့်အပ်ထားလျှင် ထို ခန့်အပ်မှုသည် အများနှင့်သက်ဆိုင်သည့် ကဏ္ဍဖြစ်သည့် နိုင်ငံ့ ခေါင်း ဆောင်ကဲ့သို့ ပုဂ္ဂိုလ်ဖြစ်စေ၊ သီးသန့်ကဏ္ဍဖြစ်သည့် အမျိုးသားတစ်ဦး အနေဖြင့် မိမိအိမ်နှင့်ပတ်သတ်၍ဖြစ်စေ၊ အမျိုးသမီးတစ်ဦးအနေဖြင့် မိမိ အိမ်နှင့်ပတ်သက်၍ဖြစ်စေ မိမိတို့တာဝန်ယူ အုပ်ထိန်းရသူများနှင့် သက်

ဆိုင်သည့် တာဝန်ဝတ္တရားများကို ပေါ့လျော့ခဲ့မည်။ ၎င်းတို့အား လိမ်လည် လှည့်စားမည်။ ၎င်းတို့အား ကောင်းမွန်စွာ ဆုံးမပဲ့ပြင်ခြင်းမရှိ၊ ၎င်းတို့၏ လောကီရေး၊ သာသနာရေး အခွင့်အရေးများကို ဖျက်ဆီးခဲ့ပါက ဤပြင်း ထန်သော အပြစ်ဒဏ်ကို ခံယူရမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဤသတိပေး ခြိမ်းခြောက်မှုသည် နိုင်ငံ့အကြီးအကဲများ၊ ၎င်းတို့၏ လက်ထောက်များအတွက်သာ သီးသန့်မဟုတ်ဘဲ အလ္လာဟ်အရှင်မြတ် က လက်အောက်ခံတို့ကို အုပ်ထိန်းရန် တာဝန်ခံအဖြစ် သတ်မှတ်ပေး ထားသူအားလုံးနှင့် သက်ဆိုင်သည်။
2. မွတ်စ်လင်မ်တို့၏ အရေးကိစ္စတစ်စုံတစ်ရာကို တာဝန်ယူထားသူတိုင်း သည် လက်အောက်ခံတို့အား ကောင်းမွန်စွာ ဆုံးမပဲ့ပြင်ရန်၊ ပေးအပ် ထားသည့် တာဝန်ကိုကျေပွန်စွာ ကြိုးစားဆောင်ရွက်ရန်၊ အလွဲသုံးစား ပြုခြင်းမှ ရှောင်ကြဉ်ရန် အရေးကြီးသည်။
3. ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ အများနှင့်သက်ဆိုင်သည်ဖြစ်စေ၊ သီးသန့်ဖြစ်စေ လက်အောက်ငယ်သားတို့အား အုပ်ထိန်းရန် တာဝန်ယူ ထားသူတိုင်း၏ တာဝန်ကြီးမားပုံကို တင်ပြထားသည်။

(5335)

(28) – عن عائشة رضي الله عنها قالتْ: سمعتُ من رسولِ الله صلى الله عليه وسلم يقول في بيتي هذا: «اللَّهُمَّ مَنْ وَلِيَ مِنْ أَمْرِ أُمَّتِي شَيْئًا فَشَقَّ عَلَيْهِمْ فَاشْقُقْ عَلَيْهِ، وَمَنْ وَلِيَ مِنْ أَمْرِ أُمَّتِي شَيْئًا فَرَفَقَ بِهِمْ فَارْفُقْ بِهِ». [صحيح] – [رواه مسلم]

(28) – အာအိရှဟ်(ရသ္ဒိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ ဤအိမ် တော်၌ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူ သည်ကို ကျွန်မကြားခဲ့သည်။ «အို အလ္လာဟ်အရှင်မြတ် အကြင်သူသည် ကျွန်တော့်အွမ္မသ်၏ အရေးကိစ္စတစ်စုံတစ်ရာကို တာဝန်ယူထားပြီး ၎င်းတို့ အပေါ် ခက်ခဲအောင်ပြုလုပ်ခဲ့လျှင် ထိုသူ့ကိုလည်း ခက်ခဲစေတော်မူပါ။ အကြင်သူသည် ကျွန်တော့်အွမ္မသ်၏ အရေးကိစ္စတစ်စုံတစ်ရာကို တာဝန်ယူ ထားပြီး ၎င်းတို့အပေါ် လွယ်ကူအောင်ပြုလုပ်ခဲ့လျှင် ထိုသူ့ကိုလည်း လွယ် ကူစေတော်မူပါ။» [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မွတ်စ်လင်မ်တို့ ၏ အရေးကိစ္စများကို တာဝန်ယူထားသူများနှင့်ပတ်သက်၍ ၎င်းတို့၏ တာဝန်ယူမှုသည် သေးငယ်သည့်ကိစ္စဖြစ်စေ၊ ကြီးကျယ်သည့်ကိစ္စဖြစ်စေ၊ အများနှင့်သက်ဆိုင်သည်ဖြစ်စေ၊ သီးသန့်ကဏ္ဍတစ်ခုနှင့်သက်ဆိုင်သည် ဖြစ်စေ တာဝန်ယူပြီးနောက် လူတို့အပေါ် ခက်ခဲအောင်လုပ်ပြီး နှုးညှံ့

သိမ်မွေ့မှုမရှိသူတို့အား အလ္လာဟ်အရှင်မြတ်က
၎င်းတို့၏လုပ်ရပ်အတိုင်း ပြန်လည်အစားပေးပြီး ၎င်းတို့အပေါ်
ခက်ခဲစေရန်အတွက် မကောင်းဆု တောင်းခဲ့သည်။

ထို့အတူ လူတို့အပေါ် နူးညံ့သိမ်မွေ့ပြီး ၎င်းတို့၏ အရေးကိစ္စများကို
လွယ်ကူအောင်ပြုပေးသူအား အလ္လာဟ်အရှင်မြတ်က
သနားကြင်နာတော် မူပြီး သူ၏ကိစ္စအဝဝကို လွယ်ကူမှုပေးရန်
ဒုအာပြုပေးတော်မူသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. မွတ်စ်လင်မ်တို့၏ အရေးကိစ္စတစ်စုံတစ်ရာကို တာဝန်ယူထားသူသည် ၎င်းတို့နှင့်ပတ်သက်၍ တတ်နိုင်သမျှ လွယ်ကူအောင်လုပ်ပေးရမည်။
2. လုပ်ရပ်အမျိုးအစားပေါ်မူတည်၍ အကျိုးရလဒ်ရရှိမည်။
3. နူးညံ့ခြင်း သို့မဟုတ် ကြမ်းတမ်းခြင်းအား တိုင်းတာသည့် စံနှုန်းသည် ကုရ်အာန်ကျမ်းမြတ်နှင့် စွန္နသ်တော်အား ဆန့်ကျင်မှုမရှိရပါ။

(5330)

(29) – عن تميم الداري رضي الله عنه أن النبي صلى الله عليه وسلم قال: «الدِّينُ النَّصِيحَةُ» قُلْنَا: لِمَنْ؟ قَالَ: «للهِ وَلِكِتَابِهِ وَلِرَسُولِهِ وَلِأَئِمَّةِ الْمُسْلِمِينَ وَعَامَّتِهِمْ». [صحيح]

- [رواه مسلم]

(29) – သမီမ် အဒ္ဒါရီ (ရသ္ဝိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ သာသနာဟူသည် "ကောင်းကျိုးလိုလားခြင်းဖြစ်သည်" ကျွန်တော်တို့က မည်သူ့အတွက်ပါနည်းဟု မေးလျှောက်ခဲ့ကြရာ ကိုယ်တော်က "အလ္လာဟ် အရှင်မြတ်အတွက်၊ အရှင်မြတ်၏ ကျမ်းဂန်အတွက်၊ အရှင်မြတ်၏ ရစူလ် တမန်တော်အတွက်၊ မွတ်စ်လင်မ်ခေါင်းဆောင်များအတွက်နှင့် အများ မွတ်စ်လင်မ်တို့အတွက်ဖြစ်သည်"ဟု ဖြေကြားတော်မူခဲ့သည် [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူ သည်။ ဧကန်အမှန်ပင် သာသနာသည် ပေါ့လျော့ခြင်း၊ လိမ်လည်လှည့်ဖြား ခြင်းတို့မပါဘဲ အလ္လာဟ်အရှင်မြတ် တာဝန်ပေးထားသည့်အတိုင်း ပြည့် ပြည့်ဝဝ အကောင်အထည်ဖော်ရန်အတွက် 'အိခ်လာဆွ်'နှင့် မှန်ကန်မှု အပေါ်၌ အခြေခံထားသည်။

ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)အား ကောင်းကျိုး လိုလားခြင်းသည် မည်သူ့အတွက်ပါနည်းဟု လျှောက်ထား မေးမြန်းသည့်အခါ ကိုယ်တော်ကဖြေကြားတော်မူသည်မှာ -

(၁) အလ္လာဟ်အရှင်မြတ်အတွက် ကောင်းကျိုးလိုလားခြင်း။

ဤသည်  ရှိရက် အမလ်ကျင့်ဆောင်ခြင်းများကို ဖက်စပ်ယှဉ်တွဲမှုမပါဘဲ အလ္လာဟ် အရှင်မြတ်အတွက်သာ ပြုလုပ်ခြင်း၊ အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်း ရှင်ဖြစ်တော်မူသောအရှင်၊ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်တော်မူသောအရှင်၊ ဂုဏ်တော်များ နာမတော်များကို ပိုင်ဆိုင်တော်မူသောအရှင် ဖြစ်ကြောင်း ကျွန်ုပ်တို့အီမာန်သက်ဝင်ယုံကြည်ခြင်း၊ အရှင်မြတ်၏ အမိန့်ကို ဂုဏ်ပေး လေးစားခြင်း၊ အလ္လာဟ်အရှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ရန် ဒအ်ဝဟ် ဖိတ်ခေါ် ခြင်းတို့ဖြစ်သည်။

(၂) အရှင်မြတ်၏ ကျမ်းဂန် (ကုရ်အာန်ကျမ်းမြတ်)အတွက် ကောင်းကျိုး လိုလားခြင်း။ ဤသည် ကျွန်ုပ်တို့အနေဖြင့် ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဌ်တော်နှင့် နောက်ဆုံးကျမ်းဂန် ဖြစ်ကြောင်း ကိုလည်းကောင်း၊ ထိုကျမ်းဂန်သည် လွန်လေပြီးသော  တရားလမ်းစဉ်များ အားလုံးကို ဖျက်သိမ်းလိုက်ကြောင်းကိုလည်းကောင်း သက်ဝင်ယုံကြည် ခြင်း၊ ကျမ်းတော်မြတ်အား ဂုဏ်ပေးလေးစားခြင်း၊ ရွတ်ဖတ်ထိုက်သည့် အတိုင်း ရွတ်ဖတ်ခြင်း၊ ထိုကျမ်းမြတ်၏ ပေါ်လွင်ထင်ရှားပြီး အဓိပ္ပာယ် တစ်မျိုးတည်းထွက်သော အာယသ်တော်များကို လိုက်နာကျင့်သုံးပြီး အဓိပ္ပာယ်ပြားသော ဆင်တူရိုးမှားဖြစ်သော အာယသ်တော်များကို သက်ဝင် ယုံကြည်ခြင်းတို့ဖြစ်သည်။ ထို့ပြင်ကျမ်းမြတ်၏

အဓိပ္ပာယ်များကို ပြောင်း လဲပစ်သူများ၏ ဖွင့်ဆိုချက်များခြင်းကို ရှောင်ကြဉ်ရမည်။ ကုရ်အာန် ကျမ်းမြတ်၏ တရားဒေသနာများမှ တရားရယူပြီး ၎င်း၏ အသိပညာများကို ဖြန့်ဝေကာ ကျမ်းမြတ်ဖက်သို့ ဒအ်ဝဟ် ဖိတ်ခေါ်မှုပြုရမည်။

(၃) အရှင်မြတ်၏ ရစူလ်တမန်တော် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်းဟိ ဝစလ္လမ်)အတွက် ကောင်းကျိုးလိုလားခြင်း။ ဤသည် တမန်တော်မြတ် သည် နောက်ဆုံးရစူလ်တမန်တော်ဖြစ်ကြောင်း သက်ဝင်ယုံကြည်ခြင်း၊ ကိုယ်တော်ယူဆောင်လာသည့်အရာများနှင့် ပတ်သက်၍ ကိုယ်တော့်အား ထောက်ခံခြင်း၊ ကိုယ်တော်၏ အမိန့်တော်များကို လိုက်နာကျင့်သုံးခြင်း၊ ကိုယ်တော်တားမြစ်ထားသည့် အရာများမှ ရှောင်ကြဉ်ခြင်း၊ ကိုယ်တော် ယူဆောင်လာသည့် တရားလမ်းစဉ်အတိုင်းသာ အလ္လာဟ်အရှင်မြတ်ကို ခဝပ်ကိုးကွယ်ခြင်း၊ ကိုယ်တော်နှင့်သက်ဆိုင်သည့် တာဝန်များကို လေးစား ခြင်း၊ ကိုယ်တော်၏ ဒဟ်ဝဟ်ဖိတ်ခေါ်မှုနှင့် ရှရီအဟ် တရားလမ်းစဉ်ကို ဖြန့်ချိခြင်း၊ ကိုယ်တော့်အား မဟုတ်မမှန်စွပ်စွဲချက်များကို ငြင်းပယ်ခြင်းတို့ ဖြစ်သည်။

(၄) မွတ်စ်လင်မ် ခေါင်းဆောင်များအတွက် ကောင်းကျိုးလိုလားခြင်း။ ဤသည်အမှန်တရားအပေါ်၌ ၎င်းတို့အားရိုင်းပင်းကူညီခြင်း၊ အရေးကိစ္စ များ၌ ၎င်းတို့နှင့်

ဆန့်ကျင်မှုမပြုခြင်း၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော် နှင့် ကိုက်ညီသည့် ကဏ္ဍများတွင် ၎င်းတို့၏အမိန့်ကိုနာခံခြင်းတို့ဖြစ်သည်။

(၅) အများမွတ်စ်လင်မ်တို့အတွက် ကောင်းကျိုးလိုလားခြင်း။ ၎င်းသည် ၎င်းတို့အား ကျေးဇူးပြုခြင်း၊ ဒအ်ဝဟ်ဖိတ်ခေါ်ခြင်း၊ ၎င်းတို့ထံမှ ဘေး အန္တရာယ်များအား တားဆီးဖယ်ရှားပေးခြင်း၊ ၎င်းတို့အတွက်ကောင်းသည့် ကိစ္စများကိုနှစ်သက်ခြင်း၊ ကောင်းမှုနှင့် သက္ကဝါတရားအပေါ်၌ ၎င်းတို့အား ရိုင်းပင်းကူညီခြင်းတို့ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အားလုံးအတွက် ကောင်းကျိုးလိုလားရန် အမိန့်ပေးထားသည်။
2. သာသနာတော်၌ ကောင်းကျိုးလိုလား၍ ဆိုဆုံးမခြင်း၏ အဆင့် အတန်းသည် ကြီးကျယ်လှသည်။
3. သာသနာထဲတွင် အကီဒဟ်ယုံကြည်ချက်များ၊ အပြောအဆိုများ၊ ကျင့်ဆောင်မှုများ ပါဝင်သည်။
4. "နဆွီဟဟ်" ဆုံးမခြင်း၌ ဆုံးမခံရသူနှင့် ပတ်သက်၍ စိတ်ထဲမှ လိမ် လည်လှည့်ဖြားမှု မပါရှိရပါ။ ၎င်းအတွက် ကောင်းကျိုးကိုသာ လိုလား ရမည်။
5. အကြောင်းအရာတစ်ခုကို အကျဉ်းချုပ်တင်ပြပြီးနောက် ထိုအကြောင်း အရာအား အကျယ်တဝင့် ရှင်းလင်းတင်ပြခြင်းသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏

ကောင်းမွန်လှသည့် သင်ကြားမှု ပုံစံ ဖြစ်သည်။

6. တမန်တော်မြတ်သည် "နဆီွဟဟ်" ကောင်းကျိုးလိုလားခြင်း အကြောင်းကို အလ္လာဟ်အရှင်မြတ်အတွက်ဟူ၍အစပြုကာ ထို့နောက် ကုရ်အာန်ကျမ်းတော်မြတ်အတွက်၊ ထို့နောက် တမန်တော်မြတ် (ဆွလ္လ လ္လာဟုအလိုင်းဟိဝစလ္လမ်)အတွက်၊ ထို့နောက် မွတ်စ်လင်မ် ခေါင်း ဆောင်များအတွက်၊ ထို့နောက် အများမွတ်စ်လင်မ်အတွက်ဟူ၍ အစဉ် လိုက် မိန့်တော်မူသည့်အတိုင်း ဦးစွာပထမ အရေးကြီးဆုံး အကြောင်း အရာဖြင့်စတင်ကာ ၎င်းနောက်တွင် ဒုတိယအရေးကြီးဆုံးအကြောင်း အရာ စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့်တင်ပြရမည်။

(4309)

(30) – عَنْ عَائِشَةَ رَضِيَ اللهُ عَنْهَا قَالَتْ: تَلَا رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ هَذِهِ الْآيَةَ: {هُوَ الَّذِي أَنْزَلَ عَلَيْكَ الْكِتَابَ مِنْهُ آيَاتٌ مُحْكَمَاتٌ هُنَّ أُمُّ الْكِتَابِ وَأُخَرُ مُتَشَابِهَاتٌ فَأَمَّا الَّذِينَ فِي قُلُوبِهِمْ زَيْغٌ فَيَتَّبِعُونَ مَا تَشَابَهَ مِنْهُ ابْتِغَاءَ الْفِتْنَةِ وَابْتِغَاءَ تَأْوِيلِهِ، وَمَا يَعْلَمُ تَأْوِيلَهُ إِلَّا اللَّهُ، وَالرَّاسِخُونَ فِي الْعِلْمِ يَقُولُونَ آمَنَّا بِهِ كُلٌّ مِنْ عِنْدِ رَبِّنَا وَمَا يَذَّكَّرُ إِلَّا أُولُو الْأَلْبَابِ} [آل عمران: 7]. قَالَتْ: قَالَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ: «فَإِذَا رَأَيْتِ الَّذِينَ يَتَّبِعُونَ مَا تَشَابَهَ مِنْهُ فَأُولَئِكَ الَّذِينَ سَمَّى اللهُ، فَاحْذَرُوهُمْ». [صحيح]

– [متفق عليه]

(30) – အာအိရှဟ်(ရသ္ဝိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ် အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဤ အာယသ်တော်ကို ဖတ်ရွတ်တော်မူခဲ့သည်။

(ထိုအလ္လာဟ်အရှင်မြတ်သည် အသင့်အပေါ်ဝယ် ကျမ်းမြတ်ကုရ်အာန်ကို ထုတ်ပြန်ပို့ချတော်မူသော အရှင် မြတ်ပင်တည်း။ ထိုကျမ်းမြတ်အနက် မပြောင်းမလဲပေါ်လွင် ထင်ရှား ပြတ် သား၍ အနက်အဓိပ္ပာယ် တစ်မျိုးတစ်စားတည်းထွက်သော အာယသ်တော် များလည်းရှိပေ၏။ ယင်းအာယသ်တော်များသည်သာလျှင် ကုရ်အာန် ကျမ်း မြတ်၏ မူလအရင်းခံ အခြေအမြစ်ဖြစ်လေသည်။ ထို့ပြင်တစ်ဝ အခြား အာယသ်တော်များမှာမူကား အဓိပ္ပာယ်ပြားသော၊ ဆင်တူယိုးမှားဖြစ်သော အာယသ်တော်များလည်းရှိ၏။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ စိတ်နှလုံးတွင် သွေဖည်ယိမ်းယိုင်မှုရှိသော သူတို့မူကား (လူခပင်းတို့အား သာသနာရေး တွင်) လမ်းမှားစေလို၍လည်းကောင်း၊ ထိုအာယတ်တော်များ၏ အဓိပ္ပာယ် များကို အမှားကောက်လို၍လည်းကောင်း၊ ယင်းဆင်တူယိုးမှား အာယသ် တော်များကိုပင် လိုက်နာလိုက်စားကြကုန်၏။ အမှန်စင်စစ် ယင်းအဓိပ္ပာယ် ပြားသော ဆင်တူယိုးမှားဖြစ်သော အာယသ်တော်များ၏ မှန်ကန်သော အနက်အဓိပ္ပာယ်အလိုသဘောကိုမူကား

အလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သူမျှမသိချေ။ သို့ရာတွင် ပညာအရာ၌ ကျွမ်းကျင်လိမ္မာ ရင့်သန်သော ပါရဂူများကမူ (ကုရ်အာန်ကျမ်းလာ မုဟ်ကမာသ်၊ မုသရှာဗိဟာသ်၊ အာယသ်တော်များ) အားလုံးတို့သည် ကျွန်ုပ်တို့အား မွေးမြူတော်မူသော အရှင်မြတ်အထံတော်မှပင် (ကျရောက်လာသော အာယတ်တော်များ) ဖြစ် ပေရာ ကျွန်ုပ်တို့သည် ယင်းအဓိပ္ပာယ်ပြားသော၊ ဆင်တူယိုးမှားဖြစ်သော အာယသ်တော်များကိုလည်း (ခြွင်းချက်မရှိ လုံး၀) ယုံကြည်ကြပါသည်ဟု ပြောဆိုကြကုန်၏။ အမှန်သော်ကား ပညာဉာဏ်ရှိသူတို့မှအပ အခြားသူများ တရားလမ်းမှန်မရနိုင်ချေ။) (ကုရ်အာန်- ၃:၇) အာအိရှဟ် (ရဿိယလ္လာဟု အန်ဟာ)က ပြောကြားခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ “အသင်မ အနေဖြင့်ဆင်တူယိုးမှား အာယသ်တော်များနောက်ကို လိုက်နေကြသည့် သူ များကို တွေ့ရှိပါက (မှတ်ယူပါ) ထိုသူများကို အလ္လာဟ်အရှင်မြတ်က (စိတ် နှလုံးတွင် သွေဖည်ယိမ်းယိုင်မှုရှိသောသူများဟု ကျမ်းမြတ်ကုရ်အာန်၌) အမည်ပေးထားသူများဖြစ်သည့်အတွက် အသင်တို့ ၎င်းတို့ကိုရှောင်ကြဉ် ပါ။” [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဤအယာသ် တော်ကိုဖတ်ရွတ်တော်မူခဲ့၏။ (ထိုအလ္လာဟ်အရှင်မြတ်သည် အသင့် အပေါ်ဝယ် ကျမ်းမြတ်ကုရ်အာန်ကို ထုတ်ပြန်ပို့ချတော်မူသော အရှင်မြတ်ပင် တည်း။ ထိုကျမ်းမြတ်အနက် မပြောင်းမလဲပေါ်လွင်ထင်ရှားပြတ်သား၍ အနက်အဓိပ္ပာယ် တစ်မျိုးတစ်စားတည်းထွက်သော အာယသ်တော်များ လည်းရှိပေ၏။ ယင်းအာယသ်တော်များသည်သာလျှင် ကုရ်အာန် ကျမ်း မြတ်၏ မူလအရင်းခံ အခြေအမြစ်ဖြစ်လေသည်။ ထို့ပြင်တစ်ဝ အခြား အာယသ်တော်များမှာမူကား အဓိပ္ပာယ်ပြားသော၊ ဆင်တူယိုးမှားဖြစ်သော အာယသ်တော်များလည်းရှိ၏။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ စိတ်နှလုံးတွင် သွေဖည်ယိမ်းယိုင်မှုရှိသော သူတို့မူကား (လူခပင်းတို့အား သာသနာရေး တွင်) လမ်းမှားစေလို၍လည်းကောင်း၊ ထိုအာယသ်တော်များ၏ အဓိပ္ပာယ် များကို အမှားကောက်လို၍လည်းကောင်း၊ ယင်းဆင်တူယိုးမှား အာယသ် တော်များကိုပင် လိုက်နာလိုက်စားကြကုန်၏။ အမှန်စင်စစ် ယင်းအဓိပ္ပာယ် ပြားသော ဆင်တူယိုးမှားဖြစ်သော အာယသ်တော်များ၏ မှန်ကန်သော အနက်အဓိပ္ပာယ်အလိုသဘောကိုမူကား အလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သူမျှမသိချေ။ သို့ရာတွင် ပညာအရာ၌

ကျွမ်းကျင်လိမ္မာ ရင့်သန်သော ပါရဂူများကမူ (ကုရ်အာန်ကျမ်းလာ မုဟ်ကမာသ်၊ မုသရှာဗိဟာသ်၊ အာယသ်တော်များ) အားလုံးတို့သည် ကျွန်ုပ်တို့အား မွေးမြူတော်မူသော အရှင်မြတ်အထံတော်မှပင် (ကျရောက်လာသော အာယသ်တော်များ) ဖြစ် ပေရာ ကျွန်ုပ်တို့သည် ယင်းအဓိပ္ပာယ်ပြားသော၊ ဆင်တူယိုးမှားဖြစ်သော အာယသ်တော်များကိုလည်း (ခြွင်းချက်မရှိ လုံး၀) ယုံကြည်ကြပါသည်ဟု ပြောဆိုကြကုန်၏။ အမှန်သော်ကား ပညာဉာဏ်ရှိသူတို့မှအပ အခြားသူများ တရားလမ်းမှန်မရနိုင်ချေ။) (ကုရ်အာန်- ၃:၇) အထက်ပါ အာယသ်တော် တွင် အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ကို မိမိ၏ နဗီတမန်တော်အပေါ်သို့ ချပေးတော်မူခဲ့ပြီး ထိုကျမ်းဂန်တွင် အဓိပ္ပာယ်ပေါ်လွင်ထင်ရှားသည့် အာယသ်တော်များ၊ ရှုပ်ထွေးမှုမရှိဘဲ တိကျပြတ်သားသည့် အမိန့်ပညတ်ချက်များ ပါရှိသည်။ ထိုအာယသ်တော်များသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိကအရင်းအမြစ်ဖြစ်ပြီး ကွဲလွဲမှုများဖြစ်ပေါ်လာသည့်အခါ ပြန်လှည့်ရ မည့် အာယသ်တော်များလည်းဖြစ်သည်။ ၎င်းပြင် ထိုကျမ်းမြတ်တွင် အဓိပ္ပာယ်အမျိုးမျိုးထွက်သော အခြားအာယသ်တော်များလည်း ရှိသည်။ ယင်းအာယသ်များသည် အချို့သူများအတွက် အဓိပ္ပာယ်ရှုပ်ထွေးမှုများ သို့မဟုတ်

ယင်းအာယသ်တော်များနှင့် အခြားအာယသ်တော်များကြားတွင် ဆန့်ကျင် ကွဲလွဲမှုများရှိသည်ဟု အထင်ရောက်နိုင်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်က အာယာသ်တော်များနှင့်ပတ်သက်၍ လူတို့၏ ဆောင်ရွက်ပုံကိုရှင်းပြတော်မူသည်။ အမှန်တရားမှ စိတ်နှလုံးယိမ်းယိုင်သူ များသည် အဓိပ္ပာယ်ရှင်းလင်းသည့်ပြတ်သားသည့် အာယသ်တော်များကို စွန့်ကာ အဓိပ္ပာယ်အမျိုးမျိုးထွက်သော အာယသ်တော်များကို လိုက်စားကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် ၎င်းတို့အနေဖြင့် သံသယများကို နှိုးဆွပေးရန်နှင့် လူတို့အားလှည့်ဖျားရန်အတွက်ဖြစ်ပြီး ထိုအာယာသ်များကို မိမိ တို့ဆန္ဒနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုကြရန်လည်းဖြစ်သည်။ သို့ရာတွင် ပညာ အရာ၌ ကျွမ်းကျင်လိမ္မာရင့်သန်သော ပညာရှင်များသည် ကုရ်အာန်ကျမ်း လာ မုသရှာဗိဟာသ် အာယသ်တော်များကို သိရှိကြပြီး ၎င်းတို့ကို ကုရ်အာန် ကျမ်းလာ မုဟ်ကမာသ် အာယသ်တော်များဘက်သို့ ပြန်လှည့်ကြသည်။ ၎င်းတို့က ထိုအာယသ်တော်များသည် သန့်ရှင်းစင်ကြယ်တော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်လာသော အာယသ်တော်များ ဖြစ်ပြီး အဓိပ္ပာယ်ရှုပ်ထွေးခြင်းနှင့်  ဆန့်ကျင်ဘက်ဖြစ်ခြင်းတို့မရှိကြောင်း ယုံကြည်ကြသည်။ အမှန်စင်စစ် ယင်းနှင့်ပတ်သက်၍ မှန်ကန်ဖြောင့်မတ်သော အသိဉာဏ်ရှိသူတို့မှအပ အခြားသူများ တရားလမ်းမှန်ရယူနိုင်ခြင်း

မရှိပေ။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)သည် မုအ်မင်န်တို့၏ မိခင်မွန်ကြီး အာအိရှဟ် (ရသွိ ယလ္လာဟုအန်ဟာ)အား မိန့်ကြားတော်မူသည်မှာ "အသင်မအနေဖြင့် အဓိပ္ပာယ်အမျိုးမျိုးထွက်သော ဆင်တူယိုးမှား အာယသ်တော်များ နောက် ကို လိုက်နေကြသည့်သူများကို တွေ့ရှိပါက (မှတ်ယူပါ) ထိုသူများကို အလ္လာဟ်အရှင်မြတ်က "စိတ်နှလုံးတွင် သွေဖည်ယိမ်းယိုင်မှုရှိသောသူများ" ဟု (ကျမ်းမြတ်ကုရ်အာန်၌) အမည်ပေးထားသူများဖြစ်သည့်အတွက် အသင်တို့ ၎င်းတို့ကိုရှောင်ကြဉ်ကြပါ။ သူတို့ပြောကြားသည့်အရာများကို နားမထောင်ကြလေနှင့်။

## ဟာဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကုရ်အာန်ကျမ်းမြတ်ရှိ အာယသ်တော်များအနက် မုဟ်ကမ်ဟူသည် အဓိပ္ပာယ် ရှင်းလင်းပေါ်လွင်သော အာယသ်တော်များကို ခေါ်ဆိုပြီး၊ မုသရှာဗိဟ်ဟူသည် အဓိပ္ပာယ်တစ်ခုထက်ပို၍ ဖြစ်နိုင်ချေရှိပြီး စဉ်း စားဆင်ခြင်ရန်နှင့် နားလည်နိုင်စွမ်းရှိရန် လိုအပ်သော အာယသ်တော် များကို ခေါ်ဆိုသည်။
2. စိတ်နှလုံးသား သွေဖည်ယိမ်းယိုင်သူများ၊ တရားသစ်တီထွင်သူများ၊ လူတို့အားလမ်းလွဲစေရန်နှင့်

သံသယများဖြစ်ပေါ်စေရန် ရည်ရွယ်ချက် ဖြင့် ပြဿနာဖန်တီးသူများနှင့် ရောနှောခြင်းမပြုဘဲ ရှောင်ကြဉ်ရန် သတိပေးထားသည်။

3. အလ္လာဟ်အရှင်မြတ်က အာယသ်တော်၏အဆုံးတွင် (အမှန်သော်ကား ပညာဉာဏ်ရှိသူတို့မှအပ အခြားသူများ တရားလမ်းမှန်မရနိုင်ချေ။) ဟူ၍မိန့်ကြားထားသည်။ ဤသည် စိတ်နှလုံးသားသွေဖည်ယိမ်းယိုင်သူ များကို ရှုံ့ချကာ ပညာရှင်ပါရဂူများကို ချီးမွမ်းထားခြင်းဖြစ်သည်။ အကြင်သူသည် တရားရယူခြင်းမရှိဘဲ မိမိစိတ်အလိုဆန္ဒနောက် လိုက် ပါက ၎င်းသည် ဉာဏ်ပညာရှင်များတွင် မပါဝင်နိုင်ပေ။
4. အဓိပ္ပာယ် အမျိုးမျိုးထွက်သော ဆင်တူယိုးမှားဖြစ်သော အာယသ် တော်များနောက်ကို လိုက်ခြင်းသည် စိတ်နှလုံးသား သွေဖည်ယိမ်းယိုင် ခြင်း၏ အကြောင်းခံတစ်ရပ်ဖြစ်သည်။
5. အဓိပ္ပာယ်နားမလည်နိုင်သော မုသရှာဗိဟာဟ် အာယသ်တော်များနှင့် ပတ်သက်၍ အဓိပ္ပာယ်ပေါ်လွင်ထင်ရှားသော မုဟ်ကမ် အာယသ်များ ဘက်သို့ ပြန်လှည့်ရန်အရေးကြီးသည်။
6. အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်၏ အချို့အာယသ် များကို 'မုဟ်ကမ်' အဓိပ္ပာယ်ပေါ်လွင်ထင်ရှားသော

အာယသ်တော်များ အဖြစ် လည်းကောင်း၊ အချို့အာယသ်များကို 'မုသရှာဗိဟ်' အဓိပ္ပာယ် အမျိုးမျိုးထွက်သော အာယသ်တော်များအဖြစ်လည်းကောင်း ပြုလုပ် ထားခြင်းမှာ လူတို့အနက် အီမာန်သက်ဝင်ယုံကြည်သူများနှင့် လမ်းလွဲသူများကိုခွဲခြားရန်အလို့ငှာ စမ်းသပ်တော်မူခြင်းဖြစ်သည်။

7. ကုရ်အာန်ကျမ်းတော်မြတ်တွင် အဓိပ္ပာယ်အမျိုးမျိုးထွက်သော ဆင်တူ ယိုးမှား အာယသ်များရှိနေခြင်းသည် အခြားသူများထက် ပညာရှင်များ ၏ ထွတ်မြတ်မှုကို ဖော်ထုတ်ပြသခြင်း၊ အသိဉာဏ်၏ မပြည့်စုံမှုကို အသိပေးထားခြင်းဖြစ်ပြီး ထိုအသိဉာဏ်အား ဖန်ဆင်းထားသော အလ္လာဟ်အရှင်မြတ်၏အမိန့်ကို နာခံရန်နှင့် အသိဉာဏ်၏ မတတ်စွမ်းနိုင်မှုကို ဝန်ခံရန်အတွက်ဖြစ်သည်။

8. ပညာအရာ၌ ကျွမ်းကျင်လိမ္မာခြင်း၏ မွန်မြတ်မှုနှင့် ပညာပေါ်၌ မြဲမြံ တည်ကြည်မှု ရှိရန်လိုအပ်ကြောင်း ဖော်ပြထားသည်။

9. ကုရ်အာန်ကျမ်းမြတ်၏ အာယာသ်တော် {وَمَا يَعْلَمُ تَأْوِيلَهُۥٓ إِلَّا ٱللَّهُۗ وَٱلرَّٰسِخُونَ فِى ٱلْعِلْمِ} တွင် {الله} ဟူသော နေရာ၌ ရပ်နားခြင်းနှင့် ပတ်သက်၍ သဖ်စီးရ်ပညာရှင်များထံတွင် အဆိုနှစ်ခုရှိ သည်။ မည်သူမဆို {الله} နေရာ၌ ရပ်နားပါက အာယသ်၏ အဓိပ္ပာယ်မှာ (အမှန်စင်စစ် ယင်းအဓိပ္ပာယ်ပြားသော

ဆင်တူယိုးမှားဖြစ်သော အာယသ်တော်များ၏ မှန်ကန်သော အနက်အဓိပ္ပာယ် အလိုသဘောကို မူကား အလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သူမျှမသိချေ။) ဟူ၍ ဖြစ်သည်။ ယင်း၏အလိုသဘောမှာ- အရာတစ်ခု၏ အဖြစ်မှန်ကို သိခြင်း၊ ယင်း၏အနှစ်သာရကိုသိခြင်းအား ရည်ညွှန်းခြင်းဖြစ်သည်။ ဤသည် အလ္လာဟ်အရှင်မြတ်က မိမိ၏အသိပညာ၌သာ သီးသန့်ထားရှိသော အရာများဖြစ်သည့် “ကိယာမသ်” ဆိုက်ရောက်လာမည့်နေ့၊ “ရူဟ်” ဝိညာဉ်ကဲ့သို့ မည်သို့မျှ နားလည်နိုင်စွမ်းမရှိသောကိစ္စများကို ရည်ညွှန်း သည်။ သို့ဖြစ်၍ ပညာအရာ၌ ကျွမ်းကျင်လိမ္မာရင့်သန်သော ပါရဂူများသည် ယင်းအဓိပ္ပာယ်ပြားသော၊ ဆင်တူယိုးမှားဖြစ်သော အာယသ် တော်များအား သက်ဝင်ယုံကြည်ကြပြီး ၎င်းတို့၏အဖြစ်မှန်များကို အလ္လာဟ်အရှင်မြတ်ထံသာ လွှဲအပ်ကြသည်။ထို့ကြောင့် ၎င်းတို့သည် ငြိမ်းချမ်းမှုရယူသူများဖြစ်ကြပြီး ငြိမ်းချမ်းမှုချီးမြှင့်ခံရသူများ ဖြစ်ကြ သည်။ မည်သူမဆို {ﷲ} နေရာ၌ မရပ်နားဘဲ တဆက်တည်းဖတ်ပါက အာယသ်၏ အဓိပ္ပာယ်မှာ (အမှန်စင်စစ် ယင်းအဓိပ္ပာယ်ပြားသော ဆင်တူယိုးမှားဖြစ်သော အာယသ်တော်များ၏ မှန်ကန်သော အနက်

အဓိပ္ပာယ်အလိုသဘောကို အလ္လာဟ်အရှင်မြတ်နှင့် ပညာအရာ၌ ကျွမ်း ကျင်လိမ္မာရင့်သန်သော ပါရဂူများ သိရှိကြသည်။)ဟူ၍ဖြစ်သည်။ ဤသို့ဆိုလျှင် ယင်း၏အလိုသဘောမှာ- သဖ်စီးရ် အကျယ်ဖွင့်ဆိုခြင်း၊ အလိုသဘောကို ဖော်ပြရှင်းလင်းခြင်းတို့ကိုရည်ညွှန်းသည်။ သို့ဖြစ်၍ အလ္လာဟ်အရှင်မြတ်သည် ယင်းအဓိပ္ပာယ်ပြားသော ဆင်တူယိုးမှား ဖြစ်သော အာယသ်တော်များ၏ မှန်ကန်သော အနက်အဓိပ္ပာယ်တို့ကို အကြွင်းမဲ့သိရှိတော်မူသည်။ ၎င်းအပြင် ပညာအရာ၌ ကျွမ်းကျင်လိမ္မာ ရင့်သန်သော ပါရဂူများကလည်း ယင်းအာယာသ်တော်များကို သိရှိကြ ပြီး ထိုအရာများကို သက်ဝင်ယုံကြည်ကာယင်းတို့အား ကုရ်အာန်ကျမ်း လာ မုဟ်ကမာသ် အာယတ်တော်များဘက်သို့ ပြန်လှည့်ကြသည်။

(65062)

(31) – عن أبي سعيد الخُدْرِيِّ رضي الله عنه قال: سمعتُ رسولَ الله صلى الله عليه وسلم يقول: «مَنْ رَأَى مِنْكُمْ مُنْكَرًا فَلْيُغَيِّرْهُ بِيَدِهِ، فَإِنْ لَمْ يَسْتَطِعْ فَبِلِسَانِهِ، فَإِنْ لَمْ يَسْتَطِعْ فَبِقَلْبِهِ، وَذَلِكَ أَضْعَفُ الْإِيمَانِ». [صحيح] - [رواه مسلم]

(31) – အဗူစအီးဒ် ခွဒ်ရီး (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့် တော်မူသည်ကို ကြားသိခဲ့ရသည်။ အသင်တို့အနက် တစ်ဦးတစ်ယောက်

သည် မကောင်းမှုတစ်ခုခုကို မြင်တွေ့ခဲ့ပါက ၎င်းအား မိမိလက်ဖြင့် တားမြစ်ပါ။ အကယ်၍ ထိုသို့မပြုလုပ်နိုင်လျှင် မိမိ၏နှုတ်လျှာဖြင့် တားမြစ်ပါ။ အကယ်၍ ထိုသို့မပြုလုပ်နိုင်လျှင် မိမိ၏စိတ်နှလုံးသားအတွင်းမှ ထိုအရာ ကိုမကောင်းမှုဟုမှတ်ယူပါ။ ဤသည် အီမာန်ယုံကြည်မှု၏ အနိမ့်ဆုံးအဆင့် ဖြစ်သည်။

[ဤဟာဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် (အလ္လာဟ် အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်တို့က တားမြစ်ထားသည့်) မကောင်းမှုများအား တတ်စွမ်းနိုင်သမျှ တားမြစ်ရန် မိန့်ကြားတော်မူခဲ့သည်။ အကယ်၍ အကြင်သူသည် မကောင်းမှုတစ်ခုအား မြင်တွေ့ပါက ထို မကောင်းမှုအား လက်ဖြင့်တားမြစ်ရန်တတ်စွမ်းနိုင်လျှင် ၎င်းအပေါ်၌ လက် ဖြင့်တားမြစ်ရန် တာဝန်ရှိသည်။ အကယ်၍ လက်ဖြင့်တားမြစ်ရန် မတတ် စွမ်းနိုင်ပါက ၎င်းမကောင်းမှုအား မိမိ၏နှုတ်လျှာဖြင့်တားမြစ်ရမည်။ မကောင်းမှုကျူးလွန်သူအား ယင်းမကောင်းမှု၏ဆိုးကျိုးကို ရှင်းပြကာ မကောင်းမှုအစား ကောင်းမှုကို လမ်းညွှန်ပြသပေးရမည်။ အကယ်၍ ဤ အဆင့်ကို ပြုလုပ်ရန်မတတ်စွမ်းနိုင်ပါက မကောင်းမှုအား နှလုံးသားဖြင့်

တားမြစ်ရမည်။ ဆိုလိုသည်မှာ မကောင်းမှုအား စိတ်ထဲ၌ မနှစ်သက်မှုဖြစ်ရ မည်။ ထို့ပြင် ထိုမကောင်းမှုအား တားမြစ်နိုင်စွမ်းရှိလာပါက မုချတားမြစ် မည်ဟူသော ခိုင်မာသောဆုံးဖြတ်ချက်ချရမည်။ မကောင်းမှုအား စိတ်နှလုံး သားဖြင့်တားမြစ်ခြင်းသည် အီမာန်၏ အဆင့်အတန်းများအနက် အနိမ့်ဆုံး နှင့် အားအပျော့ဆုံးအဆင့်ပင်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဤဟဒီးဆ်တော်သည် မကောင်းမှုအား တားမြစ်သည့် အဆင့်များ နှင့်စပ်လျဉ်း၍ အခြေခံမှုတစ်ရပ်ဖြစ်သည်။
2. မကောင်းမှုကိုတားမြစ်ရာ၌ တဆင့်ပြီးတဆင့်ပြီး တားမြစ်ရန် အမိန့် ပေးထားပြီး လူတိုင်းသည်မိမိတတ်စွမ်းနိုင်သမျှတားမြစ်ရမည်။
3. မကောင်းမှုမှတားမြစ်ခြင်းသည် သာသနာတော်၌ ကြီးကျယ်လှသည့် ကဏ္ဍတစ်ရပ်ဖြစ်ပြီး ဤတာဝန်နှင့် မည်သူမျှ မလွတ်ကင်းပေ။ မွတ်စ်လင်မ်တိုင်းသည် မိမိတတ်စွမ်းမှုနှင့်အညီ တာဝန်ပေးအပ်ခြင်း ခံထားရသည်။
4. ကောင်းမှုကို ညွှန်ကြားခြင်း၊ မကောင်းမှုမှ တားမြစ်ခြင်းသည် အီမာန် ၏ လက္ခဏာဖြစ်ပြီး အီမာန်သည် တိုးတက်ခြင်း လျော့နည်းခြင်း ရှိသည်။

5. မကောင်းမှုကိုတားမြစ်ခြင်း၌ ရှိရမည့်အချက်တစ်ချက်မှာ ထိုလုပ်ရပ် သည် မကောင်းမှုဖြစ်ကြောင်း အခိုင်အမာသိရှိထားခြင်း ဖြစ်သည်။
6. မကောင်းမှုကိုတားမြစ်ခြင်း၌ စည်းကမ်းချက်တစ်ခုရှိသည်။ ၎င်းမှာ မကောင်းမှုကိုတားမြစ်ရာ၌ ထို့ထက်ပို၍ဆိုးသော မကောင်းမှု ဖြစ် ပေါ်လာခြင်းမရှိစေရပါ။
7. မကောင်းမှုကို တားမြစ်ခြင်းတွင် စည်းကမ်းချက်များ၊ ကျင့်ဝတ်များ ရှိသောကြောင့် မွတ်စ်လင်တစ်ဦးအနေဖြင့် ၎င်းတို့အား လေ့လာ သင်ယူရမည်။
8. မကောင်းမှုကို တားမြစ်ရာ၌ ရှရီအဟ်၏မူဝါဒ၊ အသိပညာနှင့် ခိုင်လုံ သောသက်သေများ ရှိရန်လိုအပ်ပေသည်။
9. မကောင်းမှုအား နှလုံးသားဖြင့်ပင် မတားမြစ်ခြင်းသည် အီမာန် အားနည်းမှုကို ညွှန်ပြနေသည်။

(65001)

(32) – عن أبي مسعود الأنصاري رضي الله عنه قال: جَاءَ رَجُلٌ إِلَى النَّبِيِّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ فَقَالَ: إِنِّي أُبْدِعَ بِي فَاحْمِلْنِي، فَقَالَ: «مَا عِنْدِي»، فَقَالَ رَجُلٌ: يَا رَسُولَ اللهِ، أَنَا أَدُلُّهُ عَلَى مَنْ يَحْمِلُهُ، فَقَالَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ: «مَنْ دَلَّ عَلَى خَيْرٍ فَلَهُ مِثْلُ أَجْرِ فَاعِلِهِ». [صحيح] - [رواه مسلم]

(32) – အဗူမတ်စ်အူးဒ် အလ်အန်ဆွာရီ (ရသ္ဝိယလ္လာဟုအန်ဟု)က ဆင့်ပြန် ခဲ့သည်။ လူတစ်ဦးသည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိ ဝစလ္လမ်)ထံ လာရောက်၍ ကျွန်တော်မျိုး၏ အစီးအနင်းမှာ သေဆုံးသွား သဖြင့် ခရီးမသွားနိုင်ပါ။ သို့ဖြစ်၍ ကျွန်တော်မျိုးအား စီးနင်းစရာ ပေးတော် မူပါဟု လျှောက်ထားခဲ့သည်။ ကိုယ်တော်က ငါကိုယ်တော်၌မရှိပါဟု ပြော ကြားခဲ့သည်။ ထိုအခါ ပုဂ္ဂိုလ်တစ်ဦးက အို အလ္လာဟ်အရှင်မြတ်၏ ရစူလ် တမန်တော် ကျွန်တော်မျိုး သူ့ကို စီးနင်းစရာပေးမည့်သူထံ ညွှန်ပြလိုက်ပါ မည်ဟု လျှောက်ထားခဲ့သည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန် တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ ကောင်း မှုအား ညွှန်ပြပေးသူသည် ထိုကောင်းမှုအား ပြုလုပ်သူကဲ့သို့ပင် အကျိုး ကုသိုလ် ရရှိမည်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

လူတစ်ဦးသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံ လာရောက်၍ ကျွန်တော်မျိုး၏ အစီးအနင်းမှာ သေဆုံးသွားပါသည်။ သို့ ဖြစ်၍ ကျွန်တော်မျိုးအား အစီးအနင်းတစ်ခုအပေါ် တင်ပေးတော်မူပါ။ ကျွန်တော်မျိုး ခရီးသွားနိုင်ရန် အစီးအနင်းပေးတော်မူပါဟု လျှောက်ထားခဲ့ သည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိမိထံတွင် သူ့အားပေးရန် မည်သည့် အစီးအနင်းမျှမရှိတော့ကြောင်း ပြောကြားတော်မူ ခဲ့သည်။ ထိုအခါ ထိုနေရာတွင်ရှိနေသူတစ်ဦးက အို အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ကျွန်တော်မျိုး သူ့ကို စီးနင်းစရာပေးမည့်သူထံ ညွှန်ပြ လိုက်ပါမည်ဟု လျှောက်ထားခဲ့သည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ၎င်းသည် (အစီး အနင်း) လှူဒါန်းမည့်သူနှင့် အတူအကျိုးကုသိုလ်ရလိမ့်မည်ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် လိုအပ်နေသူ တစ်ဦး အား လမ်းညွှန်ပေးခဲ့သည့်အတွက် ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကောင်းမြတ်သည့်ကိစ္စများကို ညွှန်ကြားပြသရန် တိုက်တွန်းနှိုးဆော် ထားသည်။
2. ကောင်းမှုကိုဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်းသည် မွတ်စ်လင်မ် လူ့အဖွဲ့အစည်း စည်းလုံးညီညွတ်မှု၊ ပေါင်းစည်းမှု၏ အကြောင်းခံ တစ်ရပ်ဖြစ်သည်။
3. အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်သည် ကျယ်ဝန်းလှသည်။
4. ဤဟဒီးဆ်တော်သည် ယေဘူယျစည်းမျဉ်းဖြစ်ပြီး ယင်း၌ ကောင်းမှု အားလုံး အကျုံးဝင်သည်။

5. အကယ်၍ လူတစ်ဦးသည် မေးမြန်းလာသူ၊ တောင်းဆိုလာသူ တစ်ဦး ၏ ဆန္ဒကို မဖြည့်ဆည်းနိုင်လျှင် သူ့အား အခြားသူတစ်ဦးထံ လမ်းညွှန် ပေးရမည်။

(5354)

(33) – عن ابنِ عُمَرَ رضي الله عنهما قال: قال رسولُ الله صلَّى الله عليه وسلم: «مَن تَشَبَّهَ بِقَوْمٍ فَهُوَ مِنْهُمْ». [حسن] – [رواه أبو داود وأحمد]

(33) – အစ်ဗ်နုအုမရ် (ရဿိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အကြင်သူသည် လူအုပ်စုတစ်စုဖြင့် တူဆင်အောင် ပြုလုပ်ခဲ့လျှင် ၎င်းသည် ထိုအုပ်စုအနက်မှပင်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဟစန်အဆင့်ရှိသည်။] – [အဗူဒါဝူးဒ်ကျမ်း၊အဟ်မဒ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မည်သူမဆို ကာဖိရ်များ၊ အပြစ်ကျူးလွန်သူများနှင့်ဖြစ်စေ၊ သူမွန်သူမြတ်များနှင့်ဖြစ်စေ တူဆင်အောင်ပြုလုပ်ပါက ၎င်းသည် ထိုသူတို့အနက်မှပင်ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည်။ ဤသည် ၎င်းတို့နှင့်သာ သီးသန့်သက်ဆိုင်သည့် ယုံကြည်ချက်များ၊

ခဝပ်ကိုးကွယ်မှုများ၊ ဓလေ့ထုံးတမ်းများကိုအတုခိုး ဆောင်ရွက်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အပြင် ပန်း၌ ၎င်းတို့အားအတုခိုးခြင်းသည် အတွင်းပိုင်းဆိုင်ရာ၌ ၎င်းတို့အား အတုခိုးခြင်းဆီသို့ ဦးတည်စေသည်။ အုပ်စုတစ်စုအား အတုခိုးခြင်းသည် နှစ်သက်သဘောကျခြင်းကြောင့်သာ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ထိုအချက်က ပင် ၎င်းတို့အား ချစ်ခင်ခြင်း၊ ဂုဏ်ပေးခြင်းနှင့် ၎င်းတို့အပေါ် အားထားခြင်း ဆီသို့ ရောက်ရှိစေသည်မှာ သံသယဖြစ်ရန်ပင် မလိုပေ။ တစ်ခါတစ်ရံတွင် ဤအချက်သည် လူတစ်ယောက်အား ၎င်းအတုခိုးလိုက်သူများ၏ စိတ်နှလုံး သားဆိုင်ရာ ယုံကြည်ချက်များ၊ ခဝပ်ကိုးကွယ်မှုများကိုပါ အတုခိုးခြင်းဆီသို့ တွန်းပို့ပေးသည်။ ( အလ္လာဟ်အရှင်မြတ်ထံတော်တွင် ခိုလှုံပါ၏။)

**ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ**

1. ကာဖိရ်များ၊ အပြစ်ကျူးလွန်သူများအား အတုခိုးခြင်းကို သတိပေး တားမြစ်ထားသည်။
2. သူတော်ကောင်းတို့ကို အတုခိုးရန်နှင့် ၎င်းတို့အတိုင်းလျှောက်လှမ်းရန် တိုက်တွန်းထားသည်။
3. အပြင်ပိုင်းဆိုင်ရာ ကိစ္စများကို အတုခိုးခြင်းဖြင့် စိတ်တွင်း၌ ချစ်ခင်မှုကို ပေါ်ပေါက်စေသည်။
4. လူတစ်ဦးအနေဖြင့် မိမိအတုခိုးသည့် အတိုင်းအတာနှင့်

အမျိုးအစား ပေါ်မူတည်၍ အပြစ်ထိုက်မည်ဖြစ်သည်။

5. ဤတားမြစ်ချက်သည် ကာဖိရ် သွေဖည်ငြင်းပယ်သူများ၏ ဘာသာ ရေးနှင့် ၎င်းတို့နှင့်သာ သီးသန့်သက်ဆိုင်သည့် ဓလေ့ထုံးတမ်းများအား တုပဆောင်ရွက်ခြင်းနှင့်သာ သက်ဆိုင်သည်။ ထိုကိစ္စများနှင့် မသက် ဆိုင်သည့် စက်မှုလက်မှုအတတ်ပညာများကို သင်ယူခြင်းနှင့် အခြား အလားတူကိစ္စများသည် တားမြစ်ချက်ထဲတွင် မပါဝင်ပါ။

(5353)

(34) – عن عبد الله بن مسعود قال: قال رسول الله صلى الله عليه وسلم: «هَلَكَ الْمُتَنَطِّعُونَ» قالها ثلاثًا. [صحيح] - [رواه مسلم]

(34) – အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့ သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)က အစွန်းရောက်သူများ ပျက်စီးပါစေဟု သုံးကြိမ်တိုင်တိုင် မိန့် တော်မူခဲ့သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

အသိပညာနှင့် လမ်းမှန်တရားပေါ်တွင်မရှိဘဲ အစွန်းရောက်သူများသည် ၎င်းတို့၏ စကားများ၊ လုပ်ရပ်များ၊

လောကီရေး၊ သာသနာရေးကိစ္စတို့တွင်
ပျက်ဆီးဆုံးရှုံးမည်ဖြစ်ကြောင်းနှင့် ကိုယ်တော်မြတ် (ဆွလ္လလ္လာဟု
အလိုင်း ဟိဝစလ္လမ်)ယူဆောင်လာသော ရှရီအဟ်တရားတော်၏
ကန့်သတ်ချက် များကို ချိုးဖေါက်သူများသည်လည်း
ပျက်ဆီးဆုံးရှုံးမည်ဖြစ်ကြောင်းကို တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က အသိပေးမိန့်ကြား တော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. မည်သည့်ကိစ္စတွင်မဆို အစွန်းရောက်ခြင်း၊ အတိုင်းထက်အလွန် ပြု ခြင်းတို့ကို တားမြစ်ထားပြီး ကိစ္စတိုင်းတွင် ထိုလုပ်ရပ်မျိုးမှ ရှောင်ကြဉ် ရန် တိုက်တွန်းနှိုးဆော်ထားသည်။ အထူးသဖြင့် ခဝပ်ကိုးကွယ်မှု များနှင့် သူတော်စင် သူတော်ကောင်းတို့အား ကြည်ညိုရာတွင် အစွန်း ရောက်ခြင်းမှ ရှောင်ကြဉ်ရမည်။
2. ခဝပ်ကိုးကွယ်မှုတွင်ဖြစ်စေ၊ အခြားကဏ္ဍများတွင်ဖြစ်စေ ကောင်းမွန် ပြည့်စုံစွာ ဆောင်ရွက်ခြင်းသည် ချီးမွမ်းထိုက်သည့် ကိစ္စဖြစ်သည်။ ထိုသို့ပြည့်စုံမှုသည် ရှရီအဟ်တရားတော်နှင့် ကိုက်ညီမှသာ ရရှိနိုင်မည် ဖြစ်သည်။
3. အရေးကြီးသော ကိစ္စရပ်အား တိကျသေချာအောင် ပြုခြင်းသည် (မွတ်စ်သဟာဗ်) ကောင်းမွန်သည့်လုပ်ရပ် ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် တမန်တော်

(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အထက် ပါစကားအား သုံးကြိမ်မိန့်ကြားတော်မူခဲ့သည်။

4. အစ္စလာမ်သည် လွယ်ကူသော သာသနာဖြစ်ကြောင်း ဖော်ပြထားသည်။

(3420)

(35) – عَنْ عَبْدِ اللهِ بْنِ عَمْرِو بْنِ الْعَاصِ رضي الله عنهما قَالَ: سَمِعْتُ رَسُولَ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ يَقُولُ: «كَتَبَ اللهُ مَقَادِيرَ الْخَلَائِقِ قَبْلَ أَنْ يَخْلُقَ السَّمَاوَاتِ وَالْأَرْضَ بِخَمْسِينَ أَلْفَ سَنَةٍ، قَالَ: وَعَرْشُهُ عَلَى الْمَاءِ». [صحيح] - [رواه مسلم]

(35) – အဗ်ဒုလ္လာဟ်ဗင်န် အမ်ရ် ဗင်န်အာဆွ် (ရသ္ဍိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီအား မဖန်ဆင်း မီအလျင် နှစ်ပေါင်းငါးသောင်းကပင် အဖန်ဆင်းခံများ၏ သက္ကဒီရ် သတ် မှတ်ချက်များကို ရေးဆွဲတော်မူခဲ့သည်။ ကိုယ်တော်က မိန့်တော်မူသည်မှာ- အရှင်မြတ်၏(အရ်ရှ်)ပလ္လင်တော်သည် ရေပေါ်၌ရှိတော်မူ၏။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်မှာ အလ္လာဟ်အရှင်မြတ်သည် အဖန်ဆင်းခံများ၏ ရှင်ခြင်း၊သေခြင်း၊ စားနပ်ရိက္ခာအပြင် ၎င်းတို့နှင့်သက်ဆိုင်သည့် အရေးကိစ္စအဝဝကို မိုး ကောင်းကင်များနှင့် မြေပထဝီအားမဖန်ဆင်းမီ နှစ်ပေါင်း၅၀၀၀၀ အလျှင် ကပင် 'လောင်ဟိမဟ်ဖူဇ်' သင်ပုန်းပေါ်တွင် အသေးစိတ် သတ်မှတ်ရေးဆွဲ တော်မူခဲ့သည်။ ထိုသတ်မှတ်ရေးဆွဲထားသည့် ကိစ္စများသည် အလ္လာဟ် အရှင်မြတ်၏ အလိုတော်နှင့်အညီ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ဖြစ်ပေါ်လာ သည့် ကိစ္စတိုင်းသည် အလ္လာဟ်အရှင်မြတ်၏သတ်မှတ် ဆုံးဖြတ်ချက်အရ သာ ဖြစ်ပေါ်ရခြင်းဖြစ်သည်။ လူသားထံ ဆိုက်ရောက်ရန် သတ်မှတ်ထား သောအရာသည် ၎င်းထံမှ လွဲဖယ်သွားမည်မဟုတ်သလို ၎င်းထံမဆိုက် ရောက်ရန် သတ်မှတ်ထားသောအရာသည်လည်း မှားယွင်း၍ ဆိုက်ရောက် လာမည်မဟုတ်ပေ။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. 'သက္ကဒီရ်' သတ်မှတ်ချက်အပေါ် အီမာန်သက်ဝင်ယုံကြည်ရန် အရေး ကြီးသည်။
2. 'သက္ကဒီရ်'ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းကို

ကြို တင်သိရှိထားတော်မူပြီး ထိုသို့သိထားသည့်အတိုင်း ရေးဆွဲသတ်မှတ် တော်မူကာ

3. ၎င်းတို့ကို မိမိအလိုတော်နှင့်အညီ ဖန်ဆင်းတော်မူကြောင်း သက်ဝင် ယုံကြည်ခြင်းဖြစ်သည်။
4. မိုးကောင်းကင်များနှင့် မြေပထဝီအား မဖန်ဆင်းမီကပင် 'သက္ကဒီရ်' သတ်မှတ်ချက်အား ရေးဆွဲတော်မူပြီးဖြစ်ကြောင်း အီမာန်သက်ဝင်ယုံ ကြည်ခြင်းသည် ကျေနပ်နှစ်သက်မှုနှင့် နာခံမှုတို့ကို ဖြစ်ပေါ်စေသည်။
5. မိုးကောင်းကင်များနှင့် မြေပထဝီအား မဖန်ဆင်းမီကပင် အလ္လာဟ် အရှင်မြတ်၏(အရ်ရှ်) ပလ္လင်တော်သည် ရေပေါ်၌ရှိသည်။

(65038)

(36) – عَنْ عَبْدِ اللَّهِ بْنِ مَسْعُودٍ رَضِيَ اللَّهُ عَنْهُ: حَدَّثَنَا رَسُولُ اللَّهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ وَهُوَ الصَّادِقُ المَصْدُوقُ: «أَنَّ خَلْقَ أَحَدِكُمْ يُجْمَعُ فِي بَطْنِ أُمِّهِ أَرْبَعِينَ يَوْمًا وَأَرْبَعِينَ لَيْلَةً، ثُمَّ يَكُونُ عَلَقَةً مِثْلَهُ، ثُمَّ يَكُونُ مُضْغَةً مِثْلَهُ، ثُمَّ يُبْعَثُ إِلَيْهِ المَلَكُ، فَيُؤْذَنُ بِأَرْبَعِ كَلِمَاتٍ، فَيَكْتُبُ: رِزْقَهُ وَأَجَلَهُ وَعَمَلَهُ وَشَقِيٌّ أَمْ سَعِيدٌ، ثُمَّ يَنْفُخُ فِيهِ الرُّوحَ، فَإِنَّ أَحَدَكُمْ لَيَعْمَلُ بِعَمَلِ أَهْلِ الجَنَّةِ حَتَّى لاَ يَكُونُ بَيْنَهَا وَبَيْنَهُ إِلَّا ذِرَاعٌ، فَيَسْبِقُ عَلَيْهِ الكِتَابُ، فَيَعْمَلُ بِعَمَلِ أَهْلِ النَّارِ فَيَدْخُلُ النَّارَ، وَإِنَّ أَحَدَكُمْ لَيَعْمَلُ بِعَمَلِ أَهْلِ النَّارِ حَتَّى مَا يَكُونُ بَيْنَهَا وَبَيْنَهُ إِلَّا ذِرَاعٌ، فَيَسْبِقُ عَلَيْهِ الكِتَابُ، فَيَعْمَلُ عَمَلَ أَهْلِ الجَنَّةِ فَيَدْخُلُهَا». [صحيح] - [متفق عليه]

(36) – အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူဒ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့ သည်။ ၎င်းကပြောသည်မှာ ကျွန်တော်တို့အား အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်။ ထိုတမန်တော်သည် မှန်ကန်သူ၊ မှန်ကန်သည်ဟု ထောက်ခံခြင်း ခံရသူဖြစ်သည်။ ကိုယ်တော်ကမိန့်ကြားတော်မူသည်။ အသင်တို့အနက် တစ်ဦး တစ်ယောက်သည်မိခင်၏ ဝမ်းဗိုက်ထဲ၌ ပေါင်းစည်းခံရပြီးနောက် စတင် သန္ဓေတည်သည့်အခါတွင်'နုသ်ဖဟ်'ကလလရည်ကြည်အဖြစ်ရက်ပေါင်း (၄၀) ကြာမြင့်သည်။ ထို့နောက်သွေးခဲအဖြစ် အလားတူကာလ(ရက်ပေါင်း လေးဆယ်)ရှိနေသည်။ထို့နောက် အသားတုံးအဖြစ် အလားတူကာလ (ရက် ပေါင်း လေးဆယ်)ရှိနေသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ကောင်း ကင်တမန်တစ်ပါးကို စေလွှတ်တော်မူပြီး အချက်(၄)ချက်ကို (ရေးမှတ်ရန်) အမိန့်ပေးခဲ့သည်။ ထို့ကြောင့် ကောင်းကင်တမန်က ထိုသူ၏ရိဇ္ဇ္ခာ၊ ထိုသူ၏ သက်တမ်း၊ ထိုသူ၏ကျင့်ဆောင်မှုနှင့် ထိုသူသည်လူဆိုးဖြစ်မည် သို့မဟုတ် လူကောင်းဖြစ်မည် စသည်တို့ကိုရေးမှတ်လိုက်သည်။ ထို့နောက် ကောင်းကင်တမန်သည် ၎င်းထဲသို့ဝိညာဉ်မှုတ်သွင်းလိုက်သည်။ သို့ဖြစ်၍ အသင်တို့ အနက် ပုဂ္ဂိုလ်တစ်ဦးသည် ဂျန္နသ်သုခဘုံသားတို့၏ (ကောင်းမြတ်သည့်) လုပ်ရပ်များကို ဆောင်ရွက်ရင်း ၎င်းနှင့်

သုခဘုံ၏အကြား တစ်တောင်မျှသာ လိုတော့သည်။ သို့သော် ၎င်းအပေါ်ရေးမှတ်ထားသည့် သက္ကဒီရ် သတ်မှတ်ချက်သည် ရှေ့ကိုရောက်ပြီးဖြစ်သောကြောင့် ၎င်းသည်ငရဲဘုံ သားတို့၏ လုပ်ရပ်အား လုပ်ဆောင်လိုက်သည်။ ထို့ကြောင့် ၎င်းသည် ငရဲဘုံ သို့ဝင်ရောက်ရသည်။ ထို့အပြင်ပုဂ္ဂိုလ်တစ်ဦးသည် ငရဲဘုံသားတို့၏ (မကောင်းသည့်) လုပ်ရပ်များအား လုပ်ဆောင်ကာ ၎င်းနှင့်ငရဲဘုံကြား၌ တစ်တောင်မျှသာလိုတော့သည်။ ထိုအချိန် သက္ကဒီရ် သတ်မှတ်ချက်သည် ရှေ့ကိုရောက်ပြီးဖြစ်သည့်အတွက် ၎င်းသည်သုခဘုံသားတို့၏ အမလ် ကောင်းမှုကို ဆောင်ရွက်လိုက်ပြီး ဂျန္နသ်သုခဘုံကို ဝင်ရောက်ရသည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

အိဗ်နုမတ်စ်အူဒ် (ရသွိယလ္လာဟုအန်ဟု)က ပြောပြခဲ့သည်မှာ ကျွန်တော်တို့အား အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်။ ထိုတမန်တော်မြတ်သည် စကားပြောဆိုရာတွင် မှန်ကန်သူဖြစ်ပြီး၊ အလ္လာဟ်အရှင်မြတ်က ထောက်ခံ ထားသဖြင့် ကိုယ်တော်သည် ထောက်ခံခြင်းခံရသူလည်းဖြစ်သည်။ ကိုယ်တော်ကမိန့်ကြားတော်မူသည့် “အသင်တို့အနက်

တစ်ဦးတစ်ယောက်သည် မိခင်၏ဝမ်းဗိုက်ထဲ၌
ပေါင်းစည်းခံရသည်”ဆိုသည့်မှာ အမျိုးသားသည် မိမိ
၏ဇနီးနှင့်ပေါင်းသင်းပြီးနောက် သီးခြားရှိနေသော
မနီသုက်ရည်သည်ပေါင်း စည်းသွားခြင်းဖြစ်ပြီး ၎င်းသည်
အမျိုးသမီးထဲတွင်ရက်(၄၀) ကလလ ရည်ကြည်အဖြစ်
သန္ဓေတည်နေသည်။ ထို့နောက် (အလကဟ်)သွေးခဲ ဖြစ် သွားသည်။
သွေးခဲသည် ဒုတိယရက်(၄၀)၌ဖြစ်ပေါ်လာသည်။ ၎င်းနောက် (မွဒ်ဂဟ်)
ဝါးစားနိုင်လောက်သော အရွယ်အစားရှိသည့် အသားတုံးဖြစ်သွား သည်။
ဤသည် တတိယရက်(၄၀)၌ ဖြစ်ပေါ်လာသည်။ ထို့နောက်
အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန်တော်တစ်ပါးကို ၎င်းထံ စေ
လွှတ်တော်မူခဲ့ပြီး ထိုကောင်းကင်တမန်က တတိယရက်(၄၀) ပြည့်ပြီး
နောက် ၎င်းထဲသို့ဝိညာဉ်မှုတ်သွင်းလိုက်သည်။ ထို့နောက်
ယင်းကောင်းကင် တမန်သည် အချက်(၄)ချက်ကိုရေးမှတ်ရန်
အမိန့်ပေးခြင်းခံရ၏။ ၎င်းတို့မှာ (၁) ထိုသူ၏ရိဇ်ကွာ၊ ဤသည် ၎င်း၏
သက်တမ်းတလျှောက်လုံး၌ ရရှိမည့် စည်းစိမ်အတိုင်းအတာဖြစ်သည်။
(၂) ထိုသူ၏သက်တမ်း၊ ဤသည် ၎င်းသူ လောက၌ နေထိုင်ရမည့်
အချိန်ကာလဖြစ်သည်။ (၃) ထိုသူ၏ကျင့်ဆောင်မှု မည်သို့ရှိမည်၊
(၄)ထိုသူသည် လူဆိုးဖြစ်မည်လော သို့မဟုတ် လူကောင်း ဖြစ်မည်လော
စသည်တို့ဖြစ်သည်။ ထို့နောက် ကိုယ်တော်သည် ကျိန်ဆို၍

ပြောကြားတော်မူသည်မှာ  ပုဂ္ဂိုလ်တစ်ဦးသည် ဂျန္နသ်သုခဘုံသားတို့၏ လုပ်ရပ်များကို ဆောင်ရွက်သည်။ ၎င်း၏ လုပ်ရပ်များသည် လူတို့၏ အမြင်၌ ကောင်းမြတ်သည့် အမလ်ကျင့်ဆောင်မှုများအဖြစ် မြင်တွေ့ရသည်။ ၎င်းသည် ဤအတိုင်းပင်ဆက်လက် ကျင့်ဆောင်နေရာ သူနှင့် သုခဘုံ ၏အကြား တစ်တောင်မျှသာလိုတော့သည်။ ဆိုလိုသည်မှာ သူသည် ဂျန္နသ် သို့ရောက်ရှိရန်မည်မျှပင်ကျန်တော့သည်ဆိုလျှင် မြေကွက်တစ်ခုသို့ရောက် ရှိရန် တစ်တောင်ခန့်သာ လိုသောသူနှင့်ပမာတူပေသည်။ ထိုအခါ၎င်း အတွက် ကြိုတင်ရေးမှတ်ထားသည့် သက္ကဒီရ်သတ်မှတ်ချက်က ၎င်းအပေါ် လွှမ်းမိုးသွားပြီး ၎င်းသည်ငရဲဘုံသားတို့၏လုပ်ရပ်အား လုပ်ဆောင်လိုက်ကာ ထိုအပေါ်၌ပင် ဘဝနိဂုံးချုပ်သွားသဖြင့် ဂျဟန္နမ်သို့ရောက်ရှိသွားသည်။ အမလ်ကျင့်ဆောင်မှုတစ်ခု လက်ခံခြင်းခံရရန်အတွက် စည်းကမ်းချက် တစ်ခုမှာ ယင်းကျင့်ဆောင်မှုအပေါ်၌ မပြောင်းလဲဘဲ စွဲမြဲစွာရှိနေရမည် ဖြစ် သည်။ အခြားတစ်ဦးသည် ဂျဟန္နမ်ငရဲဘုံသားတို့၏ မကောင်းသော လုပ်ရပ်တို့ကို ပြုမူလုပ်ကိုင်ရင်း ဂျဟန္နမ်သို့ ကျရောက်လုနီးပါးဖြစ်သွားသည်။ ထိုသူနှင့်ဂျဟန္နမ်၏အကြား၌ မြေတစ်တောင်ခန့်သာ လိုတော့သည့်အလား နီးကပ်သွားသည်။ ထိုအခါ ၎င်းအတွက် ကြိုတင်ရေးမှတ်ထားသော သက္ကဒီရ် သတ်မှတ်ချက်သည်

၎င်းအပေါ်လွှမ်းမိုးသွားပြီး ၎င်းသည်ဂျန္နသ် သုခဘုံသားတို့၏ လုပ်ရပ်အား လုပ်ဆောင်လိုက်ကာ ဂျန္နသ်သုခဘုံသို့ ရောက်ရှိသွားသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကိစ္စတိုင်း၏ နောက်ဆုံးရလဒ်သည် အရှင်မြတ်၏ ကြိုတင်ဆုံးဖြတ် ချက်နှင့် သက္ကဒီရ်သတ်မှတ်ချက်ဘက်သို့သာ ပြန်လှည့်သွားသည်။
2. အမလ်ဆောင်ရွက်ချက်များ၏ ပုံသဏ္ဍာန်ကိုကြည့်ကာ လှည့်စားခံရ ခြင်းမှ သတိပေးထားသည်။ အမလ်ဆောင်ရွက်မှုများသည် နိဂုံးပေါ် တွင် မူတည်သည်။

(65037)

(37) – عن ابن مسعود رضي الله عنه قال: قال النبي صلى الله عليه وسلم: «الْجَنَّةُ أَقْرَبُ إِلَى أَحَدِكُمْ مِنْ شِرَاكِ نَعْلِهِ، وَالنَّارُ مِثْلُ ذَلِكَ». [صحيح] - [رواه البخاري]

(37) – အိဗ်နုမတ်စ်အူဒ်(ရသ္ဒိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဂျန္နသ် သုခဘုံသည် အသင်တို့အနက် တစ်ဦးတစ်ယောက်၏ ဖိနပ်သဲကြိုးထက်ပင် ၎င်းနှင့် ပို၍နီးကပ်သည်။ ဂျဟန္နမ်ငရဲဘုံသည်လည်း ထိုအတိုင်းပင် ဖြစ် သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်။ ဧကန်အမှန်ပင် ဂျန္နသ်သုခဘုံနှင့် ဂျဟန္နမ်ငရဲဘုံသည် လူသားနှင့် သူ ၏ခြေထောက်ပေါ်တွင်ရှိသော ဖိနပ်သဲကြိုးထက်ပင်ပို၍ နီးကပ်သည်။ အဘယ့်ကြောင့်ဆိုသော် လူသားသည် တစ်ခါတစ်ရံတွင် အလ္လာဟ်အရှင် မြတ်နှစ်သက်သည့်ကောင်းမှုကို ဆောင်ရွက်လိုက်ပြီး ထိုကောင်းမှုကြောင့် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ခွင့်ရသွားသည်။ တစ်ခါတစ်ရံတွင် မကောင်းမှု ကို ကျူးလွန်လိုက်ပြီး ထိုမကောင်းမှုသည် ဂျဟန္နမ်ငရဲသို့ ကျရောက်ရန် အကြောင်းခံဖြစ်သွားတတ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကောင်းမှုသည် နည်းပါးသည်ဖြစ်စေ ပြုလုပ်ရန်တိုက်တွန်းနှိုးဆော် ထားပြီး မကောင်းမှုသည် နည်းပါးသည်ဖြစ်စေ ရှောင်ကြည်ရန် သတိ ပေးထားသည်။
2. မွတ်စလင်မ်တစ်ဦး ဘဝသက်တမ်းတွင် မျှော်လင့်ချက်နှင့် စိုးရိမ်မှုနှစ်ခု စလုံးရှိနေရန် လိုအပ်သည်။ ထို့အတူ အမှန်တရားပေါ်တွင် တည်ကြည် ဖြောင့်မတ်စွာ ရပ်တည်နိုင်ရန်နှင့် ထိုအခြေအနေပေါ်မှ မယိမ်းယိုင်သွား စေရန်အတွက် အလ္လာဟ်အရှင်မြတ်ထံတော်တွင်

အမြဲဒုအာတောင်းခံ နေရမည်ဖြစ်သည်။

(3581)

(38) – عن أبي هريرة رضي الله عنه أن رسول الله صلى الله عليه وسلم قال: «حُجِبَتِ النَّارُ بِالشَّهَوَاتِ، وَحُجِبَتِ الْجَنَّةُ بِالْمَكَارِهِ». [صحيح] - [رواه البخاري]

(38) – အဗူဟုရိုင်ရဟ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဂျဟန္နမ်ငရဲအား စိတ်အလိုရမ္မက်များဖြင့် ဖုံးအုပ်ထားပြီး ဂျန္နသ်သုခဘုံအား မနှစ်မြို့ဖွယ်ရာများဖြင့် ဖုံးအုပ်ထားသည်။ [ဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူခဲ့ သည်။ ကေန်အမှန်ပင် ဂျဟန္နမ်ငရဲအား စိတ်အလိုရမ္မက်များဖြစ်သည့် ဟရာမ်တားမြစ်ချက်များကို ကျူးလွန်ခြင်း၊ ဖရ်သ္ဒ်တာဝန်များကို ပေါ့ လျော့ခြင်းစသည့်အရာများဖြင့် ဝန်းရံထားသည်။ ထို့ကြောင့် မည်သူမဆို စိတ်အလိုရမ္မက်နောက်သို့ လိုက်ပါက ဂျဟန္နမ်ငရဲသို့ ကျရောက်မည် ဖြစ်သည်။ ထို့အတူ ဂျန္နသ်သုခဘုံအား စိတ်မနှစ်မြို့ဖွယ်ရာများဖြစ်သည့်

သာသနာ့အမိန့်များအပေါ် စွဲစွဲမြဲမြဲလိုက်နာကျင့်သုံးခြင်း၊ ဟရာမ် တားမြစ် ချက်များကို ရှောင်ကြဉ်ခြင်း ၎င်းတို့အပေါ်သည်းခံခြင်း စသည့်အရာများ ဖြင့် ဝန်းရံထားသည်။ ထို့ကြောင့် လူတစ်ဦးသည် ထိုအချက်များအပေါ် မိမိ၏စိတ်ကို ဂျိဟာဒ်ပြုပါက ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. စိတ်ရိုင်းအလိုရမ္မက်များတွင် ကျရောက်ရသည့် အဓိက အကြောင်း ရင်းမှာ ရှိုင်သွာန်မိစ္ဆာသည် မကောင်းသောအရာများနှင့် စက်ဆုပ်ရွံရှာ ဖွယ်ရာတို့အား လူသား၏စိတ်ထဲတွင် ကောင်းမွန်သည်ဟု အထင် ရောက်စေရန်နှင့် ထိုဘက်သို့ ယိမ်းယိုင်လာစေရန် တန်ဆာဆင်ပေး သည့်အတွက် ဖြစ်သည်။
2. တားမြစ်ထားသည့် စိတ်အလိုရမ္မက်များသည် ဂျဟန္နမ်ငရဲဘုံသို့ ရောက်ရှိစေသည့် လမ်းဖြစ်သည့်အတွက် ရှောင်ကြဉ်ရမည်။ ထို့အတူ စိတ်မနှစ်မြို့ဖွယ်ရာများသည် ဂျန္နသ်သုခဘုံသို့ ရောက်စေသည့် လမ်း ဖြစ်သည့်အတွက် ထိုအပေါ် သည်းခံရမည်။
3. 'နဖ်စ်' စိတ်ရိုင်းဖြင့် ဂျိဟာဒ်ပြုခြင်း၊ အိဗာဒသ်ပြုရန် ကြိုးစားအား ထုတ်ခြင်း၊ အမိန့်နာခံမှု၌ရှိနေသော အခက်အခဲများ၊ စိတ်မနှစ်မြို့ဖွယ် ရာများအပေါ်သည်းခံခြင်း၏

မွန်မြတ်မှုကို ဖော်ပြထားသည်။

(3702)

(39) – عَنْ أَبِي هُرَيْرَةَ رضي الله عنه عَنْ رَسُولِ اللَّهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ قَالَ: «لَمَّا خَلَقَ اللَّهُ الْجَنَّةَ وَالنَّارَ أَرْسَلَ جِبْرِيلَ عَلَيْهِ السَّلَامُ إِلَى الْجَنَّةِ، فَقَالَ: انْظُرْ إِلَيْهَا وَإِلَى مَا أَعْدَدْتُ لِأَهْلِهَا فِيهَا. فَنَظَرَ إِلَيْهَا فَرَجَعَ، فَقَالَ: وَعِزَّتِكَ لَا يَسْمَعُ بِهَا أَحَدٌ إِلَّا دَخَلَهَا. فَأَمَرَ بِهَا فَحُفَّتْ بِالْمَكَارِهِ، فَقَالَ: اذْهَبْ إِلَيْهَا فَانْظُرْ إِلَيْهَا وَإِلَى مَا أَعْدَدْتُ لِأَهْلِهَا فِيهَا. فَنَظَرَ إِلَيْهَا، فَإِذَا هِيَ قَدْ حُفَّتْ بِالْمَكَارِهِ، فَقَالَ: وَعِزَّتِكَ لَقَدْ خَشِيتُ أَنْ لَا يَدْخُلَهَا أَحَدٌ. قَالَ: اذْهَبْ فَانْظُرْ إِلَى النَّارِ وَإِلَى مَا أَعْدَدْتُ لِأَهْلِهَا فِيهَا. فَنَظَرَ إِلَيْهَا فَإِذَا هِيَ يَرْكَبُ بَعْضُهَا بَعْضًا، فَرَجَعَ فَقَالَ: وَعِزَّتِكَ لَا يَدْخُلُهَا أَحَدٌ. فَأَمَرَ بِهَا فَحُفَّتْ بِالشَّهَوَاتِ، فَقَالَ: ارْجِعْ فَانْظُرْ إِلَيْهَا. فَنَظَرَ إِلَيْهَا فَإِذَا هِيَ قَدْ حُفَّتْ بِالشَّهَوَاتِ، فَرَجَعَ وَقَالَ: وَعِزَّتِكَ لَقَدْ خَشِيتُ أَنْ لَا يَنْجُوَ مِنْهَا أَحَدٌ إِلَّا دَخَلَهَا». [حسن] - [رواه أبو داود والترمذي والنسائي]

(39) – အဗူဟူရိုင်ရဟ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် ဂျန္နသ်နှင့် ဂျဟန္နမ်ကို ဖန်ဆင်းတော်မူပြီးနောက် ဂျစ်ဗ်ရီလ်(عَلَيْهِ السَّلَامُ)အား ဂျန္နသ်သို့စေလွှတ် တော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်က မိန့်တော်မူသည်မှာ အသင်သည် ဂျန္နသ်သုခဘုံနှင့် ၎င်းထဲ၌ သုခဘုံသားတို့အတွက် ပြင်ဆင်ထားသောအရာ များကို ကြည့်ရှုလော့။ သို့ဖြစ်၍ ဂျစ်ဗ်ရီလ်(عَلَيْهِ السَّلَامُ)သည် ၎င်းတို့အား ကြည့်ရှုပြီး

ပြန်လာခဲ့သည်။ ထို့နောက် ၎င်းက လျှောက်ထားသည်မှာ အရှင့်
ဂုဏ်သိက္ခာတော်ကိုကျိန်ဆို၍ ပြောဆိုပါသည်။ မည်သူမဆို ထိုဂျန္နသ်
သုခဘုံအကြောင်း ကြားသိခဲ့ပါက မုချဝင်ရောက်မည်ပင်ဖြစ်သည်။
ထိုအခါ အလ္လာဟ်အရှင်မြတ်က ၎င်းဂျန္နသ်အား မနှစ်မြို့ဖွယ်ရာများနှင့်
ဝန်းရံထား ရန် အမိန့်ပေးတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်က
အသင်ဂျန္နသ်သို့ သွားရောက်၍ ဂျန္နသ်သုခဘုံနှင့် ၎င်းထဲ၌
သုခဘုံသားတို့အတွက် ပြင်ဆင် ထားသောအရာများကို ကြည့်ရှုလော့ဟု
မိန့်ကြားတော်မူသည်။ ထိုအခါ ဂျစ်ဗ်ရီလ် (عَلَيْهِ السَّلَامُ)က ဂျန္နသ်သုခဘုံကို
ကြည့်ရှုရာ မနှစ်မြို့ဖွယ်ရာများ ဖြင့် ဝန်းရံခြင်းခံထားရသည်ကို
မြင်တွေ့ခဲ့သည်။ ထိုအခါ ၎င်းက လျှောက် ထားသည်မှာ
အရှင့်ဂုဏ်သိက္ခာတော်ကို ကျိန်ဆို၍ ပြောဆိုပါသည်။ ထို
ဂျန္နသ်အားမည်သူမျှပင် မဝင်ရောက်နိုင်တော့မည်ကို ကျွန်တော်မျိုး
စိုးရိမ်မိ ပါသည်။ ထို့နောက် အရှင်မြတ်ကမိန့်တော်မူသည်မှာ
အသင်သည် ဂျဟန္နမ် ငရဲဘုံနှင့် ၎င်းထဲ၌ ငရဲသားတို့အဖို့
ပြင်ဆင်ထားသောအရာများကို သွား ရောက်ကြည့်ရှုလော့။ ထိုအခါ
ဂျိဗ်ရီလ် (عَلَيْهِ السَّلَامُ)သည် ဂျဟန္နမ်ငရဲဘုံကို ကြည့်ရှု့ခဲ့ရာ
၎င်းမှမီးတောက်မီးလျှံများ လွင့်ဖြာထွက်နေသည်ကို မြင်တွေ့ခဲ့သည်။
ထို့နောက်ဂျိဗ်ရီလ်(عَلَيْهِ السَّلَامُ)ကပြန်လာ၍ လျှောက်ထားသည်မှာ
အရှင့်ဂုဏ်သိက္ခာတော်ကိုကျိန်ဆို၍ပြောဆိုပါသည်။

ထိုဂျဟန္နမ်ငရဲဘုံအား မည်သူမျှ ဝင်ရောက်လိမ့်မည်မဟုတ်ပါ။ ထိုအခါအလ္လာဟ်အရှင်မြတ်က ၎င်းဂျဟန္နမ်အား စိတ်အလိုရမ္မက်များဖြင့် ဝန်းရံထားရန်အမိန့်ပေးတော်မူ ခဲ့သည်။ ထို့နောက်အလ္လာဟ်အရှင်မြတ်က အသင်ဂျဟန္နမ်အား ပြန်သွား ကြည့်လော့ဟုမိန့်တော်မူသည်။ထိုအခါ ဂျိဗ်ရီလ်(عَلَيْهِ السَّلَامُ)က ဂျဟန္နမ် ကိုကြည့်ရှုခဲ့ရာ ၎င်းသည် စိတ်အလိုရမ္မက်များဖြင့် ဝန်းရံခြင်းခံထားရသည် ကို တွေ့ရှိခဲ့သည်။ ထို့နောက်ပြန်လာ၍ လျှောက်ထားသည်မှာ အရှင့်ဂုဏ် သိက္ခာတော်ကို ကျိန်ဆို၍ ပြောဆိုပါသည်။ ဂျဟန္နမ်မှ မည်သူမျှ မလွတ် မြောက်နိုင်ဘဲ ဝင်ရောက်ကြမည်ကို ကျွန်တော်မျိုးစိုးရိမ်မိပါသည်။ [ဤဟဒီးဆ်သည် ဟစန်အဆင့်ရှိသည်။] – [အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီ၊ နစာအီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်မှာ အလ္လာဟ်အရှင်မြတ်သည် ဂျန္နသ်နှင့် ဂျဟန္နမ်ကို ဖန်ဆင်းတော်မူ ပြီးနောက် ဂျစ်ဗ်ရီလ်(عَلَيْهِ السَّلَامُ)အား သင်သည် ဂျန္နသ်သို့သွားရောက် ကြည့် ရှုလော့ဟု မိန့်ကြားတော်မူခဲ့သည်။ သို့ဖြစ်၍ ဂျစ်ဗ်ရီလ်(عَلَيْهِ السَّلَامُ)သည် ဂျန္နသ်အားသွားရောက်ကြည့်ရှုကာ ပြန်လာခဲ့သည်။ ၎င်းနောက် အရှင်မြတ် အား လျှောက်ထားသည်မှာ အရှင်မြတ်၏

ဂုဏ်သိက္ခာတော်ကိုကျိန်ဆို၍ ပြောဆိုပါသည်။ တစ်စုံတစ်ယောက်သည် ဂျန္နသ်၌ရှိသော စည်းစိမ်များ၊ မွန်မြတ်မှုများနှင့် ကောင်းခြင်းများကို ကြားသိခဲ့ပါက မုချဝင်ရောက်လိုမည် ဖြစ်ပြီး ဂျန္နသ်ရရှိရန် ကျင့်ကြံအားထုတ်မည်ဖြစ်သည်။ ထိုအခါ အလ္လာဟ် အရှင်မြတ်က ၎င်းဂျန္နသ်အား စိတ်မနှစ်မြို့ဖွယ်ရာများ၊ အမိန့်နာခံခြင်းနှင့် တားမြစ်ချက်များမှ ရှောင်ကြဉ်ခြင်းကဲ့သို့ ခက်ခဲသည့် ကျင့်ဆောင်မှုများဖြင့် ဝန်းရံတော်မူခဲ့သည်။ သို့ဖြစ်၍ ဂျန္နသ်သို့ ဝင်ရောက်လိုသူတိုင်းသည် ထိုစိတ်မနှစ်မြို့ဖွယ်ရာများကို ဖြတ်ကျော်ရမည်သာဖြစ်သည်။ အရှင်မြတ် က ဂျန္နသ်အား မနှစ်မြို့ဖွယ်ရာများဖြင့် ဝန်းရံတော်မူပြီးနောက် အို- ဂျစ်ဗ် ရီလ် အသင်ဂျန္နသ်သို့သွားရောက် ကြည့်ရှုလော့ဟု မိန့်ကြားတော်မူသည်။ ထိုအခါ ဂျစ်ဗ်ရီလ်( عَلَيْهِ السَّلَامُ)သည် ဂျန္နသ်အားသွားရောက်ကြည့်ရှုကာ ပြန် လာခဲ့သည် ၎င်းနောက် အရှင်မြတ်အား လျှောက်ထားသည်မှာ အရှင့်ဂုဏ် သိက္ခာတော်ကိုကျိန်ဆို၍ ပြောဆိုပါသည်။ ဂျန္နသ်သွားမည့် လမ်းတွင်ရှိသော ခက်ခဲပင်ပန်းမှုများကြောင့် ဂျန္နသ်အားမည်သူမျှပင် မဝင်ရောက်နိုင် တော့မည်ကို ကျွန်တော်မျိုး စိုးရိမ်မိပါသည်။ ၎င်းနောက် အရှင်မြတ်သည် ဂျဟန္နမ်ကို ဖန်ဆင်းတော်မူပြီးနောက် အို- ဂျစ်ဗ်ရီလ် သင်သည် ဂျဟန္နမ်သို့ သွားရောက်ကြည့်ရှုလော့ဟု မိန့်ကြားတော်မူခဲ့သည်။ သို့ဖြစ်၍ ဂျစ်ဗ်ရီလ် (عَلَيْهِ السَّلَامُ)သည်

ဂျဟန္နမ်အား သွားရောက်ကြည့်ရှုကာ ပြန်လာခဲ့သည်။ ၎င်းနောက် အရှင်မြတ်အား လျှောက်ထားသည်မှာ အရှင်မြတ်၏ ဂုဏ် သိက္ခာတော်ကိုကျိန်ဆို၍ ပြောဆိုပါသည်။ တစ်စုံတစ်ယောက်သည် ဂျဟန္နမ်ငရဲဘုံ၌ရှိသော အဇာပ်ပြစ်ဒဏ်များ၊ ဆင်းရဲဒုက္ခများကို ကြား သိခဲ့ပါက လုံးဝဝင်ရောက်လိုမည် မဟုတ်ဘဲ ဂျဟန္နမ်သို့ ကျရောက်စေမည့် အကြောင်းခံများနှင့် ဝေးဝေးနေမည်ပင်ဖြစ်သည်။ ထို့နောက် အလ္လာဟ် အရှင်မြတ်သည် စိတ်အလိုရမ္မက်များ၊ အရသာခံစားမှုများကို ဂျဟန္နမ်သို့ ရောက်ရှိမည့် လမ်းအဖြစ် ပြုလုပ်ရန် အမိန့်ပေးတော်မူခဲ့သည်။ ထို့နောက် အို- ဂျစ်ဗ်ရီလ် အသင်ဂျဟန္နမ်သို့သွားရောက် ကြည့်ရှုလော့ဟု မိန့်ကြား တော်မူသည်။ ထိုအခါ ဂျစ်ဗ်ရီလ်(عَلَيْهِ السَّلَامُ)သည် ဂျဟန္နမ်အား သွားရောက် ကြည့်ရှုကာ ပြန်လာခဲ့သည်။ ၎င်းနောက် အရှင်မြတ်အား လျှောက်ထား သည်မှာ အရှင့်ဂုဏ်သိက္ခာတော်ကိုကျိန်ဆို၍ ပြောဆိုပါသည်။ ဂျဟန္နမ်၏ ပတ်လည်တွင်ရှိသော စိတ်အလိုရမ္မက်များ၊ အရသာခံစားမှုများကြောင့် ဂျဟန္နမ်မှ မည်သူမျှ မလွတ်မြောက်မည်ကို ကျွန်တော်မျိုးစိုးရိမ်မိပါသည်။

### ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဂျန္နသ်နှင့် ဂျဟန္နမ်သည် ယခုတည်ရှိနေကြောင်း အီမာန်သက်ဝင် ယုံ ကြည်ရမည်။

2. အကွယ်ကို အီမာန်သက်ဝင်ယုံကြည်ရန်နှင့် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့် ကြားထားသည့် အရာတိုင်းကို အီမာန်သက်ဝင်ယုံကြည်ရန် တာဝန် ရှိသည်။
3. မနှစ်မြို့ဖွယ်ရာများကို သည်းခံရမည်။ အဘယ်ကြောင့်ဆိုသော် ၎င်း တို့သည် ဂျန္နသ်သို့ပို့ဆောင်ပေးမည့် လမ်းပင်ဖြစ်သည်။
4. တားမြစ်ထားသည့်အရာများမှ ရှောင်ကြဉ်ရမည်။ အဘယ်ကြောင့် ဆို သော် ၎င်းတို့သည် ဂျဟန္နမ်သို့ ပို့ဆောင်ပေးမည့်လမ်းပင်ဖြစ်သည်။
5. ဂျန္နသ်သုခဘုံအား မနှစ်မြို့ဖွယ်ရာများဖြင့် ဝန်းရံထားပြီး၊ ဂျဟန္နမ် ငရဲဘုံအား စိတ်အလိုရမ္မက်များဖြင့် ဝန်းရံထားသည်။ ဤသည် လောကီဘဝသက်တမ်းတွင် စမ်းသပ်မှုပင် ဖြစ်သည်။
6. ဂျန္နသ်သို့သွားရာလမ်းသည် ခက်ခဲကြမ်းတမ်းပြီး အီမာန်ယုံကြည်မှုနှင့် အတူ သည်းခံခြင်းတရားလက်ကိုင်ထားရန် လိုအပ်သည်။ ဂျဟန္နမ်သို့ သွားရာလမ်းသည် စိတ်အလိုရမ္မက်များ၊ လောကီစည်းစိမ်ချမ်းသာ များဖြင့် ပြည့်နှက်နေသည်။

(65034)

(40) – عَنْ أَبِي هُرَيْرَةَ رَضِيَ اللَّهُ عَنْهُ أَنَّ رَسُولَ اللَّهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ قَالَ: «نَارُكُمْ جُزْءٌ مِنْ سَبْعِينَ جُزْءًا مِنْ نَارِ جَهَنَّمَ»، قِيلَ: يَا رَسُولَ اللَّهِ، إِنْ كَانَتْ لَكَافِيَةً. قَالَ: «فُضِّلَتْ عَلَيْهِنَّ بِتِسْعَةٍ وَسِتِّينَ جُزْءًا كُلُّهُنَّ مِثْلُ حَرِّهَا». [صحيح] - [متفق عليه]

(40) – အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့၏ (လောကီ)မီးသည် ဂျဟန္နမ်ငရဲမီး၏ အပုံ(၇၀)ပုံ တစ်ပုံမျှသာဖြစ်သည်။ ဆွဟာဗဟ်များက အို- အလ္လာဟ် အရှင် မြတ်၏ရစူလ်တမန်တော် ဤလောကမီးဖြင့်ပင် (အပြစ်ကျူးလွန်သူများ အား ပြစ်ဒဏ်ခတ်ရန်)လုံလောက်ပါသည်ဟု လျှောက်ထားကြသည်။ ကိုယ် တော်က မိန့်ကြားတော်မူသည်မှာ- ဂျဟန္နမ်ငရဲမီး၏ အပူရှိန်သည် လောကီ မီးထက် အဆပေါင်း(၆၉)ဆသာပိုပြီး တစ်ဆတိုင်း တစ်ဆတိုင်းသည် လောကီမီးနှင့်ညီမျှ၏။ [ဤဟာဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က လောကီ၏ မီး သည် ဂျဟန္နမ်ငရဲမီး၏အပုံ(၇၀)ပုံ တစ်ပုံမျှသာဖြစ်သည်ဟု မိန့်ကြားတော်မူ ခဲ့သည်။ ထို့ကြောင့် ငရဲမီး၏ အပူရှိန်သည် လောကီမီးထက် အဆပေါင်း (၆၉)ဆ ပို၍ပြင်းထန်ပြီး တစ်ဆတိုင်းသည် လောကီမီး၏အပူရှိန်နှင့် ညီမျှ သည်။ ထိုအခါ ကိုယ်တော့်အား အို အလ္လာဟ်အရှင်မြတ်၏ ရစူလ် တမန် တော် ဤလောက၏မီးဖြင့်ပင်

ဖြစ်ဒဏ်ခတ်ရန် လုံလောက်ပါသည်ဟု လျှောက်ထားခဲ့ကြရာ ကိုယ်တော်က ဂျဟန္နမ်ငရဲမီး၏အပူရှိန်သည် လောကီ မီးထက် အဆပေါင်း(၆၉)ဆ သာပိုပြီး တစ်ဆတိုင်း တစ်ဆတိုင်းသည် လောကီမီး၏ အပူရှိန်နှင့်ညီမျှသည်ဟု မိန့်ကြားတော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဂျဟန္နမ်သို့ ကျရောက်စေမည့်ကိစ္စများမှ ရှောင်ကြဉ်နိုင်ကြစေရန် အတွက် ဂျဟန္နမ်ငရဲမီးဖြင့် သတိပေးခြိမ်းခြောက်ထားသည်။
2. ဂျဟန္နမ်ငရဲမီးနှင့် ၎င်း၏ပြစ်ဒဏ်သည် အလွန်ပင် ကြီးမားပြီး ထိုမီး၏ အပူရှိန်သည် အလွန်ပင်ပြင်းထန်ကြောင်း ဖော်ပြထားသည်။

(65036)

(41) – عَنْ أَبِي هُرَيْرَةَ رضي الله عنه قَالَ: قَالَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ لِعَمِّهِ: «قُلْ: لَا إِلَهَ إِلَّا اللهُ، أَشْهَدُ لَكَ بِهَا يَوْمَ الْقِيَامَةِ»، قَالَ: لَوْلَا أَنْ تُعَيِّرَنِي قُرَيْشٌ، يَقُولُونَ: إِنَّمَا حَمَلَهُ عَلَى ذَلِكَ الْجَزَعُ لَأَقْرَرْتُ بِهَا عَيْنَكَ. فَأَنْزَلَ اللهُ: {إِنَّكَ لا تَهْدِي مَنْ أَحْبَبْتَ وَلَكِنَّ اللَّهَ يَهْدِي مَنْ يَشَاءُ} [القصص: 56]. [صحيح] – [رواه مسلم]

(41) – အဗူဟုရိုင်ရဟ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏ဘကြီးတော်အား ပြောကြားတော်မူသည်မှာ  ကလိမဟ်တော်

"လာအိလာဟအိလ်လလ္လာဟ်" ကို ရွတ်ဆိုလိုက်ပါ။ ၎င်းကလိမဟ်တော်ဖြင့်ကျွန်တော်သည် သင့်အတွက် ကိယာမသ်နေ့၌ သက်သေခံပေးမည်ဖြစ်သည်။ ဘကြီးတော်က ပြန်လည် ပြောကြားသည်မှာ အကယ်၍ ကုရိုင်ရှ်တို့က ကျွန်ုပ်အား အပြစ်မတင်ကြလျှင်၊ သေရမည်ကို ကြောက်ရွံ့ခြင်းက ကျွန်ုပ်အား ဤသို့ရွတ်ဆိုစေသည် ဟု ၎င်းတို့ပြောကြမည်ကို မစိုးရိမ်လျှင် အမှန်တကယ်ပင် ကျွန်ုပ်သည် ဤ ကလိမဟ်တော်ကိုရွတ်ဆိုကာ သင်၏မျက်စိကိုအေးမြစေမည် ဖြစ်သည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်က ဤအာယသ်တော်အား ချပေးတော်မူခဲ့ သည်။ (စောန်အမှန် အသင်သည် မိမိနှစ်လိုသူအား တရားလမ်းမှန်သို့ ပို့ ဆောင်ပေးနိုင်သည် မဟုတ်ပေ။ စင်စစ်မှာကား အလ္လာဟ်အရှင်မြတ် သာလျှင် မိမိအလိုရှိတော်မူသောသူအား တရားလမ်းမှန်သို့ ပို့ဆောင်ပေးတော်မူ ၏။ ၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် တရားလမ်းမှန် ရရှိကြမည့်သူတို့ အား ကောင်းစွာသိရှိတော်မူသော အရှင်မြတ်ဖြစ်တော်မူ၏။) ကုရ်အာန် (၂၈:၅၆) [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း။]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏ ဘကြီး တော် အဗူသွာလိဗ် ကွယ်လွန်ခါနီး နောက်ဆုံးအချိန်တွင်

ကလိမဟ် ရှဟာဒသ် ရွတ်ဆိုရန် တိုက်တွန်းခဲ့သည်။ ဤသို့တိုက်တွန်းရခြင်းမှာ ကိယာမသ်နေ့၌ ထိုကလိမဟ်တော်ဖြင့် ဘကြီးတော်အား ရှဖာအသ် ကြား ဝင်အသနားခံပေးရန်နှင့် မွတ်စ်လင်မ်ဖြစ်ကြောင်း သက်သေခံပေးရန် အတွက်ဖြစ်သည်။ သို့သော် ဘကြီးတော်သည် ကုရိုင်ရှ်တို့က မိမိအား အပြစ်တင်မည်ကို စိုးရိမ်သောကြောင့် ရှဟာဒသ်ရွတ်ဆိုရန် ငြင်းခဲ့သည်။ ကုရိုင်ရှ်တို့က မိမိအား သေရမည်ကို ကြောက်သည့်စိတ်နှင့် ချည့်နဲ့မှုတို့ ကြောင့် အစ္စလာမ်သာသနာကို လက်ခံလိုက်သည်ဟုပြောကြမည်ကို စိုးရိမ် မိသည်။ ထို့နောက် ဘကြီးတော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) အား ပြောကြားခဲ့သည်မှာ ကုရိုင်ရှ်တို့ ပြစ်တင်ပြောဆို ကြမည်ကို မစိုးရိမ်ပါက အမှန်တကယ်ပင် ကျွန်ုပ်သည် ကလိမဟ်ရှဟာဒသ် ကို ရွတ်ဆိုကာ သင်၏စိတ်နှလုံးကို ပျော်ရွှင်စေမည်ဖြစ်ပြီး သင်ကျေနပ် သည်အထိ သင့်ဆန္ဒကိုဖြည့်ဆည်းပေးမည်ဖြစ်သည်။ ထိုအခါ အလ္လာဟ် အရှင်မြတ်သည် ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်ကို ချပေးတော်မူခဲ့ သည်။ ထိုအာယသ်တော်က ညွှန်ပြနေသည်မှာ တမန်တော်မြတ် (ဆွလ္လလ္လာ ဟုအလိုင်းဟိဝစလ္လမ်)သည် အစ္စလာမ်သာသနာပေါ်တွင် လိုက်နာကျင့်သုံး နိုင်စွမ်း ချီးမြှင့်သည့် ဟိဒါယသ်လမ်းမှန်တရားမျိုးကို မပိုင်ဆိုင်ပေ။ အမှန် တကယ်ပင်

တစ်ဆူတည်းတစ်ပါးတည်း ဖြစ်တော်မူသော အလ္လာဟ် အရှင်မြတ်သည်သာ မိမိအလိုရှိသူကို လိုက်နာကျင့်သုံးနိုင်စွမ်း ပေးတော်မူသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အဖန်ဆင်းခံတို့ အား ညွှန်ကြားပြသခြင်း၊ ရှင်းလင်းတင်ပြခြင်း၊ လမ်းညွှန်ပေးခြင်း၊ ဖြောင့်မတ်မှန်ကန်သည့်လမ်းစဉ်ဘက်သို့ ဖိတ်ခေါ် ခြင်းအားဖြင့် ဟိဒါယသ် တရား လမ်းမှန်ဘက်သို့ ညွှန်ကြားပြသနိုင်ပေသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. လူတို့၏စကားကိုကြောက်၍ အမှန်တရားကို မစွန့်လွှတ်ရပေ။
2. တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် တရားလမ်း မှန်သို့ ညွှန်ကြားပြသပေးသည့် ဟိဒါယသ်ကို ပိုင်ဆိုင်သော်လည်း တရားလမ်းမှန်ပေါ်တွင် လိုက်နာကျင့်သုံးနိုင်စွမ်း ချီးမြှင့်သည့် ဟိဒါ ယသ်ကို မပိုင်ဆိုင်ပေ။
3. နာမကျန်းဖြစ်နေသော ဘာသာခြားကာဖိရ်အား အစ္စလာမ် သာသနာ ဘက်သို့ ဖိတ်ခေါ်ရန်ရည်ရွယ်ချက်ဖြင့် သတင်းမေးမြန်းခြင်းကို ခွင့်ပြု ထားသည်။
4. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အခြေအနေ တိုင်းတွင် အလ္လာဟ်အရှင်မြတ်ဘက်သို့ဖိတ်ခေါ်ရန် စိတ်အားထက် သန်သည်။

(65069)

(42) – عَنْ عَبْدِ اللَّهِ بْنِ عَمْرٍو رضي الله عنهما قَالَ: قال النَّبِيُّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ: «حَوْضِي مَسِيرَةُ شَهْرٍ، مَاؤُهُ أَبْيَضُ مِنَ اللَّبَنِ، وَرِيحُهُ أَطْيَبُ مِنَ المِسْكِ، وَكِيزَانُهُ كَنُجُومِ السَّمَاءِ، مَنْ شَرِبَ مِنْهَا فَلاَ يَظْمَأُ أَبَدًا». [صحيح] - [متفق عليه]

(42) – အဗ်ဒုလ္လာဟ်ဗင်န်အမ်ရ် (ရသ္ဓိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့ သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်း ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ငါကိုယ်တော်၏ ကောင်ဆရ်ရေကန် (၏ အကျယ်အဝန်း)သည် တစ်လတာခရီး အကွာအဝေးမျှရှိ၏။ ၎င်း၏ရေသည် နို့ထက်ပို၍ဖြူပြီး ၎င်း၏ရနံ့သည် ကတိုးထက်သာပို၍ မွှေးကြိုင်သည်။ ၎င်း ရေကန်၌ရှိသော ရေခွက်များသည် မိုးကောင်းကင်ရှိ ကြယ်တာရာ တမျှ ရှိသည်။ ၎င်းရေကန်မှရေကို သောက်လိုက်သောသူသည် မည်သည့်အခါမှ ရေငတ်တော့မည်မဟုတ်ပေ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်မှာ ကိယာမသ်နေ့တွင် မိမိအတွက် ကောင်ဆရ်ရေကန်တော်ရှိမည် ဖြစ်ပြီး ထိုရေကန်၏ အလျား၊ အနံသည် တစ်လတာခရီး အကွာအဝေးမျှ ရှိသည်။ ၎င်း၏ရေသည် နို့ထက်ပို၍ဖြူပြီး ၎င်း၏ရနံ့သည် ကတိုးထက်ပင် သာပိုမွှေးကြိုင်သည်။ ၎င်းရေကန်၌ရှိသော

ရေခွက်များသည် မိုးကောင်း ကင်ရှိ ကြယ်တာရာများပမာ များပြားလှသည်။ ထိုခွက်များဖြင့် ၎င်းရေကန် မှရေကို သောက်လိုက်သောသူသည် မည်သည့်အခါမှ ရေငတ်လိမ့်မည် မဟုတ်ပေ။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကောင်ဆရ်ကန် သည် ကြီးကျယ်လှသည့် ရေကန်ဖြစ်ပြီး ကိုယ်တော်၏ အွမ္မဒ်သား များအနက်မှ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့သည် ကိယာမဒ်နေ့၌ ထိုရေကန်မှ သောက်သုံးကြမည်ဖြစ်သည်။
2. ကောင်ဆရ်ရေကန်မှ ရေကိုသောက်ခွင့်ရသူသည် မည်သည့်အခါမှ ရေ မငတ်တော့မည့် နိအ်မဒ်ကို ရရှိမည်ဖြစ်သည်။

(65030)

(43) – عَنْ أَبِي سَعِيدٍ الخُدْرِيِّ رَضِيَ اللَّهُ عَنْهُ قَالَ: قَالَ رَسُولُ اللَّهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ: «يُؤْتَى بِالْمَوْتِ كَهَيْئَةِ كَبْشٍ أَمْلَحَ، فَيُنَادِي مُنَادٍ: يَا أَهْلَ الجَنَّةِ، فَيَشْرَئِبُّونَ وَيَنْظُرُونَ، فَيَقُولُ: هَلْ تَعْرِفُونَ هَذَا؟ فَيَقُولُونَ: نَعَمْ، هَذَا المَوْتُ، وَكُلُّهُمْ قَدْ رَآهُ، ثُمَّ يُنَادِي: يَا أَهْلَ النَّارِ، فَيَشْرَئِبُّونَ وَيَنْظُرُونَ، فَيَقُولُ: وهَلْ تَعْرِفُونَ هَذَا؟ فَيَقُولُونَ: نَعَمْ، هَذَا المَوْتُ، وَكُلُّهُمْ قَدْ رَآهُ، فَيُذْبَحُ ثُمَّ يَقُولُ: يَا أَهْلَ الجَنَّةِ خُلُودٌ فَلاَ مَوْتَ، وَيَا أَهْلَ النَّارِ خُلُودٌ فَلاَ مَوْتَ، ثُمَّ قَرَأَ: {وَأَنْذِرْهُمْ يَوْمَ الحَسْرَةِ إِذْ قُضِيَ الأَمْرُ وَهُمْ فِي غَفْلَةٍ} [مريم: 39]، وَهَؤُلاَءِ فِي غَفْلَةٍ أَهْلُ الدُّنْيَا {وَهُمْ لاَ يُؤْمِنُونَ} [مريم: 39]». [صحيح] – [متفق عليه]

(43) – အဗူစအီးဒ်ခုဒ်ရီ(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ သေခြင်းတရားသည် အနက်ရောင် အမွေးအနည်း ငယ်ပါရှိသော သိုးဖြူတစ်ကောင်၏ အသွင်သဏ္ဌာန်ဖြင့် ယူဆောင်လာခြင်း ခံရမည်။ ၎င်းနောက် ကြေညာသူတစ်ဦးက ကြေညာမည်မှာ အို ဂျန္နသ် သုခဘုံသားတို့၊ ၎င်းတို့ကခေါင်းထောင်ပြီးကြည့်ကြမည်။ ထိုအခါ၎င်းက ဤအရာကိုအသင်တို့ သိကြလေသလောဟု မေးလိမ့်မည်။ ၎င်းတို့က ဟုတ်ကဲ့ ဤအရာသည် သေခြင်းတရားဖြစ်ပါသည်ဟု အဖြေပေးကြမည်။ ၎င်းတို့အားလုံးသည် ထိုသေခြင်းတရားအား (သိရှိ)မြင်တွေ့ခဲ့ကြပြီး ဖြစ် မည်။ ထို့နောက်၎င်းက ကြေညာမည်မှာ အို-ငရဲသားအပေါင်းတို့ ၎င်းတို့က ခေါင်းထောင်ကြည့်ကြမည်။ ထိုအခါ၎င်းက ဤအရာကို အသင်တို့ သိကြ လေသလောဟု မေးလိမ့်မည်။ ၎င်းတို့က ဟုတ်ကဲ့၊ ဤအရာသည် သေခြင်း တရားဖြစ်ပါသည်ဟု အဖြေပေးကြမည်။ ၎င်းတို့အားလုံးသည် ထိုသေခြင်း တရားအား(သိရှိ)မြင်တွေ့ခဲ့ကြပြီးဖြစ်မည်။ ထိုအခါသေခြင်းတရားသည် (သိုးပုံစံနှင့်) လည်လှီးခြင်းခံလိုက်ရမည်။ ထို့နောက် ကြေညာသူက ပြော မည်မှာ အို-ဂျန္နသ်သုခဘုံသားတို့ သေခြင်းတရား မရှိတော့သည့် ထာဝရ (အကျိုး)ကိုခံစားကြကုန်။

တဖန်အို-ဂျဟန္နမ်ငရဲသားတို့ သေခြင်းတရား မရှိ တော့သည့် ထာဝရ(ဒုက္ခ)ကို ခံစားကြကုန်။ ထို့နောက် ကိုယ်တော်မြတ်သည် (ဤအာယသ်တော်အား)ဖတ်ရွတ်တော်မူခဲ့သည်။ (၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား အမှန်စင်စစ် ၎င်းတို့သည် အလေးမမူ ဂရု မစိုက်ဘဲရှိနေကြပေရာ အကြင်ဝမ်းနည်းကြေကွဲရမည့်နေ့နှင့် စပ်လျဉ်း၍ သတိပေးနှိုးဆော်ပါလေ။ ယခုအခါ သူတို့သည် မေ့လျော့ပေါ့ဆ၍ နေကြ ၏။ ထိုနေ့တွင် အမှုကိစ္စအဝဝသည် (နောက်ဆုံးအနေဖြင့်) စီရင်ဆုံးဖြတ်ပြီး ဖြစ်အံ့သတည်း။) ကုရ်အာန် (၁၉း၃၉) ထိုသို့မေ့လျော့မှု၌ ရှိနေကြသူတို့ သည် လောကီသမားများပင် ဖြစ်ကြပေသည်။ (ထို့အပြင် ၎င်းတို့သည် မယုံကြည်ကြချေ။) ကုရ်အာန် (၁၉း၃၉) [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူခဲ့ သည်မှာ ကိယာမသ်နေ့တွင် သေခြင်းတရားအား အနက်ရောင်နှင့် အဖြူ ရောင်အမွေးပါရှိသော သိုးထီးတစ်ကောင်ပုံစံဖြင့် ယူဆောင်လာမည် ဖြစ် သည်။ ၎င်းနောက် အို ဂျန္နသ်သုခဘုံသားတို့ ဟု ခေါ်လိုက်သည့်အခါ ၎င်းတို့ က လည်ဂုတ်ကိုစန့်၍ ခေါင်းထောင်ကာ ကြည့်ရှုကြလိမ့်မည်။ ထိုအခါ အသင်တို့ ဤသိုးကို

သိကြလေသလောဟုမေးမြန်းလိမ့်မည်။ ၎င်းတို့က ဟုတ်ကဲ့၊ ဤအရာသည်သေခြင်းတရားဖြစ်ပါသည်ဟု ဖြေကြားကြမည်။ ၎င်းတို့အားလုံးသည် ထိုသေခြင်းတရားအားသိရှိမြင်တွေ့ခဲ့ကြပြီး ဖြစ်သည်။ ထို့နောက် ကြေညာသူတစ်ဦးက ကြေညာမည်မှာ ၎င်းက အို-ငရဲသား အပေါင်းတို့၊ ၎င်းတို့က လည်ဂုတ်ကိုစန့်၍ ခေါင်းထောင်ကာ ကြည့်ရှုကြ လိမ့်မည်။ ထိုအခါ အသင်တို့ ဤသိုးကိုအသင်တို့သိကြလေသလောဟု မေးမြန်းလိမ့်မည်။ ၎င်းတို့က ဟုတ်ကဲ့၊ ဤအရာသည်သေခြင်းတရား ဖြစ် ပါသည်ဟု ဖြေကြားကြမည်။ ၎င်းတို့အားလုံးသည် ထိုသေခြင်းတရားအား သိရှိမြင်တွေ့ခဲ့ကြပြီး ဖြစ်သည်။ ထိုအခါ သေခြင်းတရားသည် (သိုးပုံစံနှင့်) လည်လှီးခြင်းခံလိုက်ရမည်။ ထို့နောက်ကြေညာသူက အို-ဂျန္နသ်သုခဘုံ သားတို့၊ သေဆုံးခြင်း မရှိတော့ဘဲ ဂျန္နသ်၌အမြဲထာဝရ နေထိုင်ကြလော့။ အို-ငရဲဘုံသားတို့၊ သေဆုံးခြင်းမရှိတော့ဘဲ ဂျဟန္နမ်ငရဲ၌ အမြဲထာဝရ နေထိုင်ကြလော့ဟု ကြေညာမည်ဖြစ်သည်။ ဤသည် မုအ်မင်န်တို့အတွက် နိအ်မသ်စည်းစိမ်များ ပို၍များပြားစေရန်နှင့် ကာဖိရ်တို့အတွက် အဇာဗ် ပြစ်ဒဏ် ပို၍ပြင်းထန်စေရန်အတွက်ဖြစ်သည်။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဤအာယသ်တော်အား ဖတ်ရွတ်တော်မူသည်။ (၎င်းပြင် (အို-နဗီတမန်တော်)အသင်သည် ၎င်းတို့အား

အကြင်ဝမ်းနည်းကြေကွဲရမည့်နေ့နှင့် စပ်လျဉ်း၍ သတိပေးနှိုးဆော်ပါလေ။ ထိုနေ့တွင် အမှုကိစ္စအဝဝသည် (နောက်ဆုံးအနေဖြင့်) စီရင်ဆုံးဖြတ်ပြီး ဖြစ်အံ့သတည်း။ ယခုအခါ သူတို့သည်မေ့လျော့ပေါ့ဆ၍နေကြ၏။ ထို့အပြင် ၎င်းတို့သည် မယုံကြည်ကြချေ။) ကုရ်အာန် (၁၉း၃၉) ကိယာမသ် နေ့တွင် ဂျန္နသ်သုခဘုံသားများနှင့် ငရဲဘုံသားများကို ခွဲခြားလိုက်မည်ဖြစ်ပြီး လူတိုင်းသည် မိမိရောက်ရှိမည့်နေရာဌာနသို့ ဝင်ရောက်ကာ ထာဝရ နေထိုင် ရမည်ဖြစ်သည်။ မကောင်းမှုကျူးလွန်သူသည် ကောင်းမှုများ မလုပ်ခဲ့သည့် အတွက် နောင်တရမည်ဖြစ်ပြီး ကောင်းမှုကုသိုလ် နည်းပါးသူသည်လည်း ကောင်းမှုကုသိုလ် များများစွာ မပြုခဲ့သည့်အတွက် နောင်တရမည် ဖြစ် သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. နောင်တမလွန်ဘဝ၌ လူသားတို့ အမြဲနေထိုင်ရမည့်နေရာဌာနမှာ ဂျန္နသ် သို့မဟုတ် ဂျဟန္နမ်ပင်ဖြစ်သည်။
2. ကိယာမသ်နေ့၏ ကြောက်မယ်ဖွယ်ရာများနှင့်ပတ်သက်၍ ပြင်းပြင်း ထန်ထန် သတိပေးနှိုးဆော်ထားသည်။ ထိုနေ့သည် ဝမ်းနည်း ကြေကွဲ မည့်နေ့ နောင်တရမည့်နေ့ဖြစ်သည်။
3. ဂျန္နသ်သုခဘုံသားများသည် အမြဲထာဝရပျော်ရွှင်စွာနေရပြီး၊ ဂျဟန္နမ် ငရဲဘုံသား တို့သည်

အမြဲထာဝရဝမ်းနည်းပူဆွေးနေရမည်ဖြစ်ကြောင်း ရှင်းပြထားသည်။

(65035)

(44) – عن عمر بن الخطاب رضي الله عنه قال: إنه سمع نبي الله صلى الله عليه وسلم يقول: «لَو أَنَّكُمْ تَتَوَكَّلُونَ عَلَى اللهِ حَقَّ تَوَكُّلِهِ، لَرَزَقَكُمْ كَمَا يَرْزُقُ الطَّيْرَ، تَغْدُو خِمَاصًا وَتَرُوحُ بِطَانًا». [صحيح] - [رواه الترمذي وابن ماجه وأحمد]

(44) – အုမရ်ဗင်န်ခသ်သွာဗ် (ရသိွယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ သူသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူ သည်ကို ကြားသိခဲ့ရသည်။ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင် မြတ်ကို အားကိုးထိုက်သည့်အတိုင်း ယုံပုံအားကိုးမည်ဆိုလျှင် နံနက်ခင်း တွင် ဝမ်းဗိုက် ဟောင်းလောင်းဖြင့် ထွက်သွားကြပြီး ညနေတွင် ဝမ်းဗိုက် ပြည့်လျက် ပြန်လာကြသည့် ငှက်များကို အလ္လာဟ်အရှင်မြတ်က ရိုဇ်ဇီရိက္ခ ချီးမြှင့်သကဲ့သို့ သင်တို့အား ရိုဇ်ဇီရိက္ခချီးမြှင့်တော်မူမည်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] – [သိရ်မိဇီကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း၊ အဟ်မဒ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ကျွန်ုပ်တို့အား

လောကီရေးနှင့် သာသနာရေးကိစ္စများ၌ အကျိုးရှိသောအရာများကို ရယူခြင်းနှင့် ဆိုးကျိုးဖြစ်စေသောအရာများကို ဖယ်ရှားခြင်းတို့တွင် အလ္လာဟ်အရှင်မြတ်အပေါ် အားကိုးအားထားပြုရန် တိုက်တွန်းထားသည်။ အဘယ် ကြောင့်ဆိုသော် ချီးတဲ့မှုအပေါင်းမှကင်းစင်တော်မူသော အရှင်မြတ်မှအပ အခြားမည်သူမျှ ပေးကမ်းချီးမြှင့်ခြင်း၊ တားဆီးပိတ်ပင်ခြင်း၊ ဆိုးကျိုးဖြစ် စေခြင်း၊ ကောင်းကျိုးပေးခြင်းတို့ကို မပြုလုပ်နိုင်ပေ။ ထို့ပြင် ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ် မှန်ကန်စွာယုံကြည်အားကိုး၍ အကျိုးရှိသော အရာများကို ဆောင်ကြဉ်းပေးကာ ဆိုးကျိုးဖြစ်စေသော အရာများကို ဖယ်ရှားပေးမည့် အကြောင်းခံများကိုပြုလုပ်ရန်လည်း တိုက်တွန်းထားသည်။ ကျွန်ုပ်တို့သည် ထိုအတိုင်းလိုက်နာ ဆောင်ရွက်နေသရွေ့ နံနက်ခင်းတွင် ဆာလောင်လျက် ထွက်သွားကြကာ ညနေတွင် ဝမ်းဗိုက်အပြည့်ဖြင့် ပြန်လာ ကြသော ငှက်များကို အလ္လာဟ်အရှင်မြတ်က ရိုဇီရိကျွာ ချီးမြှင့်သကဲ့သို့ ကျွန်ုပ်တို့ကိုလည်း ရိုဇီရိကျွာချီးမြှင့်တော်မူမည်ဖြစ်သည်။ ငှက်တို့၏ လုပ် ရပ်သည် အကြောင်းခံကိုစွန့်လွှတ်ခြင်း၊ ပျင်းရိခြင်းမရှိဘဲ ရိုဇီရိကျွာကိုကြိုး စား ရှာဖွေသည့် အကြောင်းခံတစ်ခုပင်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. 'သဝက္ကုလ်' ယုံပုံအားကိုးခြင်း၏ ထူးမြတ်မှုနှင့် ၎င်းသည် ရိုဇီရိကျွာရရှိ ရန်အတွက် အကြီးမားဆုံး အကြောင်းခံများအနက်မှ

တစ်ခုဖြစ် ကြောင်း တင်ပြထားသည်။

2. အကြောင်းခံများကို ဆောင်ရွက်ခြင်းသည် 'သဝက္ကုလ်' ယုံပုံအားကိုး ခြင်းနှင့် မဆန့်ကျင်ပေ။ အဘယ့်ကြောင့်ဆိုသော် စစ်မှန်သော 'သဝက္ကုလ်' ယုံပုံအားကိုးခြင်းသည် မနက်ခင်းနှင့် ညနေခင်းတို့တွင် ရိုဇီ ရိက္ခာရှာဖွေရန်အတွက် အပြင်ထွက်ခြင်းနှင့် ဆန့်ကျင်မှုမရှိကြောင်း ကိုယ်တော်မြတ်က အသိပေးထားသည်။
3. ရှရီအဟ် တရားတော်သည် နှလုံးသား၏ အမလ်ဆောင်ရွက်ချက်များ ကို အလေးထားသည်။ အဘယ့်ကြောင့်ဆိုသော် သဝက္ကုလ်သည် နှလုံး သား၏ အမလ်တစ်ခုပင်ဖြစ်သည်။
4. အကြောင်းခံများဖြင့်သာ အဆက်အသွယ်ထားခြင်းသည် သာသနာ ရေး လျော့နည်းမှုဖြစ်ပြီး၊ အကြောင်းခံများကို စွန့်လွှတ်ခြင်းသည် အသိဉာဏ်ခေါင်းပါးမှုဖြစ်သည်။

(4721)

(45) – عن أبي ذر رضي الله عنه: عَنِ النَّبِيِّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ فِيمَا رَوَى عَنِ اللهِ تَبَارَكَ وَتَعَالَى أَنَّهُ قَالَ: «يَا عِبَادِي إِنِّي حَرَّمْتُ الظُّلْمَ عَلَى نَفْسِي، وَجَعَلْتُهُ بَيْنَكُمْ مُحَرَّمًا، فَلَا تَظَالَمُوا، يَا عِبَادِي كُلُّكُمْ ضَالٌّ إِلَّا مَنْ هَدَيْتُهُ، فَاسْتَهْدُونِي أَهْدِكُمْ، يَا عِبَادِي كُلُّكُمْ جَائِعٌ إِلَّا مَنْ أَطْعَمْتُهُ، فَاسْتَطْعِمُونِي أُطْعِمْكُمْ، يَا عِبَادِي كُلُّكُمْ عَارٍ إِلَّا مَنْ كَسَوْتُهُ، فَاسْتَكْسُونِي أَكْسُكُمْ، يَا عِبَادِي إِنَّكُمْ تُخْطِئُونَ بِاللَّيْلِ وَالنَّهَارِ وَأَنَا أَغْفِرُ

الذُّنُوبَ جَمِيعًا فَاسْتَغْفِرُونِي أَغْفِرْ لَكُمْ، يَا عِبَادِي إِنَّكُمْ لَنْ تَبْلُغُوا ضَرِّي فَتَضُرُّونِي، وَلَنْ تَبْلُغُوا نَفْعِي فَتَنْفَعُونِي، يَا عِبَادِي لَوْ أَنَّ أَوَّلَكُمْ وَآخِرَكُمْ وَإِنْسَكُمْ وَجِنَّكُمْ كَانُوا عَلَى أَتْقَى قَلْبِ رَجُلٍ وَاحِدٍ مِنْكُمْ مَا زَادَ ذَلِكَ فِي مُلْكِي شَيْئًا، يَا عِبَادِي لَوْ أَنَّ أَوَّلَكُمْ وَآخِرَكُمْ وَإِنْسَكُمْ وَجِنَّكُمْ كَانُوا عَلَى أَفْجَرِ قَلْبِ رَجُلٍ وَاحِدٍ مَا نَقَصَ ذَلِكَ مِنْ مُلْكِي شَيْئًا، يَا عِبَادِي لَوْ أَنَّ أَوَّلَكُمْ وَآخِرَكُمْ وَإِنْسَكُمْ وَجِنَّكُمْ قَامُوا فِي صَعِيدٍ وَاحِدٍ فَسَأَلُونِي فَأَعْطَيْتُ كُلَّ إِنْسَانٍ مَسْأَلَتَهُ مَا نَقَصَ ذَلِكَ مِمَّا عِنْدِي إِلَّا كَمَا يَنْقُصُ الْمِخْيَطُ إِذَا أُدْخِلَ الْبَحْرَ، يَا عِبَادِي إِنَّمَا هِيَ أَعْمَالُكُمْ أُحْصِيهَا لَكُمْ ثُمَّ أُوَفِّيكُمْ إِيَّاهَا، فَمَنْ وَجَدَ خَيْرًا فَلْيَحْمَدِ اللهَ، وَمَنْ وَجَدَ غَيْرَ ذَلِكَ فَلَا يَلُومَنَّ إِلَّا نَفْسَهُ». [صحيح] - [رواه مسلم]

(45) – အဗူဇရ် (ရသိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော် မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ် ထံတော်မှ တစ်ဆင့် ဆင့်ပြန်ပြောကြားခဲ့သည်။ အရှင်မြတ်က မိန့်ကြားတော်မူသည် « အို - ငါအရှင်၏ကျွန်အပေါင်းတို့ ငါအရှင်မြတ်သည် မတရားမှုကို မိမိ အပေါ်တွင် ဟရာမ် အဖြစ်သတ်မှတ်ထားတော်မူသည်။ ထို့အတူ အသင်တို့ ကြား၌လည်း ၎င်းအား ဟရာမ်အဖြစ် သတ်မှတ်တော်မူလိုက်သည်။ သို့ရှိရာ အသင်တို့အချင်းချင်း မတရားမှုမပြုကြလေနှင့်။ အို - ငါအရှင်၏ ကျွန် အပေါင်းတို့ ငါအရှင်မြတ် လမ်းမှန်တရားချီးမြှင့်သူမှအပ အသင်တို့ အားလုံးသည် လမ်းမှားနေကြသူများဖြစ်ကြသည်။ သို့ရှိရာ အသင်တို့သည် ငါအရှင့်ထံတော်ပါးတွင် လမ်းမှန်တရားကို

တောင်းခံကြလေကုန်၊ ငါအရှင် မြတ်သည် အသင်တို့အား လမ်းမှန်တရား ချီးမြှင့်တော်မူမည်။ အို - ငါအရှင် ၏ကျွန်အပေါင်းတို့ ငါအရှင်မြတ် ကျွေးမွေးသူမှလွဲ၍ အသင်တို့ အားလုံး သည် ငတ်မွတ်နေသူများပင်ဖြစ်သည်။ သို့ရှိရာ အသင်တို့သည် ငါအရှင့်ထံ တော်ပါးတွင် စားနပ်ရိက္ခာ တောင်းခံကြလေကုန်။ ငါအရှင်မြတ်သည် အသင်တို့အား စားနပ်ရိက္ခာ ချီးမြှင့်တော်မူမည်။ အို - ငါအရှင်၏ ကျွန် အပေါင်းတို့ ငါအရှင်မြတ်ဝတ်ဆင်ပေးသူမှအပ အသင်တို့အားလုံးသည် အဝတ်အစား ကင်းမဲ့သူများပင်ဖြစ်ကြသည်။ သို့ရှိရာ အသင်တို့သည် ငါ အရှင့်ထံတော်ပါးတွင် အဝတ်အစားဆင်မြန်းပေးရန် တောင်းခံကြလေ ကုန်။ ငါအရှင်မြတ်သည် အသင်တို့အား အဝတ်အစား ဆင်မြန်းပေးတော်မူ မည်။ အို - ငါအရှင်၏ကျွန်အပေါင်းတို့ ဧကန်အမှန်ပင် အသင်တို့သည် နေ့ နှင့်ညတွင် အပြစ်အကုသိုလ်များ ကျူးလွန်နေကြသည်။ ငါအရှင်မြတ် သည် အပြစ်အကုသိုလ်အားလုံးကို ခွင့်လွှတ်ချမ်းသာ ပေးတော်မူသည်။ သို့ရှိရာ အသင်တို့သည် ငါအရှင့်ထံ ခွင့်လွှတ်ချမ်းသာခွင့် တောင်းခံကြလေ ကုန် ငါအရှင်မြတ်သည် အသင်တို့အား ခွင့်လွှတ်ချမ်းသာခွင့် ပေးသနား တော်မူမည်။ အို - ငါအရှင်၏ကျွန်အပေါင်းတို့ အသင်တို့သည် ငါအရှင် မြတ်အား မည်သည့်အခါတွင်မျှ ဆိုးကျိုးပေးနိုင်ကြမည်မဟုတ်၊ ငါအရှင် မြတ်အား မည်သည့်အခါတွင်မျှကောင်းကျိုးလည်းပြုနိုင်မည် မဟုတ်ပေ။ အို -

ငါအရှင်၏ကျွန်အပေါင်းတို့ အသင်တို့အနက်မှ ပထမဦးဆုံးလူသား၊ နောက်ဆုံးလူသား၊ လူသားအားလုံးနှင့်ဂျင်န် အားလုံးတို့သည် သင်တို့ အနက်မှ အမိန့်နာခံမှုအရှိဆုံး သူတစ်ဦး၏ နှလုံးသားကဲ့သို့ ဖြစ်သွားကြလျှင်လည်း ဤသည် ငါအရှင်မြတ်၏ စိုးပိုင်မှုအာဏာတွင် တစ်စုံတစ်ရာမျှ တိုးလာမည်မဟုတ်ပေ။ အို - ငါအရှင်၏ကျွန်အပေါင်းတို့ အသင်တို့ အနက် မှ ပထမဦးဆုံးလူသား၊ နောက်ဆုံးလူသား၊ လူသားအားလုံးနှင့်ဂျင်န် အားလုံးတို့သည် သင်တို့အနက်မှ အမိန့်အဖီဆန်ဆုံး သူတစ်ဦး၏ နှလုံးသား ကဲ့သို့ ဖြစ်သွားကြလျှင်လည်း ဤသည် ငါအရှင်မြတ်၏ စိုးပိုင်မှု အာဏာ တွင် တစ်စုံတစ်ရာမျှ လျော့နည်းသွားမည်မဟုတ်ပေ။ အို - ငါအရှင်၏ ကျွန်အပေါင်းတို့ အသင်တို့အနက်မှ ပထမဦးဆုံးလူသား၊ နောက်ဆုံး လူ သား၊ လူသားအားလုံးနှင့်ဂျင်န် အားလုံးတို့သည် ကွင်းပြင်ကြီးတစ်ခု၌ ရပ်၍ ငါအရှင်မြတ်ထံမှ (မိမိတို့၏ လိုအပ်ချက်များကို) တောင်းခံကြပြီး ငါအရှင် မြတ်သည် တစ်ဦးချင်းစီ၏ တောင်းခံမှုကို ချီးမြှင့်ခဲ့လျှင်လည်း ပင်လယ်ထဲ သို့ အပ်တစ်ချောင်းကို နှစ်မြုပ်လိုက်၍ ပြန်ထုတ်သည့်အခါ လျော့နည်း ခြင်း မရှိသကဲ့သို့ပင် ငါအရှင့်ထံတော်မှ တစ်စုံတစ်ရာမျှ လျော့နည်းသွား မည်မဟုတ်ပေ။ အို - ငါအရှင်၏ကျွန်အပေါင်းတို့ ဧကန်အမှန်ပင်ဤသည် အသင်တို့၏ လုပ်ရပ်များပင်ဖြစ်ပြီး ငါအရှင်မြတ်သည် ထိုလုပ်ရပ်များကို အသင်တို့အတွက် မှတ်တမ်းတင်

ထားတော်မူသည်။ ၎င်းနောက် (ကိယာ မသ်နေ့၌) ထိုလုပ်ရပ်များကို အသင်တို့အား အပြည့်အဝ ပြန်လည်အစား ပေးမည်ဖြစ်သည်။ မည်သူမဆို ကောင်းမြတ်သည့်အစားကို ရရှိခဲ့လျှင် ထိုသူသည် အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြု (ကျေးဇူးတင်) ပါလေ။ မည်သူမဆို (ကောင်းမြတ်သည့်အစား မဟုတ်ဘဲ) အခြားအရာကို ရရှိခဲ့လျှင် ထိုသူသည် မိမိကိုယ်မိမိသာ အပြစ်တင်ပါလေ။»

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ရှင်းပြတော်မူသည်မှာ ကောန်မုချ အလ္လာဟ်အရှင်မြတ်သည် မတရားမှုကို မိမိအပေါ်တွင် ဟရာမ်အဖြစ် သတ်မှတ်တော်မူပြီး မိမိ၏ အဖန်ဆင်းခံများကြားတွင်လည်း မတရားမှုကို ဟရာမ်အဖြစ် သတ်မှတ်တော်မူခဲ့သည်။ထို့ကြောင့် တစ်ဦးကို တစ်ဦး မတရားလုပ်ခွင့်မရှိပေ။ ကောန်အမှန်ပင် အဖန်ဆင်းခံများတွင် အလ္လာဟ်အရှင်မြတ် လမ်းမှန်တရားချီးမြှင့်သူ၊ လမ်းမှန်တရားပေါ်တွင် လျှောက်လှမ်းနိုင်စွမ်း ပေးသနားထားသူမှလွဲ၍ ကျန်အားလုံးသည် လမ်းမှန် တရားမှ လမ်းလွဲနေသူများပင်ဖြစ်ကြသည်။ မည်သူမဆို အလ္လာဟ်အရှင် မြတ်ထံတွင် လမ်းမှန်တရားကို တောင်းခံပါက အရှင်မြတ်သည် ၎င်းအား လိုက်နာနိုင်စွမ်း ချီးမြှင့်တော်မူပြီး

လမ်းမှန်တရားပြသတော်မူမည်။ ကေန် အမှန်ပင် အဖန်ဆင်းခံတို့သည် ၎င်းတို့၏ လိုအပ်ချက်အားလုံးအတွက် အလ္လာဟ်အရှင်မြတ်ကို လိုအပ်ကြသူများဖြစ်သည်။ မည်သူမဆို အလ္လာဟ် အရှင်မြတ်ထံတော်ပါးတွင် တောင်းခံပါက အရှင်မြတ်သည် ၎င်း၏ လိုအပ် ချက်ကို ဖြည့်ဆည်းပေးတော်မူပြီး ၎င်းအဖို့ လုံလောက်တော်မူမည် ဖြစ် သည်။ လူသားတို့သည် နေ့နှင့်ညတွင် အပြစ်များ ကျူးလွန်လျက် ရှိကြ သည်။ ကျေးကျွန်တို့က ခွင့်လွှတ်ချမ်းသာမှု တောင်းခံသည့်အခါ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့၏အပြစ်များကို ဖုံးကွယ်ပေးပြီး၊ အရေးမယူဘဲ ခွင့်လွှတ်တော်မူလိုက်သည်။ လူသားတို့သည် အလ္လာဟ်အရှင်မြတ်အား တစ်စုံတစ်ရာ ထိခိုက်နစ်နာစေရန် သို့မဟုတ် တစ်စုံတစ်ရာ အကျိုးပြုရန် တတ်စွမ်းနိုင်သူများမဟုတ်ကြပေ။ အကယ်၍ ၎င်းတို့သည် အမိန့်နာခံမှု အရှိဆုံးသူတစ်ဦး၏ နှလုံးသားကဲ့သို့ ဖြစ်သွားကြလျှင်လည်း ၎င်းတို့၏ အမိန့်နာခံမှု၊ အပြစ်ရှောင်ကြဉ်မှုသည် အလ္လာဟ်အရှင်မြတ်၏ စိုးပိုင်မှု အာဏာကို တစ်စုံတစ်ရာတိုးလာစေမည် မဟုတ်သလို ၎င်းတို့သည် အမိန့် အဖီဆန်ဆုံး သူတစ်ဦး၏ နှလုံးသားကဲ့သို့ ဖြစ်သွားကြလျှင်လည်း ၎င်းတို့၏ အမိန့်ဖီဆန်မှုသည် အလ္လာဟ်အရှင်မြတ်၏ စိုးပိုင်မှု အာဏာကို တစ်စုံ တစ်ရာ လျော့နည်းစေမည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ သည် အားအင်ချည့်နဲ့သူများဖြစ်ကြပြီး အခြေအနေတိုင်း၊

အချိန်အခါတိုင်း၊ နေရာတိုင်းတွင် အလ္လာဟ်အရှင်မြတ်ကို လိုအပ်ကြသူများပင် ဖြစ်ကြသည်။ အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တမှုအလုံးစုံမှ ကင်းစင်တော်မူ သောအရှင်ဖြစ်သည်။ အကယ်၍ လူသားများ၊ ဂျင်န်သတ္တဝါများ၊ လွန်လေ ပြီးသူများနှင့် နောင်လာမည့်သူများအားလုံး တစ်နေရာတည်းတွင်ရပ်၍ အလ္လာဟ်အရှင်မြတ်ထံ တစ်ပြိုင်နက်တည်း တောင်းခံကြပြီး အရှင်မြတ်သည် တစ်ဦးစီ၏တောင်းခံမှုအား ချီးမြှင့်လိုက်လျှင်လည်း ပင်လယ်ထဲသို့ အပ်တစ်ချောင်းကို နှစ်မြုပ်၍ ပြန်ထုတ်လိုက်သည့်အခါ ပင်လယ်ရေသည် မလျော့နည်းသကဲ့သို့ ထိုသို့ ပေးကမ်းချီးမြှင့်ခြင်းကြောင့် အလ္လာဟ်အရှင် မြတ်ထံတော်မှ တစ်စုံတစ်ရာမျှပင် လျော့နည်းသွားမည် မဟုတ်ပေ။ ဤ သည် ချို့တဲ့မှုအပေါင်းမှ ကင်းစင်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ပြီး ပြည့်စုံသည့် ကြွယ်ဝမှုပင်ဖြစ်သည်။

ကေန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် မိမိကျွန်များ၏ ဆောင်ရွက် ချက်များ၊ အကျိုးအပြစ်များအားလုံးကို မှတ်တမ်းတင် ထိန်းသိမ်းထား တော်မူသည်။ ၎င်းနောက် ကိယာမသ်နေ့တွင် ထိုဆောင်ရွက်ချက်များအပေါ် အစားပြန်လည် ချီးမြှင့်မည်ဖြစ်သည်။ အကြင်သူသည် မိမိဆောင်ရွက်ချက် အပေါ် ကောင်းမြတ်သည့် အစားပြန်လည်ရရှိပါက အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို

နာခံခွင့်ရသည့်အပေါ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုရမည်ဖြစ်သည်။ အကြင်သူသည် မိမိဆောင်ရွက်ချက်အပေါ်ကောင်းမြတ်သည့် အစားမဟုတ်ဘဲ အခြားတစ်စုံတစ်ရာရရှိခဲ့လျှင် မကောင်းမှုကို အလွန်အမိန့်ပေးတိုက်တွန်းပြီး၊ ဆိုးရွားမှုသို့ ခေါ်ဆောင်ခဲ့သော မိမိ၏စိတ်နှလုံးသားကိုသာ အပြစ်တင်ရမည် ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဤဟဒီးဆ်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိမိ၏အရှင်မြတ်ထံမှတစ်ဆင့် ဆင့်ပြန်သည့် ဟဒီးဆ်တော်ဖြစ်သည်။ ၎င်းအား ဟဒီးဆ် ကုဒ်ဆီ (မြင့်မြတ်သည့် ဟဒီးဆ်တော်) သို့မဟုတ် ဟဒီးဆ် အိလာဟီ (ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သောအရှင်၏ ဟဒီးဆ် တော်)ဟု ခေါ်ဆိုသည်။ ၎င်း၏ စာသားနှင့် အဓိပ္ပာယ်မှာ အလ္လာဟ် အရှင်မြတ်ထံမှဖြစ်သော်လည်း ၎င်းတွင် ကုရ်အာန်ကျမ်းမြတ်နှင့်သာ သက်ဆိုင်သည့် ဝိသေသများဖြစ်သော ရွတ်ဖတ်ခြင်းဖြင့် အိဗာဒသ် ဖြစ်ခြင်း၊ ကိုင်တွယ်ရန်အတွက် ဝုဇ္ဇူရေသန့်စင်မှုပြုရခြင်း၊ အလားတူ အာယာသ်များယူလာရန်စိန်ခေါ်ခြင်း၊ အခြားသူများကို မတတ်စွမ်းနိုင် အောင်လုပ်ခြင်း စသည့်အချက်များ မပါရှိပေ။
2. ကျေးကျွန်များ အသိပညာနှင့် လမ်းမှန်တရားရရှိခြင်းသည်

အလ္လာဟ် အရှင်မြတ်၏ လမ်းမှန်တရားချီးမြှင့်မှု၊ အသိပညာချီးမြှင့်မှုတို့ကြောင့် ပင်ဖြစ်သည်။

3. ကျေးကျွန်တစ်ဦးရရှိသည့် ကောင်းကျိုးသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကြောင့်ဖြစ်ပြီး ၎င်းရရှိသည့် ဆိုးကျိုးသည် မိမိနှင့် မိမိ၏ အလိုရမ္မက်ကြောင့်ဖြစ်သည်။
4. မည်သူမဆို ကောင်းမှုကို ဆောင်ရွက်နိုင်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ စွမ်းအားပေးမှုကြောင့်သာဖြစ်သည်။ ကောင်းမှုအပေါ် အစား ပေးခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်သက်သက်သာ ဖြစ်သည်။ ချီးမွမ်းထောမနာခြင်းအပေါင်းသည် ထိုအရှင်မြတ်အဖို့သာ ဖြစ်သည်။ အကြင်သူသည် မကောင်းမှုပြုလုပ်ခဲ့ပါက မိမိကိုယ်မိမိသာ အပြစ်တင်ရမည် ဖြစ်သည်။

(4810)

(46) – عن أبي موسى رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «إِنَّ اللَّهَ لَيُمْلِي لِلظَّالِمِ، حَتَّى إِذَا أَخَذَهُ لَمْ يُفْلِتْهُ» قَالَ: ثُمَّ قَرَأَ: «{وَكَذَلِكَ أَخْذُ رَبِّكَ إِذَا أَخَذَ الْقُرَى وَهِيَ ظَالِمَةٌ إِنَّ أَخْذَهُ أَلِيمٌ شَدِيدٌ}[هود: 102]» [صحيح] - [متفق عليه]

(46) – အဗူမူစာ အရ်အရီ (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် မတရားပြုသူအား

အချိန်ဆိုင်းငံ့ခွင့် ပေးထားတော်မူသည်။ အရှင်မြတ်က ၎င်းအား အရေးယူသည့်အခါ လွတ် မြောက်ခွင့် ပေးမည်မဟုတ်ပေ။ ထို့နောက် ကိုယ်တော်သည် ဤအာယသ် တော်အား ဖတ်ရွတ်တော်မူသည်။ (စင်စစ်သော်ကား အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် မြို့(သူ)(ရွာ)သားတို့အား ၎င်းတို့သည် နှိပ်စက်ကလူပြုလျက်ရှိနေကြစဉ် ဖမ်းဆီးအရေးယူတော်မူသောအခါ ဤ နည်းအတိုင်းပင် ဖမ်းဆီးအရေးယူတော်မူလေ့ရှိ၏။ ဧကန်အမှန် ထိုအရှင် မြတ်၏ ဖမ်းဆီးအပြစ်ပေးမှုကား အလွန်ပြင်းပြနာကျင်ဖွယ် ဖြစ်လှပေ သည်။ အလွန်ပြင်းထန်လှပေသတည်း။) (ကုရ်အာန် ၁၁း၁၀၂)
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အပြစ်ကျူး လွန်ကာ မတရားမှုပြုသူ၊ ရှိရက် ဖက်စပ်ကိုးကွယ်မှုပြုသူ၊ လူတို့၏ အခွင့် အရေးများကို မတရားပြုနေသူတို့ကို သတိပေးတားမြစ်တော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် မတရားပြုသူအား အချိန်ဆိုင်းငံ့ထားပြီး သူ၏ သက်တမ်း ရှည်လျားအောင်ထားကာ ဥစ္စာပစ္စည်းပေါ်များစွာ ပေးထားပြီး ချက်ချင်းအရေးမယူဘဲ ထားတော်မူသည်။ ၎င်းအနေဖြင့် နောင်တရကာ

သောင်ဗဟ်အမှား ဝန်ချတောင်းပန်မှုမပြုပါက ဖမ်းဆီးအရေးယူတော်မူ
မည်ဖြစ်ပြီး သူ၏များပြားလှသည့် မတရားမှုများကြောင့်
လွတ်မြောက်ခွင့် ပေးမည်မဟုတ်ပေ။

ထို့နောက် ကိုယ်တော်သည် ဤအာယသ်တော်အား ဖတ်ရွတ်တော်မူ
သည်။ (စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်
မြတ်သည် မြို့(သူ)(ရွာ)သားတို့အား ၎င်းတို့သည် နှိပ်စက်ကလူ ပြုလျက်
ရှိနေကြစဉ် ဖမ်းဆီးအရေးယူတော်မူသောအခါ ဤနည်းအတိုင်းပင်
ဖမ်းဆီး အရေးယူတော်မူလေ့ရှိ၏။ ဧကန်အမှန် ထိုအရှင်မြတ်၏ ဖမ်းဆီး
အပြစ်ပေး မှုကား အလွန်ပြင်းပြနာကျင်ဖွယ် ဖြစ်လှပေသည်။
အလွန်ပြင်းထန်လှပေ သတည်း။) (ကုရ်အာန် ၁၁:၁၀၂)

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အသိဉာဏ်ရှိသူသည် သောင်ဗဟ် အမှားဝန်ချတောင်းပန်မှုကို ချက် ချင်းပြုလုပ်ရန် တာဝန်ရှိသည်။ ၎င်းသည် မတရားမှု၌ရှိနေပါက အလ္လာဟ်အရှင်မြတ်၏ ပရိယာယ်အစီအစဉ်မှ စိတ်ချစွာမနေသင့်ပါ။
2. မတရားပြုသူများကို အလ္လာဟ်အရှင်မြတ်က ချက်ချင်းအရေးမယူဘဲ ဆိုင်းငံ့ထားခြင်းသည် ၎င်းတို့ သောင်ဗဟ် အမှားဝန်ချတောင်းပန်မှု မပြုပါက ပြစ်ဒဏ်လည်း တိုးလာစေရန်အတွက် လှည့်စားထားခြင်းပင် ဖြစ်သည်။

3. မတရားမှုသည် အွမ့်သ်အသီးသီးအပေါ် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ် ကျရောက်စေသည့် အကြောင်းခံများထဲတွင် ပါဝင်သည်။
4. အလ္လာဟ်အရှင်မြတ်သည် မြို့ရွာတစ်ခု ဖျက်ဆီးပစ်သည့်အခါ တစ်ခါ တစ်ရံတွင် ထိုမြို့ရွာ၌ သူတော်ကောင်းများလည်း ရှိနေတတ်သည်။ ၎င်းတို့သည် မိမိတို့ကောင်းမှုအပေါ်တွင်ရှိလျက် သေးဆုံးခဲ့သည့်အတိုင်း ကိယာမသ်နေ့၌ ပြန်လည်ရှင်ပြန်ထရမည်။ အပြစ်ဒဏ်ခတ်ခြင်း၌ ရောပါသွားခြင်းသည် ၎င်းတို့အား ဆိုးကျိုးဖြစ်စေမည် မဟုတ်ပါ။

(5811)

(47) – عن ابن عباس رضي الله عنهما عَنِ النَّبِيِّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ فِيمَا يَرْوِي عَنْ رَبِّهِ عَزَّ وَجَلَّ قَالَ: قَالَ: «إِنَّ اللهَ كَتَبَ الْحَسَنَاتِ وَالسَّيِّئَاتِ، ثُمَّ بَيَّنَ ذَلِكَ، فَمَنْ هَمَّ بِحَسَنَةٍ فَلَمْ يَعْمَلْهَا كَتَبَهَا اللهُ لَهُ عِنْدَهُ حَسَنَةً كَامِلَةً، فَإِنْ هُوَ هَمَّ بِهَا فَعَمِلَهَا كَتَبَهَا اللهُ لَهُ عِنْدَهُ عَشْرَ حَسَنَاتٍ إِلَى سَبْعِمِائَةِ ضِعْفٍ، إِلَى أَضْعَافٍ كَثِيرَةٍ، وَمَنْ هَمَّ بِسَيِّئَةٍ فَلَمْ يَعْمَلْهَا كَتَبَهَا اللهُ لَهُ عِنْدَهُ حَسَنَةً كَامِلَةً، فَإِنْ هُوَ هَمَّ بِهَا فَعَمِلَهَا كَتَبَهَا اللهُ لَهُ سَيِّئَةً وَاحِدَةً». [صحيح] - [متفق عليه]

(47) – အိဗ်နုအဗ္ဗာစ် (ရသ္ဓိယလ္လာဟုအန်ဟုမာ) ကဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိအရှင်မြတ်ထံတော်မှ တစ်ဆင့် ဆင့်ပြန်တော်မူခဲ့သည်။ ကေန်အမှန် အလ္လာဟ်အရှင်မြတ်သည် ကောင်းမှုများနှင့် မကောင်းမှုများကို

ရေးမှတ်တော်မူပြီးနောက် ၎င်းတို့အား အသေးစိတ်ရှင်းပြတော်မူခဲ့သည်။ ထို့ကြောင့် မည်သူမဆို ကောင်းမှု တစ်ခု ကို ပြုလုပ်ရန်ရည်ရွယ်ပြီး မလုပ်ဖြစ်ခဲ့လျှင် ၎င်းကို အလ္လာဟ်အရှင်မြတ် သည် မိမိထံတော်တွင် ပြည့်စုံသည့် ကောင်းမှုတစ်ခုအဖြစ် ရေးမှတ်တော်မူ သည်။ အကယ်၍ ထိုသူသည် ယင်းကောင်းမှုကိုပြုလုပ်ရန် ရည်ရွယ်ပြီး နောက် လက်တွေ့ပြုလုပ်ခဲ့ပါက ၎င်းကို ထိုသူ့အတွက် အလ္လာဟ်အရှင်မြတ် က မိမိထံတော်တွင် ကောင်းမှု(၁၀)ဆမှ အဆ(၇၀၀) အထိ၊ ထိုမှ အဆ ပေါင်းမြောက်မြားစွာထိ ရေးမှတ်တော်မူမည်ဖြစ်သည်။ ၎င်းအပြင် အကြင် သူသည် မကောင်းမှုတစ်ခုကို ပြုလုပ်ရန် ရည်ရွယ်ပြီး မလုပ်ခဲ့လျှင် ၎င်းကို အလ္လာဟ်အရှင်မြတ်သည် မိမိထံတွင် ပြည့်စုံသည့် ကောင်းမှုတစ်ခုအဖြစ် ရေးမှတ်တော်မူသည်။ အကယ်၍ ထိုသူသည် ၎င်းကိုပြုလုပ်ရန် ရည်ရွယ် ပြီးနောက် လက်တွေ့ပြုလုပ်ခဲ့လျှင် ၎င်းကို သူ့အတွက် အလ္လာဟ်အရှင် မြတ်သည် မကောင်းမှုတစ်ခုအဖြစ်သာ ရေးမှတ်တော်မူမည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြသည်မှာ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် ကောင်းမှု၊ မကောင်းမှုတို့ကို သတ်မှတ် ပြီးနောက် မလာအိကဟ် ကောင်းကင်တမန်နှစ်ပါးအား

မည်သို့ရေးမှတ်ရ မည်ကို ရှင်းပြတော်မူသည်။

သို့ဖြစ်၍ အကြင်မည်သူမဆို ကောင်းမှုတစ်ခုလုပ်ရန်ရည်ရွယ်ကာ သန္နိဋ္ဌာန်ချပြီးနောက် ထိုကောင်းမှုကို မလုပ်ဖြစ်ခဲ့လျှင် ၎င်းအတွက် ကောင်း မှုတစ်ခုရေးမှတ်ခြင်းခံရမည်။ အကယ်၍ သူသည် ထိုကောင်းမှုကို ပြုလုပ်ခဲ့ ပါက ယင်းကောင်းမှုကို သူ့အတွက် အလ္လာဟ်အရှင်မြတ်က မိမိထံတော် တွင် ကောင်းမှု(၁၀)ဆမှ အဆ(၇၀၀) အထိ၊ ထိုမှ အဆပေါင်းမြောက်မြား စွာထိ ရေးမှတ်တော်မူမည်ဖြစ်သည်။ ကောင်းမှုများ တိုးပွားခြင်းသည် စိတ် နှလုံးတွင်း၌ အိခ်လာဆ်ရှိခြင်း၊ အကျိုးဖြစ်ထွန်းမှု များပြားခြင်း စသည်တို့ အပေါ်တွင် မူတည်သည်။

အကြင်မည်သူမဆို မကောင်းမှုတစ်ခုလုပ်ရန် ရည်ရွယ်ကာ သန္နိဋ္ဌာန် ချပြီးနောက် ထိုမကောင်းမှုကို အလ္လာဟ်အတွက် စွန့်လွှတ်ခဲ့ပါက ၎င်း အတွက် ကောင်းမှုတစ်ခု ရေးမှတ်ခြင်းခံရမည်။ အကယ်၍ မကောင်းမှု ပြု လုပ်ရန် အကြောင်းခံများကို ဆောင်ရွက်ခြင်း မရှိသေးဘဲ အခြားဘက်သို့ အာရုံရောက်သွားသဖြင့် ထိုမကောင်းမှုကို စွန့်လွှတ်ခြင်းဖြစ်ပါက မည်သည့် အရာမျှ ရေးမှတ်ခံရမည်မဟုတ်ပေ။ အကယ်၍ မတတ်သာ၍ စွန့်လွှတ် လိုက်ခြင်းဖြစ်ပါက သူ၏ရည်စူးချက်သည် ရေးမှတ်ခြင်းခံရမည်ဖြစ်သည်။ အကယ်၍ ထိုမကောင်းမှုကို ပြုလုပ်ခဲ့ပါက ၎င်းအတွက် မကောင်းမှုတစ်ခု ရေးမှတ်ခြင်းခံရမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဤအွမ္မသ်အတွက် အပေါ်တွင်ရှိသော အလ္လာဟ်အရှင်မြတ်၏ မဟာ ကျေးဇူးတော်ကို တင်ပြထားသည်။ အရှင်မြတ်သည် ကောင်းမှုသိုလ် များကို အဆတိုး၍ မိမိထံရေးမှတ်တော်မူကာ မကောင်းမှုများကို အဆ တိုးခြင်းမပြုပေ။
2. လုပ်ရပ်တိုင်းတွင် ရည်စူးချက်၏ အရေးပါမှုနှင့် ၎င်း၏သက်ရောက်မှု ကို ဖော်ပြထားသည်။
3. အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်၊ သနားကရုဏာတော်နှင့် ကောင်းကျိုးပြုတော်မူခြင်း တစ်ရပ်မှာ မည်သူမဆို ကောင်းမှုတစ်ခုကို ပြုလုပ်ရန်ရည်ရွယ်ပြီး မလုပ်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းကို ကောင်းမှုတစ်ခုအဖြစ် ရေးမှတ်တော်မူသည်။

(4322)

(48) – عَنِ ابْنِ مَسْعُودٍ رَضِيَ اللَّهُ عَنْهُ، قَالَ: قَالَ رَجُلٌ: يَا رَسُولَ اللهِ، أَنُؤَاخَذُ بِمَا عَمِلْنَا فِي الْجَاهِلِيَّةِ؟ قَالَ: «مَنْ أَحْسَنَ فِي الْإِسْلَامِ لَمْ يُؤَاخَذْ بِمَا عَمِلَ فِي الْجَاهِلِيَّةِ، وَمَنْ أَسَاءَ فِي الْإِسْلَامِ أُخِذَ بِالْأَوَّلِ وَالْآخِرِ». [صحيح] - [متفق عليه]

(48) – အိဗ်နုမတ်စ်အူးဒ် (ရဍိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ပုဂ္ဂိုလ် တစ်ဦးက အို-အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ကျွန်တော်မျိုးတို့ အမိုက်ခေတ်တွင် ကျူးလွန်ခဲ့သော

အပြစ်များနှင့်ပတ်သက်၍ အရေးယူ ခြင်းခံရမည်လောဟု မေးမြန်းလျှောက်ထားခဲ့သည်။ ကိုယ်တော်က အမိန့် ရှိသည်မှာ - အကြင်သူသည် အစ္စလာမ်သာသနာတော်၌ (စွဲမြဲစွာ တည်ရှိပြီး)ကောင်းမွန်စွာ လိုက်နာကျင့်သုံးခဲ့လျှင် အမိုက်ခေတ်တွင် ထိုသူ ပြုလုပ်ခဲ့ သော ပြစ်မှုများအတွက် အရေးယူခြင်းခံရမည်မဟုတ်ပေ။ အကြင်သူသည် အစ္စလာမ်ကိုလက်ခံပြီး(ဘာသာပျက်ကာ) မကောင်းမှုကျူးလွန်ခဲ့လျှင် ထို သူ အစ္စလာမ်လက်မခံမီနှင့် အစ္စလာမ်လက်ခံပြီးနောက် ကျူးလွန်သမျှ အပြစ်တို့ကို အရေးယူခြင်းခံရမည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အစ္စလာမ်သာသနာတော်အတွင်းသို့ ဝင်ရောက်ခြင်း၏ မွန်မြတ်မှုကို ရှင်းပြတော်မူသည်။ မည်သူမဆို အစ္စလာမ်သာသနာတော်ကို သက်ဝင်ယုံကြည်၍ ကောင်းမွန်စွာ လိုက်နာကျင့်သုံးမည်။ ၎င်းသည် 'အိခ်လာဆွ်'နှင့်တကွ မှန်ကန်စွာလက်ခံကျင့်သုံးသူဖြစ်ပါက အမိုက်ခေတ်တွင် ထိုသူပြုလုပ်ခဲ့သော ပြစ်မှုများအတွက် အရေးယူခြင်းခံရမည်မဟုတ်ပေ။ အကြင်သူသည် အစ္စလာမ်ကိုလက်ခံပြီးနောက်မကောင်းမှုကျူးလွန်ခဲ့လျှင် ဥပမာ-

မုနာဖိက် အရေခြုံမွတ်စ်လင်မ်ဖြစ်ခဲ့လျှင် သို့မဟုတ် အစ္စလာမ်ကို ပြန်လည် စွန့်လွှတ် ခဲ့လျှင် ထိုသူအစ္စလာမ်လက်မခံမီနှင့် အစ္စလာမ်လက်ခံပြီးနောက် ကျူးလွန် သမျှ အပြစ်တို့အတွက် အရေးယူခြင်းခံရမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဆွဟာဗဟ်(ရသွိယလ္လာဟုအန်ဟုမ်)တို့သည် အစ္စလာမ်လက်မခံမီက ကျူးလွန်ခဲ့သော မကောင်းမှုများနှင့်ပတ်သက်၍ အလွန်စိုးရိမ်စိတ်ရှိ ကြသည်။
2. အစ္စလာမ်သာသနာပေါ်တွင် စွဲမြဲစွာရပ်တည်ရန် တိုက်တွန်းထားသည်။
3. အစ္စလာမ်သာသနာကို လက်ခံခြင်း၏ မွန်မြတ်ကိုဖော်ပြထားသည်။ အစ္စလာမ်သာသနာသည် အစ္စလာမ်လက်မခံမီက အပြစ်အကုသိုလ် များကို ပယ်ဖျက်ပေးသည်။
4. အစ္စလာမ်ကို လက်ခံပြီးနောက် ဘာသာပျက်သွားသူနှင့် မုနာဖိက် အရေခြုံမွတ်စ်လင်မ်တို့သည် အစ္စလာမ်လက်မခံမီနှင့် လက်ခံပြီး နောက် ကျူးလွန်ခဲ့သည့် အပြစ်များအတွက် အရေးယူခြင်းခံရမည်။

(65002)

(49) – عَنْ حَكِيمِ بْنِ حِزَامٍ رَضِيَ اللَّهُ عَنْهُ، قَالَ: قُلْتُ: يَا رَسُولَ اللَّهِ، أَرَأَيْتَ أَشْيَاءَ كُنْتُ أَتَحَنَّثُ بِهَا فِي الجَاهِلِيَّةِ مِنْ صَدَقَةٍ أَوْ عَتَاقَةٍ، وَصِلَةِ رَحِمٍ، فَهَلْ فِيهَا مِنْ أَجْرٍ؟ فَقَالَ النَّبِيُّ صَلَّى اللَّهُ عَلَيْهِ وَسَلَّمَ: «أَسْلَمْتَ عَلَى مَا سَلَفَ مِنْ خَيْرٍ». [صحيح] - [متفق عليه]

(49) – ဟကီးမ်ဗင်န် ဟိဇာမ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်က အို အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ကျွန်တော်မျိုး သည် ဂျာဟိလိယဟ် အမိုက်ခေတ်တွင် အိဗာဒသ် ကိုးကွယ်ဆည်းကပ်မှု၏ ရည်ရွယ်ချက်ဖြင့် ဆွဒကဟ်အလှူဒါနပြုခြင်း၊ ကျေးကျွန်ကို သူကောင်းပြု ခြင်းနှင့် ဆွေမျိုးဆက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထိုကိစ္စများအတွက် အကျိုးတစ်စုံတစ်ရာ ရနိုင်ပါသလားဟု လျှောက်ထားမေးမြန်းခဲ့သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ဖြေကြား တော်မူသည်မှာ  အသင်အလျင်ကပြုခဲ့သည့် ကောင်းမှုများဖြင့် သင် အစ္စလာမ် သာသနာဝင်ဖြစ်လာခြင်းဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူခဲ့ သည်မှာ ကာဖိရ်တစ်ဦးသည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့ ပါက ၎င်းသူအစ္စလာမ်သာသနာကို လက်မခံမီ ဂျာဟိလိယဟ် အမိုက်ခေတ် တွင် ပြုလုပ်ခဲ့သော

ဆွဒကဟ်အလှူဒါနပြုခြင်း၊ ကျေးကျွန်ကို သူကောင်းပြု ခြင်း၊ ဆွေမျိုးဆက်ခြင်း စသည့်အမလ်ကောင်းမှုများ၏ အကျိုးကုသိုလ်ကို ရရှိမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကာဖိရ်တစ်ဦးသည် ကုဖ်ရ် သွေဖည်ငြင်းပယ်မှု အပေါ်၌ပင် ကွယ်လွန် သေဆုံးခဲ့ပါက လောက၌ ၎င်းဆောင်ရွက်ခဲ့သည့် ကောင်းမှုများ၏ အကျိုးကုသိုလ်ကို နောင်တမလွန်ဘဝတွင် ရရှိလိမ့်မည်မဟုတ်ပါ။

(65016)

(50) – عَنْ أَنَسِ بْنِ مَالِكٍ رضي الله عنه قَالَ: قَالَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ: «إِنَّ اللهَ لَا يَظْلِمُ مُؤْمِنًا حَسَنَةً، يُعْطَى بِهَا فِي الدُّنْيَا وَيُجْزَى بِهَا فِي الْآخِرَةِ، وَأَمَّا الْكَافِرُ فَيُطْعَمُ بِحَسَنَاتِ مَا عَمِلَ بِهَا لِلَّهِ فِي الدُّنْيَا، حَتَّى إِذَا أَفْضَى إِلَى الْآخِرَةِ، لَمْ تَكُنْ لَهُ حَسَنَةٌ يُجْزَى بِهَا». [صحيح] - [رواه مسلم]

(50) – အနတ်စ်ဗင်န်မာလိက် (ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဧကန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူ၏ မည်သည့်ကုသိုလ်ကောင်းမှုကိုမျှ မတရား ပြုတော်မူမည်မဟုတ်ပေ။

၎င်းသည် ထိုကောင်းမှုကြောင့် လောက၌ ကောင်းကျိုးချီးမြှင့်ခြင်းခံရပြီး နောင်တမလွန် အာခိရသ်တွင်လည်း အစား ပြန်လည်ရရှိမည်ဖြစ်သည်။ ကာဖိရ် သေွဖည်ငြင်းပယ်သူသည် အလ္လာဟ် အရှင်မြတ်အတွက် ၎င်းဆောင်ရွက်ခဲ့သည့် ကောင်းမှုများကြောင့် လောက၌ ပင် ကျွေးမွေးခြင်းခံရပြီး နောင်တမလွန် အာခိရသ်သို့ရောက်သည့်အခါ ၎င်း အတွက် အစားပြန်လည်ရရှိမည့် မည်သည့်ကောင်းမှုမျှ ရှိလိမ့်မည် မဟုတ် ပေ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မုအ်မင်န်များ အပေါ် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးပြုမှုနှင့် ကာဖိရ်များအပေါ် အလ္လာဟ် အရှင်မြတ်၏ တရားမျှတမှုတို့ကို ရှင်းပြတော်မူခဲ့သည်။ မုအ်မင်န် တစ်ဦး ပြုလုပ်ခဲ့သည့် ကောင်းမှုများ၏အကျိုးကုသိုလ်သည် ယုတ်လျော့ မသွား ပေ။ ထို့ပြင် ၎င်း၏နာခံမှုကြောင့် ကောင်းမှုများ၏ အကျိုးကို လောက၌ လည်း ချီးမြှင့်ခံရသလို နောင်တမလွန်ဘဝတွင်လည်း သိမ်းဆည်းထားသော အကျိုးကုသိုလ်အဖြစ် ရှိနေမည်ဖြစ်သည်။ နောင်တမလွန်ဘဝတွင် ထို ကောင်းမှုများ၏အစားကို ၎င်းအတွက် ပြည့်ပြည့်ဝဝ ထိန်းသိမ်းထားမည် ဖြစ်သည်။ ကာဖိရ် သေွဖည်ငြင်းပယ်သူနှင့် ပတ်သက်၍ အလ္လာဟ်အရှင်

မြတ်သည် ၎င်းဆောင်ရွက်ခဲ့သည့် ကောင်းမှုများ၏အစား
လောကီအကျိုး များကို ပေးတော်မူမည်ဖြစ်ပြီး နောင်တမလွန်ဘဝသို့
ရောက်သည့်အခါ ၎င်း အတွက် အစားပြန်လည်ရရှိရန်
မည်သည့်ကောင်းမှုမျှ ကျန်ရှိတော့မည် မဟုတ်ပေ။
အဘယ့်ကြောင့်ဆိုသော် ကောင်းမှုကုသိုလ်သည် နှစ်ဘဝ စလုံးတွင်
အကျိုးပေးရန် ကောင်းမှုပြုလုပ်သူသည် မုအ်မင်န်ဖြစ်ရန် လိုအပ် သည်။

### ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. မည်သူမဆို ကုဖ်ရ် သွေဖည်ငြင်းပယ်မှုအပေါ်၌ ကွယ်လွန်ခဲ့ပါက ကောင်းမှုကုသိုလ်များသည် ၎င်းအားအကျိုးပေးနိုင်မည် မဟုတ်ပါ။

(65015)

(51) – عن أبي هريرة رضي الله عنه عَنِ النَّبِيِّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ، فِيمَا يَحْكِي عَنْ رَبِّهِ عَزَّ وَجَلَّ، قَالَ: «أَذْنَبَ عَبْدٌ ذَنْبًا، فَقَالَ: اللَّهُمَّ اغْفِرْ لِي ذَنْبِي، فَقَالَ تَبَارَكَ وَتَعَالَى: أَذْنَبَ عَبْدِي ذَنْبًا، فَعَلِمَ أَنَّ لَهُ رَبًّا يَغْفِرُ الذَّنْبَ، وَيَأْخُذُ بِالذَّنْبِ، ثُمَّ عَادَ فَأَذْنَبَ، فَقَالَ: أَيْ رَبِّ اغْفِرْ لِي ذَنْبِي، فَقَالَ تَبَارَكَ وَتَعَالَى: عَبْدِي أَذْنَبَ ذَنْبًا، فَعَلِمَ أَنَّ لَهُ رَبًّا يَغْفِرُ الذَّنْبَ، وَيَأْخُذُ بِالذَّنْبِ، ثُمَّ عَادَ فَأَذْنَبَ، فَقَالَ: أَيْ رَبِّ اغْفِرْ لِي ذَنْبِي، فَقَالَ تَبَارَكَ وَتَعَالَى: أَذْنَبَ عَبْدِي ذَنْبًا، فَعَلِمَ أَنَّ لَهُ رَبًّا يَغْفِرُ الذَّنْبَ، وَيَأْخُذُ بِالذَّنْبِ، اعْمَلْ مَا شِئْتَ فَقَدْ غَفَرْتُ لَكَ». [صحيح] - [متفق عليه]

(51) – အဗူဟုရိုင်ရဟ် (ရသ္ဍိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသော၊ ကြီးကျယ်မြင့်မြတ်တော်မူသော မိမိ၏အရှင်မြတ်ထံ တော်မှတစ်ဆင့် ဆင့်ပြန်ပြောကြားခဲ့သည်။ အလ္လာဟ်အရှင်မြတ် မိန့်ကြား တော်မူသည်မှာ «ကျွန်တစ်ဦးသည် အပြစ်အကုသိုလ်တစ်ခုကို ကျူးလွန်ခဲ့ ပြီးနောက် ၎င်းက အို - အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏ အပြစ်ကို ခွင့် လွှတ်တော်မူပါဟု တောင်းခံခဲ့သည်။ ထိုအခါ မင်္ဂလာအပေါင်းနှင့် ပြည့်စုံ တော်မူသော ကြီးကျယ်မြင့်မြတ်တော်မူသော အရှင်မြတ်က မိန့်ကြားတော် မူသည်မှာ ငါအရှင်မြတ်၏ကျွန်သည် အပြစ်ကျူးလွန်ခဲ့ပြီးနောက် ၎င်းထံ တွင် အပြစ်အကုသိုလ်တို့ကို ခွင့်လွှတ်တော်မူသောအရှင်၊ ပြစ်မှုတို့ကို အရေးယူတော်မူသောအရှင် ရှိကြောင်းသိရှိခဲ့သည်။ ၎င်းနောက် ထိုသူသည် အပြစ်ကို ပြန်လည်ကျူးလွန်ခဲ့သည်။ ထို့နောက် ၎င်းက အို - အလ္လာဟ် အရှင်မြတ် ကျွန်တော်မျိုး၏ အပြစ်ကို ခွင့်လွှတ်တော်မူပါဟု တောင်းခံခဲ့ သည်။ ထိုအခါ မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသော ကြီးကျယ်မြင့်မြတ် တော်မူသော အရှင်မြတ်က မိန့်ကြားတော်မူသည်မှာ ငါအရှင်မြတ်၏ ကျွန် သည် အပြစ်ကျူးလွန်ခဲ့ပြီးနောက် ၎င်းထံတွင် အပြစ်အကုသိုလ်တို့ကို ခွင့် လွှတ်တော်မူသောအရှင်၊ ပြစ်မှုတို့ကို အရေးယူတော်မူသောအရှင် ရှိ ကြောင်းသိရှိခဲ့သည်။ ၎င်းနောက်

ထိုသူသည် အပြစ်ကို ပြန်လည် ကျူးလွန် ခဲ့သည်။ ထို့နောက် ၎င်းက အို - အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏ အပြစ်ကို ခွင့်လွှတ်တော်မူပါဟု တောင်းခံခဲ့သည်။ ထိုအခါ မင်္ဂလာအပေါင်း နှင့် ပြည့်စုံတော်မူသော ကြီးကျယ်မြင့်မြတ်တော်မူသော အရှင်မြတ်က မိန့် ကြားတော်မူသည်မှာ ငါအရှင်မြတ်၏ကျွန်သည် အပြစ်ကျူးလွန်ခဲ့ပြီး နောက် ၎င်းထံတွင် အပြစ်အကုသိုလ်တို့ကို ခွင့်လွှတ်တော်မူသောအရှင်၊ ပြစ်မှုတို့ကို အရေးယူတော်မူသောအရှင် ရှိကြောင်းသိရှိခဲ့သည်။ ငါအရှင် မြတ်သည် ငါ၏ကျွန်ကို ခွင့်လွှတ်တော်မူလိုက်ပြီဖြစ်၏။ ထို့ကြောင့် သင် သည် မိမိအလိုရှိရာကို လုပ်နိုင်ပြီဖြစ်သည်။» [ဤဟာဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏ အရှင် မြတ် ထံတော်မှတစ်ဆင့် ဆင့်ပြန်ပြောကြားသည်။ ကျေးကျွန်တစ်ဦးသည် အပြစ်အကုသိုလ်ကျူးလွန်ပြီးနောက် အို - အလ္လာဟ်အရှင်မြတ် ကျွန်တော် မျိုး၏ အပြစ်ကို ခွင့်လွှတ်တော်မူပါဟု တောင်းခံခဲ့သည်။ ထိုအခါ ကြီးကျယ် မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူသည်။ ငါ အရှင်မြတ်၏ကျွန်သည် အပြစ်အကုသိုလ်ကိုကျူးလွန်ခဲ့သည်။ ထို့နောက် သူ့တွင် အပြစ်တို့ကို ခွင့်လွှတ်တော်မူသောအရှင်၊

ဖုံးကွယ်ပေးတော်မူသော အရှင်၊ ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင် သို့မဟုတ် အရေးယူ နိုင် တော်မူသောအရှင် ရှိကြောင်းကို သိခဲ့သည်။ ငါအရှင်မြတ်သည် သူ့ကို ခွင့်လွှတ်တော်မူလိုက်ပြီဖြစ်၏။ ၎င်းနောက် ထိုသူသည် အပြစ်ကို ပြန်လည် ကျူးလွန်ခဲ့သည်။ ထို့နောက် ၎င်းက အို - အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး ၏ အပြစ်ကို ခွင့်လွှတ်တော်မူပါဟု တောင်းခံခဲ့သည်။ ထိုအခါ အလ္လာဟ် အရှင်မြတ်က မိန့်ကြားတော်မူသည်။ ငါအရှင်မြတ်၏ကျွန်သည် အပြစ် အကုသိုလ်ကိုကျူးလွန်ခဲ့သည်။ ထို့နောက် သူ့တွင် အပြစ်တို့ကို ခွင့်လွှတ် တော်မူသောအရှင်၊ ဖုံးကွယ်ပေးတော်မူသောအရှင်၊ ခွင့်လွှတ်ချမ်းသာ ပေး တော်မူသောအရှင် သို့မဟုတ် အရေးယူနိုင်တော်မူသောအရှင် ရှိကြောင်းကို သိခဲ့သည်။ ငါအရှင်မြတ်သည် ငါ၏ကျွန်အား ခွင့်လွှတ်တော်မူလိုက်ပြီ ဖြစ် သည်။ ၎င်းနောက် ထိုသူသည် အပြစ်ကို ပြန်လည်ကျူးလွန်ခဲ့သည်။ ထို့ နောက် ၎င်းက အို - အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏ အပြစ်ကို ခွင့် လွှတ်တော်မူပါဟု တောင်းခံခဲ့သည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်က မိန့် ကြားတော်မူသည်။ ငါအရှင်မြတ်၏ကျွန်သည် အပြစ်အကုသိုလ်ကို ကျူး လွန်ခဲ့သည်။ ထို့နောက် သူ့တွင် အပြစ်တို့ကို ခွင့်လွှတ်တော်မူသောအရှင်၊ ဖုံးကွယ်ပေးတော်မူသောအရှင်၊ ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင် သို့မဟုတ် အရေးယူနိုင်တော်မူသောအရှင် ရှိကြောင်းကို သိခဲ့သည်။ ငါ

အရှင်မြတ်သည် ငါ၏ကျွန်အား ခွင့်လွှတ်တော်မူလိုက်ပြီဖြစ်သည်။ သို့ဖြစ် ၍ ၎င်းသည်အပြစ်အကုသိုလ် ကျူးလွန်ပြီး ယင်းအပြစ်ကို စွန့်လွှတ်ကာ နောင်တရ၍ ထိုအပြစ်ကို ထပ်မလုပ်ရန် ဆုံးဖြတ်ချက်ချနေသမျှ မိမိ အလိုရှိရာကို လုပ်နိုင်ပြီဖြစ်သည်။ သို့သော် အကုသိုလ်ပြုချင်သည့်စိတ်က သူ့အားလွှမ်းမိုးသွားပြီး နောက်တစ်ကြိမ် အပြစ်ကျူးလွန်လိုက်သည်။ သူ သည် ဤအတိုင်း အပြစ်ကျူးလွန်ပြီးနောက် ဝန်ချတောင်းပန်နေသ၍ ငါအရှင်မြတ်သည် သူ့အားခွင့်လွှတ်တော်မူမည်ဖြစ်သည်။ ဧကန်အမှန်ပင် သောင်ဝ်ဗဟ်အများဝန်ချတောင်းပန်မှုသည် ၎င်းမတိုင်ခင်က ကျူးလွန်ခဲ့ သည့် အပြစ်အကုသိုလ်တို့အား ပယ်ဖျက်ပေးသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကျေးကျွန်များအပေါ်တွင်ရှိသည့် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ် လှသည့် ကရုဏာတော်တစ်ရပ်မှာ လူတစ်ဦးသည် မည်သို့ပင် အပြစ် ကျူးလွန်သည်ဖြစ်စေ၊ မည်သို့ပင်ပြုလုပ်မိသည်ဖြစ်စေ၊ အများဝန်ချ တောင်းပန်မှုပြုကာ အလ္လာဟ်အရှင်မြတ်ထံပြန်လှည့်ပါက အလ္လာဟ် အရှင်မြတ်သည် ထိုသူ့အားခွင့်လွှတ်တော်မူမည်ဖြစ်သည်။
2. အလ္လာဟ်အရှင်မြတ်ကို အီမာန်သက်ဝင်ယုံကြည်သူမုအ်မင်န်သည် မိမိ အရှင်မြတ်၏ ခွင့်လွှတ်မှုကို မျှော်လင့်ချက်ထားပြီး

အရှင်မြတ်၏ အပြစ်ဒဏ်ကို ကြောက်ရွံ့သည့်အတွက် သောင်ဝ်ဗဟ် အမှားဝန်ချ တောင်းပန်မှုကို အလျင်အမြန်ပြုလုပ်ကာ အပြစ်အကုသိုလ်များကို ဆက်လက်ကျူးလွန်ခြင်းမပြုပေ။

3. စစ်မှန်သည့်သောင်ဝ်ဗဟ် အမှားဝန်ချတောင်းပန်ခြင်း၏ စည်းကမ်း ချက်များမှာ- (၁) အပြစ်အကုသိုလ်အား စွန့်လွှတ်ရမည်။ (၂) အပြစ် ကျူးလွန်ခဲ့သည့်အပေါ်နောင်တရရမည်။ (၃) အပြစ်ထပ်မံကျူးလွန် ခြင်းမပြုရန် ဆုံးဖြတ်ချက်ချရမည်။ အကယ်၍ လူတို့၏ ဥစ္စာပစ္စည်း၊ ဂုဏ်သိက္ခာ၊ အသက် စသည်တို့ကို မတရားပြုထားသည့်အတွက် သောင်ဝ်ဗဟ် အမှားဝန်ခံခြင်းဖြစ်ပါက စတုတ္ထမြောက် စည်းကမ်းချက် တစ်ခု ထပ်တိုးသွားမည်ဖြစ်သည်။ ၎င်းမှာ ရပိုင်ခွင့်ရှိသူထံမှ ခွင့်လွှတ်မှု တောင်းခံခြင်း သို့မဟုတ် ၎င်း၏ ရပိုင်ခွင့်ကို ပြန်လည်ပေးအပ်ခြင်း ဖြစ်သည်။

4. အလ္လာဟ်အရှင်မြတ်ကို သိခြင်း၏ အရေးပါမှုကို ဖော်ပြထားသည်။ အရှင်မြတ်သည် လူတစ်ဦးကို မိမိ၏သာသာနာရေး ကိစ္စရပ်များကို သိ နားလည် စေသောကြောင့် သူသည် အမှားလုပ်မိတိုင်း သောင်ဝ်ဗဟ်

အမှားဝန်ချတောင်းပန်မှုပြုကာ မျှော်လင့်ချက်ကင်းမဲ့ခြင်း၊ အပြစ်ဆက်လက်ကျူးလွန်ခြင်းမျိုး မပြုလုပ်တော့ပေ။

(4817)

(52) – عن أبي هريرة رضي الله عنه: أن رسول الله صلى الله عليه وسلم قال: «يَنْزِلُ رَبُّنَا تَبَارَكَ وَتَعَالَى كُلَّ لَيْلَةٍ إِلَى السَّمَاءِ الدُّنْيَا حِينَ يَبْقَى ثُلُثُ اللَّيْلِ الْآخِرُ، يَقُولُ: «مَنْ يَدْعُونِي فَأَسْتَجِيبَ لَهُ؟ مَنْ يَسْأَلُنِي فَأُعْطِيَهُ؟ مَنْ يَسْتَغْفِرُنِي فَأَغْفِرَ لَهُ؟»». [صحيح] - [متفق عليه]

(52) – အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော မင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူသော ကြီးကျယ်မြင့်မြတ်တော်မူသော အရှင် မြတ်သည် ည၏နောက်ဆုံး သုံးပုံတစ်ပုံအချိန်တွင် မိုးကောင်းကင် အောက် ဆုံးထပ်သို့ညစဉ် ဆင်းသက်တော်မူပြီး မိန့်ကြားတော်မူသည်မှာ - ငါအရှင် မြတ်ထံ တောင်းဆုပြုမည့်သူ ရှိသလော။ ငါအရှင်မြတ်သည် သူ(၏တောင်း ဆု)ကို လက်ခံတော်မူမည်။ ငါအရှင်မြတ်ထံ တောင်းခံမည့်သူရှိသလော။ ငါအရှင်မြတ်သည် သူ့အား ချီးမြှင့်တော်မူမည်။ ငါအရှင်မြတ်ထံ လွတ်ငြိမ်း ချမ်းသာခွင့် တောင်းခံမည့်သူရှိသလော။ ငါအရှင်မြတ်သည် သူ့အား လွတ်

ငြိမ်းချမ်းသာခွင့် ချီးမြှင့်တော်မူမည်။ [ဤဟာဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည် မှာ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသော ကြီးကျယ်မြင့်မြတ်တော်မူသော အရှင်မြတ်သည် ည၏ နောက်ဆုံး သုံးပုံတစ်ပုံအချိန်တွင် မိုးကောင်းကင်အောက်ဆုံးထပ်သို့ ညစဉ် ဆင်းသက်တော်မူပြီး အရှင်မြတ်သည် မိမိ၏ကျေးကျွန်များကို မိမိထံ ဒုအာဆုတောင်းခံခြင်း၌ စိတ်အားထက်သန်စေရန်အတွက် အရှင်မြတ်သည် ဒုအာဆုမွန်တောင်းခံသူ၏ တောင်းဆုကို လက်ခံတော်မူကြောင်း မိန့်ကြား တော်မူသည်။ ထို့အတူ ၎င်းတို့အား မိမိတို့အလိုရှိသည်ကို တောင်းခံကြရန် နှင့် အရှင်မြတ်သည် မိမိထံတောင်းခံသူအား ချီးမြှင့်တော်မူကြောင်း မိန့်ကြားတော်မူသည်။ ထို့အတူ အရှင်မြတ်ထံ ၎င်းတို့၏ အပြစ်အကုသိုလ် များကို လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံကြရန်နှင့် အရှင်မြတ်သည် မိမိ၏ မုအ်မင်န်ကျေးကျွန်များ၏ အပြစ်အကုသိုလ်များကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူကြောင်း မိန့်ကြားတော်မူသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ညစ်နောက်ဆုံး သုံးပုံတစ်ပုံအချိန်နှင့် ထိုအချိန်၌ ဆွလာသ် ဝတ်ပြုခြင်း၊ ဒုအာဆုတောင်းခြင်း၊ အပြစ်အကုသိုလ်များမှ လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံခြင်းတို့၏ မွန်မြတ်မှုကို ဖော်ပြထားသည်။
2. ဤသြဝါဒတော်ကို ကြားနာရသူအနေဖြင့် ဒုအာလက်ခံခြင်းခံရသည့် အချိန်များကို အကျိုးရှိစွာကုန်ဆုံးရန်အတွက် အလွန်စိတ်အား ထက်သန်မှုရှိသင့်သည်။

(10412)

(53) – عن النُّعمان بن بَشير رضي الله عنه قال: سَمِعْتُ رَسُولَ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ يَقُولُ -وَأَهْوَى النُّعْمَانُ بِإِصْبَعَيْهِ إِلَى أُذُنَيْهِ-: «إِنَّ الْحَلَالَ بَيِّنٌ وَإِنَّ الْحَرَامَ بَيِّنٌ، وَبَيْنَهُمَا مُشْتَبِهَاتٌ لَا يَعْلَمُهُنَّ كَثِيرٌ مِنَ النَّاسِ، فَمَنِ اتَّقَى الشُّبُهَاتِ اسْتَبْرَأَ لِدِينِهِ وَعِرْضِهِ، وَمَنْ وَقَعَ فِي الشُّبُهَاتِ وَقَعَ فِي الْحَرَامِ، كَالرَّاعِي يَرْعَى حَوْلَ الْحِمَى يُوشِكُ أَنْ يَرْتَعَ فِيهِ، أَلَا وَإِنَّ لِكُلِّ مَلِكٍ حِمًى، أَلَا وَإِنَّ حِمَى اللهِ مَحَارِمُهُ، أَلَا وَإِنَّ فِي الْجَسَدِ مُضْغَةً، إِذَا صَلَحَتْ صَلَحَ الْجَسَدُ كُلُّهُ، وَإِذَا فَسَدَتْ فَسَدَ الْجَسَدُ كُلُّهُ، أَلَا وَهِيَ الْقَلْبُ». [صحيح] - [متفق عليه]

(53) – နုအ်မာန် ဗင်န်ဗရှီးရ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ပြောကြားခဲ့ သည်။ ကျွန်တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို

ကြားသိခဲ့ရသည်။ (နုအ်မာန်သည် သူ၏ လက် ချောင်းနှစ်ချောင်းဖြင့် မိမိနားနှစ်ဖက်သို့ ညွှန်ပြခဲ့သည်။) «ဧကန်အမှန်ပင် ဟလာလ်(တရားတော်က ခွင့်ပြုထားသည့်အရာ)သည် ထင်ရှားပြီး၊ ဟရာမ် (တရားတော်က တားမြစ်ထားသည့်) အရာသည်လည်း ထင်ရှားသည်။ ထို နှစ်ခုအကြား၌ သံသယဖြစ်ဖွယ် ကိစ္စရပ်များရှိပြီး ၎င်းတို့ကို များစွာသော လူတို့မသိကြပေ။ ထို့ကြောင့် မည်သူမဆို သံသယဖြစ်ဖွယ် ကိစ္စရပ်များကို ရှောင်ကြဉ်မည်ဆိုပါက မိမိ၏သာသနာနှင့် သိက္ခာကို ထိန်းသိမ်းလိုက်ခြင်း ပင်ဖြစ်သည်။ အကြင်သူသည် သံသယဖြစ်ဖွယ် ကိစ္စရပ်များတွင် ကျ ရောက်သွားပါက ထိုသူသည် ဟရာမ်သို့ ကျရောက်သွားမည်ဖြစ်သည်။ (ထိုသူ၏ပမာသည်)၊ တားမြစ်ထားသော စားကျက်အနီးတွင် မိမိသိုး၊ ဆိတ် တို့ကို ကျောင်းသည့် (ဆိတ်)ကျောင်းသားကဲ့သို့ဖြစ်ပြီး ၎င်းသည် ထို(တား မြစ်ထားသောစားကျက်)ထဲသို့ ကျရောက်ရန် နီးကပ်သွားပြီဖြစ်သည်။ သတိပြုကြလေကုန်။ အမှန်တကယ် ဘုရင်တိုင်းတွင် (ကိုယ်ပိုင်) သီးသန့် တားမြစ် နယ်နိမိတ်ရှိကြလေသည်။ သတိပြုကြလေကုန်။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်၏ တားမြစ်နယ်နိမိတ်သည် အရှင်မြတ်တားမြစ်ထား သည့် (ဟရာမ်) အရာများပင်ဖြစ်သည်။ သတိပြုကြလေကုန်။ အမှန် တကယ်ပင် ခန္ဓာကိုယ်တွင် အသားတုံးတစ်တုံးရှိသည်။ ထိုအသားတုံး

မှန်ကန်ကောင်းမွန်လျှင် ခန္ဓာကိုယ်တစ်ခုလုံး မှန်ကန်ကောင်းမွန်နေမည် ဖြစ်သည်။ ထိုအသားတုံး ပျက်စီးလျှင် ကိုယ်ခန္ဓာတစ်ခုလုံး ပျက်စီးသွားမည်ဖြစ်သည်။ သတိပြုကြလေကုန်။ ထိုအရာသည် နှလုံးသားပင်ဖြစ်သည်။» [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အရေးကိစ္စများနှင့် ပတ်သက်၍ ယေဘုယျစည်းမျဉ်းတစ်ခုကို ရှင်းပြတော်မူခဲ့သည်။ ဧကန်အမှန်ပင် ရှရီအဟ်တရားဥပဒေ၌ အမျိုးအစား သုံးမျိုးပါရှိသည်။ ၎င်းတို့မှာ- ၁။ ရှင်းလင်းထင်ရှားသည့် (ဟလာလ်) ခွင့်ပြုထားသော အရာ များ' ၂။ ရှင်းလင်းထင်ရှားသည့်(ဟရာမ်) တားမြစ်ထားသော အရာများ' ၃။ ဟလာလ်၊ ဟရာမ်နှင့်ပတ်သက်၍ ရှင်းလင်းထင်ရှားသည့် အမိန့်တစ်စုံ တစ်ရာ မသိရသော သံသယဖြစ်ဖွယ်ကိစ္စရပ်များဖြစ်ပြီး ၎င်းနှင့် ပတ်သက် သည့် အမိန့်ပညတ်ချက်ကို လူအများစုက မသိနားမလည်ကြပေ။

ထိုသံသယဖြစ်ဖွယ်ရာများကို စွန့်လွှတ်လိုက်သူသည် ဟရာမ် ထဲသို့ ကျ ရောက်ခြင်းမှ ကင်းဝေးကာ မိမိသာသနာနှင့်ပတ်သက်၍ ငြိမ်းချမ်းမှု ရရှိ သွားမည်ဖြစ်သည်။ ထိုသံသယဖြစ်ဖွယ်ကိစ္စကို ကျူးလွန်မိသည့်အတွက် လူများ၏ ပြစ်တင်ပြောဆိုခြင်းမှလည်း မိမိ၏

သိက္ခာကို ထိန်းသိမ်းရာ ရောက်ပေသည်။ သံသယဖြစ်ဖွယ်ရာများကို မရှောင်ကြဉ်သူသည် မိမိ ကိုယ်မိမိ ဟရာမ်ထဲသို့ကျရောက်အောင် သို့မဟုတ် မိမိ၏သိက္ခာကို အခြား သူများက ထိပါးစော်ကားအောင် လုပ်လိုက်ခြင်းပင်ဖြစ်သည်။ တမန်တော် မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် သံသယဖြစ်ဖွယ်ရာများကို ကျူးလွန်သူ၏ အခြေအနေကို မြေပိုင်ရှင်က တားမြစ်ထားသော နယ်မြေ အနီး၌ မိမိ၏ ကုလားအုတ် သို့မဟုတ် သိုး၊ ဆိတ်တို့ကို ကျောင်းသည့် ဆိတ်ကျောင်းသားနှင့်တူသည်ဟု ပမာပေးထားတော်မူသည်။ သို့ဖြစ်၍ ထိုဆိတ်ကျောင်းသား၏ တိရစ္ဆာန်များသည် ၎င်းတားမြစ်ထားသော နယ် မြေနှင့် နီးကပ်နေသောကြောင့် ထိုနယ်မြေထဲသို့ ရောက်လုနီးပါး ဖြစ်သွား သည်။ ဤနည်းအတိုင်းပင် သံသယဖြစ်ဖွယ်ရာများကို ကျူးလွန်သူသည် ထိုသို့ကျူးလွန်လိုက်သည့်အတွက် ထင်ရှားသော ဟရာမ်နှင့် နီးကပ်သွားပြီး ၎င်းသို့ ကျရောက်လုနီးပါး ဖြစ်သွားပေသည်။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ ခန္ဓာကိုယ် ထဲတွင် အသားတုံးတစ်တုံး(နှလုံးသား) ရှိပြီး ၎င်းမှန်ကန်နေသ၍ ခန္ဓာကိုယ် လည်း မှန်ကန်ကောင်းမွန်နေမည်ဖြစ်သည်။ ၎င်းပျက်စီးသွားပါက ခန္ဓာ ကိုယ်လည်း ပျက်စီးသွားမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အမိန့်ပညတ်ချက် ပေါ်လွင်ထင်ရှားခြင်းမရှိသော သံသယဖြစ်ဖွယ် ကိစ္စရပ်များကို စွန့်လွှတ်ရန် တိုက်တွန်းထားသည်။

(4314)

(54) – عن ابن عباس رضي الله عنهما قال: كُنْتُ خَلْفَ رَسُولِ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ يَوْمًا، فَقَالَ: «يَا غُلَامُ، إِنِّي أُعَلِّمُكَ كَلِمَاتٍ، احْفَظِ اللهَ يَحْفَظْكَ، احْفَظِ اللهَ تَجِدْهُ تُجَاهَكَ، إِذَا سَأَلْتَ فَاسْأَلِ اللهَ، وَإِذَا اسْتَعَنْتَ فَاسْتَعِنْ بِاللهِ، وَاعْلَمْ أَنَّ الْأُمَّةَ لَوِ اجْتَمَعَتْ عَلَى أَنْ يَنْفَعُوكَ بِشَيْءٍ، لَمْ يَنْفَعُوكَ إِلَّا بِشَيْءٍ قَدْ كَتَبَهُ اللهُ لَكَ، وَلَوِ اجْتَمَعُوا عَلَى أَنْ يَضُرُّوكَ بِشَيْءٍ، لَمْ يَضُرُّوكَ إِلَّا بِشَيْءٍ قَدْ كَتَبَهُ اللهُ عَلَيْكَ، رُفِعَتِ الْأَقْلَامُ وَجَفَّتِ الصُّحُفُ». [صحيح] - [رواه الترمذي]

(54) – အိဗ်နုအဗ္ဗာစ်(ရဿိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ တစ်နေ့ ကျွန်တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ နောက်တွင် လိုက်ပါစီးနင်းခဲ့သည်။ ထိုအခါ ကိုယ်တော်က မိန့်ကြားတော်မူ သည်မှာ « အို - ကောင်လေး ငါကိုယ်တော် သင့်အား အချို့သော စကားရပ် များကို သင်ကြားပေးတော်မူမည်။ သင်အလ္လာဟ်အရှင်မြတ်၏ အမိန့်တော် များကို(လိုက်နာပြီး) ထိန်းသိမ်းပါလေ။ အရှင်မြတ်သည် သင့်အား ထိန်း သိမ်းစောင့်ရှောက်တော်မူမည်။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များ ကို(လိုက်နာပြီး) ထိန်းသိမ်းပါလေ။ အလ္လာဟ်အရှင်မြတ်သည်

သင့်အရှေ့မှ ကူညီတော်မူလိမ့်မည်။ သင်တောင်းခံမည်ဆိုပါက အလ္လာဟ်အရှင်မြတ်ထံ တော်တွင်သာ တောင်းခံပါ။ သင်အကူအညီတောင်းမည် ဆိုပါကလည်း အလ္လာဟ်အရှင်မြတ်ထံတော်တွင်သာ အကူအညီတောင်းခံပါ။ အသင် ကောင်းစွာ မှတ်သားပါလေ။ အကယ်၍ လူသားထုတစ်ရပ်လုံးက သင့်အား တစ်စုံတစ်ရာ အကျိုးပြုရန် စုရုံးခဲ့ကြလျှင်လည်း အလ္လာဟ်အရှင်မြတ်က သင့်အတွက် သတ်မှတ်ထားသောအရာမှအပ အခြားမည်သည့်အကျိုးကိုမျှ ပြုနိုင်ကြမည် မဟုတ်ပေ။ အကယ်၍ လူသားထုတစ်ရပ်လုံး သင့်အား တစ်စုံတစ်ရာ ဆိုးကျိုးပြုရန် စုရုံးခဲ့ကြလျှင်လည်း အလ္လာဟ်အရှင်မြတ်က သင့်အတွက် သတ်မှတ်ထားသော အရာမှအပ အခြားမည်သည့် ဆိုးကျိုး ကိုမျှ ပေးနိုင်ကြမည် မဟုတ်ပေ။ (သက္ကဒီရ်အား ရေးမှတ်သည့်) ကလောင် တံများလည်း မယူခြင်းခံလိုက်ရပြီး (ရေးမှတ်ထားသည့်) မှတ်တမ်းများ လည်း ခြောက်သွေ့သွားပြီဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [သိရ်မိဇီကျမ်း]

## ရှင်းလင်းချက်

အိဗ်နုအဗ္ဗာစ်(ရသွိယလ္လာဟုအန်ဟု)က ပြောပြသည်။ သူသည် ငယ် ရွယ်စဉ်အခါက တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)နှင့်အတူ

အစီးအနင်းတစ်ခုပေါ်တွင် လိုက်ပါစီးနင်းခဲ့သည်။ ထိုအခါ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ ငါကိုယ်တော်သည် သင့်အား အချို့သော အရေးကိစ္စများ၊ အကြောင်းအရာများကို သင်ကြားပေးမည်။ ၎င်းတို့ကို အကြောင်း ပြု၍ အလ္လာဟ်အရှင်မြတ်က သင့်ကိုအကျိုးဖြစ်ထွန်းစေလိမ့်မည်။

သင်သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာပြီး တားမြစ်ချက်များကို ရှောင်ကြဉ်ကာ ထိန်းသိမ်းပါ။ သို့မှသာ အလ္လာဟ်အရှင်မြတ်က သင့်အား အမိန့်နာခံမှုနှင့် အရှင်မြတ်နှင့်နီးကပ်စေသော ကောင်းမှုများ၌ရှိနေကြောင်း တွေ့ရှိရပြီး အမိန့်မနာခံမှုနှင့် ပြစ်မှုဒုစရိုက်များတွင် မတွေ့ရှိရမည်ဖြစ်သည်။ သင်ထိုသို့ပြုလုပ်ပါက အလ္လာဟ်အရှင် မြတ်က သင့်အား ဤလောကနှင့် နောင်တမလွန်ဘဝ၏ အန္တရာယ်များမှ ထိန်းသိမ်းစောင့်ရှောက်ပေးပြီး သင်သွားလေရာ၌ သင့်၏အရေးကိစ္စများကို ကူညီစောင့်ရှောက်တော်မူမည် ဖြစ်သည်။

သင်တစ်စုံတစ်ရာတောင်းခံမည်ဆိုပါက အလ္လာဟ်အရှင်မြတ်ထံတော် တွင်သာ တောင်းခံပါ။ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းကသာ တောင်းခံ သူများ၏ တောင်းဆုကို ဖြည့်ဆည်းပေးတော်မူသော အရှင်ဖြစ်သည်။

သင်အကူအညီတောင်းမည် ဆိုပါကလည်း အလ္လာဟ်အရှင်မြတ် ထံတော်တွင်သာ အကူအညီတောင်းခံပါ။

အကယ်၍ ကမ္ဘာပေါ် ရှိ လူသားထုတစ်ရပ်လုံးက သင့်အား တစ်စုံတစ်ရာ အကျိုးပြုရန် စုရုံးခဲ့ကြလျှင်လည်း အလ္လာဟ်အရှင်မြတ်က သင့်အတွက် သတ်မှတ်ထားသောအရာမှအပ အခြားမည်သည့် အကျိုးကိုမျှပြု နိုင်မည် မဟုတ်ကြောင်းနှင့် လူသားထုတစ်ရပ်လုံးက သင့်အား တစ်စုံတစ်ရာ ဆိုးကျိုးပြုရန် စုရုံးခဲ့ကြလျှင်လည်း အလ္လာဟ်အရှင်မြတ်က သင့်အတွက် သတ်မှတ်ထားသောအရာမှအပ အခြားမည်သည့်ဆိုးကျိုးကိုမျှပေးနိုင်မည် မဟုတ်ကြောင်း သင့်၌ခိုင်မာသည့် ယုံကြည်ချက်ရှိရမည်။

ဤအရေးကိစ္စအားလုံးကို အလ္လာဟ်အရှင်မြတ်က မိမိ၏အသိပညာ၊ အမြော်အမြင်နှင့်အညီ သက္ကဒီရ်ရေးစွဲသတ်မှတ်ထားပြီးဖြစ်သည်။ အရှင် မြတ် ရေးသားထား မှတ်တမ်းတင်ထားသောအရာများမှာ ပြောင်းလဲသွား မည်မဟုတ်ပေ။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. လူငယ်များနှင့် ကလေးငယ်များကို သောင်ဝ်ဟီးဒ်တရား၊ အစ္စလာမ့် ယဉ်ကျေးမှုစသည့် သာသနာရေးကိစ္စများကို သင်ကြားပေးရန် အရေး ကြီးသည်။
2. လုပ်ရပ်အမျိုးအစားပေါ်မူတည်၍ အကျိုးရလဒ်ရရှိသည်။
3. အလ္လာဟ်အရှင်မြတ်အပေါ် မှီခိုအားထားရန်နှင့် အရှင်မြတ်မှအပ အခြားမည်သူ့ကိုမျှ ယုံပုံအားကိုးခြင်းမပြုရန် အမိန့်ပေးထားသည်။ ထို အရှင်မြတ်သည် အကောင်းဆုံး ယုံပုံအားထားရာအရှင်

ဖြစ်တော် မူသည်။

4. (သက္ကဒီရ်) သတ်မှတ်ဆုံးဖြတ်ချက်အပေါ် အီမာန်သက်ဝင်ယုံကြည်ပြီး ထိုအပေါ်ကျေနပ်နှစ်သက်ရမည်။ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းကို နှိုင်းချိန်သတ်မှတ်ထားတော်မူသည်။
5. အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏အမိန့်ကို မလိုက်နာလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူအား လျစ်လျူရှုတော်မူပြီး ထိန်းသိမ်း စောင့်ရှောက်တော်မူမည်မဟုတ်ပေ။

(4811)

(55) – عن عثمان بن عفان رضي الله عنه قال: قال رسول الله صلى الله عليه وسلم:

«مَنْ تَوَضَّأَ فَأَحْسَنَ الْوُضُوءَ خَرَجَتْ خَطَايَاهُ مِنْ جَسَدِهِ حَتَّى تَخْرُجَ مِنْ تَحْتِ أَظْفَارِهِ».

[صحيح] - [رواه مسلم]

(55) – အွတ်စ်မာန်ဗင်န်အဖ္ဖာန် (ရသိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အကြင်သူသည် ဝုဿူရေသန့်စင်ခြင်းအား ကောင်း မွန် ပြည့်စုံအောင်ပြုလုပ်မည်ဆိုလျှင် သူ၏ခန္ဓာကိုယ်မှ အကုသိုလ်များ ကင်းစင်သွားမည်ဖြစ်ပြီး လက်သည်းအောက်ရှိ အကုသိုလ်များပါ ကင်းစင် သွားမည်ဖြစ်သည်။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူ သည်မှာ အကြွင်သူသည် ဝုဿွူပြုသည့်အခါ ဝုဿွူ၏စွန္နသ်တော်များ၊ မွတ်စ်သဟဗ်များကို အလေးနက်ထား ဆောင်ရွက်ပါက ထိုဝုဿွူသည် ၎င်း ၏အကုသိုလ်များ ပလပ်မှုရစေရန်အတွက် အကြောင်းခံဖြစ်လိမ့်မည်။ နောက်ဆုံး သူ၏လက်သည်း၊ ခြေသည်းအောက်ရှိ အကုသိုလ်များပါ ကင်း စင်သွားမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဝုဿွူနှင့် ဝုဿွူ၏ စွန္နသ်တော်များ၊ မွတ်စ်သဟဗ်များကို အလေး အနက်ထား သင်ယူရန်နှင့် ၎င်းတို့ကို လိုက်နာကျင့်သုံးရန် တိုက်တွန်း ထားသည်။
2. ဝုဿွူ၏ မွန်မြတ်မှုကို ဖော်ပြထားသည်။ ဝုဿွူသည်အကုသိုလ် အသေးများကို ပယ်ဖျက်ပေးသည်။ အပြစ်အကုသိုလ်အကြီးများကိုမူ သောင်ဗဟ် အမှားဝန်ခံမှုပြုရန် လိုအပ်ပေသည်။
3. အပြစ်အကုသိုလ်များ ကင်းစင်ရန်အတွက် စည်းကမ်းချက်တစ်ခုမှာ မည်သည့်လစ်ဟင်းမှုမှမရှိစေပဲ ဝုဿွူကို တမန်တော်မြတ် (ဆွလ္လ လ္လာဟု အလိုင်းဟိဝစလ္လမ်)က

သင်ကြားပြသခဲ့သည့်အတိုင်း ကောင်း မွန်ကျနစွာ ပြုလုပ်ခြင်းဖြစ်သည်။

4. ဤဟဒီးဆ်တော်၌ တင်ပြထားသော အပြစ်အကုသိုလ်များ ပယ်ဖျက် ပေးခြင်းသည် ကြီးလေးသော အပြစ်အကုသိုလ်များမှ ရှောင်ကြဉ်ခြင်း၊ ၎င်းတို့အတွက် သောင်ဗဟ်ပြုခြင်းဟူသောအချက်ဖြင့် ကန့်သတ်ထား သည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ - (အို- 'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် မိမိတို့ အား မြစ်တားပြီးဖြစ်သော၊ ကြီးလေးသော ပြစ်မှုဒုစရိုက်တို့မှ ကြဉ် ရှောင်၍နေကြပါမူ၊ ငါအရှင်မြတ်သည် အသင်တို့၏ (သေးငယ်သော) မကောင်းမှုဒုစရိုက်တို့ကို အသင်တို့မှ ကျေအေးစေတော်မူမည်။) ကုရ်အာန် ( ၄း ၃၁ )

(6263)

(56) – عن عائشة رضي الله عنها قالت: قال رسول الله صلى الله عليه وسلم:

«السِّوَاكُ مَطْهَرَةٌ لِلْفَمِ، مَرْضَاةٌ لِلرَّبِّ». [صحيح] - [رواه النسائي وأحمد]

(56) – အာအိရှဟ်(ရသ္ဝိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ် အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြား တော်မူသည်။ (မစ္စဝါက်) တံပူစားခြင်းသည် ခံတွင်းကို သန့်ရှင်းစင်ကြယ် စေပြီး

အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်မှုကိုရရှိစေသည်။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] –[နစာအီကျမ်း၊ အဟ်မဒ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ကျွန်တော်တို့အား မိန့်ကြားတော်မူခဲ့သည်မှာ အရာက်အပင်(သွားတိုက်တံလုပ်သည့်အပင်)၏ ကိုင်းနှင့် ၎င်းကဲ့သို့အလားတူအရာမျိုးဖြင့် သွားတိုက်ခြင်းသည် ခံတွင်းရှိ အညစ်အကြေးများနှင့် အနံ့ဆိုးများကို သန့်ရှင်းစင်ကြယ်စေသည်။ ထို့ပြင် ဤလုပ်ရပ်သည် လူသားအပေါ် အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်စေ သည့် အကြောင်းခံတစ်ရပ်လည်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ သွားတိုက်ခြင်း၌ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုနာခံခြင်း၊ အရှင် မြတ်နှစ်သက်သည့် သန့်ရှင်းစင်ကြယ်မှုရှိခြင်းတို့ကြောင့်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ‘မစ္စဝါက်’တံပူတိုက်ခြင်း၏ မွန်မြတ်မှုကို သိရပြီး တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏အွမ္မသ်သားတို့အား တံပူ များများတိုက်ရန် တိုက်တွန်းထားသည်။
2. တံပူတိုက်ရာတွင် အရာက်အပင်ကိုင်းကို သုံးစွဲခြင်းသည်

အကောင်း ဆုံးဖြစ်ပြီး ထိုအစား သွားတိုက်တံနှင့်
သွားတိုက်ဆေးကိုလည်း အစား ထိုးသုံးစွဲခွင့်ရှိသည်။

(3588)

(57) – عن أبي هريرة رضي الله عنه قال: أَتَى النَّبِيَّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ رَجُلٌ أَعْمَى، فَقَالَ: يَا رَسُولَ اللهِ، إِنَّهُ لَيْسَ لِي قَائِدٌ يَقُودُنِي إِلَى الْمَسْجِدِ، فَسَأَلَ رَسُولَ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ أَنْ يُرَخِّصَ لَهُ فَيُصَلِّيَ فِي بَيْتِهِ، فَرَخَّصَ لَهُ، فَلَمَّا وَلَّى دَعَاهُ، فَقَالَ: «هَلْ تَسْمَعُ النِّدَاءَ بِالصَّلَاةِ؟» فَقَالَ: نَعَمْ، قَالَ: «فَأَجِبْ». [صحيح] – [رواه مسلم]

(57) – အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ မျက်မမြင် ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)ထံ ရောက်ရှိလာပြီး အို
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် အမှန်တကယ်ပင် ကျွန်တော်မျိုးအား ဗလီသို့ခေါ်ဆောင်သွားမည့်သူ တစ်ဦး မျှမရှိပါဟု လျှောက်ထားခဲ့သည်။ ထို့ကြောင့် သူသည် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံ သူ၏အိမ်၌ပင် ဆွလာသ်ဆောက်တည်ရန် ခွင့်ပြုချက်တောင်းခံခဲ့ရာ ကိုယ်တော်က သူ့အား ခွင့်ပြုတော်မူခဲ့သည်။ ထိုသူလှည့်ပြန်နေစဉ် ကိုယ်တော်က သူ့အားခေါ်တော် မူ၍ အသင်ဆွလာသ်အတွက် အဇာန်ဖိတ်ခေါ်သံကို ကြားပါသလားဟု မေး မြန်းတော်မူသည်။ ၎င်းက ဟုတ်ကဲ့ (ကြားပါသည်)ဟု ဖြေကြားခဲ့ရာ ကိုယ် တော်ကသင် အဖြေပေးပါဟု

မိန့်ကြားတော်မူသည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

မျက်မမြင် ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်း ဟိဝစလ္လမ်)ထံ ရောက်ရှိလာပြီး အို အလ္လာဟ်အရှင်မြတ်၏ ရစူလ် တမန် တော် ကျွန်တော့်အားကူညီမည့်သူနှင့် ငါးကြိမ်ဆွလာသ်အတွက် ဗလီသို့ လက်တွဲ ခေါ်ဆောင်သွားမည့်သူ မရှိပါဟု လျှောက်ထားခဲ့သည်။ သူသည် ဂျမာအသ်နှင့်တကွ ဆွလာသ်ဆောက်တည်ခြင်းကို စွန့်လွှတ်ခွင့်ပြုရန် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံ တောင်းဆိုလိုခြင်း ဖြစ်သည်။ ကိုယ်တော်ကလည်း သူ့အားခွင့်ပြုတော်မူလိုက်သည်။ ထိုသူ လှည့်ပြန်နေစဉ် ကိုယ်တော်က သူ့အားခေါ်တော်မူ၍ အသင်ဆွလာသ် အတွက် အဇာန်ဖိတ်ခေါ်သံကို ကြားပါသလားဟု မေးမြန်းတော်မူသည်။ ၎င်းက ဟုတ်ကဲ့ (ကြားပါသည်)ဟု ဖြေကြားခဲ့ရာ ကိုယ်တော်က သင် ဆွလာသ်အတွက် အဇာန်ဖိတ်ခေါ်သူအား အဖြေပေးပါ(ဂျမာအသ်ဖြင့် ဆောက်တည်ပါ)ဟု မိန့်ကြားတော်မူသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဂျမာအသ်ဖြင့် ဆွလာသ်ဆောက်တည်ခြင်းသည် ဝါဂျိဗ် တာဝန်ဖြစ် သည်။ အဘယ်ကြောင့်ဆိုသော် ခြွင်းချက်အနေဖြင့်

ခွင့်ပြုခြင်းသည် အရေးကြီးတာဝန်ဖြစ်သည့် အရာဥ္စသာရှိသည်။

2. ကိုယ်တော်မြတ်မိန့်ကြားသည့် (သင်အဖြေပေးပါ) ဟူသော စကားသည် ဂျမာအသ်ဖြင့် ဆွလာသ်ဆောက်တည်ခြင်းက ဝါဂျိဗ်တာဝန်ဖြစ် ကြောင်းညွှန်ပြနေသည်။ အမိန့်ပေးခြင်းသည် အခြေခံအားဖြင့် တာဝန် ကို ညွှန်ပြနေသည်။

(11287)

(58) – عن أبي هريرة رضي الله عنه أن رسول الله صلى الله عليه وسلم كان يقول: «الصَّلَوَاتُ الْخَمْسُ، وَالْجُمُعَةُ إِلَى الْجُمُعَةِ، وَرَمَضَانُ إِلَى رَمَضَانَ، مُكَفِّرَاتٌ مَا بَيْنَهُنَّ إِذَا اجْتَنَبَ الْكَبَائِرَ». [صحيح] - [رواه مسلم]

(58) – အဗူဟုရိုင်ရဟ် (ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ အကယ်၍ ကြီးလေးသော
အပြစ်အကုသိုလ်များကို ရှောင်ကြဉ်ပါက
ဆွလာသ်ငါးကြိမ်သည်လည်းကောင်း၊ ဂျုမုအဟ် တစ်ကြိမ် မှ
နောက်ဂျုမုအဟ်သည် လည်းကောင်း၊ ရမသွာန်တစ်လမှ နောက်
ရမသွာန်သည်လည်းကောင်း ယင်းတို့၏ စပ်ကြား၌ရှိသော
အကုသိုလ်များ အား ပလပ်စေမည်ဖြစ်သည်။ [ဤဟဒီးဆ်သည်
ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်မှာ အကယ်၍ ကြီးလေးသော အပြစ်အကုသိုလ်များကို ရှောင်ကြဉ်ခဲ့ ပါက နေ့နှင့်ညတွင် ဆောက်တည်သည့် ဖရ်သွ် ဆွလာသ်ငါးကြိမ်သည် လည်းကောင်း၊ အပတ်စဉ်ဆောက်တည်သည့် ဂျုမုအဟ်ဆွလာသ်သည် လည်းကောင်း၊ နှစ်စဉ်စောင့်ထိန်းသည့် ရမသွာန်လ၏ ဆွိယာမ်ဥပုသ်သည် လည်းကောင်း ၎င်းတို့ကြား၌ ကျူးလွန်ခဲ့သော သေးငယ်သော အပြစ် အကုသိုလ်များကို ပလပ်စေမည်ဖြစ်သည်။ သို့သော် တရားမဝင် ကာမ ကျူးလွန်ခြင်း၊ အရက်သောက်ခြင်းကဲ့သို့ ကြီးလေးသော အပြစ်အကုသိုလ် များသည် (သောင်ဗဟ်) အမှားဝန်ချတောင်းပန်မှု ပြုမှသာလျှင် ပလပ်ခြင်း ခံရမည် ဖြစ်သည်။

## ဟာဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အပြစ်အကုသိုလ်များကို ကြီးလေးသောအပြစ်အကုသိုလ်နှင့် သေး ငယ်သော အပြစ်အကုသိုလ် ဟူ၍ ခွဲခြားထားသည်။
2. သေးငယ်သော အပြစ်အကုသိုလ်များ ပလပ်ခံရရန်အတွက် ကြီးလေး သော အပြစ်အကုသိုလ်များကို ရှောင်ကြဉ်ရမည်ဟူ၍ စည်းကမ်း သတ်မှတ်ထားသည်။
3. ကြီးလေးသော အပြစ်အကုသိုလ်ဆိုသည်မှာ ဤလောက၌

ပြစ်ဒဏ် ပေးရန် သတ်မှတ်ထားသော အပြစ်အကုသိုလ်များ သို့မဟုတ် နောင် တမလွန်တွင် အဇာဗ်ပြစ်ဒဏ်ပေးခံရမည် သို့မဟုတ် အရှင်မြတ်၏ အမျက်ဒေါသကျရောက်မည်ဟု ခြိမ်းခြောက်ထားသော အပြစ် အကုသိုလ်များ သို့မဟုတ် ကျိုးလွန်သူအပေါ် လအ်နသ်ကျရောက်မည် ဟု သတိပေးခြိမ်းခြောက်ထားသော အပြစ်အကုသိုလ်များကို ခေါ်ဆိုသည်။ ဥပမာ- တရားမဝင်ကာမကျူးလွန်ခြင်း၊ အရက်သောက်ခြင်း စသည်တို့ ဖြစ်သည်။

(3591)

(59) – عن جُندب بن عبد الله القَسْرِي رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «مَنْ صَلَّى صَلَاةَ الصُّبْحِ فَهُوَ فِي ذِمَّةِ اللهِ، فَلَا يَطْلُبَنَّكُمُ اللهُ مِنْ ذِمَّتِهِ بِشَيْءٍ، فَإِنَّهُ مَنْ يَطْلُبْهُ مِنْ ذِمَّتِهِ بِشَيْءٍ يُدْرِكْهُ، ثُمَّ يَكُبَّهُ عَلَى وَجْهِهِ فِي نَارِ جَهَنَّمَ». [صحيح] – [رواه مسلم]

(59) – ဂျွန်ဒွဗ်ဗင်န်အဗ်ဒုလ္လာဟ် အလ်ကတ်စ်ရီ (ရဲသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ အကြင်သူသည် ဖဂျ်ရ် ဆွလာသ် ကို ဆောက်တည်ပါက ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ ထိန်းသိမ်း စောင့် ရှောက်မှုအောက်တွင် ရှိနေမည်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်၏ ထိန်း သိမ်းစောင့်ရှောက်မှုအောက်၌ရှိသည့် တစ်စုံတစ်ရာအား အပြစ် ကျူးလွန်ခဲ့ သည့်အတွက် အသင်တို့အား အရှင်မြတ်က ရှာဖွေအရေးယူရခြင်းမျိုး မဖြစ် ကြစေနှင့်။ အကယ်၍ ထိုသို့ရှာဖွေရမည်ဆိုလျှင် အရှင်မြတ်သည် ၎င်းအား သေချာပေါက် ဖမ်းဆီးမိမည်ဖြစ်ပြီး ၎င်းအား မျက်နှာဖြင့် တရွတ်တိုက် ဆွဲ ကာ ဂျဟန္နမ်ငရဲသို့ ပစ်ချမည်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

အကြင်သူသည် ဖဂျရ် ဆွလာသ်ကို ဆောက်တည်ပါက ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ အကာအကွယ်ပေးမှု၊ ထိန်းသိမ်းစောင့်ရှောက်မှု၊ ကူညီမှု အောက်သို့ရောက်ရှိသွားပြီဖြစ်ကြောင်း တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်။

ထို့နောက် ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ဤ ပဋိညာဉ်ကို ထိခိုက်ပျက်စီးစေမည့်ကိစ္စကို သတိပေးတော်မူခဲ့သည်။ ၎င်းမှာ ဖဂျရ်ဆွလာသ်ကို စွန့်လွှတ်ခြင်း သို့မဟုတ် ဖဂျရ် ဆွလာသ်ဆောက်တည်သူ အား ဒုက္ခပေးခြင်း၊ ရန်ညိုးထားခြင်းဖြစ်သည်။ မည်သူမဆို ဤသို့ပြုလုပ် ပါက ထိုပဋိညာဉ်ကို ထိခိုက်ပျက်ဆီးအောင်ပြုလုပ်ကာ အရှင်မြတ်နှင့် သက်ဆိုင်သည့် တာဝန်ကို ချိုးဖောက်သည့်အတွက် အရှင်မြတ်က ရှာဖွေ

အရေးယူမည်ဟူသော ပြင်းထန်သည့် သတိပေးခြိမ်းခြောက်မှုကို ခံရသူ ဖြစ်သွားလိမ့်မည်။ မည်သူမဆို အလ္လာဟ်အရှင်မြတ်က ၎င်းအားရှာဖွေမည် ဆိုလျှင် အရှင်မြတ်သည် သူ့အားသေချာပေါက် ဖမ်းဆီးမိမည်ဖြစ်ပြီး မျက်နှာဖြင့်တရွတ်တိုက်ဆွဲကာ ဂျဟန္နမ်ငရဲသို့ ပစ်ချမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဖဂျ်ရ်ဆွလာသ် အရေးကြီးပုံနှင့် ယင်းဆွလာသ်၏ မွန်မြတ်မှုကို တင် ပြထားသည်။
2. ဖဂျ်ရ်ဆွလာသ် ဆောက်တည်သူအား ဒုက္ခတစ်စုံတစ်ရာပေးသူကို ပြင်းပြင်းထန်ထန် သတိပေးခြိမ်းခြောက်ထားသည်။
3. အရှင်မြတ်၏ သူတော်ကောင်း ကျေးကျွန်များကို ဒုက္ခပေးသူအား အလ္လာဟ်အရှင်မြတ်က လက်စားချေတော်မူမည်ဖြစ်သည်။

(5435)

(60) – عن بريدة بن الحصيب رضي الله عنه أنه قال: بَكِّرُوا بِصَلَاةِ الْعَصْرِ، فَإِنَّ النَّبِيَّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ قَالَ: «مَنْ تَرَكَ صَلَاةَ الْعَصْرِ فَقَدْ حَبِطَ عَمَلُهُ». [صحيح] - [رواه البخاري]

(60) – ဗုရိုင်ဒဟ်ဗင်န် ဟုဆွိုဗ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ပြော ကြားခဲ့သည်။ အသင်တို့သည် အဆ္ဆ်ရ်ဆွလာသ်ကို စောလျင်စွာဖတ်ကြ

လေကုန်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်း ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို အဆ္ဂ်ရ်ဆွလာသ်ကို စွန့် လွှတ်ပါက ၎င်း၏ကောင်းမှုများသည် အမှန်တကယ်ပင် အချည်းနှီး ဖြစ် သွားပေမည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)သည် အဆ္ဂ်ရ် ဆွလာသ်ကို သူ့အချိန်နှင့် သူ မဆောက်တည်ဘဲ တမင်နှောက်ဆိုင်းထား ခြင်းမှ တားမြစ်တော်မူခဲ့သည်။ မည်သူမဆို ထိုသို့ပြုလုပ်ပါက ၎င်း၏ အမလ်ကျင့်ဆောင်မှုများ ပျက်စီးကာ အချည်းနှီးဖြစ်သွားမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အဆ္ဂ်ရ် ဆွလာသ်ကို ပထမဦးဆုံးအချိန်တွင်အမြဲတမ်း ဝတ်ပြုရန်နှင့် အချိန်ဝင်သည်နှင့် စောလျင်စွာ ဝတ်ပြုရန်တိုက်တွန်းထားသည်။
2. အဆ္ဂ်ရ် ဆွလာသ် စွန့်လွှတ်သူအဖို့ ပြင်းထန်သော သတိပေးခြိမ်း ခြောက်မှုရှိသည်။ အဆ္ဂ်ရ်ဆွလာသ်ကို သူ့အချိန်တွင်ဝတ်မပြုဘဲ စွန့် လွှတ်ခြင်းသည် အခြားသော ဆွလာသ်များကို စွန့်လွှတ်ခြင်းထက် ပို၍ ပြင်းထန်သည်။ အဘယ့်ကြောင့်ဆိုသော် အလယ်ဆွလာသ်နှင့် ပတ် သက်၍ သီးသန့်

အမိန့်လာရှိထားသည့်အတွက် ဖြစ်သည်။ အလ္လာဟ်
အရှင်မြတ်မိန့်တော်မူသည်မှာ - (အသင်တို့သည်
(ယေဘုယျအားဖြင့်) အားလုံးသော ဆွလာတ်ဝတ်ပြုခြင်းတို့ကို
လည်းကောင်း၊ (အထူး သဖြင့်) အလယ်ဖြစ်သော ဆွလာသ်
ဝတ်ပြုမှုကိုလည်းကောင်း၊ စောင့် ရှောက်ထိန်းသိမ်းကြလေကုန်။ )
(ကုရ်အာန် ၂:၂၃၈)

(6261)

(61) – عن ابن عباس رضي الله عنهما: كان النبي صلى الله عليه وسلم يقول بين السجدتين: «اللَّهُمَّ اغْفِرْ لِي، وَارْحَمْنِي، وَعَافِنِي، وَاهْدِنِي، وَارْزُقْنِي». [حسن بشواهده] – [رواه أبو داود والترمذي وابن ماجه وأحمد]

(61) – အိဗ်နုအဗ္ဗာစ် (ရဿိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။
ကေန် အမှန် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်
(ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)သည် စဂျ်ဒဟ် နှစ်ခုကြားတွင်
" اللَّهُمَّ اغْفِرْ لِي، وَارْحَمْنِي، وَعَافِنِي، وَاهْدِنِي، وَارْزُقْنِي "
(အဓိပ္ပာယ်- အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးအား
ခွင့်လွှတ်တော်မူ ပါ၊ ကရုဏာပြုတော်မူပါ၊ ငြိမ်းချမ်းမှုအဖြာဖြာ
ချီးမြှင့်တော်မူပါ၊ လမ်းမှန် တရားချီးမြှင့်တော်မူပါ၊
စားနပ်ရိက္ခာချီးမြှင့်တော်မူပါ။)ကို အမြဲတောင်းခံ လေ့ရှိ၏။
[ဤဟဒီးဆ်ကို ထောက်ခံထားသော အခြားဟဒီးဆ်များကြောင့်

ဤဟဒီးဆ်သည် ဆွဟီးဟ် ဖြစ်သွားသည်။] – [အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း၊ အဟ်မဒ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)သည် မိမိ၏ ဆွလာသ်၌ စဂျ်ဒဟ်နှစ်ခုကြားတွင် ဤတောင်းဆုတော်ငါးခုကို အမြဲတမ်း တောင်းခံလေ့ရှိသည်။ ထိုတောင်းဆုတော်များသည် မွတ်စ်လင်မ်များ အတွက် အလွန်လိုအပ်သော တောင်းဆုများဖြစ်သည်။ ထိုတောင်းဆုတော် များတွင် လောကီ၊ လောကုတ္တရာ နှစ်ဌာန၏ ကောင်းခြင်းများဖြစ်သည့် ခွင့်လွှတ်မှုချီးမြှင့်ပေးတော်မူရန်၊ အပြစ်အကုသိုလ်များကို ဖုံးကွယ်ပေးကာ လွတ် ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူရန်၊ ကရုဏာတော်များ အပြည့် အဝချီးမြှင့်ပေးသနားရန်၊ သံသယဖြစ်ဖွယ်ကိစ္စရပ်များ၊ ပျက်စီးဒုက္ခရောက် စေသည့် အလိုရမ္မက်များ၊ ရောဂါများမှကင်းစင်ကာ အေးချမ်းသာယာမှုကို ချီးမြှင့်တော်မူရန်တို့ပါရှိသည်။ ထို့အတူ ဟိဒါယသ် လမ်းမှန်တရား ချီးမြှင့် တော်မူပြီး ယင်းအပေါ် စွဲမြဲစွာရပ်တည်နိုင်ရန်နှင့် အီမာန်ယုံကြည်မှု၊ အသိ ပညာ၊ ကောင်းမြတ်သည့် အမလ်ကျင့်ဆောင်မှုများ၊ သန့်ပြန့်သည့် ဟလာလ်ပစ္စည်းများကို ချီးမြှင့်ပေးသနားရန် အလ္လာဟ်အရှင်မြတ်ထံတော် တွင် တောင်းခံခြင်းများ ပါရှိသည်။

**ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ**

1. စဂ်ျဒဟ် နှစ်ခုကြား၌ ထိုင်သည့်အခါ ဤဒုအာကို တောင်းခံရန် တရား တော်က ပြဌာန်းထားသည်။
2. လောကီ၊ လောကုတ္တရာ နှစ်ဌာန၏ ကောင်းခြင်းများပါရှိသော ဤ တောင်းဆုတော်၏ မွန်မြတ်မှုကို ဖော်ပြထားသည်။

(10930)

(62) – عن ثَوْبَانَ رضي الله عنه قال: كَانَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ إِذَا انْصَرَفَ مِنْ صَلَاتِهِ اسْتَغْفَرَ ثَلَاثًا، وَقَالَ: «اللَّهُمَّ أَنْتَ السَّلَامُ، وَمِنْكَ السَّلَامُ، تَبَارَكْتَ ذَا الْجَلَالِ وَالْإِكْرَامِ»، قَالَ الْوَلِيدُ: فَقُلْتُ لِلْأَوْزَاعِيِّ: كَيْفَ الْاسْتِغْفَارُ؟ قَالَ: تَقُولُ: أَسْتَغْفِرُ اللهَ، أَسْتَغْفِرُ اللهَ. [صحيح] – [رواه مسلم]

(62) – ဆောင်ဗာန်(ရသ္ဍိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ် အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏ ဆွလာသ်အား အဆုံးသတ်ပြီးသည့်အခါ “အတ်စ်သဂ်ဖိရုလ္လာဟ်” သုံးကြိမ်နှင့် “အလ္လာဟွမ္မ အန်သတ်စ် စလာမု ဝမင်န်ကတ်စ် စလာမု သဗာ ရက်သ ယာဇလ်ဂျလားလိ ဝလ်အိက်ရာမ်”ကို ရွတ်ဆိုလေ့ရှိသည်။

(အဓိပ္ပာယ် - အို အလ္လာဟ်အရှင်မြတ်၊ အသင်အရှင်မြတ်သည် ချို့တဲ့မှု အပေါင်းမှကင်းစင်တော်မူသော အရှင်ဖြစ်တော်မူ၏။ ငြိမ်းချမ်း သာယာမှု အပေါင်းသည် အသင်အရှင်မြတ်၏ထံတော်မှ

ကျရောက်လာခြင်းသာ ဖြစ် ၏။ အို- အနန္တတန်ခိုးတော်ရှင်၊ ကျေးဇူးပြုတော်မူသောအရှင်၊ အသင်အရှင် မြတ်သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူပါ၏။ ) ဝလီးဒ် ကပြောပြခဲ့သည်။ ကျွန်တော်က အောင်ဇာအီအား အစ္စသိဂ်ဖာရ် မည်သို့ဖတ်ရမည်နည်းဟု မေးမြန်းခဲ့ရာ ၎င်းက "အတ်စ်သဂ်ဖိရုလ္လာဟ်" "အတ်စ်သဂ်ဖိရုလ္လာဟ်" ဟူ၍ဖတ်ပါဟု ပြောကြားခဲ့သည်။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဆွလာသ်ပြီးဆုံး တိုင်း أَسْتَغْفِرُ الله ، أَسْتَغْفِرُ الله، أَسْتَغْفِرُ الله ဟု ရွတ်ဆိုလေ့ရှိသည်။

ထို့နောက် အောက်ပါအတိုင်း အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ် မြင့်မြတ်မှုကို မွကဲဟတော်မူသည်။

" اللَّهُمَّ أَنتَ السَّلَامُ، وَمِنْكَ السَّلَامُ، تَبَارَكْتَ ذَا الجَلَالِ وَالْإِكْرَامِ "

အလ္လာဟ်အရှင်မြတ်သည် ငြိမ်းချမ်းသာယာမှုအပေါင်းကို ပိုင်ဆိုင်တော် မူသောအရှင်၊ ပြီးပြည့်စုံသည့် ဂုဏ်တော်များကို ပိုင်ဆိုင်တော်မူသောအရှင်၊ ချို့တဲ့မှုအပေါင်းမှကင်းစင်တော်မူသော အရှင်ဖြစ်တော်မူသည်။ လောကီ၊ လောကုတ္တရာနှစ်ဌာန၏ ဆိုကျိုးများမှ ကင်းဝေးရန် အရှင်မြတ်ထံတော်၌ သာ တောင်းခံပြီး အရှင်မြတ်မှအပ မည်သူ့ထံတွင်မျှ တောင်းခံခြင်းမပြုပါ။ အရှင်မြတ်၏

ကောင်းခြင်းများသည် နှစ်ဘဝနှစ်ဌာနလုံး၌ အလွန်ပင် များ ပြားလှသည်။ အရှင်မြတ်သည် ကြီးကျယ် မြင့်မြတ်တော်မူသောအရှင်၊ ကျေးဇူးပြုတော်မူသောအရှင် ဖြစ်တော်မူသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဆွလာသ်ပြီးတိုင်း အစ္စသိဂ်ဖာရ် စွဲစွဲမြဲမြဲဖတ်ခြင်း မွတ်စ်သဟာဗ် ဖြစ် သည်။
2. အိဗာဒသ်၌ လျော့နည်းမှုများကို ဖြည့်ဆည်းပေးရန်၊ အမိန့်နာခံမှုကို ပိုမို ကောင်းမွန်စေရန်၊ လျော့နည်းမှုများ ပပျောက်စေရန်အတွက် အစ္စသိဂ် ဖာရ် ဖတ်ခြင်း မွတ်စ်သဟာဗ်ဖြစ်သည်။

(10947)

(63) – عَنْ أَبِي الزُّبَيْرِ قَالَ: كَانَ ابْنُ الزُّبَيْرِ يَقُولُ فِي دُبُرِ كُلِّ صَلَاةٍ حِينَ يُسَلِّمُ: «لَا إِلَهَ إِلَّا اللهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ وَلَهُ الْحَمْدُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ، لَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللهِ، لَا إِلَهَ إِلَّا اللهُ، وَلَا نَعْبُدُ إِلَّا إِيَّاهُ، لَهُ النِّعْمَةُ وَلَهُ الْفَضْلُ وَلَهُ الثَّنَاءُ الْحَسَنُ، لَا إِلَهَ إِلَّا اللهُ مُخْلِصِينَ لَهُ الدِّينَ وَلَوْ كَرِهَ الْكَافِرُونَ» وَقَالَ: «كَانَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ يُهَلِّلُ بِهِنَّ دُبُرَ كُلِّ صَلَاةٍ». [صحيح] – [رواه مسلم]

(63) – အဗူဇုဗိုင်းရ်က ဆင့်ပြန်ခဲ့သည်။ အစ်ဗ်နုဇုဗိုင်းရ် (ရသ္ဓိယလ္လာဟု အန်ဟု)သည် စလာမ်လှည့်ပြီးသည့်အခါ ဆွလာသ်တိုင်း၏နောက်တွင် ဤသို့ ရွတ်ဆိုလေ့ရှိသည်။

لَا إِلَهَ إِلَّا اللهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ وَلَهُ الْحَمْدُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ، لَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللهِ، لَا إِلَهَ إِلَّا اللهُ، وَلَا نَعْبُدُ إِلَّا إِيَّاهُ، لَهُ النِّعْمَةُ وَلَهُ الْفَضْلُ وَلَهُ الثَّنَاءُ الْحَسَنُ، لَا إِلَهَ إِلَّا اللهُ مُخْلِصِينَ لَهُ الدِّينَ وَلَوْ كَرِهَ الْكَافِرُونَ

အဓိပ္ပာယ်။ အလ္လာဟ်အရှင်မြတ်သည် အတုမဲ့အနှိုင်းမဲ့၍ ဆည်းကပ်ကိုးကွယ်မှုအပေါင်းကို ခံထိုက်တော်မူသောအရှင်ဖြစ်၏။ စိုးပိုင်ခြင်းဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်၏။
ချီးမွမ်းထောမနာခြင်းဟူသမျှ သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်၏။
ထိုအရှင်မြတ်သည် အရာ ခပ်သိမ်း အလုံးစုံကို
စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်သည်။ မကောင်း မှုမှ ရှောင်ကြဉ်နိုင်ခြင်းနှင့် ကောင်းမှုများ ပြုကျင့်နိုင်ခြင်းသည် အလ္လာဟ် အရှင်မြတ်၏ စွမ်းအားပေးသနားတော်မူခြင်းကြောင့်သာ ဖြစ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်မှအပ မှန်ကန်သည့် ကိုးကွယ်ရာအရှင်ဟူ၍အလျှင်း မရှိ။ ၎င်းအပြင် ကျွန်တော်မျိုးတို့သည် ထိုအရှင်မြတ်ကိုသာလျှင် ခဝပ် ကိုးကွယ်ပါ၏။ နိအ်မသ် စည်းစိမ်အပေါင်းနှင့် ကျေးဇူးတရား အဖြာဖြာတို့ သည် ထိုအရှင်မြတ်ထံတော်ပါးမှသာလျှင် ဖြစ်တော်မူသည်။ ချီးမွမ်း ထောမနာပြုခြင်းဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်၏။ အလ္လာဟ် အရှင်မြတ်မှအပ မှန်ကန်သည့် ကိုးကွယ်ရာအရှင်ဟူ၍အလျင်းမရှိ။ ကာဖိရ် များ မနှစ်သက်ကြစေကာမူ ကျွန်တော်မျိုးတို့သည်

အလ္လာဟ်အရှင်မြတ် အား အိခ်လာဆ်ဖြင့် ခဝပ်ကိုးကွယ်ပါ၏။ ထို့နောက် ၎င်းကပြောပြသည်မှာ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဆွလာသ်တိုင်း၏ နောက်တွင် ထိုကလိမဟ်တော်များကို ရွတ်ဆိုခဲ့သည်။ [ဉာဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဖရ်သ္ဗ် ဆွလာသ်တိုင်း၌ စလာမ်လှည့်ပြီးသောအခါ ကြီးကျယ်မြင့်မြတ်လှသည့် ဉာဇိက်ရ်တော်ကို ရွတ်ဆိုလေ့ရှိသည်။ ယင်းဇိက်ရ်တော်၏ အဓိပ္ပာယ်မှာ

"لا إله إلا الله" အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သော အရှင်မရှိ။

"وحده لا شريك له" အလ္လာဟ်အရှင်မြတ်သည် ခဝပ်ကိုးကွယ်မှုကို ခံထိုက် ခြင်း၌လည်းကောင်း၊ အရာခပ်သိမ်းကိုဖန်ဆင်းမွေးမြူ ထိန်းသိမ်း စောင့် ရှောက်ခြင်း၌လည်းကောင်း၊ အရှင်မြတ်၏ ဂုဏ်တော်၊ နာမတော်များကို ပိုင်ဆိုင်ရာတွင်လည်းကောင်း အရှင်မြတ်နှင့်အတူ ဖက်စပ်ပါဝင်သူ ဟူ၍ မရှိ။

"له الملك" အလွန်ပင်ပြည့်ဝစုံလင်၍ အကန့်အသတ်မရှိသော စိုးပိုင်မှု အာဏာ၊ မိုးကောင်းကင်များနှင့် မြေပထဝီနှင့် ၎င်းတို့ကြားရှိ အရာခပ်သိမ်း ၏ စိုးမိုးအုပ်ချုပ်မှုအာဏာသည်

အရှင်မြတ်အဖို့သာဖြစ်သည်။

"وله الحمد" ထိုအရှင်မြတ်သည် ပြီးပြည့်စုံတော်မူသော အရှင် ဖြစ်တော် မူသည်။ ချောင်လည်သည့်အခါတွင်ဖြစ်စေ၊ ခက်ခဲသည့်အခါတွင်ဖြစ်စေ အခြေအနေတိုင်း၌ ပြည့်ဝသည့် ချစ်ခင်မြတ်နိုးမှု၊ ဂုဏ်ပေးလေးစားမှု တို့ နှင့်တကွ ချီးမွမ်းခြင်းအပေါင်းကို ခံထိုက်တော်မူသောအရှင်ဖြစ်သည်။

"وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ" ထိုအရှင်မြတ်၏ စွမ်းဆောင်နိုင်မှုသည် အဘက် ဘက်မှ ပြည့်ဝစုံလင်တော်မူသည်။ မည်သည့်အရာကမျှ ထိုအရှင်မြတ်အား မစွမ်းဆောင်နိုင်အောင် မပြုလုပ်နိုင်ချေ။ ထို့အတူ မည်သည့်အရေးကိစ္စ ကမျှ ထိုအရှင်မြတ်အား တားဆီးပိတ်ပင်နိုင်သည်ဟူ၍မရှိပါ။

"لا حول ولا قوة إلا بالله" အခြေအနေတစ်ခုမှ အခြားအခြေအနေတစ်ခုသို့ ပြောင်းလဲခြင်း၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်ဖီဆန်ခြင်းမှ အရှင်မြတ်၏ အမိန့်နာခံခြင်းဘက်သို့ ပြောင်းလဲခြင်းသည် အလ္လာဟ်အရှင်မြတ်ချီးမြှင့်မှ သာ ဖြစ်နိုင်ပါသည်။ ထိုအရှင်မြတ်သည်သာ အကူအညီ စောင်မတော်မူ သောအရှင်၊ အားကိုးအားထားရာအရှင်ဖြစ်တော်မူသည်။

"لا إله إلا الله، ولا نعبد إلا إياه" အလ္လာဟ်အရှင်မြတ်သာလျှင် ခဝပ်ကိုးကွယ် မှုကို ခံထိုက်သည့်အရှင်ဖြစ်ကြောင်း အလေးအနက်ထား

ဖော်ပြထားပြီး ရှိရက်တုဖက်နိုင်းယှဉ်ခြင်းကို ပယ်ဖျက်ထားသည်။ အရှင်မြတ်မှအပ မည် သူမျှ ခဝပ်ကိုးကွယ်မှုကို ခံထိုက်ခြင်းမရှိ။

"له النعمة وله الفضل" ထိုအရှင်မြတ်သည် နိအ်မသ် စည်းစိမ်အားလုံးကို ဖန်ဆင်းတော်မူသောအရှင်၊ ၎င်းတို့ကို ပိုင်ဆိုင်တော်မူသောအရှင်ဖြစ်သည်။ ထိုအရှင်မြတ်သည် မိမိ၏ကျေးကျွန်များအနက် မိမိအလိုရှိသူအား ထို နိအ်မသ်များဖြင့် ကျေးဇူးပြုတော်မူသည်။

" وله الثناء الحسن "ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည် အခြေအနေ တိုင်းတွင် အရှင်မြတ်၏ ဇာသ်တော်၊ ဂုဏ်တော်များ၊ လုပ်ရပ်များ၊ စည်းစိမ် များအားလုံး အတွက်သာဖြစ်၏။

"لا إله إلا الله، مخلصين له الدين" လ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ပြီး ပြစားမှု၊ ကျော်ကြားလိုမှု မပါဘဲ အရှင်မြတ်၏အမိန့်ကို နာခံပါ၏။

"ولو كره الكافرون" ကာဖိရ်များ မနှစ်သက်ကြစေကာမူ အလ္လာဟ်အရှင် မြတ် တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ခြင်းအပေါ် မြဲမြံစွာရပ်တည်နေ ပါသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဖရ်သဠ် ဆွလာသ်ပြီးတိုင်း ဤဇိက်ရ်တော်ကို စွဲစွဲမြဲမြဲဖတ်ရွတ်ခြင်း မွတ်စ်သဟဗ်ဖြစ်သည်။

2. ကာဖိရ်များမနှစ်သက်ကြလျှင်လည်း မွတ်စ်လင်မ်သည် မိမိ၏ သာသနာဖြင့် ဂုဏ်ယူပြီး သာသနာတော်၏ အထိမ်းအမှတ်များကို ထုတ်ဖော်နေရမည်။
3. ဟဒီးဆ်တော်၌ "ဆွလာသ်၏နောက်တွင်" ဟူသော အသုံးအနှုန်းဖြင့် ဇိက်ရ်တစ်ခုကို ဖော်ပြထားလျှင် ၎င်းသည်စလာမ်လှည့်ပြီးနောက် ရွတ် ဆိုရန် ဆိုလိုခြင်းဖြစ်ပြီး၊ ဒုအာတစ်ခုကို ဖော်ပြထားလျှင် ၎င်းသည် ဆွလာသ်အတွင်း၌ စလာမ်မလှည့်မီ တောင်းဆုပြုရန် ဆိုလိုခြင်း ဖြစ်သည်။

(6203)

(64) – عن عمران بن حصين رضي الله عنه قال: كَانَتْ بِي بَوَاسِيرُ، فَسَأَلْتُ النَّبِيَّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ عَنِ الصَّلَاةِ، فَقَالَ: «صَلِّ قَائِمًا، فَإِنْ لَمْ تَسْتَطِعْ فَقَاعِدًا، فَإِنْ لَمْ تَسْتَطِعْ فَعَلَى جَنْبٍ». [صحيح] - [رواه البخاري]

(64) – အင်မ်ရာန် ဗင်န် ဟုဆိုင်န်(ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ပြော ကြားခဲ့သည်။ ကျွန်တော့်တွင် လိပ်ခေါင်းရောဂါရှိနေသည်။ ထို့ကြောင့် ကျွန် တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)အား ဆွလာသ် ဆောက်တည်မှုနှင့်စပ်လျဉ်း၍ မေးမြန်းလျှောက်ထားခဲ့ရာ ကိုယ် တော်က မိန့်ကြားတော်မူသည်မှာ- အသင်ရပ်၍ ဆွလာသ် ဆောက်တည်ပါ အကယ်၍ အသင် (ရပ်၍ ဆွလာသ်ဆောက်တည်ရန်)မစွမ်းနိုင်လျှင် ထိုင်၍ ဆောက်တည်ပါ။

အကယ်၍ အသင် (ထိုင်၍ ဆွလာသ်ဆောက်တည်ရန်) မစွမ်းနိုင်လျှင် လဲလျောင်း၍ ဆောက်တည်ပါ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ ဆွလာသ်၏ မူလအခြေအနေမှာ မတ်တပ်ရပ်၍ ဆောက်တည်ခြင်း ဖြစ်သည်။ သို့သော် မတ်တပ်ရပ်ရန် မတတ်စွမ်းနိုင်သည့် အခြေအနေမျိုး တွင် ထိုင်၍ ဆွလာသ်ဆောက်တည်ရမည်။ ထိုင်၍ ဆွလာသ်ဆောက်တည် ရန် မစွမ်းနိုင်လျှင် လဲလျောင်း၍ ဆောက်တည်ရမည် ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အသိတရားရှိနေသရွေ့ ဆွလာသ် ဆောက်တည်ရန် တာဝန်ရှိနေမည် ဖြစ်သည်။ (မတ်တပ်ရပ်ခြင်း၊ ထိုင်ခြင်း၊လဲလျောင်းခြင်း စသည့်) အခြေအနေတစ်ခုမှ နောက်အခြေအနေတစ်ခုသို့ ပြောင်းလဲခြင်းသည် စွမ်းဆောင်နိုင်မှုအပေါ် မူတည်သည်။
2. လူသားသည် မိမိတတ်စွမ်းမှုပေါ်မူတည်၍ အိဗာဒသ် ပြုခွင့်ရှိခြင်းသည် အစ္စလာမ်သာသနာ၏ လွယ်ကူ၊ သက်ညှာမှုကို ဖော်ပြနေသည်။

(10951)

(65) – عن أبي هريرة رضي الله عنه عن رسول الله صلى الله عليه وسلم قال: «مَا نَقَصَتْ صَدَقَةٌ مِنْ مَالٍ، وَمَا زَادَ اللهُ عَبْدًا بِعَفْوٍ إِلَّا عِزًّا، وَمَا تَوَاضَعَ أَحَدٌ لِلَّهِ إِلَّا رَفَعَهُ اللهُ». [صحيح] - [رواه مسلم]

(65) – အဗူဟုရိုင်ရဟ် (ရသ်ိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဆွဒကဟ် အလှူဒါနသည် ဥစ္စာပစ္စည်းကို လျော့နည်းစေမည်မဟုတ်၊ ခွင့်လွှတ်တတ်သူအား အလ္လာဟ်အရှင်မြတ်သည် ဂုဏ်သိက္ခာ ပို၍တိုးပွားစေတော်မူမည်။ မည်သူမဆို အလ္လာဟ်အရှင်မြတ်အတွက် ရိုကျိုးနှိမ့်ချခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူအားမြှင့်တင်ပေး တော်မူသည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ်အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

ဆွဒကဟ် အလှူဒါနသည် ဥစ္စာပစ္စည်းကို လျော့နည်းစေမည် မဟုတ်ကြောင်း တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းလင်းပြ တော်မူခဲ့သည်။ ထို့အပြင် ဆွဒကဟ် အလှူဒါနသည် ဘေးဗလာများကို ဖယ် ရှားပေးသည်။ အလ္လာဟ်အရှင်မြတ်သည် အလှူဒါနပြုသူအား ကြီးကျယ်လှ သော ကောင်းခြင်းများ အစားပြန်လည်ချီးမြှင့်တော်မူသဖြင့် မလျော့နည်း သည့်အပြင် ပို၍တိုးပွားသွားသည်။

အခြားသူအား လက်စားချေနိုင်စွမ်း၊ အစားယူနိုင်စွမ်းရှိလျက်နှင့် ခွင့်လွှတ်လိုက်ခြင်းသည် အင်အားနှင့် ဂုဏ်သိက္ခာကို ပို၍တိုးပွားစေသည်။

အကြင်သူသည် အခြားသူကို ကြောက်ရွံ့သည့်အတွက်ကြောင့်လည်း မဟုတ်၊ မိမိအား နူးညံ့သိမ်မွေ့စွာ ဆက်ဆံသည့်အတွက်ကြောင့်လည်း မဟုတ်၊ ၎င်းထံမှ အကျိုးတစ်စုံတစ်ရာ မျှော်ကိုးသည့်အတွက်ကြောင့် လည်းမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်အတွက်သာ ရိုကျိုးနှိမ့်ချမည်ဆိုပါက အဆင့်အတန်းမြင့်မားခြင်းနှင့် ဂုဏ်သိက္ခာကြီးမြတ်ခြင်းတို့ကို အစား ပြန်လည်ရရှိမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အချို့သူတို့၏ အယူအဆနှင့် ကွဲလွဲနေလျှင်လည်း ကောင်းမှုနှင့် အောင် မြင်မှုသည် ရှရီအဟ်တရားတော်ကိုလိုက်နာခြင်း၊ ကောင်းမှုဆောက် တည်ခြင်း တွင်သာရှိသည်။

(5512)

(66) – عن أبي هريرة رضي الله عنه أن رسول الله صلى الله عليه وسلم قال: «قَالَ اللهُ: أَنْفِقْ يَا ابْنَ آدَمَ أُنْفِقْ عَلَيْكَ». [صحيح] - [متفق عليه]

(66) – အဗူဟုရိုင်ရဟ် (ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏

ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်တော်မူသည်။ အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူသည်မှာ အို - အာဒမ်၏သား သင်သုံးစွဲလှူဒါန်းပါ၊ သင့်အပေါ် ပြန်လည် သုံးစွဲခြင်းခံရမည်။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ပြောကြားတော်မူ သည်မှာ ဧကန်အမှန်ပင် အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူသည်။ အို - အာဒမ်၏သား (ဝါဂျိဗ်တာဝန်ထိုက်သည့် အလှူဒါနနှင့် နဖ်လ် အလှူဒါနတို့ တွင်) သင်သုံးစွဲလှူဒါန်းပါ ငါအရှင်မြတ်သည် သင့်အား ရိုဇီရိက္ခာကျယ် ဝန်းစွာ ချီးမြှင့်တော်မူမည်။ ဤသုံးစွဲမှုအပေါ် အစားပြန်လည်ပေးသနားကာ ဘရကသ်မင်္ဂလာ ချီးမြှင့်တော်မူမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အလ္လာဟ်လမ်းတော်၌ လှူဒါန်းသုံးစွဲရန် တိုက်တွန်းထားသည်။
2. ကောင်းမြတ်သည့်ကိစ္စများ၌ လှူဒါန်းသုံးစွဲခြင်းသည် ရိုဇီရိက္ခာတွင် ဘရကသ် မင်္ဂလာရရှိရန်နှင့် တိုးပွားရန်အတွက် အကြီးကျယ်ဆုံး အကြောင်းခံများထဲတွင် ပါဝင်သည်။ ကျေးကျွန်အပေါ် အလ္လာဟ် အရှင်မြတ်၏ ချီးမြှင့်မှုသည် ၎င်းသူလှူဒါန်းသုံးစွဲမှုအပေါ်တွင်

မူတည် သည်။

3. ဤဟဒီးဆ်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိမိ၏အရှင်မြတ်ထံမှတဆင့် ပြန်လည် ဆင့်ပြန်ခဲ့သည့် ဩဝါဒတော် များတွင် ပါဝင်သည်။ ဤကဲ့သို့ ဟဒီးဆ်မျိုးကို ဟဒီးဆ် ကုဒ္ဒုစီ သို့မဟုတ် ဟဒီးဆ် အိလာဟီဟု ခေါ်သည်။ ဤဟဒီးဆ်တော်၌ ပါရှိ သော စကားလုံးများ၊ အဓိပ္ပာယ်များအားလုံးသည် အလ္လာဟ်အရှင် မြတ် ထံတော်မှဖြစ်သော်လည်း အိဗာဒသ်အနေဖြင့် သိလာဝသ်ပြု ခြင်း၊ သွဟာရသ် ရှိရန်လိုအပ်ခြင်း၊ ယှဉ်ပြိုင်ရန် စိန်ခေါ် ခြင်း၊ 'အိအ်ဂျာဇ်' တန်ခိုးအံ့ဖွယ်ရှိခြင်း အစရှိသော အခြားအရာများနှင့် ခွဲခြားထားသည့် ကုရ်အာန်ကျမ်းမြတ်နှင့် သီးသန့်သက်ဆိုင်သော ဂုဏ် ဝိသေသများ မပါရှိပါ။

(5805)

(67) – عن أبي مسعود رضي الله عنه عن النبي صلى الله عليه وسلم قال: «إِذَا أَنْفَقَ الرَّجُلُ عَلَى أَهْلِهِ يَحْتَسِبُهَا فَهُوَ لَهُ صَدَقَةٌ». [صحيح] - [متفق عليه]

(67) – အဗူမတ်စ်အူးဒ်(ရသ္ဒိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ လူ တစ်ဦးသည် အကျိုးကုသိုလ်ကို မျှော်ကိုး၍

မိမိ၏ အိမ်သူအိမ်သားများ အပေါ် သုံးစွဲမှုတစ်ခုခုပြုခဲ့လျှင် ထိုသုံးစွဲမှုသည် ၎င်းသူအတွက် ဆွဒကဟ် အလှူဒါနပင် ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ အကယ်၍ လူတစ်ဦးသည် မိမိက သုံးစွဲရန်တာဝန်ရှိသော အိမ်သူအိမ်သားများဖြစ်သည့် မိမိဇနီး၊ မိဘနှစ်ပါး၊ သားသမီးနှင့် အခြားသူများ အပေါ်ပေးကမ်းသုံးစွဲခဲ့ပြီး ထိုသုံးစွဲခြင်းအပေါ် အရှင်မြတ်နှင့် နီးကပ်မှု ရရှိရန်နှင့် အရှင်မြတ်ထံတော်မှ အကျိုးကုသိုလ်ရရှိရန် မျှော်လင့်ချက်ထားပါက ထိုသူသည် ဆွဒ်ကဟ်အလှူဒါနပြုသည့် အကျိုးကုသိုလ်ကို ရရှိမည်ဖြစ် သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. မိသားစုအပေါ် သုံးစွဲခြင်းဖြင့် အကျိုးကုသိုလ်ရရှိသည်။
2. မုအ်မင်န်တစ်ဦးသည် မိမိ၏အမလ်ကောင်းမှုအား အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်ရန်နှင့် အရှင်မြတ်ချီးမြှင့်မည့် အကျိုးကုသိုလ်ကို ရရှိရန်အတွက်သာ ဆောင်ရွက်ရမည်။
3. မိသားစု အပေါ်သုံးစွဲခြင်းအပါဝင် လုပ်ရပ်တိုင်း၌ ကောင်းမွန်သော ‘နိယသ်’ ရည်စူးချက်ထားရှိရမည်။

(68) – عن أبي هريرة رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «مَنْ أَنْظَرَ مُعْسِرًا، أَوْ وَضَعَ لَهُ، أَظَلَّهُ اللهُ يَوْمَ الْقِيَامَةِ تَحْتَ ظِلِّ عَرْشِهِ يَوْمَ لَا ظِلَّ إِلَّا ظِلُّهُ».

[صحيح] - [رواه الترمذي وأحمد]

(68) – အဗူဟုရိုင်ရဟ် (ရသ္ဝိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အကြင်သူသည် အကြွေးဆပ်ရန် ခက်ခဲနေသူအား နောက်ဆိုင်းပေးထားမည် သို့မဟုတ် ကြွေးမြီတစ်စုံတစ်ရာကို လျှော့ပေး လိုက်မည်ဆိုလျှင် ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းအား မိမိပလ္လင်တော်၏ အရိပ်အောက်၌ အရိပ်ပေးတော်မူမည်။ ထိုနေ့တွင် ၎င်း၏အရိပ်မှလွဲ၍ အခြားမည်သည့် အရိပ်အာဝါသမျှ ရှိမည်မဟုတ်ပေ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] – [အဟ်မဒ်ကျမ်းသိရ်မိဇီကျမ်း]

## ရှင်းလင်းချက်

တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ မည်သူမဆို အကြွေးတင်နေသူအား နောက်ဆိုင်းပေးမည် သို့မဟုတ် ကြွေး မြီတစ်စုံတစ်ရာကို လျှော့ပေးမည်ဆိုပါက ထိုသူ့အားဆုလာဘ်အနေဖြင့် ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်က ၎င်းအား မိမိပလ္လင်တော်၏ အောက်၌

အရိပ်ပေးတော်မူမည်။ ထိုနေ့၌ နေမင်းသည် ကျေးကျွန်များ၏ ဦးခေါင်းများနှင့် နီးကပ်စွာရှိနေပြီး ၎င်းတို့အပေါ်အပူရှိန် အလွန်ပြင်းထန်မည်ဖြစ်သည်။ ထိုနေ့တွင် အလ္လာဟ်အရှင်မြတ် အရိပ်ပေးတော်မူသောသူမှ အပ မည်သူမျှ မည်သည့်အရိပ်ကိုမျှ ရရှိမည်မဟုတ်ပေ။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အလ္လာဟ်အရှင်မြတ်၏ ကျွန်များအပေါ် လွယ်ကူသက်သာအောင် လုပ် ပေးခြင်း၏မွန်မြတ်မှုကို တင်ပြထားသည်။ ထိုလုပ်ရပ်သည် ကိယာမသ်နေ့၏ ကြောက်မက်ဖွယ်ရာများမှ လွတ်မြောက်စေမည့် အကြောင်းခံတစ်ရပ် ဖြစ်သည်။
2. လုပ်ရပ်အမျိုးစားပေါ်တွင် မူတည်၍ အစားရလဒ်ရရှိမည်။

(4186)

(69) – عن جابر رضي الله عنه أن رسول الله صلى الله عليه وسلم قال: «رَحِمَ اللَّهُ رَجُلًا سَمْحًا إِذَا بَاعَ، وَإِذَا اشْتَرَى، وَإِذَا اقْتَضَى». [صحيح] - [رواه البخاري]

(69) – ဂျာဗိရ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင် မြတ်၏
ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ရောင်းသည့်အခါ၊ ဝယ်သည့်အခါနှင့် မိမိ၏ ရပိုင်ခွင့်ကို တောင်းဆိုသည့်အခါ သက်ညှာထောက်ထားသူကို အလ္လာဟ်အရှင်မြတ် ကရုဏာ

သက်တော်မူပါစေ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

ရောင်းချရာတွင် ဝယ်သူအပေါ် ပစ္စည်းဈေးနှုန်း အခက်မတွေ့စေဘဲ သက်ညှာသူ၊ ကောင်းမြတ်သည့် ကိုယ်ကျင့်တရားဖြင့် ဆက်ဆံသူ၊ ဝယ်ယူ ရာတွင်လည်း မတရားရယူခြင်း၊ ပစ္စည်းကို မရမကဈေးဆစ်ခြင်းတို့မပြုဘဲ ညှာတာထောက်ထားသူ၊ ဆင်းရဲသားများ၊ မပြည့်စုံသူများထံမှ မိမိအကြွေး ကို တောင်းသည့်အခါ အတင်းဇွမ်ရယူခြင်းမပြုဘဲ ညှာတာထောက်ထားသူ၊ အခက်အခဲရှိနေသူများကို စောင့်ဆိုင်းပေးသူတို့အား အလ္လာဟ်အရှင်မြတ် က ကရုဏာထားတော်မူရန် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)က ဒုအာပြုတော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ရှရီအဟ်တရားတော်၏ ရည်ရွယ်ချက်များတွင် လူတို့ကြား၌ ကောင်း မွန်သည့်ဆက်ဆံရေးကို ထိန်းသိမ်းခြင်းလည်း ပါဝင်သည်။
2. ရောင်းခြင်း၊ ဝယ်ခြင်းနှင့် အခြားကိစ္စများတွင် လူတို့နှင့်ဆက်ဆံရာ၌ ကောင်းမြတ်သည့် ကိုယ်ကျင့်တရားဖြင့် ဆက်ဆံရန် တိုက်တွန်း ထား သည်။

(3716)

(70) – عَنْ أَبِي هُرَيْرَةَ رَضِيَ اللَّهُ عَنْهُ أَنَّ رَسُولَ اللَّهِ صَلَّى اللَّهُ عَلَيْهِ وَسَلَّمَ قَالَ: «كَانَ رَجُلٌ يُدَايِنُ النَّاسَ، فَكَانَ يَقُولُ لِفَتَاهُ: إِذَا أَتَيْتَ مُعْسِرًا فَتَجَاوَزْ عَنْهُ، لَعَلَّ اللَّهَ يَتَجَاوَزُ عَنَّا، فَلَقِيَ اللَّهَ فَتَجَاوَزَ عَنْهُ». [صحيح] – [متفق عليه]

(70) – အဗူဟုရိုင်ရဟ် (ရသို့ယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ပုဂ္ဂိုလ်တစ်ဦးသည် လူတို့အား အကြွေးပေးလေ့ရှိသည်။ ၎င်းက မိမိ၏အခိုင်းအစေအား သင်သည် ကျပ်တည်းသူဆီသို့ အကြွေးသွားတောင်းလျှင် စောင့်ဆိုင်းပေးပြီး နူးညံ့စွာဆက်ဆံပါ။ အလ္လာဟ် အရှင်မြတ်ကလည်း ကျွန်ုပ်တို့ကို ခွင့်လွှတ်ရန် မျှော်လင့်ရသည်ဟု အမြဲ ပြောလေ့ရှိသည်။ သို့ဖြစ်၍ ထိုသူသည် (ကွယ်လွန်ပြီးနောက်) အလ္လာဟ် အရှင်မြတ်နှင့် တွေ့ဆုံခဲ့ရာ အရှင်မြတ်က သူ့အား ခွင့်လွှတ်တော်မူခဲ့သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် လူတို့အား ငွေကြေးချေးငှားသူ၊ အကြွေးဖြင့် ရောင်းချသူ ပုဂ္ဂိုလ်တစ်ဦးအကြောင်းကို မိန့်ကြားတော်မူခဲ့သည်။ ထိုသူသည် လူတို့ထံမှ အကြွေးလိုက်ကောက်သည့် မိမိ၏ အခိုင်းအစေအား

သင်သည် မတတ်နိုင်သဖြင့် အကြွေးပြန်မဆပ်နိုင် သူထံ ရောက်သည့်အခါ နူးညံ့စွာဆက်ဆံပါ။ သူ့ထံမှ အတင်းအကျပ် တောင်းဆိုခြင်းမပြုဘဲ နောက်ဆိုင်းပေးလိုက်ပါ သို့မဟုတ် အနည်းငယ် လျော့၍ရလျှင်လည်း သူ့တွင်ရှိသလောက်ကိုသာ လက်ခံလိုက်ပါဟု အမြဲ ပြောလေ့ရှိသည်။ ထိုသူသည် အလ္လာဟ်အရှင်မြတ်က မိမိအား ခွင့်လွှတ် ချမ်းသာ ပေးလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဤသို့ပြုလုပ်ခဲ့ခြင်း ဖြစ် သည်။ သို့ဖြစ်၍ ၎င်းသူ ကွယ်လွန်ပြီးနောက် အလ္လာဟ်အရှင်မြတ်သည် သူ၏အပြစ်အကုသိုလ်များကို ခွင့်လွှတ်တော်မူခဲ့သည်။

**ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ**

1. လူတို့အား ကောင်းမွန်စွာ ဆက်ဆံခြင်း၊ ခွင့်လွှတ်ခြင်း၊ အခက်အခဲ ဖြစ် နေသူကို လျော့ပေးခြင်းတို့သည် ကိယာမသ်နေ့၌ လူတစ်ဦး လွတ် မြောက် အောင်မြင်ရန်အတွက် အကြီးမားဆုံး အကြောင်းခံ တစ်ရပ် ဖြစ်သည်။
2. အဖန်ဆင်းခံများပေါ် ကောင်းကျိုးပြုခြင်း၊ အိခ်လာဆ်ရှိခြင်း၊ အလ္လာဟ် အရှင်မြတ်၏ ကရုဏာတော်ကို မျှော်ကိုးခြင်းတို့သည် အပြစ်များ ခွင့် လွှတ်ခြင်းခံရသည့် အကြောင်းခံများထဲတွင် ပါဝင်သည်။

(3753)

(71) – **عن خَولة الأنصاريةِ رضي الله عنها قالت: سمعت النبي صلى الله عليه وسلم يقول:** «إِنَّ رِجَالًا يَتَخَوَّضُونَ فِي مَالِ اللهِ بِغَيْرِ حَقٍّ، فَلَهُمُ النَّارُ يَوْمَ الْقِيَامَةِ». [صحيح] - [رواه البخاري]

(71) – ခေါင်လဟ် အလ်အန်စွာရီယဟ် (ရသ္ဍိယလ္လာဟုအန်ဟာ)က ဆင့် ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) မိန့်တော်မူသည်ကို ကျွန်မကြားသိခဲ့သည်။ လူတစ်ချို့ သည် အလ္လာဟ်အရှင်မြတ်၏ပစ္စည်းများကို မမှန်မကန် သုံးစွဲကြသည်။ ထို့ကြောင့် ၎င်းတို့အတွက် ကိယာမသ်နေ့တွင် ငရဲမီးရှိသည်။ [ဍျှဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မွတ်စ်လင်မ်တို့ ၏ ဥစ္စာပစ္စည်းများကို မမှန်ကန်သောနည်းဖြင့် သုံးစွဲကြသူများ၊ ဥစ္စာ ပစ္စည်း များကို မတရားသဖြင့် ရယူကြသူများနှင့် စပ်လျဉ်း၍ အသိပေးမိန့်ကြားခဲ့ သည်။ ၎င်း၏ဆိုလိုရင်း၌ ဥစ္စာပစ္စည်းကို မတရားသဖြင့် စုဆောင်းရှာဖွေ ခြင်း၊ မသုံးစွဲသင့်သည့်နေရာများတွင် သုံးစွဲခြင်းစသည်တို့အားလုံး ပါဝင် သည်။ ထိုလုပ်ရပ်ထဲ၌ ဘမဲ့ကလေးများ၏ ပစ္စည်းဥစ္စာများကို စားသုံးခြင်း၊ ဝက်ဖ် လှူဒါန်းထားသောဥစ္စာပစ္စည်းအား မစားထိုက်ဘဲစားသုံးခြင်း၊ ယုံ ကြည်စွာအပ်နှံထားသော ပစ္စည်းများကို ပေးရန်ငြင်းဆိုခြင်း၊ အများပိုင်

ပစ္စည်းများကို မယူထိုက်ဘဲရယူခြင်း စသည်တို့အားလုံးပါဝင်သည်။

သို့ဖြစ်၍ ကိယာမသ်နေ့တွင် ထိုသို့ပြုကြသူတို့၏အစားသည် ဂျဟန္နမ် ငရဲမီးပင်ဖြစ်ကြောင်း တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က အသိပေးမိန့်ကြားထားသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. လူတို့ထံ၌ရှိသော ဥစ္စာပစ္စည်းများသည် အလ္လာဟ်အရှင်မြတ်၏ ဥစ္စာ ပစ္စည်းသာဖြစ်သည်။ အရှင်မြတ်သည် ထိုပစ္စည်းများအား တရားတော် က ခွင့်ပြုထားသည့် နည်းလမ်းများအတိုင်း သုံးစွဲရန်နှင့် မမှန်မကန် သုံးစွဲခြင်းမှ ရှောင်ကြဉ်ရန် ၎င်းတို့အား တာဝန်ပေးထားခြင်းဖြစ်သည်။ ဤပြဋ္ဌာန်းချက်သည် ခေါင်းဆောင်များဖြစ်စေ၊ အခြားသူများဖြစ်စေ အားလုံးနှင့်သက်ဆိုင်သည်။
2. အများပိုင်ပစ္စည်းနှင့်ပတ်သက်လျှင် ရှရီအဟ် တရားဥပဒေသည် အလွန်ပင် တင်းကြပ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ တာဝန်ယူရသူ မည်သူမဆို ကိယာမသ်နေ့၌ ၎င်း၏စုဆောင်းမှု၊ သုံးစွဲမှု များအတွက် စာရင်းစစ်ခံရမည်ဖြစ်သည်။
3. မိမိပစ္စည်းကိုဖြစ်စေ၊ အခြားသူ၏ပစ္စည်းကိုဖြစ်စေ ရှရီအဟ်တရား တော်နှင့် ဆန့်ကျင်ဘက် သုံးစွဲသူမည်သူမဆို

ဤသတိပေး ခြိမ်း ခြောက်မှုတွင် ပါဝင်သည်။

(5331)

(72) – عن أبي هريرة رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «مَنْ صَامَ رَمَضَانَ إِيمَانًا وَاحْتِسَابًا غُفِرَ لَهُ مَا تَقَدَّمَ مِنْ ذَنْبِهِ» [صحيح] – [متفق عليه]

(72) – အဗူဟုရိုင်ရဟ် (ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ် အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို အီမာန်နှင့်တကွ အကျိုး ဆဝါဗ်ကို မျှော်ကိုးပြီး ရမသွာန်လ၏ (ဆွိယာမ်)ဥပုသ်ကို စောင့်ထိန်းခဲ့လျှင် ၎င်းသူ ယခင်ကကျူးလွန်မိခဲ့သော အပြစ်အကုသိုလ်များ ခွင့်လွှတ်ပေးခြင်း ခံရမည်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကေန်အမှန်ပင် မည်သူမဆို အလ္လာဟ်အရှင်မြတ်အပေါ် အီမာန် သက်ဝင်ယုံကြည်မှုနှင့်တကွ (ဆွိယာမ်)ဥပုသ်သည် ဖရ်သွ်တာဝန် ဖြစ် ကြောင်းနှင့် အလ္လာဟ်အရှင်မြတ်သည် (ဆွိယာမ်)ဥပုသ်စောင့်ထိန်းသူများ အတွက် များပြားသောအကျိုးကုသိုလ်များ

အသင့်ပြင်ဆင်ထားကြောင်းကို လက်ခံယုံကြည်မည်။ ထို့အတူ အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကိုသာ ရည်ရွယ်၍ (ရိယာအ်)ပြစားမှုနှင့် ကျော်ကြားလိုစိတ်မပါဘဲ ရမသ္ဇာန်လ၏ (ဆိုယာမ်) ဥပုသ်ကို စောင့်ထိန်းခဲ့လျှင် ၎င်းသူ ယခင်က ကျူးလွန်မိခဲ့သည့် အပြစ်အကုသိုလ်များ ခွင့်လွှတ်ခြင်းခံရမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အိခ်လာဆ် (အလ္လာဟ်အရှင်မြတ်အတွက်သာ ရည်စူးခြင်း)၏ မွန်မြတ် မှုနှင့် ရမ်သ္ဇာန်လ၏ ဆိုယာမ်ဥပုသ်နှင့် အခြားကောင်းမှုကုသိုလ်များ၌ အိခ်လာဆ်၏ အရေးပါမှုကို တင်ပြထားသည်။

(4196)

(73) – عن أبي هريرة رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «مَنْ يَقُمْ لَيْلَةَ الْقَدْرِ إِيمَانًا وَاحْتِسَابًا غُفِرَ لَهُ مَا تَقَدَّمَ مِنْ ذَنْبِهِ» [صحيح] - [متفق عليه]

(73) – အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို ကဒ်ရ်ညမြတ်တွင် အီမာန်ယုံကြည်မှုနှင့် တကွ အကျိုးဆဝါဗ်ကို မျှော်ကိုးပြီး အိဗာဒသ်ခဝပ်ကိုးကွယ်မှုပြုခဲ့လျှင် ၎င်း သူ

ယခင်ကကျူးလွန်မိခဲ့သော အပြစ်အကုသိုလ်များ ခွင့်လွှတ်ပေးခြင်းခံရမည်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

ရမ်သွာန်လ၏ နောက်ဆုံးဆယ်ရက်တွင် ကျရောက်သော ကဒ်ရ်ည မြတ်၌ အိဗာဒသ်ခဝပ်ကိုးကွယ်မှုပြုလုပ်ခြင်း၏ ထူးမြတ်မှုနှင့်ပတ်သက်၍ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည် မှာ မည်သူမဆို ကဒ်ရ်ညမြတ်တွင် ယင်းညနှင့် ယင်းည၏ ထူးမြတ်မှုများ အပေါ် အီမာန် သက်ဝင်ယုံကြည်ကာ 'ရိယာအ်' ပြစားမှု၊ ထင်ပေါ်ကျော်ကြားလိုမှုမပါဘဲ အလ္လာဟ်အရှင်မြတ်ထံတော်မှ အကျိုးကုသိုလ်မျှော်ကိုး ကာ ဆွလာသ်ဆောက်တည်ခြင်း၊ ဒုအာဆုမွန်တောင်းခံခြင်း၊ ကုရ်အာန် ကျမ်းမြတ်ဖတ်ရွတ်ခြင်း၊ ဇိက်ရ်ပြုလုပ်ခြင်းစသည့် အမလ်အိဗာဒသ်များ ပြုလုပ်ခဲ့ပါက ၎င်းသူ ယခင်ကကျူးလွန်မိခဲ့သော အပြစ်အကုသိုလ်များ ခွင့်လွှတ်ပေးခြင်းခံရမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကဒ်ရ်ညမြတ်၏ ထွတ်မြတ်မှုကိုတင်ပြထားပြီး ထိုညတွင် အိဗာဒသ် ခဝပ်မှုပြုလုပ်ရန် တိုက်တွန်းထားသည်။
2. မှန်ကန်သည့်ရည်စူးချက်ဖြင့်သာ

ကောင်းမြတ်သည့်အကျင့်သီလများ လက်ခံခြင်းခံရမည်ဖြစ်သည်။

3. အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်တစ်ရပ်မှာ မည်သူမဆို ကဒ်ရ်ညမြတ်တွင် အီမာန်ယုံကြည်မှုနှင့်တကွ အကျိုးဆဝါဗ်ကို မျှော်ကိုးပြီး အိဗာဒသ်ခဝပ်ကိုးကွယ်မှုပြုခဲ့လျှင် ၎င်းသူ ယခင်က ကျူးလွန်မိခဲ့သော အပြစ်အကုသိုလ်များ ခွင့်လွှတ်ပေးခြင်း ခံရမည်ဖြစ်သည်။

(4202)

(74) – عن أبي هريرة رضي الله عنه قال: سمعتُ النبي صلى الله عليه وسلم يقول:

«مَنْ حَجَّ لِلَّهِ فَلَمْ يَرْفُثْ وَلَمْ يَفْسُقْ رَجَعَ كَيَوْمِ وَلَدَتْهُ أُمُّهُ». [صحيح] - [متفق عليه]

(74) – အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန် တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြား တော်မူသည်ကို ကြားသိခဲ့ရသည်။ "မည်သူမဆို ဟဂ်ျပြုရာတွင် ကာမဂုဏ် နှင့်သက်ဆိုင်သည့် ညစ်ညမ်းသောစကားကိုလည်း မပြောဆို၊ အပြစ်ကျူး လွန်ခြင်းလည်း မရှိခဲ့သော် ၎င်းသည် သူ၏မိခင်က သူ့အား မွေးဖွားခဲ့သည့် နေ့ကအတိုင်း(အပြစ်ကင်းစင်သူအဖြစ်) ပြန်ရောက်လာမည်။" [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူခဲ့ သည်မှာ မည်သူမဆို အလ္လာဟ်အရှင်မြတ်အတွက် ဟဂ်ျပြုရာတွင် ကာမ ဂုဏ်ကျူးလွန်ခြင်း၊ ကာမဂုဏ်ကိုဖြစ်စေသော နမ်းရှုံ့ခြင်း၊ ပွေ့ဖက်ခြင်း၊ ညစ်ညမ်းသော စကားပြောဆိုခြင်းတို့ကို မပြုလုပ်ခဲ့လျှင်၊ ထို့အတူ အိဟ်ရာမ်ပြုစဉ် တားမြစ်ထားသည့်အချက်များကို ဖောက်ဖျက်ခြင်း၊ အပြစ် အကုသိုလ်ကျူးလွန်ခြင်း မရှိခဲ့ပါက ကလေးတစ်ဦးမွေးဖွားလာသည့်အခါ အပြစ်ကင်းစင်သကဲ့သို့ အပြစ်များမှကင်းစင်ကာ ဟဂ်ျမှပြန်လည်ရောက်ရှိ လာမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အပြစ်ကျူးလွန်ခြင်းကို အခြေနေတိုင်းတွင် တားမြစ်ထားသော်လည်း ဟဂ်ျတွင်လေးနက်စွာ တားမြစ်ရခြင်းမှာ ဟဂ်ျကျင့်စဉ်များကို ပို၍ အလေးထားသောကြောင့် ဖြစ်သည်။
2. လူသားတိုင်းသည် အပြစ်အကုသိုလ်များမှ ကင်းစင်စွာ မွေးဖွားလာ သည်။ ထို့ကြောင့် လူသားသည် အခြားသူ၏အပြစ်ကို ထမ်းရွက်ထား သည်ဟူ၍ မရှိပေ။

(2758)

(75) – عَنِ ابْنِ عَبَّاسٍ رَضِيَ اللَّهُ عَنْهُمَا قَالَ: قَالَ رَسُولُ اللَّهِ صَلَّى اللَّهُ عَلَيْهِ وَسَلَّمَ: «مَا مِنْ أَيَّامٍ الْعَمَلُ الصَّالِحُ فِيهَا أَحَبُّ إِلَى اللَّهِ مِنْ هَذِهِ الْأَيَّامِ» يَعْنِي أَيَّامَ الْعَشْرِ، قَالُوا: يَا رَسُولَ اللَّهِ، وَلَا الْجِهَادُ فِي سَبِيلِ اللَّهِ؟ قَالَ: «وَلَا الْجِهَادُ فِي سَبِيلِ اللَّهِ، إِلَّا رَجُلٌ خَرَجَ بِنَفْسِهِ وَمَالِهِ فَلَمْ يَرْجِعْ مِنْ ذَلِكَ بِشَيْءٍ». [صحيح] - [رواه البخاري وأبو داود، واللفظ له]

(75) – အိဗ်နုအဗ္ဗာစ် (ရသွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဤနေ့ရက်များ(ဇွလ်ဟဂ်ျလ၏ ပထမဆယ်ရက်)၌ ကောင်းမှုပြုလုပ်ခြင်းအား အခြားသောနေ့ရက်များတွင် ကောင်းမှုပြုလုပ်ခြင်းထက် အလ္လာဟ်အရှင်မြတ်သည် ပို၍နှစ်သက်တော်မူသည်။ သာဝက ကြီးများက အို အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် အရှင်မြတ်လမ်း တော်၌ ဂျိဟာဒ်လုပ်ခြင်းကို ပို၍နှစ်သက်သည် မဟုတ်လောဟု လျှောက် ထားခဲ့ကြရာ ကိုယ်တော်က မိန့်ကြားသည်မှာ အရှင်မြတ်၏လမ်းတော်၌ ဂျိဟာဒ်လုပ်ခြင်းကိုလည်း (ထိုရက်များ၏ ကောင်းမှုထက်) ပို၍မနှစ်သက် ပေ။ သို့သော် မိမိ၏အသက်ဇီဝိန်၊ ဥစ္စာပစ္စည်းတို့နှင့်တကွ ဂျိဟာဒ်ပြုရန် ထွက်သွားပြီး ၎င်းအရာများကို ပြန်မယူလာသည့် ပုဂ္ဂိုလ်သာလျှင် ပို၍ နှစ်သက်ခြင်းခံရမည်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] – [ဗုခါရီကျမ်း၊ အဗူဒါဝူဒ်ကျမ်း ဤကျမ်းပါ စာသားအတိုင်းဖြစ်သည်။]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ ဇွလ်ဟဂ်ျလ၏ ပထမဆယ်ရက်၌ ကောင်းမှုပြုလုပ်ခြင်းသည် တစ်နှစ်တာ၏ အခြားနေ့ရက်များတွင် ကောင်းမှုပြုလုပ်ခြင်းထက် သာပိုမွန် မြတ်သည်။

သာဝကကြီးများက တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) အား ဤဆယ်ရက်မှလွဲ၍ အခြားသောနေရက်များတွင် ဂျိဟာဒ်လုပ်ခြင်းက ပို၍မွန်မြတ်ပါသလား သို့မဟုတ် ဤနေ့ရက်များတွင် ကောင်းမှုကုသိုလ် ပြု လုပ်ခြင်းက ပို၍မွန်မြတ်ပါသလားဟု လျှောက်ထားမေးမြန်းခဲ့ကြသည်။ ဤသို့မေးရခြင်းမှာ ဂျိဟာဒ်သည် အမွန်မြတ်ဆုံး အမလ်ကောင်းမှုဖြစ်ကြောင်း သာဝကကြီးများ လက်ခံထားကြသည့်အတွက်ဖြစ်သည်။

ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ဖြေကြား တော်မူသည်မှာ ဇွလ်ဟဂ်ျလ၏ ပထမဆယ်ရက်၌ပြုလုပ်သည့် ကောင်းမှု သည် အခြားသောနေ့ရက်များတွင် ဂျိဟာဒ်ပြုခြင်းထက် ပို၍သာမြတ် သည်။ သို့သော် လူတစ်ဦးသည် မိမိ၏အသက်ဇီဝိန်၊ ဥစ္စာပစ္စည်းတို့နှင့်တကွ ဂျိဟာဒ်ပြုရန် မုဂျာဟိဒ်တစ်ဦးအဖြင့် စွန့်လွှတ်စွန့်စားကာထွက်ခွာသွားပြီး အလ္လာဟ့်လမ်းတော်တွင် မိမိ၏ဥစ္စာပစ္စည်းများ ဆုံးရှုံးသွားကာ မိမိအသက် ကိုလည်း

ပေးအပ်လိုက်ခဲ့လျှင် ထိုသူသာလျှင် ထိုမွန်မြတ်သည့်ရက်များ၌ အမလ်ကောင်းမှုပြုလုပ်ခြင်းထက် ပို၍မွန်မြတ်မည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဇွလ်ဟဂ်ျလ၏ ပထမဆယ်ရက်သည် အလွန်မွန်မြတ်လှသည်။ သို့ဖြစ်၍ မွတ်စ်လင်မ်တစ်ဦးသည် ထိုရက်များတွင် အလ္လာဟ်အရှင်မြတ် အားများစွာ ဇိကဲရ်လုပ်ခြင်း၊ ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်ခြင်း၊ “အလ္လာဟ်အက်ဗရ်” ဆိုခြင်း၊ “လာအိလာဟ အိလ္လာဟ်”ဆိုခြင်း၊ “အလ် ဟမ်ဒု လိလ္လာဟ်”ဆိုခြင်း၊ ဆွလာသ်ဝတ်ပြုခြင်း၊ အလှူဒါနပြုလုပ်ခြင်း၊ ဆွိယာမ် ဥပုသ်စောင့်ခြင်း၊ အခြားကောင်းမှုကုသိုလ်များကိုပြုလုပ်ကာ အကျိုးရှိစွာ ကုန်ဆုံးရမည်ဖြစ်သည်။

(6255)

(76) – عن أبي هريرة رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «إِنَّ اللهَ لَا يَنْظُرُ إِلَى صُوَرِكُمْ وَأَمْوَالِكُمْ، وَلَكِنْ يَنْظُرُ إِلَى قُلُوبِكُمْ وَأَعْمَالِكُمْ». [صحيح] - [رواه مسلم]

(76) – အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကေန်အမှန်

အလ္လာဟ်အရှင်မြတ်သည် သင်တို့၏ ခန္ဓာကိုယ်များနှင့် ရုပ်ရည်များကို ကြည့်တော်မူမည်မဟုတ်၊ သို့သော် သင်တို့ ၏ နှလုံးသားများနှင့် လုပ်ရပ်များကိုသာ ကြည့်တော်မူမည်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ  ကေန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် ကျေးကျွန်များ၏ ရုပ်ရည်နှင့် ခန္ဓာကိုယ်များကို လှပသလား၊ ရုပ်ဆိုးသလား၊ ကြီးမားသလား၊ သေးငယ်သလား၊ သန်စွမ်းသလား၊ မသန်စွမ်းသလားဟူ၍ ကြည့်တော်မူမည်မဟုတ်ပေ။ ထို့အတူ ၎င်းတို့၏ ဥစ္စာပစ္စည်းများကို များသလား၊ နည်းသလားဟူ၍လည်း ကြည့်တော်မူမည် မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ကျေးကျွန်များအား ထိုကိစ္စများနှင့် ပတ်သက်၍ ၎င်းတို့၏ ကွဲပြားမှုများကို စစ်ဆေးမည်မဟုတ်သလို အပြစ်ပေးမည်လည်း မဟုတ်ပေ။ သို့သော် ၎င်းတို့၏ နှလုံးသားများနှင့် ယင်း၌ရှိသော ‘သက္ကဝါ’တရား၊ ယုံကြည်မှု၊ ဖြောင့်မတ်မှန်ကန်မှု၊ ‘အိခ်လာဆွ်’ စိတ်စေတနာဖြူစင်မှု သို့မဟုတ် ‘ရိယာ’ ပြစားမှု၊ ကျော်ကြားလိုစိတ်ရှိမှု စသည်တို့ကို ကြည့်တော်မူ မည်ဖြစ်သည်။ ထို့အတူ ၎င်းတို့၏ လုပ်ရပ်များ ကောင်းမွန်မှု၊ ပျက်စီးမှုတို့ ကို ကြည့်တော်မူပြီး ထိုအပေါ် အကျိုးကုသိုလ်နှင့် အစားများပြန်လည်ပေး တော်မူမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. စိတ်နှလုံးသားကို ပြုပြင်ရန်နှင့် မကောင်းသည့် အရည်အချင်းများမှ စင်ကြယ်စေရန် အလေးထားရမည်။
2. အိခ်လာဆ်ဖြင့် စိတ်နှလုံးသားကို ပြုပြင်ရမည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ နောက်လိုက်ခြင်းဖြင့် အမလ်ကျင့် ဆောင်မှုများကိုပြုပြင်ရမည်။ ထိုနှစ်ချက်သည် အလ္လာဟ်အရှင်မြတ် ထံတော်ပါးတွင် အဓိကကြည့်ရှုမည့်အရာများဖြစ်သည်။
3. လူသားသည် မိမိ၏ဥစ္စာပစ္စည်း၊ အလှတရား၊ ခန္ဓာကိုယ်နှင့် ဤလောက ၏ အသွင်အပြင်တစ်ခုခုကြောင့် လှည့်စားခြင်းမခံသင့်ပေ။
4. အတွင်းပိုင်းကို မပြုပြင်ဘဲ အပြင်ပိုင်းကိုသာ မှီခိုအားထားနေခြင်း မပြုရန် သတိပေးထားသည်။

(4555)

(77) – عن أبي هريرة رضي الله عنه عن النبي صلى الله عليه وسلم قال: «اجْتَنِبُوا السَّبْعَ الْمُوبِقَاتِ»، قَالُوا: يَا رَسُولَ اللهِ وَمَا هُنَّ؟ قَالَ: «الشِّرْكُ بِاللهِ، وَالسِّحْرُ، وَقَتْلُ النَّفْسِ الَّتِي حَرَّمَ اللهُ إِلَّا بِالْحَقِّ، وَأَكْلُ الرِّبَا، وَأَكْلُ مَالِ الْيَتِيمِ، وَالتَّوَلِّي يَوْمَ الزَّحْفِ، وَقَذْفُ الْمُحْصَنَاتِ الْمُؤْمِنَاتِ الْغَافِلَاتِ». [صحيح] – [متفق عليه]

(77) – အဗူဟူရိုင်ရဟ်(ရဎိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့သည် ပျက်စီးဆုံးရှုံးစေမည့် အပြစ်ခုနစ် မျိုးမှ ရှောင်ကြဉ်ကြပါ။ သာဝကကြီးများက ထိုအပြစ်များသည် အဘယ် အရာများပါနည်းဟု မေးလျှောက်ခဲ့ကြသည်။ ကိုယ်တော်မြတ် (ဆွလ္လလ္လာ ဟုအလိုင်းဟိဝစလ္လမ်)ကမိန့်ကြားသည်မှာ အလ္လာဟ် အရှင်မြတ်နှင့် တစ်စုံ တစ်ရာကိုယှဉ်တွဲကိုးကွယ်ခြင်း၊ စုန်းပယောဂဖြင့်ပြုစားခြင်း၊ အသက် တစ်ချောင်းအား မတရားသဖြင့်သတ်ဖြတ်ခြင်း၊ အတိုးစားခြင်း၊ အဖမဲ့ ကလေး၏ ပစ္စည်းဥစ္စာကိုစားခြင်း၊ စစ်မြေပြင်မှ ထွက်ပြေးခြင်းနှင့် (မကောင်းမှုအပေါ်)အာရုံမထားသော အပြစ်ကင်းစင်သည့် မုအ်မင်န် အမျိုး သမီးအား (တရားမဝင် ကာမကျူးလွန်သည်ဟု) စွပ်စွဲခြင်းတို့ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း။]

## ရှင်းလင်းချက်

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏အွမ္မသ်နောက်လိုက်များအား ပျက်စီးဆုံးရှုံးစေမည့် အပြစ်အကုသိုလ်ခုနစ်မျိုးမှ ရှောင်ကြဉ်ကြရန် မိန့်ကြားတော်မူခဲ့သည်။ ထို အပြစ်များသည် အဘယ်အရာများပါနည်းဟု ကိုယ်တော့်အား

မေးလျှောက် သည့်အခါ ရှင်းပြတော်မူသည်မှာ -

(၁) 'ရှိရ်က်'အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာကို ယှဉ်တွဲကိုးကွယ် ခြင်း၊ ဤသည် မည်သည့်ပုံစံမျိုးနှင့်ဖြစ်စေ အလ္လာဟ်အရှင်မြတ်နှင့် နှိုင်း ဖက်၊ ယှဉ်ဖက် ဂုဏ်ရည်တူရှိသည်ဟုသတ်မှတ်ခြင်း၊ ခဝပ်ကိုးကွယ်မှု တစ်ခုကို အလ္လာဟ်အရှင်မြတ်အပြင် အခြားတစ်စုံတစ်ယောက်အတွက် ပြု လုပ်ခြင်းတို့ဖြစ်သည်။ ရှိရ်က်သည် အကြီးဆုံးအပြစ်အကုသိုလ်ဖြစ်သည့် အတွက် ၎င်းနှင့်စတင်ထားခြင်းဖြစ်သည်။

(၂) စုန်းပယောဂဖြင့်ပြုစားခြင်း၊ ၎င်းသည်အထုံးအဖွဲ့များ၊ ဂါထာမန္တန် ဖတ်ရွတ်မန်းမှုတ်ခြင်း၊ ဆေးဝါးများ၊ အခိုးအငွေ့များ အစရှိသည်တို့ဖြင့် ပြုစားခြင်းဖြစ်သည်။ ပြုစားခံရသူသည် သေဆုံးခြင်း သို့မဟုတ် ရောဂါ ဝေဒနာ ခံစားရခြင်း သို့မဟုတ် လင်မယားကွဲခြင်း စသည်တို့ကို ခံစားရ သည်။ ဤသည် ရှိုင်သွာန်၏လုပ်ရပ်ပင်ဖြစ်သည်။ ထိုလုပ်ရပ်အများစုသည် ရှိရ်က်ပြုခြင်း၊ ဂျင်န်ဆိုးများ နှစ်သက်သည့် ကိစ္စများကို ဆောင်ရွက်ကာ ၎င်းတို့ထံ ချဉ်းကပ်မှုရယူခြင်းတို့ ပြုမှသာ ဆောင်ရွက်နိုင်သည်။

(၃) အုပ်ချုပ်သူအစိုးရက ရှရီအသ်တရားတော်နှင့်အညီ သေဒဏ်စီရင် ခြင်းမှလွဲ၍ အသက်တစ်ချောင်းအား မတရားသဖြင့်သတ်ဖြတ်ခြင်း။

(၄) အတိုးစားခြင်း သို့မဟုတ် အခြားနည်းလမ်း တစ်မျိုးမျိုးဖြင့် အတိုးမှ အကျိုးခံစားခြင်း။

(၅) အရွယ်မရောက်မီ ဖခင်ကွယ်လွန်သွားသော ကလေး၏ ပစ္စည်းဥစ္စာ ကို မတရားသဖြင့်စားခြင်း။

(၆) ကာဖိရ်များနှင့် စစ်ထိုးနေသည့် စစ်မြေပြင်မှထွက်ပြေးခြင်း။

(၇) မကောင်းမှုအပေါ် အာရုံမထားသော အပြစ်ကင်းစင်သည့် မုအ်မင်န် အမျိုးသမီးများအား တရားမဝင် ကာမကျူးလွန်သည်ဟု စွပ်စွဲခြင်း၊ မုအ် မင်န် အမျိုးသားများကို စွပ်စွဲခြင်းသည်လည်း အတူတူပင်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အပြစ်အကုသိုလ်ကြီးများမှာ ခုနစ်မျိုးသာ ရှိသည်ဟု သတ်မှတ်ထား ခြင်းမဟုတ်ပေ။ ဤခုနစ်မျိုးသည် ဆိုးကျိုးကြီးမားသည့်အတွက် သီးသန့် ဖော်ပြထားခြင်းဖြစ်သည်။
2. လူသတ်မှုကျူးလွန်ခြင်း၊ အစ္စလာမ်ကိုလက်ခံပြီးနောက် စွန့်လွှတ်လိုက်ခြင်း၊ နိကဟ်ထိမ်းမြားပြီးသည့်နောက် ကာမေသုမိစ္ဆာစာရ ကျူး လွန်ခြင်း အစရှိသောပြစ်မှုများကြောင့် အစ္စလာမ့်ဥပဒေအရ သေဒဏ် စီရင်ခြင်းခံရလျှင် သတ်ဖြတ်ခြင်းပိုင်သည်။ ဤသို့ အပြစ်ပေးခြင်းကို အစ္စလာမ့်အစိုးရကသာဆောင်ရွက်ရမည်ဖြစ်သည်။

(3331)

(78) – عن جُبَير بن مُطْعِم رضي الله عنه أنه سمع النبي صلى الله عليه وسلم يقول:
«لَا يَدْخُلُ الْجَنَّةَ قَاطِعُ رَحِمٍ». [صحيح] – [متفق عليه]

(78) – ဂျုဗိုင်းရ် ဗင်န် မုသ္ဂ်အင်မ် (ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ သူသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ဤသို့ မိန့်ကြားတော်မူခဲ့သည်ကို ကြားသိခဲ့သည်။ ဆွေမျိုးသားချင်း အဆက်ဖြတ် သူသည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရမည်မဟုတ်ပေ။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း။]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူ သည်မှာ အကြင်သူသည် မိမိဆွေမျိုးသားချင်းများအား ၎င်းတို့ရပိုင်ခွင့် ရှိ သည့် အခွင့်အရေးများကို ဖြတ်တောက်မည်၊ ဒုက္ခပေးမည်၊ စကားဖြင့် ဖြစ်စေ လုပ်ရပ်ဖြင့်ဖြစ်စေ မကောင်းမှု ပြုမည်ဆိုပါက ထိုသူသည် ဂျန္နသ် သုခဘုံသို့ ဝင်ရောက်ရမည် မဟုတ်ပေ။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဆွေမျိုးသားချင်း အဆက်ဖြတ်ခြင်းသည် ကြီးလေးသည့် အပြစ် အကုသိုလ်များအနက်မှ တစ်ခုဖြစ်သည်။
2. ဆွေမျိုးသားချင်း အဆက်ထားခြင်းသည်

ဓလေ့ပေါ်တွင်မူတည်သည်။ ထို့ကြောင့် နေရာဒသ၊ အချိန်ကာလနှင့် လူတို့အပါ်မူတည်၍ ကွဲပြား မည်ဖြစ်သည်။

3. ဆွေမျိုးအဆက်ထားခြင်းဟူသည် သားချင်းတို့အား တွေ့ဆုံခြင်း၊ ပေး ကမ်းခြင်း၊ ၎င်းတို့အား ကောင်းကျိုးပြုခြင်း၊ လူမမာ သတင်းမေးခြင်း၊ ကောင်းရာညွှန်ကြားခြင်း၊ မကောင်းမှုမှတားမြစ်ခြင်း အစရှိသည်တို့ကို ဆောင်ရွက်ခြင်းဖြစ်သည်။
4. ဆွေမျိုးတော်စပ်မှုပို၍နီးသူအား အဆက်ဖြတ်ခြင်းသည် ပို၍အပြစ် ကြီးသည်။

(5367)

(79) – عن أنس بن مالك رضي الله عنه أن رسول الله صلى الله عليه وسلم قال: «مَنْ أَحَبَّ أَنْ يُبْسَطَ لَهُ فِي رِزْقِهِ، وَيُنْسَأَ لَهُ فِي أَثَرِهِ، فَلْيَصِلْ رَحِمَهُ». [صحيح] - [متفق عليه]

(79) – အနတ်စ်ဗင်န် မာလိက် (ရသ္ဝိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို ရိုဇီရိက္ခာ ကျယ်ဝန်းစွာ ချီးမြှင့်ခံရရန်နှင့် ၎င်း၏သက်တမ်း ရှည်လျားမှုရရန် နှစ်သက်လိုလားလျှင် ဆွေမျိုးဆက်ပါ။
[ဤဟာဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က သားချင်းများထံ သွားရောက်တွေ့ဆုံခြင်း၊ ၎င်းတို့အား ရုပ်ပိုင်းဆိုင်ရာ၊ ငွေကြေးဆိုင်ရာ အပြင်အခြားနည်းလမ်းများဖြင့် ကူညီထောက်ပံ့ပေးကာ ဆွေမျိုးသားချင်း အဆက်ထားရန် တိုက်တွန်းနှိုးဆော်ထားသည်။ ဆွေမျိုးသားချင်း အဆက် ထားခြင်းသည် ရိုဇ်ဇ်ရိက္ခာ ကျယ်ဝန်းရန်၊ သက်တမ်းရှည်လျားရန်အတွက် အကြောင်းခံတစ်ရပ်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဆွေမျိုးသားချင်းဟူသည် ဖခင်၊ မိခင်ဘက်မှ ဆွေမျိုးတော်စပ်သူများ ဖြစ်ကြပြီး ဆွေမျိုးနီးစပ်သည်နှင့်အမျှ အဆက်ထားရန်လည်း ပို၍လို အပ်သည်။
2. လုပ်ရပ်အမျိုးအစားနှင့်အညီ အစားရလဒ်ရရှိမည်ဖြစ်သည်။ မည်သူ မဆို မိမိ၏ ဆွေမျိုးသားချင်းတို့အား ကောင်းမွန်စွာ ဆက်ဆံခြင်း၊ ကောင်းကျိုးပြုခြင်းတို့ဖြင့် အဆက်ထားလျှင် အလ္လာဟ်အရှင်မြတ် သည် ၎င်း၏သက်တမ်းကို ရှည်လျားစေပြီး၊ ရိုဇ်ဇ်ရိက္ခာကျယ်ဝန်းစွာ ချီးမြှင့်တော်မူမည်ဖြစ်သည်။
3. ဆွေမျိုးသားချင်း အဆက်ထားခြင်းသည် ရိုဇ်ဇ်ရိက္ခာ ကျယ်ဝန်းရန်နှင့် သက်တမ်းရှည်လျားရန်အတွက် အကြောင်းခံတစ်ရပ်ဖြစ်သည်။ သက် တမ်းနှင့် ရိုဇ်ဇ်ရိက္ခာသည်

သတ်မှတ်ထားပြီးဆိုလျှင် ဆွေမျိုးအဆက် ထားခြင်းကြောင့် ရိဇ်ဇ်ရိဇ်ကွာနှင့် သက်တမ်းတွင် ဗရကသ်ရရှိမည် ဖြစ် သည်။ ထို့ကြောင့် သူ၏သက်တမ်းတွင် အခြားသူများထက် ပို၍အကျိုးရှိသောအရာများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အချို့ကလည်း ရိဇ်ဇ် ရိဇ်ကွာ ကျယ်ဝန်းခြင်းနှင့် သက်တမ်းရှည်လျားရန်ခြင်းမှာ အမှန်တကယ် ပင်ဖြစ်သည်ဟုဆိုကြသည်။

အလ္လာဟ်အရှင်မြတ်သာ အသိဆုံး ဖြစ် သည်။

(5372)

(80) – عن عبد الله بن عمرو رضي الله عنهما عن النبي صلى الله عليه وسلم قال: «لَيْسَ الْوَاصِلُ بِالْمُكَافِئِ، وَلَكِنِ الْوَاصِلُ الَّذِي إِذَا قُطِعَتْ رَحِمُهُ وَصَلَهَا». [صحيح] - [رواه البخاري]

(80) – အဗ်ဒုလ္လာဟ်ဗင်န်အမ်ရ် (ရည်ွိယလ္လာဟုအန်ဟုမာ)က တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံမှ ဆင့်ပြန်ခဲ့သည်။ ဆွေမျိုး အချင်းချင်း အပြန်အလှန် တုံ့ပြန်ဆက်ဆံသူသည် စစ်မှန်ပြည့်ဝသော ဆွေ မျိုးဆက်သူမဟုတ်ပေ။ စစ်မှန်ပြည့်ဝသော ဆွေမျိုးဆက်သူဟူသည် ဆွေ မျိုးများက အဆက်အသွယ် ဖြတ်လိုက်သည့်အခါ ပြန်ဆက်သွယ်သူ ဖြစ် သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်။ စစ်မှန်ပြည့်ဝသော ဆွေမျိုးဆက်သူဆိုသည်မှာ ဆွေမျိုးသားချင်း များကို ကောင်းကျိုးပြုသူဖြစ်ပြီး သူ့ဘက်က ကျေးဇူးပြုသည့်အတွက် ကိုယ့်ဘက်ကပြန်၍ ကျေးဇူးတုံ့ပြန်သူ မဟုတ်ပါ။ ထို့ပြင် ဆွေမျိုးဆက်ရာ တွင် အမှန်တကယ်အပြည့်အဝဆွေမျိုးဆက်သူဟူသည် မိမိအား ဆွေမျိုး အဆက်ဖြတ်ထားသူကို ပြန်လည်ဆက်သွယ်ကာ ဆွေမျိုးဆက်သူ၊ ၎င်းတို့ ၏မကောင်းမှုကို ကောင်းမှုဖြင့် တုံ့ပြန်သူဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. တရားတော်၌ အသိအမှတ်ပြုထားသော ဆွေမျိုးဆက်ခြင်းဟူသည် ဆွေမျိုးသားချင်းများအနက် သင့်အား အဆက်ဖြတ်သူကို ဆက်သွယ် ခြင်း၊ မတရားပြုသူကို ခွင့်လွှတ်ခြင်း၊ မပေးကမ်းဘဲနေသူကို ပေးကမ်း ခြင်းတို့ဖြစ်ပြီး သူ့ဘက်က အဆက်အသွယ်ထားသည့်အတွက် ကိုယ့် ဘက်က ပြန်ဆက်သွယ်ခြင်း၊ ကျေးဇူးအစား ကျေးဇူးတုံ့ပြန်ခြင်းမျိုး မဟုတ်ပါ။
2. ဆွေမျိုးအဆက်ထားခြင်းဟူသည် ငွေကြေးဥစ္စာပေးကမ်းခြင်း၊ ဒုအာ တောင်းပေးခြင်း၊ ကောင်းရာညွှန်ကြားခြင်း၊ မကောင်းမှုမှ

တားမြစ် ခြင်း စသည်ဖြင့် တတ်နိုင်သမျှ
ကောင်းကျိုးများဆောင်ရွက် ပေးခြင်း၊ ဆိုးကျိုးများကို
တတ်နိုင်သမျှ ဖယ်ရှားပေးခြင်းဖြစ်သည်။

(3854)

(81) – عن أبي هريرة رضي الله عنه أن رسول الله صلى الله عليه وسلم قال: «أَتَدْرُونَ مَا الْغِيبَةُ؟»، قَالُوا: اللهُ وَرَسُولُهُ أَعْلَمُ، قَالَ: «ذِكْرُكَ أَخَاكَ بِمَا يَكْرَهُ»، قِيلَ: أَفَرَأَيْتَ إِنْ كَانَ فِي أَخِي مَا أَقُولُ؟ قَالَ: «إِنْ كَانَ فِيهِ مَا تَقُولُ فَقَدِ اغْتَبْتَهُ، وَإِنْ لَمْ يَكُنْ فِيهِ فَقَدْ بَهَتَّهُ». [صحيح] – [رواه مسلم]

(81) – အဗူဟုရိုင်ရဟ်(ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ အတင်းပြောခြင်းသည် အဘယ်အရာကို ခေါ်ဆိုကြောင်း အသင်တို့သိကြ ပါသလော။ သာဝကကြီးများက အလ္လာဟ်အရှင်မြတ်နှင့် အရှင့်ရစူလ် တမန် တော်သာ အသိဆုံးဖြစ်ပါသည်ဟု ဖြေကြားခဲ့ကြသည်။ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ အသင့်ညီနောင်နှင့်ပတ်သက်၍ ၎င်းမနှစ်မြို့သော အရာကို ပြောဆိုခြင်းပင်ဖြစ်သည်။ အကယ်၍ ကျွန်တော်ပြောလိုက်သည့် အရာသည် ကျွန်တော့်ညီနောင်၌ အမှန်တကယ်ရှိနေပါက မည်သို့ပါနည်း ဟု ကိုယ်တော့်အား မေးမြန်းသည့်အခါ ကိုယ်တော်က အကယ်၍ သင်ပြော

လိုက်သည့်အရာသည် ၎င်းထံတွင် အမှန်တကယ်ရှိမှသာ သင်အတင်းပြော ဆိုခြင်းဖြစ်ပြီး အမှန်တကယ်မရှိပါက သင်သည် သူ့အား စွပ်စွဲလိုက်ခြင်းပင် ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ဟရာမ် တားမြစ် ထားသော အတင်းပြောခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြတော်မူခဲ့သည်။ အတင်း ပြောခြင်းဟူသည် အကွယ်တွင်ရှိသော မွတ်စ်လင်မ်နှင့် ပတ်သက်၍ ၎င်း မနှစ်မြို့သည့်အရာကို ပြောဆိုခြင်းဖြစ်ပြီး ထိုအကြောင်းအရာသည် ၎င်း၏ ရုပ်ဆင်းသဏ္ဌာန်နှင့်သက်ဆိုင်သည်ဖြစ်စေ သို့မဟုတ် ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သည်ဖြစ်စေ အတူတူပင်ဖြစ်သည်။ ဥပမာ - မျက်စိတစ်ဖက်ကန်း သူ၊ လှည့်စားသူ၊ လိမ်လည်သူ စသည်ဖြင့် မကောင်းသည့် အချင်းလက္ခဏာ များဖြင့် ခေါ်ဆိုခြင်းဖြစ်ပြီး ထိုအကျင့်စရိုက်များသည် သူ့ထံတွင်အမှန် တကယ်ရှိနေပါက အတင်းဖြစ်သည်။

အကယ်၍ ထိုအကျင့်စရိုက်များသည် သူ၌အမှန်တကယ်မရှိပါက အတင်း ပြောခြင်းထက်ပို၍ အပြစ်ကြီးပြီး စွပ်စွဲရာရောက်မည်။ ဤသည် လူတစ်ဦးတွင်မရှိသည့်အရာကို စွပ်စွဲပြောဆိုလိုက်ခြင်းဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကောင်းမွန်လှ သော သင်ကြားမှုပုံစံ တစ်ရပ်မှာ မတ်စ်အလဟ် ပြဿနာများကို မေးခွန်းမေးသည့် နည်းလမ်းဖြင့် ပို့ချခြင်းဖြစ်သည်။
2. "အလ္လာဟ်အရှင်မြတ်နှင့် အရှင့်ရစူလ်တမန်တော်သာ အသိဆုံးဖြစ်ပါ သည်။"ဟု ဖြေကြားခဲ့ခြင်းသည် ကိုယ်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)အပေါ်ထားရှိသည့် ဆွဟာဗဟ်ကြီးများ၏ ရိုသေမှု ပင်ဖြစ်သည်။
3. အမေးခံရသူသည် မိမိမသိသောအရာကို 'အလ္လာဟ်အရှင်မြတ်သာ အသိဆုံးဖြစ်ပါသည်'ဟု ပြောရမည်။
4. အစ္စလာမ့် ရှရီအဟ်တရားလမ်းစဥ်သည် လူတို့ကြား၌ တာဝန်ဝတ္တရား များ၊ ညီနောင်စိတ်ဓာတ်များကို ထိန်းသိမ်းကာ လူ့အဖွဲ့အစည်းကို ကာ ကွယ်စောင့်ရှောက်ထားသည်။
5. အတင်းပြောခြင်း ဟရာမ်ဖြစ်သည်။ သို့သော် အချို့အခြေအနေများ တွင် ကောင်းကျိုးအတွက် ပြောခွင့်ရှိသည်။ ၎င်းတို့မှာ (၁) မတရားမှုကို ဖယ်ရှားရန်။ မတရားပြုခံရသူက မိမိ၏ ရပိုင်ခွင့်ကို ပြန်လည်ယူပေး နိုင်သူအား ကျွန်ုပ်ကို မည်သူမည်ဝါက မတရားလုပ်ခဲ့သည်။ မည်သို့ လုပ်ခဲ့သည်

စသည်ဖြင့်ပြောပြခြင်း။ (၂) အိမ်ထောင်ရေးကိစ္စ သို့ မဟုတ် အစုစပ်ရှယ်ယာကိစ္စ သို့မဟုတ် အိမ်နီးချင်းကိစ္စ စသည်တို့နှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ခြင်းမျိုးဖြစ်သည်။

(5326)

(82) – عن حذيفة رضي الله عنه قال: سمعتُ النبي صلى الله عليه وسلم يقول: «لَا يَدْخُلُ الْجَنَّةَ قَتَّاتٌ». [صحيح] - [متفق عليه]

(82) – ဟုဇိုင်ဖဟ် (ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော် သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူ သည်ကို ကြားသိခဲ့ရသည်။ ကုန်းချောသူသည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက် ရမည်မဟုတ်ပေ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူ သည်မှာ လူတို့ကြား၌ ပြဿနာဖန်တီးရန် ရည်ရွယ်၍ ကုန်းချောစကားပြော သူသည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ခွင့်မရဘဲ ပြစ်ဒဏ်ပေးခြင်းခံရမည် ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကုန်ချောခြင်းသည် ကြီးလေးသည့် အပြစ်အကုသိုလ်များအနက်မှ

တစ်ခုဖြစ်သည်။

2. ကုန်းချာခြင်းသည် လူတစ်ဦးခြင်းစီနှင့် လူအဖွဲ့အစည်းအတွင်း၌ ဆိုး ကျိုးများ၊ ပျက်စီးမှုများကို ဖြစ်ပေါ်စေသောကြောင့် တားမြစ်ထား ခြင်းဖြစ်သည်။

(5368)

(83) – عن عائشة رضي الله عنها عن النبي صلى الله عليه وسلم قال: «إِنَّ أَبْغَضَ الرِّجَالِ إِلَى اللهِ الْأَلَدُّ الْخَصِمُ». [صحيح] - [متفق عليه]

(83) – အာအိရှာဟ် (ရဿိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အလ္လာဟ်အရှင်မြတ် အရွံမုန်းဆုံးသူမှာ အလွန်ပြဿနာရှာတတ်သူပင် ဖြစ် သည်။ [ဂျ်ဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူ သည်မှာ အလ္လာဟ်အရှင်မြတ်သည် အလွန်ပြဿနာလုပ်သူကို မုန်းတီးတော် မူသည်။ ထိုသူသည် အမှန်တရားကို ကျေနပ်လက်ခံခြင်းမရှိဘဲ အငြင်း အခုံပြုကာ အမှန်တရားကိုပယ်ချရန် ကြိုးစားသည်။ သို့မဟုတ် အမှန်တရား ဖြင့်သာ

ငြင်းခုံသော်လည်း တရားမျှတမှုဘောင်ကိုကျော်ကာ အလွန်အကျွံ ငြင်းခုံမှုပြုသည်။ အသိပညာမရှိဘဲ ငြင်းခုံမှုပြုသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. မတရားပြုခံရသူသည် မိမိရပိုင်ခွင့်ကို ရှရီအဟ် တရားဥပဒေ နည်းလမ်းအတိုင်း စည်းမျဉ်းများနှင့်အညီ တောင်းဆိုခြင်းသည် ပြစ်တင် ရှုံ့ချထားသည့် ငြင်းခုံမှု၌ မပါဝင်ပေ။
2. ငြင်းခုံခြင်း၊ ပြဿနာလုပ်ခြင်းသည် နှုတ်လျှာ၏ ဆိုးကျိုးများထဲတွင် ပါဝင်ပြီး မွတ်စလင်မ်များအကြား အုပ်စုကွဲခြင်း၊ မုန်းတီးခြင်းတို့ကို ဖြစ်ပေါ်စေသည့် အကြောင်းခံတစ်ရပ်ဖြစ်သည်။
3. အမှန်တရားနှင့်တကွ ကောင်းမွန်သည့် နည်းလမ်းများဖြင့် ငြင်းခုံခြင်း သည် ချီးမွမ်းထိုက်သည့် ငြင်းခုံမှုဖြစ်ပြီး အမှန်တရားကို ငြင်းပယ်ခြင်း၊ အမှားကို အတည်ပြုခြင်း၊ အထောက်အထားမဲ့ ငြင်းခုံခြင်းတို့သည် ပြစ်တင်ရှုတ်ချထိုက်သည့် ငြင်းခုံမှုသာဖြစ်သည်။

(5474)

(84) – عن أبي بَكرة رضي الله عنه قال: سمعتُ رسولَ الله صلى الله عليه وسلم يقول: «إِذَا الْتَقَى الْمُسْلِمَانِ بِسَيْفَيْهِمَا فَالْقَاتِلُ وَالْمَقْتُولُ فِي النَّارِ»، فَقُلْتُ: يَا رَسُولَ اللهِ هَذَا الْقَاتِلُ، فَمَا بَالُ الْمَقْتُولِ؟ قَالَ: «إِنَّهُ كَانَ حَرِيصًا عَلَى قَتْلِ صَاحِبِهِ». [صحيح] - [متفق عليه]

(84) – အဗူဗက်ရဟ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကျွန်ုပ် ကြားသိခဲ့သည်။ “မွတ်စ်လင်မ် နှစ်ဦးသည် ဓားကိုယ်စီဖြင့် အချင်းချင်း ရင် ဆိုင်တိုက်ခိုက်ကြသည့်အခါ သတ်သူနှင့် အသတ်ခံရသူ (နှစ်ဦးစလုံး) ငရဲမီး ထဲသို့ ကျရောက်မည်ဖြစ်သည်။” ထိုအခါ ကျွန်တော်က အို- အလ္လာဟ် အရှင်မြတ်၏ရစူလ်တမန်တော်၊ သတ်သူ (ငရဲမီးထဲကျခြင်းကို သိပါသည်)။ အသတ်ခံရသူက အဘယ်ကြောင့်ကျရပါသနည်း ဟုလျှောက်ထားရာ ကိုယ် တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က “အမှန်တကယ်ပင် ထို (အသတ်ခံရ)သူသည်လည်း သူ၏ပြိုင်ဘက်ကို သတ်ရန် ဆန္ဒပြင်းပြခဲ့သူ ဖြစ်သည်”ဟု မိန့်တော်မူသည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မွတ်စ်လင်မ် နှစ်ဦး သည် တစ်ဦးကိုတစ်ဦး သတ်ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် ဓားကိုယ်စီဖြင့် ရင် ဆိုင်တိုက်ခိုက်ကြလျှင် သတ်သူသည် မိမိ၏ ပြိုင်ဘက်ကို သတ်လိုက်သည့် အတွက် ငရဲမီးသို့ ကျရောက်မည်ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်။ ဆွဟာဗဟ် သာဝကများက အသတ်ခံရသူသည်မည်သည့်အတွက်ကြောင့်

ဂျဟာန္နမ်ကျရောက်သည်ကို နားမလည်နိုင်ဘဲ ဖြစ်နေခဲ့သည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ ထို(အသတ်ခံရ)သူသည်လည်း သူ၏ပြိုင်ဘက်ကို သတ်ရန်ဆန္ဒ ရှိခဲ့သည့် အတွက် ဂျဟာန္နမ်တွင်ကျရခြင်းဖြစ်သည်။ သတ်လိုက်သူက သူ့ထက် လက်ဦးသွားသည့်အတွက်ကြောင့်သာ မသတ်လိုက်ရခြင်းဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အကြင်သူသည် အပြစ်ကျူးလွန်ရန် စိတ်ထဲ၌ သန္နိဋ္ဌာန်ချကာ ၎င်းနှင့် သက်ဆိုင်သော အကြောင်းခံများကိုလည်း ပြုလုပ်ခဲ့ပါက ထိုသူသည် အပြစ်ထိုက်မည်ဖြစ်သည်။
2. မွတ်စ်လင်မ် အချင်းချင်းတိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်းကို ပြင်းပြင်း ထန်ထန် သတိပေးတားမြစ်ထားပြီး ထိုလုပ်ရပ်အား ဂျဟာန္နမ်ငရဲမီးဖြင့် သတိပေး ခြိမ်းခြောက်ထားသည်။
3. မွတ်စ်လင်မ်အချင်းချင်း ဖြစ်သော်လည်း အမှန်တရားအတွက် တိုက် ခိုက်ခြင်းမျိုးဖြစ်သည့် သူပုန်များ၊ အဖျက်အမှောက်လုပ်သူများကို တိုက်ခိုက်ခြင်းသည် ထိုခြိမ်းခြောက်မှု၌ မပါဝင်ပေ။
4. ကဗီရဟ် (ကြီးလေးသောအပြစ်ကို) ကျူးလွန်ရုံဖြင့် ကာဖိရ်မဖြစ်ပေ။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိ

ဝစလ္လမ်)သည် အပြန်အလှန်တိုက်ခိုက်ကြသူနှစ်ဦးအား မွတ်စ်လင်မ် ဟုပင် ခေါ်ဆိုထားသည်။

5. မွတ်စ်လင်မ်နှစ်ဦး ဆုံတွေ့ကာ မည်သည့်နည်းလမ်းမျိုးဖြင့် သတ်ဖြတ် သည်ဖြစ်စေ တစ်ဦးကတစ်ဦးကို သတ်ခဲ့ပါက သတ်သူနှင့် အသတ်ခံရ သူနှစ်ဦးစလုံး ဂျဟန္နမ်ငရဲသို့ ကျရောက်မည်ဖြစ်သည်။ ဟဒီးဆ်တော် တွင် ဓါးကို ဖော်ပြခြင်းသည် ပမာပေးသည့်သဘောမျိုးသာဖြစ်သည်။

(4304)

(85) – عن عائشة رضي الله عنها قالت: قال النبي صلى الله عليه وسلم: «لَا تَسُبُّوا الْأَمْوَاتَ، فَإِنَّهُمْ قَدْ أَفْضَوْا إِلَى مَا قَدَّمُوا». [صحيح] - [رواه البخاري]

(85) – အာအိရှာ် (ရဿိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့သည်။ အသင်တို့သည် ကွယ်လွန်သူများကို ဆဲဆိုမကောင်းပြောခြင်း မပြုကြလေ နှင့်။ ကေန်အမှန်ပင် ၎င်းတို့သည် သူတို့ကြိုတင်ပို့ထားသည့် အရာများဆီသို့ ရောက်သွားကြပြီဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

ကွယ်လွန်သူများကို ဆဲဆိုမကောင်းပြောဆိုခြင်း၊ ၎င်းတို့၏

ဂုဏ်သိက္ခာ ကို ထိပါးစော်ကားခြင်းတို့ကို တားမြစ်ထားကြောင်း တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)က ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်။ ထိုသို့ ပြောဆိုခြင်းသည် မကောင်းသည့် ကိုယ်ကျင့်တရားပင်ဖြစ်သည်။ ထို ကွယ်လွန်သူများသည် ၎င်းတို့ကြိုတင်ပို့ထားသည့် ကောင်းမြတ်သည့် အမလ်လုပ်ရပ်များဆီသို့ဖြစ်စေ သို့မဟုတ် မကောင်းသည့် အမလ်လုပ်ရပ် များဆီသို့ဖြစ်စေ ရောက်သွားကြပြီဖြစ်သည်။ သို့ဖြစ်၍ ထိုသို့ဆဲဆို မကောင်းပြောဆိုခြင်းသည် ၎င်းကွယ်လွန်သူများထံ မရောက်ရှိဘဲ ရှင်နေသူ များကိုသာ ထိခိုက်နာကျင်စေသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကွယ်လွန်သူများကို ဆဲဆိုမကောင်းပြောဆိုခြင်းအား တားမြစ်ထား ကြောင်း ဟဒီးဆ်တော်က ညွှန်ပြထားသည်။
2. ကွယ်လွန်သူများကို ဆဲဆိုမကောင်းပြောဆိုခြင်းကို တားမြစ်ထားခြင်း သည် အသက်ရှင်နေသူများ၏အကျိုးကို ငဲ့ညာခြင်း၊ လူအဖွဲ့အစည်း အတွင်း၌ ရန်လိုမှု၊ မုန်းတီးမှုများ မဖြစ်ပါစေရန်အတွက်ဖြစ်သည်။
3. ကွယ်လွန်သူများကို ဆဲဆိုမကောင်းပြောခြင်းကို တားမြစ်ရသည့် ဟိက် မသ် အမြော်အမြင်တစ်ခုမှာ ၎င်းတို့သည် သူတို့ကြိုတင်ပို့ထားသည့် အကောင်း သို့မဟုတ် အဆိုး

ဆီသို့ရောက်ရှိသွားပြီဖြစ်သည်။ သို့ဖြစ်၍ ၎င်းတို့အား ဆဲဆိုမကောင်းပြောခြင်းသည် မည်သို့မျှအကျိုးမရှိပေ။ ထို့ပြင် ဤသို့ပြောဆိုခြင်းသည် ကွယ်လွန်သူ၏ အသက်ရှင် ကျန်ရစ်သော ဆွေမျိုးသားချင်းတို့ကိုသာ ထိခိုက်နာကျင်စေသည်။

4. လူသည် အကျိုးမရှိသော စကားမျိုးကိုမပြောဆိုသင့်ပေ။

(5364)

(86) – **عن أبي أيوب الأنصاري رضي الله عنه أن رسول الله صلى الله عليه وسلم قال:** «لَا يَحِلُّ لِرَجُلٍ أَنْ يَهْجُرَ أَخَاهُ فَوْقَ ثَلَاثِ لَيَالٍ، يَلْتَقِيَانِ، فَيُعْرِضُ هَذَا وَيُعْرِضُ هَذَا، وَخَيْرُهُمَا الَّذِي يَبْدَأُ بِالسَّلَامِ». [صحيح] - [متفق عليه]

(86) – အဗူအိုင်ယူဗ် အန်ဆွာရီ (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မွတ်စ်လင်မ်တစ်ဦးသည် မိမိညီနောင်အား သုံးရက် ထက်ပို၍ မခေါ်မပြောဘဲ နေပိုင်ခွင့်မရှိပေ။ ၎င်းတို့နှစ်ဦးဆုံတွေ့သည့်အခါ တစ်ဦးနှင့် တစ်ဦးကျောခိုင်းကြသည်။ ၎င်းတို့နှစ်ဦးအနက် အကောင်းဆုံး သူမှာ စလာမ် စပေးသူပင်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

မွတ်စ်လင်မ်တစ်ဦးသည် မိမိညီနောင်မွတ်စ်လင်မ်တစ်ဦးအား သုံးရက် ထက်ပို၍ မခေါ်မပြောဘဲနေခြင်းကို တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်း ဟိဝစလ္လမ်)က တားမြစ်တော်မူခဲ့သည်။ ၎င်းတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ဆုံတွေ့သည့်အခါ စလာမ်ပေးခြင်း၊ စကားပြောခြင်းမပြုကြပေ။

ထိုသို့ စကားများထားသူနှစ်ဦးအနက် အကောင်းဆုံးသူမှာ စကားပြန် ပြောရန်ကြိုးစားသူ စလာမ် စပေးသူပင်ဖြစ်သည်။ ဤနေရာတွင် မခေါ် မပြောဘဲနေခြင်းဟူသည် မိမိအကျိုးအတွက်ကြောင့် မခေါ်မပြောဘဲနေ ခြင်းကိုဆိုလိုသည်။ သို့သော် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်သည့် တာဝန်ဝတ္တရားကြောင့် မခေါ်မပြောဘဲနေခြင်း ဥပမာ - အပြစ်ကျူးလွန်သူ၊ တရားသစ်တီထွင်သူ၊ မကောင်းသည့်အပေါင်းအဖော်များ စသည့်သူများကို အဆက်အသွယ်ဖြတ်ခြင်းမျိုးတွင် အချိန်ကန့်သတ်ချက်မရှိပေ။ ဤသည် ထိုသို့ မခေါ်မပြောဘဲနေရသည့် အကြောင်းအရင်းဖြင့်သာ သက်ဆိုင်ပြီး ထိုအချက် မရှိတော့မှသာ ၎င်း၏အချိန်သည်လည်း ကုန်ဆုံးမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. သုံးရက် သို့မဟုတ် ထို့ထက်နည်း၍ မခေါ်မပြောဘဲနေခြင်းကို

ခွင့်ပြု ထားခြင်းသည် လူ့သဘာဝကို ထည့်သွင်းစဉ်းစားထားသည့်အတွက် ဖြစ်သည်။ ဒေါသစိတ်များ ပျောက်သွားစေရန် သုံးရက်ထိ မခေါ်မပြောဘဲနေခြင်းကို ခွင့်ပြုထားသည်။

2. အစ္စလာမ်သာသနာ၏ မွန်မြတ်မှုကို တင်ပြထားသည်။ အစ္စလာမ်သည် စိတ်နှလုံးသားများ၌ရှိသော ဒေါသ၊ အာဃာတများကို ဖယ်ရှားပေး သည်။ အစ္စလာမ်သည် ချစ်ခင်မှု၏ သင်္ကေတ ဖြစ်သည်။
3. အစ္စလာမ်သည် မွတ်စလင်မ်များအကြား ချစ်ခင်ရင်းနှီးမှုနှင့် ညီနောင် စိတ်ဓာတ်ရှိရန် လိုလားသည်။

(5365)

(87) – عن سهل بن سعد رضي الله عنه عن رسول الله صلى الله عليه وسلم قال:

«مَنْ يَضْمَنْ لِي مَا بَيْنَ لَحْيَيْهِ وَمَا بَيْنَ رِجْلَيْهِ أَضْمَنْ لَهُ الْجَنَّةَ». [صحيح] - [رواه البخاري]

(87) – စဟ်လ်ဗင်န်စအ်ဒ်(ရဿိယလ္လာဟုအန်ဟု)က တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)ထံမှ ဆင့်ပြန်ခဲ့သည်။ မည်သူမဆို ငါ ကိုယ်တော်အတွက် မိမိ၏ပါးစောင်နှစ်ခုကြားတွင်ရှိသော အရာ(နှုတ်လျှာ) နှင့် ခြေနှစ်ချောင်းကြားတွင်ရှိသော အရာ(အရှက်အင်္ဂါ)ကို ထိန်းသိမ်းရန် တာဝန်ယူလျှင် ငါကိုယ်တော်သည် ထိုသူ့အတွက် ဂျန္နသ်သုခဘုံကို တာဝန် ယူတော်မူသည်။
[ဣဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ကိစ္စရပ်နှစ်ခုကို ပြောပြတော်မူပြီး မွတ်စ်လင်မ်တစ်ဦးအနေဖြင့် ယင်းကိစ္စနှစ်ခုအား ထိန်း သိမ်းမည်ဆိုပါက မုချဂျန္နသ်သုခဘုံသို့ ဝင်ရမည်ဖြစ်ကြောင်း မိန့်ကြားခဲ့ သည်။

ပထမတစ်ခုမှာ အလ္လာဟ်အရှင်မြတ်အမျက်တော်ရှစေမည့် စကားများ မှ နှုတ်လျှာအားထိန်းသိမ်းခြင်းဖြစ်ပြီး

ဒုတိယတစ်ခုမှာ စက်ဆုတ်ဖွယ်ရာကိစ္စများ ကျူးလွန်ခြင်းမှ အရှက် အင်္ဂါ အားထိန်းသိမ်းခြင်းဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ထိုအစိတ်အပိုင်းနှစ်ခုသည် မကောင်းမှု ဒုစရိုက်များတွင် အများဆုံးကျရောက်တတ်သည့်အတွက်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. နှုတ်လျှာနှင့် အရှက်အင်္ဂါကို ထိန်းသိမ်းခြင်းသည် ဂျန္နသ်သုခဘုံသို့ ဝင် ရောက်ရန် အကြောင်းခံဖြစ်သည်။
2. လောကီ၊ လောကုတ္တရာနှစ်ဌာနစလုံးတွင် လူသားတို့ ဘေးဒုက္ခဆိုက် ရောက်ရသည့် အကြီးမားဆုံးအကြောင်းခံမှာ ထိုအရာနှစ်ခုကြောင့်ဖြစ် သည့်အတွက် နှုတ်လျှာနှင့် အရှက်အင်္ဂါကို သီးသန့်တင်ပြထားခြင်း ဖြစ်သည်။

(3475)

(88) – عن أسامة بن زيد رضي الله عنهما عن النبي صلى الله عليه وسلم قال: «مَا تَرَكْتُ بَعْدِي فِتْنَةً أَضَرَّ عَلَى الرِّجَالِ مِنَ النِّسَاءِ». [صحيح] – [متفق عليه]

(88) – အုစာမဟ်ဗင်န်ဇိုက်ဒ် (ရသ္ဒိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ငါကိုယ်တော်၏နောက်တွင် ငါကိုယ်တော်သည် အမျိုးသားတို့အပေါ် အမျိုးသမီးတို့ထက် ပိုပြီး အန္တရာယ်ကြီးသည့် ဖိသ်နဟ်ကို ချန်မထားခဲ့ပါ။ [ဤဟာဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိမိ၏နောက်တွင် အမျိုးသားတို့အပေါ် အမျိုးသမီးများထက် ပို၍အန္တရာယ်ကြီးမားသော စမ်း သပ်မှုကို မချန်ထားခဲ့ကြောင်း မိန့်ကြားတော်မူခဲ့သည်။ အကယ်၍ အမျိုး သမီးသည် ၎င်း၏မိသားစုဝင်ထဲမှဖြစ်ပါက ရှရီအဟ်အမိန့်ပညတ်ချက် ချိုး ဖောက်မှုတွင် သူမ၏နောက်ဆက်တွဲအနေဖြင့် ကျူးလွန်နိုင်သည်။ အကယ် ၍ သူစိမ်းအမျိုးသမီးဖြစ်ပါက သူမနှင့်ရောနှောခြင်း၊ နှစ်ကိုယ်တည်း တွေ့ဆုံခြင်းတို့ကြောင့် မကောင်းမှုများဖြစ်ပေါ်လာနိုင်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. မွတ်စ်လင်မ်တိုင်းသည် အမျိုးသမီး၏ 'ဖိသ်နဟ်' ပြဿနာမှ သတိထား ရှောင်ကြဉ်ရမည်။ ထို့ပြင် ယင်းသို့ ရောက်ရှိစေမည့် လမ်းတိုင်းကို ပိတ် ပင်တားဆီးရမည်။
2. မုအ်မင်တစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို နာခံ ကျင့်သုံးပြီး ဖိသ်နာများမှ ကင်းဝေးရန် အရှင်မြတ်ထံ မျှော်လင့်ချက် ထားကာ တောင်းခံရမည်။

(5830)

(89) – عن عقبة بن عامر رضي الله عنه قال: قال رسول الله صلى الله عليه وسلم:

«أَحَقُّ الشُّرُوطِ أَنْ تُوفُوا بِهِ مَا اسْتَحْلَلْتُمْ بِهِ الْفُرُوجَ». [صحيح] - [متفق عليه]

(89) – အုက်ဗဟ် ဗင်န် အာမိရ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့ လိုက်နာဖြည့်ဆည်းရန် အထိုက်တန်ဆုံး စည်းကမ်းချက်မှာ ကိုယ်လက်နှီးနှောခွင့် တရားဝင်စေရန်အတွက် သတ် မှတ်ထားသည့် စည်းကမ်းချက်ပင်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

ဟဒီးဆ်တော်၌ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ရှင်း ပြတော်မူသည်မှာ လိုက်နာဖြည့်ဆည်းရန် အထိုက်တန်ဆုံး စည်းကမ်းချက် မှာ အမျိုးသမီးနှင့် ကိုယ်လက်နှီးနှောခွင့် တရားဝင်စေရန်အတွက် အကြောင်းခံဖြစ်စေခဲ့သည့် စည်းကမ်းချက်ပင်ဖြစ်သည်။ ဤသည်နိကဟ် ထိမ်းမြားစဉ် ဇနီးဘက်မှတောင်းဆိုထားသည့် တရားတော်က ခွင့်ပြုထား သော စည်းကမ်းချက်များပင်ဖြစ်သည်။

### ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဇနီးမောင်နှံနှစ်ဦးသည် ဟလာလ်ကို ဟရာမ်ဟု လည်းကောင်း၊ ဟရာမ် ကို ဟလာလ်ဟု လည်းကောင်း သတ်မှတ်သည့် စည်းကမ်းမျိုးမှလွဲ၍ တစ်ဖက်နှင့်တစ်ဖက် လိုက်နာရန်သတ်မှတ်ထားသည့် စည်းကမ်းချက် များကို ဖြည့်ဆည်းပေးရန် တာဝန်ရှိသည်။
2. နိကာဟ်၏ စည်းကမ်းချက်များကို အခြားစည်းကမ်းချက်များထက် ပို ၍ အလေးအနက်ထား ဖြည့်ဆည်းရမည်။ အဘယ်ကြောင့်ဆိုသော် ထို စည်းကမ်းများဖြင့်သာ ကိုယ်လက်နှီးနှောခွင့် တရားဝင်မည်ဖြစ်သည်။

3. နိကာဟ်၏ စည်းကမ်းချက်များကို ဖြည့်ဆည်းရန် အလေးအနက်ထား ခိုင်းခြင်းသည် အစ္စလာမ်သာသနာတော်၌ နိကာဟ်၏အဆင့်အတန်း ကြီးကျယ်မှုကို ဖော်ပြနေသည်။

(6021)

(90) – عن عبد الله بن عمرو رضي الله عنهما أن رسول الله صلى الله عليه وسلم قال: «الدُّنْيَا مَتَاعٌ، وَخَيْرُ مَتَاعِ الدُّنْيَا الْمَرْأَةُ الصَّالِحَةُ». [صحيح] - [رواه مسلم]

(90) – အဗ်ဒုလ္လာဟ်ဗင်န် အမ်ရ်(ရဿိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဒွန်နယာ လောကသည် အကျိုးခံစားသည့် အရာဖြစ်ပြီး လောက၏အကျိုးခံစားမှုများအနက် အကောင်းဆုံးမှာ ကောင်းမြတ်သော ဇနီးပင်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်မှာ လောကနှင့် လောကရှိအရာများသည် အချိန်အတိုင်းအတာ တစ်ခု အထိ အကျိုးခံစားပြီး ပျောက်ကွယ်သွားမည့် အရာများဖြစ်သည်။ သို့သော် လောက၏အကျိုးခံစားမှုများအနက် အမွန်မြတ်ဆုံးမှာ ဘာသာတရား ကိုင်း ရှိုင်းသော ဇနီးပင်ဖြစ်သည်။ ဘာသာတရားကိုင်းရှိုင်းသော

ဇနီးဟူသည် အကယ်၍(ခင်ပွန်း)သည်က သူမအားကြည့်လိုက်သည့်အခါ
သူ့ကိုပျော်ရွှင် စေပြီး အမိန့်တစ်ခုခုပေးသည့်အခါ သူ၏အမိန့်ကို
နာခံလိုက်နာသည်။ အကယ်၍ ခင်ပွန်းသည် သူမ၏ကွယ်ရာ၌ရှိနေလျှင်
သူမသည်မိမိကိုယ်နှင့် ခင်ပွန်း၏ ပစ္စည်းဥစ္စာကို
ထိန်းသိမ်းစောင့်ရှောက်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အလ္လာဟ်အရှင်မြတ်က မိမိကျွန်များအတွက် ဟလာလ်အဖြစ် သတ် မှတ်ထားသော လောက၏ သန့်ပြန့်ကောင်းမွန်သည့်အရာများကို ဖြုန်း တီးခြင်း၊ မာန်မာနထောင်လွှားခြင်းတို့မပါဘဲ အကျိုးခံစားခွင့်ရှိသည်။
2. ဘာသာတရားကိုင်းရှိုင်းသော အမျိုးသမီးသည် ခင်ပွန်းသည်အား အလ္လာဟ်အရှင်မြတ်အမိန့်နာခံရာတွင် အထောက်အကူ ဖြစ်စေသည့် အတွက် ထိုကဲ့သို့သော အမျိုးသမီးမျိုးကို ရွေးချယ်ရန် တိုက်တွန်း ထားသည်။
3. ဒွန္နယာလောက၏ အကောင်းဆုံး စည်းစိမ်သည် အလ္လာဟ်အရှင်မြတ် ၏ အမိန့်ကိုနာခံမှုရှိသည့်အရာ သို့မဟုတ် အမိန့်နာခံရန် အထောက် အကူဖြစ်စေသည့် အရာပင်ဖြစ်သည်။

(5794)

(91) – عن ابن عمر رضي الله عنهما: أَنَّ رَسُولَ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ نَهَى عَنِ الْقَزَعِ. [صحيح] - [متفق عليه]

(91) – အိဗ်နုအုမရ် (ရသိွယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် (ကဇအ်) ဆံပင်တချို့ကိုရိတ်ပြီး တချို့ကိုမရိတ်ဘဲထားခြင်းကို တား မြစ်တော်မူခဲ့သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ကလေး ဦးခေါင်း ရှိ ဆံပင်တချို့ကိုရိတ်ပြီး တချို့ကိုမရိတ်ဘဲ ချန်ထားခြင်းကို တားမြစ်ခဲ့တော် မူခဲ့သည်။

ဤတားမြစ်ချက်သည် လူကြီး၊ လူငယ်မရွေး အမျိုးသားအားလုံးနှင့် သက်ဆိုင်သည်။ အမျိုးသမီးများသည် ဆံပင်ရိတ်ခွင့်မရှိပါ။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အစ္စလာမ့် ရှရီအဟ်တရားတော်သည် လူသား၏ အပြင်ပိုင်း ပုံပန်း သဏ္ဍာန်ကိုလည်း အလေးထားသည်။

(8914)

(92) – عن عبد الله بن عمرو رضي الله عنهما قال: لَمْ يَكُنِ النَّبِيُّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ فَاحِشًا وَلَا مُتَفَحِّشًا، وَكَانَ يَقُولُ: «إِنَّ مِنْ خِيَارِكُمْ أَحْسَنَكُمْ أَخْلَاقًا». [صحيح] - [متفق عليه]

(92) – အဗ်ဒုလ္လာဟ်ဗင်န် အမ်ရ်(ရသွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ပြော ကြားခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)သည် နှုတ်လျှာကြမ်းတမ်းသူ မဟုတ်သလို စက်ဆုပ် ဖွယ်ရာများကို ပြောဆိုသူလည်း မဟုတ်ပေ။ ကိုယ်တော်က မိန့်ကြားလေ့ ရှိသည်မှာ ဧကန်အမှန်ပင် အသင်တို့အနက် အကောင်းဆုံးသူသည် ကိုယ် ကျင့်တရား အကောင်းဆုံးသူပင်ဖြစ်သည်။ [ဍဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

စက်ဆုပ်ဖွယ်ရာများကို ပြောဆိုခြင်း၊ မကောင်းသည့် လုပ်ရပ်ကို လုပ် ဆောင်ခြင်းသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကိုယ်ကျင့်တရား မဟုတ်ပေ။ ကိုယ်တော်သည် ထိုကိစ္စများကို မရည်ရွယ်ဘဲ ပြုလုပ်ခဲ့ခြင်းမရှိသလို တမင်ပြုလုပ်ခဲ့ခြင်းလည်းမရှိပေ။ ထို့ပြင် ကိုယ် တော်သည် ကြီးကျယ်လှသည့် အကျင့်စာရိတ္တပိုင်ရှင်ဖြစ်တော်မူသည်။

ကိုယ်တော်က မိန့်ကြားလေ့ရှိသည်မှာ ဧကန်အမှန်ပင်

အသင်တို့အနက် အလ္လာဟ်အရှင်မြတ်ထံတော်တွင် အကောင်းဆုံးသူမှာ ကောင်းကျိုးဆောင် ရှက်ခြင်း၊ ပြုံးရွှင်ချိုသာသောမျက်နှာရှိခြင်း၊ ကောင်းမွန်ချိုသာစွာ စကား ပြောခြင်း၊ ဘေးဒုက္ခများကို ကာကွယ်ပေးခြင်း၊ လူတို့နှင့် ကောင်းစွာ ဆက် ဆံခြင်းစသည့် အရည်အချင်းများနှင့် ပြည့်စုံသူ ကိုယ်ကျင့်တရား အကောင်း ဆုံးသူပင်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. မုအ်မင်န်တစ်ဦးအနေဖြင့် မကောင်းသော စကားနှင့် မကောင်းသော လုပ်ရပ်တို့မှ ဝေးစွာရှောင်ကြဉ်ရန်လိုအပ်သည်။
2. အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိ ဝစလ္လမ်)သည် ကိုယ်ကျင့်တရားပြည့်ဝသူဖြစ်ပြီး ကောင်းမြတ်သည့် လုပ်ရပ်နှင့် မွန်မြတ်သည့်စကားများသာ ကိုယ်တော့်ထံမှ ပေါ်ထွက် လာသည်။
3. ကောင်မြတ်သည့် ကိုယ်ကျင့်တရားသည် မုအ်မင်န် သက်ဝင်ယုံကြည် သူတို့ကြား ပြိုင်ဆိုင်ရမည့် နယ်ပယ်တစ်ခုဖြစ်သည်။ ယင်း၌ ရှေ့ရောက်သူသည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အနက် အကောင်း ဆုံးနှင့် အီမာန်အပြည့်ဝဆုံးသူပင် ဖြစ်သည်။

(5803)

(93) – عن عائشة رضي الله عنها قالتْ: سمعتُ رسولَ الله صلى الله عليه وسلم يقول: «إِنَّ المُؤْمِنَ لَيُدرِكُ بِحُسْنِ خُلُقِهِ دَرَجَةَ الصَّائِمِ القَائِمِ». [صحيح بشواهده] – [رواه أبو داود وأحمد]

(93) – အာအိရှာဟ် (ရဿိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ ကျွန်မ သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။ ကေန်အမှန်ပင် မုအ်မင်န် တစ်ဦးသည် ၎င်း၏ ကောင်းမြတ်သည့် ကိုယ်ကျင့်တရားကြောင့် ဆွိယာမ် ဥပုသ်စောင့်ထိန်းသူ၊ (ညတွင်ထ၍) ဆွလာသ် ဆောက်တည်သူ၏ အဆင့်အတန်းကို ရရှိသွားသည်။ [၎င်းဟဒီးဆ်ကို ထောက်ခံထားသော အခြားဟဒီးဆ် တော်များကြောင့် ၎င်းဟဒီးဆ်တော်သည် ဆွဟီးဟ် ဖြစ်သွားသည်။] – [အဗူဒါဝူးဒ်ကျမ်း၊ အဟ်မဒ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူခဲ့ သည်မှာ ကောင်းမြတ်သည့် ကိုယ်ကျင့်တရားသည် ကိုယ်ကျင့်တရား ပိုင်ရှင် အား (နေ့တွင်) အမြဲတစေ ဆွိယာမ်ဥပုသ်စောင့်ထိန်းပြီး ညတွင် အမြဲ ဆွလာသ် ဆောက်တည်သည့် အဆင့်အတန်းသို့ ပို့ဆောင်ပေးသည်။ ကောင်းမြတ်သည့် ကိုယ်ကျင့်တရား၏ စရိုက်လက္ခဏာမှာ ကောင်းကျိုးပြု ခြင်း၊

ကောင်းမွန်ချိုသာစွာ စကားပြောခြင်း၊ ပြုံးရွှင်ချိုသာသော မျက်နှာ ရှိခြင်း၊ ဘေးဒုက္ခများကို ကာကွယ်ပေးခြင်း၊ လူတို့ပေးသည့် ဒုက္ခ အခက်အခဲများကို သည်းခံခြင်း စသည်တို့ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အစ္စလာမ်သာသနာသည် ကိုယ်ကျင့်တရား ကောင်းမွန်ပြည့်စုံခြင်းကို အလွန်အလေးထားသည်။
2. ကောင်းမြတ်သည့် ကိုယ်ကျင့်တရား၏ မွန်မြတ်မှုကို တင်ပြထားသည်။ ကျွန်တစ်ဦးသည် ကောင်းမြတ်သည့် ကိုယ်ကျင့်တရားကြောင့် အမြဲတစေ ဆိုဝ်ယာမ်ဥပုသ် စောင့်ထိန်းသူ၊ ပင်ပန်းခြင်းမရှိဘဲ အမြဲ ဆွလာသ်ဆောက်တည်သူ၏ အဆင့်အတန်းသို့ ရောက်ရှိသွားလေ သည်။
3. နေ့တွင် ဆိုဝ်ယာမ်ဥပုသ်စောင့်ထိန်းခြင်း၊ ညတွင် ဆွလာသ် ဆောက်တည်ခြင်းသည် စိတ်နှလုံးသားများအတွက် ခက်ခဲကာ အလွန်ကြီးကျယ်သည့် အမလ်အိဗာဒသ်နှစ်ခုဖြစ်သည်။ ကိုယ်ကျင့်တရား ကောင်း မွန်သူသည် ကောင်းမွန်သည့် ဆက်ဆံရေးဖြင့် မိမိစိတ်နှလုံးသား အပေါ် မုဂျာဟဒဟ် အားထုတ်ကြိုးပမ်းသည့်အတွက် ထိုအိဗာဒသ်နှစ်ခု ကို ဆောင်ရွက်သူ၏ အဆင့်အတန်းသို့ ရောက်ရှိသွားခြင်း ဖြစ်သည်။

(5799)

(94) – عن أبي هريرة رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «أَكْمَلُ الْمُؤْمِنِينَ إِيمَانًا أَحْسَنُهُمْ خُلُقًا، وَخَيْرُكُمْ خَيْرُكُمْ لِنِسَائِهِمْ». [حسن] – [رواه أبو داود والترمذي وأحمد]

(94) – အဗူဟုရိုင်ရဟ်(ရည်ိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မုအ်မင်န် သက်ဝင်ယုံကြည်သူများအနက် အီမာန် ယုံကြည်မှုအားဖြင့် အပြည့်ဝဆုံးသူမှာ ကိုယ်ကျင့်တရား အကောင်းဆုံးသူပင်ဖြစ်သည်။ သင်တို့ အနက် အကောင်းဆုံးသူမှာ အသင်တို့၏ အမျိုးသမီးများအပေါ် အကောင်း ဆုံးသူပင် ဖြစ်သည်။ [ဤ ဟဒီးဆ်သည် ဟစန်အဆင့်ရှိသည်။] – [အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း၊ အဟ်မဒ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ လူတို့အနက် အီမာန်ယုံကြည်မှုအားဖြင့် အပြည့်ဝဆုံးသူမှာ ကိုယ် ကျင့်တရား အကောင်းဆုံးသူပင်ဖြစ်သည်။ ကောင်းမြတ်သည့်ကိုယ်ကျင့် တရား၏ စရိုက်လက္ခဏာမှာ ပြုံးရွှင်ချိုသာသောမျက်နှာရှိခြင်း၊ ကောင်း ကျိုးပြုခြင်း၊ ကောင်းမွန်ချိုသာစွာ စကားပြောခြင်း၊ ဘေးဒုက္ခများကို ကာကွယ်ပေးခြင်း စသည်တို့ဖြစ်သည်။

မုအ်မင်န် သက်ဝင်ယုံကြည်သူများအနက် အကောင်းဆုံးသူမှာ မိမိဇနီး၊ သမီး၊ အစ်မ၊ နှမ၊ သားချင်းတော်စပ်သည့် အမျိုးသမီးများအပေါ် အကောင်း ဆုံးသူပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူမတို့သည် လူတို့အနက် ကောင်းမြတ်သည့် ကိုယ်ကျင့်တရားနှင့် ဆက်ဆံရန် အထိုက်တန်ဆုံးသူများ ဖြစ်ကြသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကောင်းမြတ်သည့် ကိုယ်ကျင့်တရား၏ ထွတ်မြတ်မှုကို ဖော်ပြထား သည်။ ကောင်းမြတ်သည့် ကိုယ်ကျင့်တရားသည် အီမာန်ယုံကြည်မှု တွင် ပါဝင်သည်။
2. အမလ်ကျင့်ဆောင်မှုသည် အီမာန်ယုံကြည်မှုတွင်ပါဝင်သည်။ အီမာန် သည် တိုးတက်ခြင်း၊ လျော့နည်းခြင်းရှိသည်။
3. အစ္စလာမ်သာသနာသည် အမျိုးသမီးများကို ဂုဏ်ပေးထားပြီး သူမတို့ အား ကောင်းကျိုးပြုရန် တိုက်တွန်းထားသည်။

(5792)

(95) – عن أبي هريرة رضي الله عنه قال: سُئِلَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ عَنْ أَكْثَرِ مَا يُدْخِلُ النَّاسَ الْجَنَّةَ، فَقَالَ: «تَقْوَى اللهِ وَحُسْنُ الْخُلُقِ»، وَسُئِلَ عَنْ أَكْثَرِ مَا يُدْخِلُ النَّاسَ النَّارَ فَقَالَ: «الْفَمُ وَالْفَرْجُ». [حسن صحيح] - [رواه الترمذي وابن ماجه وأحمد]

(95) – အဗူဟုရိုင်ရဟ် (ရသ္ဍိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) အား ဂျန္နသ် သုခဘုံသို့ အများဆုံးဝင်ရောက်စေသည့်အရာမှာ အဘယ်အရာ ပါနည်းဟု လျှောက်ထားမေးမြန်းသည့်အခါ ကိုယ်တော်က (သက္ကဝါ) အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုနာခံပြီး အပြစ်အကုသိုလ်မှ ရှောင်ကြဉ်ခြင်းနှင့် ကောင်းမြတ်သည့် ကိုယ်ကျင့်တရားဖြစ်သည်ဟု ဖြေကြားတော်မူခဲ့သည်။ ထို့နောက် ဂျဟန္နမ်ငရဲဘုံသို့ အများဆုံးဝင်ရောက်စေသည့် အရာမှာ အဘယ်အရာပါနည်းဟု လျှောက်ထားမေးမြန်းသည့်အခါ ကိုယ် တော်က နှုတ်လျှာနှင့် အရှက်အင်္ဂါဖြစ်သည်ဟု ဖြေကြားတော်မူခဲ့သည်။ [ဤဟဒီးဆ်သည် ဟစန်ဆွဟီးဟ် အဆင့်ရှိသည်။] – [သိရ်မိဇီကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း၊ အဟ်မဒ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဂျန္နသ်သုခဘုံ သို့ ဝင်ရောက်စေမည့် အကြီးကျယ်ဆုံးအကြောင်းခံနှစ်ခုအား ရှင်းပြတော်မူ ခဲ့သည်။ ၎င်းတို့မှာ-

အလ္လာဟ်အရှင်မြတ်အပေါ် 'သက္ကဝါ' တရားထားခြင်းနှင့်

ကောင်းမြတ် သည့် ကိုယ်ကျင့်တရားတို့ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်အပေါ် 'သက္ကဝါ'တရားထားခြင်းဟူသည် သင်နှင့် အလ္လာဟ်အရှင်မြတ်၏ အဇာဗ်ပြစ်ဒဏ်ကြားတွင် အကာကွယ်ထား ခြင်း ဖြစ်ပြီး ၎င်းမှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုလိုက်နာကာ တားမြစ် ချက်များကို ရှောင်ကြဉ်ခြင်းဖြစ်သည်။

ကောင်းမြတ်သည့် ကိုယ်ကျင့်တရားဟူသည် မျက်နှာချိုသာခြင်း၊ ကောင်းမှုပြုခြင်း၊ ဒုက္ခများကို တားဆီးဖယ်ရှားခြင်း စသည်တို့ဖြစ်သည်။

ထို့နောက် ဂျဟန္နမ်ငရဲဘုံသို့ ဝင်ရောက်စေမည့် အကြီးကျယ်ဆုံး အကြောင်းခံနှစ်ခုအား ရှင်းပြတော်မူခဲ့သည်။ ၎င်းတို့မှာ-

နှုတ်လျှာနှင့် အရှက်အင်္ဂါဖြစ်သည်။

နှုတ်လျှာ၏ အပြစ်အကုသိုလ်မှာ မုသားပြောခြင်း၊ အတင်းပြောခြင်း၊ ကုန်းချောခြင်း စသည်တို့ဖြစ်ပြီး

အရှက်အင်္ဂါ၏ အပြစ်အကုသိုလ်မှာ ဇိနာ တရားမဝင်ကာမ ကျူးလွန် ခြင်း၊ လိင်တူဆက်ဆံခြင်း စသည်တို့ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ခွင့်ရသည့် အကြောင်းခံများတွင် အလ္လာဟ် အရှင်မြတ်နှင့် သက်ဆိုင်သည့် အကြောင်းခံများရှိသည်။ ၎င်းတို့အနက် တစ်ခုမှာ သက္ကဝါတရားဖြစ်သည်။

ထို့အတူအဖန်ဆင်းခံများနှင့် သက် ဆိုင်သည့် အကြောင်းခံများလည်းရှိသည်။ ၎င်းတို့အနက်တစ်ခုမှာ ကောင်းမြတ်သည့် ကိုယ်ကျင့်တရားဖြစ်သည်။

2. နှုတ်လျှာပိုင်ရှင်အတွက် နှုတ်လျှာ၏ အန္တရာယ်ကိုတင်ပြထားသည်။ ၎င်းသည် ဂျဟန္နမ်ငရဲဘုံသို့ ဝင်ရောက်စေမည့် အကြောင်းခံတစ်ခု ဖြစ် သည်။
3. လူသားတို့အတွက် စိတ်အလိုရမ္မက်နှင့် စက်ဆုပ်ရွံ့ရှာဖွယ်ရာများ၏ အန္တရာယ်ကို ဖော်ပြထားသည်။ ၎င်းတို့သည် ဂျဟန္နမ်ငရဲဘုံသို့ ဝင် ရောက်စေသည့် အကြောင်းခံများအနက် အများဆုံးပင်ဖြစ်သည်။

(5476)

(96) – عن أنس بن مالك رضي الله عنه قال: كَانَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ أَحْسَنَ النَّاسِ خُلُقًا. [صحيح] – [متفق عليه]

(96) – အနတ်စ်ဗင်န် မာလိက်(ရသ္ဝိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) သည် လူသားတို့အနက် အကျင့်စာရိတ္တအကောင်းဆုံးဖြစ်တော်မူသည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် လူသားတို့ အနက် အကျင့်စာရိတ္တ အပြည့်ဝဆုံးဖြစ်တော်မူသည်။ ကိုယ်တော်သည် စကားချိုသာခြင်း၊ ကောင်းမှုပြုခြင်း၊ မျက်နှာချိုခြင်း၊ သူတစ်ပါး ဒုက္ခ ရောက်စေမည့် ကိစ္စရပ်များကို ဖယ်ရှားပေးခြင်း၊ အခြားသူများက ပေး သည့် ဒုက္ခများအပေါ်သည်းခံခြင်းစသည့် ကောင်းမြတ်သည့် အကျင့်စာရိတ္တ နှင့် ကောင်းခြင်းများ၌ အားလုံး၏ရှေ့ဆုံးတွင်ရှိသူဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အကျင့် စာရိတ္တ အပြည့်ဝဆုံး ဖြစ်တော်မူသည်။
2. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ကောင်းမြတ် သည့် ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ အကောင်းဆုံး စံနမူနာပင် ဖြစ် သည်။
3. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ မွန်မြတ်သည့် အကျင့်စာရိတ္တအတိုင်းလျှောက်လှမ်းရန် တိုက်တွန်းထားသည်။

(6180)

(97) – قال سعد بن هشام بن عامر –عندما دخل على عائشة رضي الله عنها–: يَا أُمَّ الْمُؤْمِنِينَ، أَنْبِئِينِي عَنْ خُلُقِ رَسُولِ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ، قَالَتْ: أَلَسْتَ تَقْرَأُ الْقُرْآنَ؟ قُلْتُ: بَلَى، قَالَتْ: فَإِنَّ خُلُقَ نَبِيِّ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ كَانَ الْقُرْآنَ. [صحيح] – [رواه مسلم في جملة حديثٍ طويلٍ]

(97) – စအဒ်ဗင်န် ဟိရှာမ်ဗင်န် အာမိရ် က ဆင့်ပြန်ပြောပြခဲ့သည်။ သူသည် အာအိရှဟ် (ရဿိယလ္လာဟုအန်ဟာ)ထံ ဝင်ရောက်သောအခါ အို မုအ်မင်န် တို့၏ မိခင်ကြီး အလ္လာဟ်အရှင်မြတ် ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)၏ ကိုယ်ကျင့်တရားအား ကျွန်တော့်အား ပြောပြပါဟု ပြောကြားခဲ့သည်။ ထိုအခါ မိခင်ကြီးက အသင်သည် ကုရ်အာန်ကျမ်းမြတ် ကို ရွတ်ဖတ်သည် မဟုတ်လားဟု မေးမြန်းခဲ့ရာ ကျွန်တော်က ဟုတ်ကဲ့ ဖတ် ပါသည်ဟု ဖြေကြားလိုက်လေသည်။ ထိုအခါ မိခင်ကြီးက ပြောကြားသည် မှာ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကိုယ်ကျင့်တရား သည် ကုရ်အာန်ကျမ်းမြတ်ပင် ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] – [မွတ်စ်လင်မ်ကျမ်းတွင် ဟဒီးဆ်တော်ကို အတိုချုပ်ဆင့်ပြန်ထားသည်။]

## ရှင်းလင်းချက်

မုအ်မင်န်တို့၏ မိခင်ကြီး အာအိရှဟ် (ရဿိယလ္လာဟုအန်ဟာ)သည်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကိုယ်ကျင့်တရား အကြောင်း မေးမြန်းခြင်းခံရသည့်အခါ အလွန်ပင် ပြည့်စုံလှသည့် စကား ဖြင့် အဖြေပေးခဲ့ပြီး မေးမြန်းသူအား ပြီးပြည့်စုံသည့် အရည်အချင်းများ စုစည်းထားသော ကုရ်အာန်ကျမ်းမြတ်ဘက်သို့ လှည့်ပေးခဲ့သည်။ သူမက ပြောသည်မှာ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ကုရ်အာန်ကျမ်းမြတ်၌ ဖော်ပြထားသော ကိုယ့်ကျင့်တရားအတိုင်း အကျင့် စာရိတ္တမွေးမြူသူဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်က အမိန့်ပေးထားသော အရာများကို ဆောင်ရွက်ပြီး တားမြစ်ထားသောအရာများကို ရှောင်ကြဉ် သည်။ ကိုယ်တော်၏ ကိုယ်ကျင့်တရားသည် ကုရ်အာန်ကျမ်းမြတ်အတိုင်း လိုက်နာကျင့်သုံးခြင်း၊ ကုရ်အာန်ကျမ်းမြတ်၏ ကန့်သတ်ချက်များကို မကျော်လွန်ခြင်း၊ ကုရ်အာန်ကျမ်းမြတ်၏ အာဒဗ်ကျင့်ဝတ်များအတိုင်း လိုက်နာခြင်း၊ ကုရ်အာန်ကျမ်းမြတ်၏ ဥပမာတင်ပြချက်များ၊ အဖြစ်အပျက် အကြောင်းအရာများမှ တရားရယူခြင်းတို့ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကုရ်အာန်ကျမ်းမြတ်အတိုင်း ကိုယ်ကျင့်တရား ဆောက်တည်ခဲ့သည့် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား နောက်လိုက်မှု ပြုရန် တိုက်တွန်းနှိုးဆော်ထားသည်။

2. တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကိုယ်ကျင့်တရား များကို ချီးမွမ်းထားပြီး ထိုကိုယ်ကျင့်တရားများသည် ဝဟီဗျာဒိတ် တော်၏ အလင်းရောင်မှ ပေါ်ထွက်လာခြင်းဖြစ်သည်။
3. ကုရ်အာန်ကျမ်းမြတ်သည် ကောင်းမွန်သည့် အကျင့်စာရိတ္တအားလုံး၏ အဓိကပင်မဖြစ်သည်။
4. အစ္စလာမ်သာသနာတော်၌ ကိုယ်ကျင့်တရားဟူသည် အမိန့်တော်များ ကို နာခံခြင်း၊ တားမြစ်ချက်များကို ရှောင်ကြဉ်ခြင်းတို့ပါဝင်ပြီး သာသ နာတော်တစ်ခုလုံးနှင့်သက်ဆိုင်သည်။

(8265)

(98) – عن شداد بن أوس رضي الله عنه قال: **ثِنْتَانِ حَفِظْتُهُمَا عَنْ رَسُولِ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ قَالَ: «إِنَّ اللهَ كَتَبَ الْإِحْسَانَ عَلَى كُلِّ شَيْءٍ، فَإِذَا قَتَلْتُمْ فَأَحْسِنُوا الْقِتْلَةَ، وَإِذَا ذَبَحْتُمْ فَأَحْسِنُوا الذَّبْحَ، وَلْيُحِدَّ أَحَدُكُمْ شَفْرَتَهُ، فَلْيُرِحْ ذَبِيحَتَهُ».** [صحيح] – [رواه مسلم]

(98) – ရှဒ္ဒါးဒ် ဗင်န်အောဝ်စ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ပြောကြား ခဲ့သည်။ ကျွန်တော်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်) ထံမှ နှစ်ခုသောအရာကို ကျက်မှတ်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည်

ကိစ္စ ရပ်တိုင်းတွင် ကောင်းမွန်စွာကျင့်မှုရန် သတ်မှတ်ပြဋ္ဌာန်းထားတော်မူသည်။ ထို့ကြောင့် သင်တို့သည် သတ်သည့်အခါ ကောင်းမွန်စွာဖြင့်သတ်ပါ။ သင်တို့(ဇဗဟ်)လှီးဖြတ်သည့်အခါ ကောင်းမွန်စွာဖြင့်လှီးဖြတ်ပါ။ အသင်တို့ အနက်မှတစ်ဦးတစ်ယောက်သည် မိမိ၏ဓါးသွားကို ထက်မြအောင်ပြုပါ၊ ၎င်း၏ သားကောင်အား နာကျင်မှုသက်သာအောင်ပြုလုပ်ပါ။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်မှာ ဧကန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် ကိစ္စရပ်တိုင်းတွင် ကောင်း မွန်စွာကျင့်မှုရန် ကျွန်တော်တို့အပေါ်၌ 'ဝါဂျိဗ်'တာဝန်အဖြစ် သတ်မှတ် ပြဋ္ဌာန်းထားသည်။ ကောင်းမွန်စွာကျင့်မှုခြင်းဟူသည် ခဝပ်ကိုးကွယ်ခြင်း၊ ကောင်းမှုပြုခြင်း၊ အဖန်ဆင်းခံများ၏ ဒုက္ခကို တားဆီးပေးခြင်း စသည်တို့ ကိုဆောင်ရွက်ရာ၌ အလ္လာဟ်အရှင်မြတ်သည် မိမိကိုမြင်တွေ့နေတော်မူ သည်ဟူသည့် အသိအမြဲရှိနေခြင်းဖြစ်သည်။ ထိုသို့ ကောင်းမွန်စွာ ကျင့်မှု ခြင်း၌ သတ်သည့်အခါ ကောင်းမွန်စွာဖြင့်သတ်ခြင်း၊ ကောင်းမွန်စွာ (ဇဗဟ်) လှီးဖြတ်ခြင်းတို့လည်းပါဝင်သည်။

'ကိဆွာဆ်' လူသတ်မှု ကျူးလွန်သည့်အတွက် ဥပဒေအရ သေဒဏ်

စီရင်ခြင်းကို အကောင်အထည်ရာ၌ ကောင်းမွန်စွာကျင့်မူခြင်းဟူသည် စီရင် ခံရသူအား လွယ်ကူ၊ ညင်သာပြီး အမြန်ဆုံးသေဆုံးနိုင်မည့်နည်းလမ်းကို ရွေးချယ်ခြင်းဖြစ်သည်။

'ဇဗဟ်'လှီးဖြတ်သည့်အခါ ကောင်းမွန်စွာကျင့်မူခြင်းဟူသည် လှီးဖြတ် မည့်ဓားကို ထက်အောင်သွေးခြင်းဖြင့် သားကောင်အပေါ် ညင်သာမှုရှိခြင်း ဖြစ်သည်။ လှီးဖြတ်မည့် တိရစ္ဆာန်၏ရှေ့တွင် ဓားမသွေးရပါ။ တိရစ္ဆာန် တစ်ကောင်၏ရှေ့တွင် အခြားတိရစ္ဆာန်တစ်ကောင်ကို မလှီးဖြတ်ရပါ။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အဖန်ဆင်းခံများအပေါ်တွင်ရှိသော အလ္လာဟ်အရှင်မြတ်၏ ကရုဏာ နှင့် သနားကြင်နာမှုကို ဖေါ်ပြထားသည်။
2. သတ်ခြင်းနှင့် 'ဇဗဟ်'လှီးဖြတ်ခြင်းတွင် ကောင်းမွန်စွာ ကျင့်မူခြင်း ဟူ သည် တရားတော်က သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ခြင်းကို ဆိုလိုသည်။
3. ရှရီအဟ် တရားလမ်းစဉ်သည် ပြီးပြည့်စုံပြီး ကောင်းခြင်းအားလုံး ပါရှိသည်။ တိရစ္ဆာန်များကို ကရုဏာထားခြင်း၊ ကြင်နာခြင်းသည် လည်း ထိုအနက်မှပင် ဖြစ်သည်။
4. သေဒဏ်စီရင်ပြီးနောက်'မုဆ်လဟ်' (ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ဖြတ်တောက်ခြင်း၊ မျက်လုံးကို

ဖောက်ထုတ်ခြင်းစသည့် ရက်စက်ကြမ်းကြုတ်သည့်လုပ်ရပ်များ)ကို တားမြစ်ထားသည်။

5. တိရစ္ဆာန်များအပေါ် ညှဉ်းပန်းနှိပ်စက်မှုဖြစ်စေသည့် လုပ်ရပ်တိုင်းကို တားမြစ်ထားသည်။

(4319)

(99) – عن عبد الله بن عمرو رضي الله عنهما قال: قال رسول الله صلى الله عليه وسلم: «إِنَّ الْمُقْسِطِينَ عِنْدَ اللهِ عَلَى مَنَابِرَ مِنْ نُورٍ، عَنْ يَمِينِ الرَّحْمَنِ عَزَّ وَجَلَّ، وَكِلْتَا يَدَيْهِ يَمِينٌ، الَّذِينَ يَعْدِلُونَ فِي حُكْمِهِمْ وَأَهْلِيهِمْ وَمَا وَلُوا». [صحيح] - [رواه مسلم]

(99) – အဗ်ဒုလ္လာဟ် ဗင်န် အမ်ရ် (ရသိွယလ္လာဟုအန်ဟုမာ)က ဆင့်ပြန် ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)မိန့်ကြားတော်မူသည်။ ကေန်မုချ တရားမျှတသူများသည်အလ္လာဟ် အရှင်မြတ်ထံတော်ပါးတွင် ကြီးကျယ်မြင့်မြတ်တော်မူသော မဟာကရုဏာ တော်ရှင်၏ လက်ယာဘက်တွင် နူရ်အလင်းရောင်နှင့်အတိပြီးသောပလ္လင် များ ထက်ဝယ်ရှိကြလိမ့်မည်။ အလ္လာဟ်အရှင်မြတ်၏ လက်တော်နှစ်ဘက် သည် လက်ယာပင်ဖြစ်သည်။ ၎င်းတို့သည် မိမိတို့၏ အမိန့်ဆုံးဖြတ်ချက်၌ လည်းကောင်း၊ မိမိတို့၏ မိသားစုများတွင်လည်းကောင်း၊ မိမိတို့ တာဝန်ယူ ရသည့် ကိစ္စတို့၌လည်းကောင်း တရားမျှတမှုရှိကြသည်။ [ဤဟာဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူ သည်မှာ မိမိတို့၏ လက်အောက်ခံများ၊ အုပ်ချုပ်ခံများ၊ မိသားစုဝင်များ ကြားတွင် မှန်ကန်၊မျှတစွာ အုပ်ချုပ်သူများသည် ကိယာမသ်နေ့၌ ဂုဏ်ပြု ချီးမြှောက်ခြင်းခံရပြီး နူးရ်အလင်းရောင်ဖြင့် ဖန်ဆင်းထားသည့် အဆင့် အတန်းမြင့်မားလှသော ပလ္လင်များပေါ်တွင် ထိုင်လျက်ရှိနေကြလိမ့်မည်။ ထိုပလ္လင်များသည် မြင့်မြတ်တော်မူသော မဟာကရုဏာတော်ရှင်၏ လက် ယာဘက်တွင်ရှိမည်ဖြစ်သည်။ ချို့တဲ့မှုအပေါင်းမှ ကင်းစင်တော်မူသော အလ္လာဟ်အရှင်မြတ်၏ လက်တော်နှစ်ဘက်သည် လက်ယာပင်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. တရားမျှတမှု၏ ထွတ်မြတ်မှုကို တင်ပြထားပြီး တရားမျှတမှုရှိရန် တိုက်တွန်းထားသည်။
2. တရားမျှတမှုသည် လူတို့ကြားစီမံအုပ်ချုပ်မှု၊ ဇနီးများနှင့် သားသမီး များအပါအဝင် အုပ်ထိန်းမှုအားလုံး၌ရှိရန်လိုအပ်သည်။
3. ကိယာမသ်နေ့တွင် တရားမျှတသူတို့၏ အဆင့်တန်းကို ဖော်ပြထား သည်။
4. ကိယာမသ်နေ့တွင် အီမာန်ရှင်များသည် မိမိတို့၏ အမလ်ကျင့်ဆောင်မှု အလိုက် အဆင့်အတန်းများ ကွာခြားသွားမည်။

5. အကျိုးကျေးဇူးများတင်ပြကာ နှစ်သက်လိုလားမှု ဖြစ်လာအောင်ပြု ခြင်းသည် ဒအ်ဝဟ် ဖိတ်ခေါ်မှု နည်းစနစ်တစ်ခုဖြစ်ပြီး ဖိတ်ခေါ် ခံရသူ အား လက်ခံချင်စိတ်ဖြစ်လာအောင် ပြုလုပ်ပေးသည်။

(4935)

(100) – عن أبي سعيد الخدري رضي الله عنه أن رسول الله صلى الله عليه وسلم قال: «لَا ضَرَرَ وَلَا ضِرَارَ، مَنْ ضَارَّ ضَرَّهُ اللَّهُ، وَمَنْ شَاقَّ شَقَّ اللَّهُ عَلَيْهِ». [صحيح بشواهده] – [رواه الدارقطني]

(100) – အဗူစအီးဒ် ခုဒ်ရီ (ရသိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မိမိကိုယ်မိမိ ထိခိုက်နစ်နာအောင်ပြုခြင်းနှင့် အခြား သူကို ထိခိုက်နစ်နာအောင်ပြုခြင်းတို့ မပြုလုပ်ရ။ မည်သူမဆို တစ်ဦး တစ်ယောက်ကို ထိခိုက်နစ်နာအောင်ပြုခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းအား ထိခိုက်နစ်နာစေလိမ့်မည်။ မည်သူမဆို တစ်ဦးတစ်ယောက်အား ခက်ခဲဒုက္ခရောက်အောင်ပြုခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းအား ခက်ခဲဒုက္ခရောက်စေလိမ့်မည်။ [ဤဟဒီးဆ်ကို ထောက်ခံထားသော အခြားဟဒီးဆ်တော်များကြောင့် ဤဟဒီးဆ်တော်သည် ဆွဟီးဟ် ဖြစ်သွားသည်။] - [အဒ်ဒါရုကုသ်နီ ဆင့်ပြန်ခဲ့သည်။]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူခဲ့သည်မှာ မိမိကိုယ်တိုင်နှင့် အခြားသူများအား ထိခိုက်နစ်နာမှု အမျိုးမျိုးမှ ကာကွယ်ရန် အရေးကြီးသည်။ မည်သူမဆို မိမိကိုယ်မိမိ သို့မဟုတ် အခြား သူများကို ထိခိုက်နစ်နာအောင်ပြုခွင့်မရှိပေ။

ထို့ကြောင့် မည်သူ့ကိုမျှ ထိခိုက်နစ်နာမှုကို ထိခိုက်နစ်နာမှုဖြင့် လက်တုံ့ ပြန်ရန် ခွင့်မပြုထားပေ။ အဘယ်ကြောင့်ဆိုသော် ထိခိုက်နစ်နာမှုအား ထိခိုက်နစ်နာမှုဖြင့် မဖယ်ရှားနိုင်ပေ။ သို့သော် လွန်ကျူးခြင်းမရှိဘဲ တရား သဖြင့် အစားပြန်ယူခြင်းကို ခွင့်ပြုထားသည်။

ထို့နောက် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က လူတို့ အား ထိခိုက်နစ်နာအောင်ပြုသူသည် ထိခိုက်နစ်နာမှု ခံစားရမည်ဖြစ် ကြောင်းနှင့် လူတို့အား ခက်ခဲဒုက္ခရောက်အောင်ပြုသူသည် ခက်ခဲဒုက္ခ ရောက်မည်ဖြစ်ကြောင်း သတိပေးတော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. တူညီသောအတိုင်းအတာထက် ပို၍ အစားယူခြင်းအား တားမြစ်ထားသည်။
2. အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျွန်များအား ထိခိုက်နစ်နာစေမည့် မည်သည့်အရာကိုမျှ လုပ်ဆောင်ရန်

အမိန့်မပေးထားပေ။

3. စကားဖြင့်ဖြစ်စေ၊ လုပ်ရပ်ဖြင့်ဖြစ်စေ၊ လျစ်လျူရှုခြင်းဖြင့်ဖြစ်စေ မိမိ နှင့်အခြားသူကို ထိခိုက်နစ်နာစေခြင်းကို တားမြစ်ထားသည်။
4. လုပ်ရပ်အမျိုးအစားပေါ်မူတည်ပြီး အစားရလဒ် ရရှိမည်ဖြစ်သည်။ အကြင်သူသည် တစ်ဦးတစ်ယောက်ကို ထိခိုက်နစ်နာအောင်ပြုခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းအား ထိခိုက်နစ်နာစေလိမ့်မည်။ အကြင် သူသည် တစ်ဦးတစ်ယောက်အား ခက်ခဲဒုက္ခရောက်အောင်ပြုခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းအားခက်ခဲဒုက္ခရောက်စေလိမ့်မည်။
5. ရှရီအဟ် တရားဥပဒေ၏ အခြေခံစည်းမျဉ်းတစ်ခုမှာ- “ထိခိုက်နစ်နာမှု ကို ဖယ်ရှားရမည်။”ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ရှရီအဟ် တရား ဥပဒေသည် မိမိကိုယ်မိမိ ထိခိုက်နစ်နာအောင်ပြုခြင်းကို လက်မခံ သလို အခြားသူများကို ထိခိုက်နစ်နာစေခြင်းကိုလည်း လက်မခံပေ။

(4711)

(101) – عن أبي هريرة رضي الله عنه: أَنَّ رَجُلًا قَالَ لِلنَّبِيِّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ: أَوْصِنِي، قَالَ: «لَا تَغْضَبْ» فَرَدَّدَ مِرَارًا قَالَ: «لَا تَغْضَبْ». [صحيح] - [رواه البخاري]

(101) – အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု) က ဆင့်ပြန်ခဲ့သည်။ ပုဂ္ဂိုလ်တစ်ဦးက တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား

ကျွန်တော်မျိုးအား ဆုံးမတော်မူပါဟု လျှောက်ထားခဲ့သည်။
ကိုယ်တော်က «အသင်ဒေါသမထားနှင့်ဟု» မိန့်တော်မူသည်။
ထိုပုဂ္ဂိုလ်က အကြိမ်ကြိမ် လျှောက်ထားခဲ့ရာ ကိုယ်တော်က
(အကြိမ်တိုင်းတွင်) «အသင်ဒေါသမထား နှင့်ဟု» မိန့်တော်မူခဲ့သည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

ဆွဟာဗဟ် (ရသွိယလ္လာဟုအန်ဟု)တစ်ဦးက တမန်တော်မြတ် (ဆွလ္လ လ္လာဟုအလိုင်းဟိဝစလ္လမ်)အား မိမိအား အကျိုးဖြစ်စေမည့်အရာကို ညွှန် ကြားပြသပေးရန်တောင်းဆိုခဲ့သည်။ ကိုယ်တော်က သူ့အား ဒေါသမထား ရန် မိန့်ကြားတော်မူခဲ့သည်။ ဆိုလိုသည်မှာ ဒေါသဖြစ်စေသော အကြောင်း တရားများကို ရှောင်ကြဉ်ရန်၊ ဒေါသဖြစ်လျှင်လည်း မိမိကိုယ် မိမိထိန်းချုပ် ရန်နှင့် ဒေါသအလျှောက် သတ်ခြင်း၊ ရိုက်ပုတ်ခြင်း၊ ဆဲဆိုခြင်း စသည်တို့ကို မကျူးလွန်ရန်ဖြစ်သည်။

ထိုသူက ဆုံးမစကားပြောကြားရန် အကြိမ်ကြိမ်တောင်းဆိုခဲ့ရာ ကိုယ် တော်မြတ်(ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)က "အသင်ဒေါသမထားနှင့်" ဟူသည့် စကားအပြင် မည်သည့်စကားမျှ ထပ်မပြောခဲ့ပေ။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဒေါသထားခြင်းနှင့် ဒေါသဖြစ်စေသောအကြောင်းခံများမှ ရှောင်ကြဉ် ရန် သတိပေးထားသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် မကောင်း မှုအားလုံး၏ အရင်းမြစ်ဖြစ်ပြီး၊ ၎င်းမှရှောင်ကြဉ်ခြင်းသည် ကောင်း ခြင်းအားလုံး၏ အရင်းမြစ်ဖြစ်သည်။
2. အလ္လာဟ်အတွက် ဒေါသထားခြင်းသည် ချီးမွမ်းထိုက်သည့် ဒေါသ အနက်မှဖြစ်သည်။ ဥပမာ- အလ္လာဟ်အရှင်မြတ်၏ တားမြစ်ချက်များ ကို ဖောက်ဖျက်သောကြောင့် ဒေါသထားခြင်းမျိုးဖြစ်သည်။
3. ပြောလိုက်သည့်စကားကို နားထောင်နေသူက သတိပြုမိပြီး စကား၏ အရေးပါမှုကို သိရှိလာစေရန်အတွက် လိုအပ်ပါက ထပ်ခါတလဲလဲ ပြောရမည်။
4. ဆုံးမစကားပြောကြားပေးရန် ပညာရှင်တို့အား တောင်းဆိုခြင်း၏ မွန်မြတ်မှုကို တင်ပြထားသည်။

(4709)

(102) – عن أبي هريرة رضي الله عنه أن رسول الله صلى الله عليه وسلم قال: «لَيْسَ الشَّدِيدُ بِالصُّرَعَةِ، إِنَّمَا الشَّدِيدُ الَّذِي يَمْلِكُ نَفْسَهُ عِنْدَ الْغَضَبِ». [صحيح] – [متفق عليه]

(102) – အဗူဟုရိုင်ရဟ်(ရသ္ဝိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ သူတစ်ပါးကို လှဲချနိုင်သူသည် အားအင်ရှိသူ မဟုတ် ပေ။ အားအင်ရှိသူဆိုသည်မှာ ဒေါသထွက်သည့်အခါ မိမိစိတ်ကို ထိန်းနိုင်သူ ပင်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူခဲ့ သည်။ စစ်မှန်သည့် အင်အားဟူသည် ခန္ဓာကိုယ် ခွန်အားဗလကြီးခြင်း၊ ခွန်အားဗလကြီးသူကို လှဲချနိုင်ခြင်းမဟုတ်၊ စစ်မှန်သည့် အင်အားဟူသည် အမျက်ဒေါသ အလွန်ထွက်နေသည့်အခါတွင် မိမိ၏စိတ်ကို ထိန်းချုပ် အနိုင် ယူနိုင်သူသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤသည် မိမိကိုယ်မိမိ ထိန်းချုပ်နိုင်စွမ်းရှိခြင်းနှင့် ရှိုင်သွာန်အပေါ် လွှမ်းမိုးနိုင်ကြောင်းကို ညွှန်ပြ နေသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. သည်းခံမျိုသိပ်ခြင်းနှင့် ဒေါသဖြစ်သည့်အခါ စိတ်ကိုချုပ်ထိန်းခြင်း၏ မွန်မြတ်မှုကိုဖော်ပြထားသည်။

ဤအချက်သည် အစ္စလာမ်သာသနာက တိုက်တွန်းထားသော ကောင်းမြတ်သည့် အကျင့်သီလထဲတွင် ပါဝင် သည်။

2. အမျက်ဒေါသထွက်သည့်အခါ၌ စိတ်ကို ထိန်းချုပ်ရန် ကြိုးပမ်းခြင်းသည် ရန်သူအပေါ် အနိုင်ရရန် ကြိုးပမ်းခြင်းထက် ပို၍ခက်ခဲသည်။
3. အစ္စလာမ်သည် (ဂျာဟိလိယယ်) အစ္စလာမ်မတိုင်မီ အမိုက်ခေတ်၏ အားအင်ကြီးခြင်း အယူအဆကို မွန်မြတ်သည့် ကိုယ်ကျင့်တရားဖြင့် ပြောင်းလဲပစ်ခဲ့သည်။ လူတို့အနက် အားအင်အကြီးဆုံးသူမှာ မိမိ၏ စိတ်ကို ချုန်းအုပ်နိုင်သူဖြစ်သည်။
4. အမျက်ဒေါသသည် လူတစ်ဦးချင်းစီနှင့် လူအဖွဲ့အစည်းကို ဆိုးကျိုးဖြစ် စေသောကြောင့် အမျက်ဒေါသမှ ဝေးစွာရှောင်ကြဉ်ရမည်။

(5351)

(103) – عن عبد الله بن عمر رضي الله عنهما قال: سَمِعَ النَّبِيُّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ رَجُلًا يَعِظُ أَخَاهُ فِي الْحَيَاءِ، فَقَالَ: «الْحَيَاءُ مِنَ الْإِيمَانِ». [صحيح] – [متفق عليه]

(103) – အဗ်ဒုလ္လာဟ်ဗင်န်အုမရ် (ရဿိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့ သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် လူတစ်ဦးက သူ၏ညီနောင်အား အရှက်တရားအကြောင်း ပြောကြားနေသည်ကို ကြား တော်မူခဲ့သည်။ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ- အရှက်တရား သည်

အီမာန်သက်ဝင်ယုံကြည်မှုအနက်မှဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

လူတစ်ဦးသည် မိမိညီနောင်တစ်ဦးအား အလွန်အမင်းအရှက်တရားထားခြင်းမပြုရန် ဆုံးမနေသည်ကို တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်း ဟိဝစလ္လမ်)က ကြားတော်မူခဲ့သည်။ ထိုအခါ ကိုယ်တော်က သူ့အား အရှက် တရားသည် အီမာန်သက်ဝင်ယုံကြည်မှုအနက်မှဖြစ်ပြီး ၎င်းသည် ကောင်း ကျိုးကိုသာ ယူဆောင်လာကြောင်း ရှင်းပြတော်မူခဲ့သည်။

အရှက်တရားသည် ကောင်းမြတ်သည့်လုပ်ရပ်များကို လုပ်ဆောင်ရန် နှင့် မကောင်းသည့်လုပ်ရပ်များကို စွန့်လွှတ်ရန် တိုက်တွန်းပေးသော ကိုယ် ကျင့်တရားကောင်းတစ်ခု ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကောင်းမှုကိုဆောင်ရွက်ရန် သင့်အား တားဆီးသောအရာကို အရှက် တရားဟု မခေါ်ဘဲ ၎င်းအား ရှက်ရွံ့မှု၊ မတတ်စွမ်းနိုင်မှု၊ ချည့်နဲ့မှု၊ သူရဲ ဘောကြောင်မှု ဟုသာခေါ်ဆိုရမည်။
2. အလ္လာဟ်အရှင်မြတ်အား အရှက်တရားထားရှိခြင်းဟူသည် အမိန့် တော်များကို လိုက်နာခြင်း၊ တားမြစ်ချက်များကို ရှောင်ကြဉ်ခြင်း ဖြစ် သည်။

3. အဖန်ဆင်းခံများအား အရှက်တရားထားရှိခြင်းဟူသည် ၎င်းတို့အား ဂုဏ်ပေးလေးစားခြင်း၊ ၎င်းတို့၏ အဆင့်အတန်းနှင့်အညီ ဆက်ဆံ ခြင်း၊ လူတို့ထံ၌ ညစ်ညမ်းသည်ဟု သတ်မှတ်ထားသည့်အရာများမှ ရှောင်ကြဉ်ခြင်း ဖြစ်သည်။

(5478)

(104) – **عن المِقدام بن معدي كرب رضي الله عنه عن النبي صلى الله عليه وسلم قال:** «إِذَا أَحَبَّ الرَّجُلُ أَخَاهُ فَلْيُخْبِرْهُ أَنَّهُ يُحِبُّهُ». [صحيح] - [رواه أبو داود والترمذي والنسائي في السنن الكبرى وأحمد]

(104) – မိက်ဒါဒ်ဗင်န်မအ်ဒီကရိဗ် (ရသိွယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့ သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူ သည်။ လူတစ်ဦးသည် မိမိ၏ညီနောင်အား ချစ်ခင်ပါက ၎င်းအားချစ်ခင် ကြောင်းအသိပေးပါ။ [ဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] – [အဗူဒါဝူဒ်ကျမ်း၊ သိရ်မိဇီကျမ်း၊ နစာအီ၏စုနန်ကုဗ်ရာကျမ်း၊ အဟ်မဒ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မုအ်မင်န်များ အကြား ဆက်ဆံရေးပိုမိုခိုင်မာစေပြီး ချစ်ခင်ရင်းနှီးမှု

ပြန့်ပွားစေမည့် အကြောင်းခံတစ်ရပ်ကို ရှင်းပြတော်မူခဲ့သည်။ ယင်းမှာ လူတစ်ဦးသည် မိမိ ၏ညီနောင်အား ချစ်ခင်ပါက ၎င်းအား ချစ်ခင်ကြောင်း အသိပေးခြင်းဖြစ် သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. လောကီအကျိုးအတွက် မဟုတ်ဘဲ သီးသန့် အလ္လာဟ်အရှင်မြတ်အတွက်သာ ချစ်ခင်ခြင်း၏ ထွတ်မြတ်မှုကို ဖော်ပြထားသည်။
2. ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးပွားလာစေရန် အလ္လာဟ်အရှင်မြတ်အတွက် မိမိ ချစ်ခင်ရသောသူအား ချစ်ခင်ကြောင်း အသိပေးခြင်းသည် မွတ်စ် သဟာဗ်ကောင်းမွန်သော ကိစ္စရပ်ဖြစ်သည်။
3. မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အကြား ချစ်ခင်ရင်းနှီးမှုကို ဖြန့်ကြက် ခြင်းသည် မွတ်စ်လင်မ်ညီနောင်စိတ်ဓာတ်ကို ခိုင်မာအားကောင်းစေပြီး လူအဖွဲ့အစည်းအတွင်း အားနည်းခြင်း၊ ပြိုကွဲခြင်းတို့ကို ထိန်းသိမ်းပေး သည်။

(3017)

(105) – عن جابر بن عبد الله رضي الله عنهما عن النبي صلى الله عليه وسلم قال:

«كُلُّ مَعْرُوفٍ صَدَقَةٌ». [صحيح] - [رواه البخاري من حديث جابر، ورواه مسلم من حديث حذيفة]

(105) – ဂျာဗိရ် ဗင်န် အဗ်ဒုလ္လာဟ် (ရည်ဝ်ိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့ သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူ သည်။ ကောင်းမှုဟူသမျှသည် ဆွဒကဟ် အလှူဒါနပင်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] – [အိမာမ်ဗုခါရီသည် ဂျာဗိရ်၏ဟဒီးဆ်အား ဆင့်ပြန်ခဲ့သည်။ အိမာမ်မွတ်စ်လင်မ်သည် ဟုဇိုင်ဖဟ်၏ဟဒီးဆ်အား ဆင့်ပြန်ခဲ့သည်။]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်မှာ စကားနှင့်ဖြစ်စေ၊ လုပ်ရပ်နှင့်ဖြစ်စေ သူတစ်ပါးကို အကျိုးပြုမှု တိုင်းသည် ဆွဒကဟ် အလှူဒါနဖြစ်ပြီး အကျိုးကုသိုလ် ရရှိမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဆွဒကဟ် အလှူဒါနဟူသည် လူသားတို့လှူဒါန်းလိုက်သည့် ဥစ္စာပစ္စည်း ကိုသာ ခေါ်ဆိုခြင်းမဟုတ်။ အခြားသူများအပေါ် လူသားတို့ပြုလုပ် လိုက်သော ကောင်းမြတ်သည့် လုပ်ရပ်နှင့် အပြောအဆိုတိုင်းသည် ဆွဒကဟ်အလှူဒါနပင်ဖြစ်သည်။
2. ဟဒီးဆ်တော်၌ ကောင်းမှုကို အစွမ်းကုန်ကြိုးစားပြုလုပ်ရန်နှင့် အခြား သူများအတွက် အကျိုးရှိသောအရာတိုင်းကို ပြုလုပ်ရန် တိုက်တွန်း ထားသည်။

3. နည်းပါးသည်ဖြစ်စေ မည်သည့်ကောင်းမှုကုသိုလ်ကိုမျှ အထင်မသေး ရပါ။

(5346)

(106) – عن أبي هريرة رضي الله عنه عن رسول الله صلى الله عليه وسلم قال: «مَنْ كَانَ يُؤْمِنُ بِاللهِ وَالْيَوْمِ الْآخِرِ فَلْيَقُلْ خَيْرًا أَوْ لِيَصْمُتْ، وَمَنْ كَانَ يُؤْمِنُ بِاللهِ وَالْيَوْمِ الْآخِرِ فَلْيُكْرِمْ جَارَهُ، وَمَنْ كَانَ يُؤْمِنُ بِاللهِ وَالْيَوْمِ الْآخِرِ فَلْيُكْرِمْ ضَيْفَهُ». [صحيح] - [متفق عليه]

(106) – အဗူဟူရိုင်ရဟ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ ကို အီမာန်သက်ဝင်ယုံကြည်လျှင် ကောင်းသည့်စကားကိုသာ ပြောဆိုပါ၊ သို့မဟုတ် ဆိတ်ဆိတ်နေပါ။ မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် နောက် ဆုံးနေ့ကို အီမာန်သက်ဝင်ယုံကြည်လျှင် မိမိအိမ်နီးချင်းအား ဂုဏ်ပေးပါ။ မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို အီမာန်သက်ဝင်ယုံကြည်လျှင် မိမိဧည့်သည်အား ဂုဏ်ပေးလေးစားပါ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းလင်း မိန့်ကြားတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ဖြစ်သော အရှင် မြတ်ထံ ပြန်လှည့်ရမည့်နေ့၊ လုပ်ရပ်များကို အစားပြန်လည်ပေးမည့်နေ့ကို အီမာန်သက်ဝင်ယုံကြည်သူ မုအ်မင်န်တိုင်းအား သူ၏အီမာန်သက်ဝင် ယုံ ကြည်မှုက အောက်ပါလုပ်ရပ်များကို ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော် မည်ဖြစ်သည်။

၎င်းတို့မှာ- (၁) ကောင်းသည့်စကားကိုသာ ပြောဆိုခြင်း။ ယင်း၌ 'سُبْحَانَ الله' ဖတ်ခြင်း၊ 'لَا إِلٰهَ إِلَّا الله ' ဖတ်ခြင်း၊ ကောင်းရာညွှန်ကြားခြင်း၊ မကောင်းမှု မှ တားမြစ်ခြင်း၊ လူတို့ကြား၌ သင့်မြတ်အောင် ဆောင်ရွက်ပေးခြင်း စသည်တို့ပါဝင်သည်။ အကယ်၍ ထိုသို့ မလုပ်နိုင်ပါက ဆိတ်ဆိတ်နေရ မည်။ လူတို့အား ဒုက္ခမပေးဘဲ နှုတ်လျှာကို ထိန်းသိမ်းရမည်။

(၂) အိမ်နီးချင်းအား ဂုဏ်ပေးခြင်း။ ၎င်းတို့အား ကောင်းကျိုးပြုခြင်း၊ ဒုက္ခမပေးခြင်း။

(၃) မိမိအား လာရောက်တွေ့ဆုံသည့် ဧည့်သည်အား ဂုဏ်ပေးလေးစား ခြင်း။ ၎င်းတို့အား ကောင်းမွန်ချိုသာစွာစကားပြောခြင်း၊ အစားအသောက် ကျွေးမွေးခြင်း စသည်တို့ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို အီမာန်သက်ဝင်ယုံကြည်ခြင်းသည် ကောင်းခြင်းအားလုံး၏ ဇာစ်မြစ်ဖြစ်ပြီး ကောင်းမြတ်သည့် အကျင့်သီလများကို ရှင်သန်စေသည်။
2. နှုတ်လျှာ၏ ဆိုးကျိုးများမှ ရှောင်ကြဉ်ရန် သတိပေးထားသည်။
3. အစ္စလာမ်သာသနာသည် ချစ်ခင်ရင်းနှီးမှု၊ ဂုဏ်ပေးလေးစားမှုကို ဖော် ဆောင်သော သာသနာဖြစ်သည်။
4. ဤအကျင့်အမူများသည် အီမာန်ယုံကြည်မှု၏ အကိုင်းအလက်များနှင့် မြင့်မြတ်သည့် ကိုယ်ကျင့်တရားများ အနက်မှဖြစ်သည်။
5. စကားများများပြောခြင်းသည် မနှစ်သက်ဖွယ်ရာနှင့် တားမြစ်ထား သောအရာဆီသို့ တွန်းပို့ပေးသည်။ ကောင်းမြတ်သည့် စကားကိုပြော ခြင်း သို့မဟုတ် ဆိတ်ဆိတ်နေခြင်း၌ ငြိမ်းချမ်းမှုရှိသည်။

(5437)

(107) – عن أبي ذر رضي الله عنه قال: قال لي النبي صلى الله عليه وسلم: «لَا تَحْقِرَنَّ مِنَ الْمَعْرُوفِ شَيْئًا، وَلَوْ أَنْ تَلْقَى أَخَاكَ بِوَجْهٍ طَلْقٍ». [صحيح] - [رواه مسلم]

(107) – အဗူဇရ် (ရဎိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော် မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ကျွန်တော့်အား

မိန့်ကြားတော်မူခဲ့ သည်။ သင်၏ညီနောင်အား ပြုံးရွှင်ချိုသာသော မျက်နှာဖြင့် တွေ့ဆုံလိုက် ခြင်းပင်ဖြစ်စေ မည်သည့်ကောင်းမှုကိုမျှ သင်အထင်မသေးလေနှင့်။ [ဤဟာဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

ကောင်းမှုများ ပြုလုပ်ရန်နှင့် အနည်းငယ်မျှသော ကောင်းမှုကုသိုလ်ကို ပင် အထင်မသေးမိစေရန် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)က တိုက်တွန်းနှိုးဆော်ထားသည်။ ၎င်းတွင် လူတို့အား ပြုံးရွှင် ချိုသာသော မျက်နှာနှင့် ဆုံတွေ့ခြင်းလည်းပါဝင်သည်။ ဤလုပ်ရပ်သည် မွတ်စ်လင်မ် ညီနောင်တစ်ဦးအား ရင်းနှီးချစ်ခင်မှုကို ခံစားစေပြီး ၎င်းကို ပျော်ရွှင်စေသောကြောင့် မွတ်စ်လင်မ်တိုင်းသည် ထိုကိစ္စအား စိတ်အား ထက်သန်စွာဆောင်ရွက်သင့်သည်။

## ဟာဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. မုအ်မင်န်များကြားတွင် ချစ်ခင်ခြင်း၊ ပြုံးရွှင်ချိုသာစွာ ဆုံတွေ့ခြင်းတို့ ၏ မွန်မြတ်မှုကို ဖော်ပြထားသည်။
2. ဤရှရီအဟ် တရားလမ်းစဉ်သည် ပြည့်စုံလှပြီး၊ ထိုတရားလမ်းစဉ် သည် မွတ်စ်လင်မ်များအတွက် အကျိုးရှိသော အရာများနှင့် ၎င်းတို့၏ စကားများကို စုစည်းညီညွတ်စေမည့်

အရာများအားလုံးကို ယူဆောင် လာသည်။

3. သေးငယ်သော ကုသိုလ်ကောင်းမှုကိုလည်း ပြုလုပ်ရန် တိုက်တွန်းထား သည်။
4. မွတ်စ်လင်မ်များကို ဝမ်းမြောက်ပျော်ရွှင်အောင် လုပ်ပေးခြင်းသည် (မွတ်စ်သဟာဗ်)ကောင်းမြတ်ပေသည်။ ထိုသို့ပြုလုပ်ခြင်းသည် ၎င်းတို့ ကြား၌ ချစ်ခင်ရင်းနှီးမှုကို ဖော်ဆောင်ပေးသည်။

(5348)

(108) – عن جرير بن عبد الله رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «مَنْ لَا يَرْحَمِ النَّاسَ لَا يَرْحَمْهُ اللهُ عَزَّ وَجَلَّ». [صحيح] - [متفق عليه]

(108) – ဂျရီးရ်ဗင်န် အဗ်ဒုလ္လာဟ် (ရသိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့ သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိ ဝစလ္လမ်) မိန့်ကြားတော်မူသည်။ လူသားတို့အား သနားကြင်နာမှု မရှိသူကို အလ္လာဟ်အရှင်မြတ်ကလည်း သနားကြင်နာတော်မူမည် မဟုတ်ပေ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကရှင်းလင်း မိန့်ကြား တော်မူသည်မှာ လူသားတို့အား သနားကြင်နာမှု မရှိသူကို အလ္လာဟ်အရှင် မြတ်ကလည်း သနားကြင်နာတော်မူမည် မဟုတ်ပေ။

အဖန်ဆင်းခံများ အပေါ် ဗန္ဒာကျေးကျွန်၏ သနားကြင်နာမှုသည် အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ် ကရုဏာတော်ကို ရရှိရန်အတွက် အကြီးဆုံးအကြောင်းခံ တစ်ခု ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အဖန်ဆင်းခံအားလုံးအပေါ် သနားကြင်နာမှုထားရှိရန် လိုအပ်သည်။ ဟဒီးဆ်တော်၌ လူသားကို သီးသန့်တင်ပြထားခြင်းသည် အလေး အနက်ထားသည့် သဘောမျိုးသာဖြစ်သည်။
2. အလ္လာဟ်အရှင်မြတ်သည် သနားကြင်နာတော်မူသောအရှင် ဖြစ်တော် မူပြီး သနားကြင်နာစိတ်ရှိသော မိမိ၏ကျေးကျွန်များကို သနားကြင်နာ တော်မူသည်။ လုပ်ရပ်အမျိုးအစားနှင့်အညီ အစားရရှိခြင်းဖြစ်သည်။
3. လူတို့အပေါ် သနားကြင်နာခြင်းဆိုသည်မှာ ၎င်းတို့အတွက် ကောင်းခြင်း များ ဆောင်ကြဉ်းပေးခြင်း၊ ဆိုးကျိုးများ ဖယ်ရှားပေးခြင်း၊ ကောင်းမွန် စွာ ဆက်ဆံခြင်းတို့ဖြစ်သည်။

(5439)

(109) – عن أبي هريرة رضي الله عنه قال: سمعتُ رسولَ الله صلى الله عليه وسلم يقول: «حَقُّ الْمُسْلِمِ عَلَى الْمُسْلِمِ خَمْسٌ: رَدُّ السَّلَامِ، وَعِيَادَةُ الْمَرِيضِ، وَاتِّبَاعُ الْجَنَائِزِ، وَإِجَابَةُ الدَّعْوَةِ، وَتَشْمِيتُ الْعَاطِسِ». [صحيح] - [متفق عليه]

(109) – အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု) ကဆင့်ပြန်ခဲ့သည်။ ကျွန် တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြား တော်မူသည်ကို ကြားသိခဲ့ရသည်။ မွတ်စ်လင်မ်တစ်ဦးသည် အခြား မွတ်စ်လင်မ် တစ်ဦးအပေါ်တွင် ဝတ္တရားငါးခုရှိသည်။ ၎င်းတို့မှာ(၁) စလာမ် ၏အဖြေပေးခြင်း (၂) လူမမာ သတင်းမေးခြင်း (၃) ဂျနာဇဟ်လိုက်ပါ ပို့ ဆောင်ခြင်း (၄) ဖိတ်ခေါ်ကျွေးမွေးမှုကို လက်ခံခြင်း (၅) နှာချေသူကို ဆုတောင်းပေးခြင်းတို့ဖြစ်သည်။ [ဤဟာဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မွတ်စ်လင် ညီနောင် အချင်းချင်း တစ်ဦးအပေါ်တစ်ဦးထားရှိရမည့် အချို့သော ဝတ္တရား များကို ရှင်းပြတော်မူခဲ့သည်။ ၎င်းတို့အနက် ပထမဝတ္တရားမှာ မိမိအား စလာမ်ပေးသူကို စလာမ်၏ အဖြေပေးခြင်းဖြစ်သည်။

ဒုတိယဝတ္တရားမှာ လူမမာကို သွားရောက်တွေ့ဆုံကာ သတင်းမေးခြင်း ဖြစ်သည်။

တတိယဝတ္တရားမှာ ဂျနာဇဟ်အား ၎င်း၏အိမ်မှ ဂျနာဇဟ်ဆွလာသ် ဝတ်ပြုရာသို့လည်းကောင်း၊ ကဗရ်သင်္ချိုင်းသို့လည်းကောင်း မြှုပ်နှံပြီးသည် အထိ လိုက်ပါပို့ဆောင်ခြင်းဖြစ်သည်။

စတုတ္ထဝတ္တရားမှာ ဝလီမဟ် မင်္ဂလာညည့်ခံပွဲသို့ဖြစ်စေ၊

အခြားကျေးမွေး ပွဲများသို့ဖြစ်စေ ဖိတ်ကြားသည့်အခါ လက်ခံခြင်းဖြစ်သည်။

ပဥ္စမဝတ္တရားမှာ နှာချေသူကို ဆုတောင်းပေးခြင်းဖြစ်သည်။ ဤသည် နှာချေသူက "အလ်ဟမ်ဒုလိလ္လာဟ်" (ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ် အရှင်မြတ် အဖို့သာဖြစ်သည်)ဟု ဆိုသည့်အခါ ကြားသူက "ယရ်ဟမု ကလ္လာဟ်" (အသင့်ကို အလ္လာဟ်အရှင်မြတ် ကရုဏာ သက်တော်မူပါစေ)ဟု ပြန်လည်ဖြေကြားခြင်းဖြစ်သည်။ ထို့နောက် နှာချေသူက "ယဟ်ဒီ ကုမွလ္လာဟု ဝယွတ်စ်လိဟ် ဗားလကွမ်" (အသင်တို့ကို အလ္လာဟ်အရှင်မြတ် လမ်းမှန်ပြပေးတော်မူပါစေ၊ အသင်တို့၏ အရေးကိစ္စကို ကောင်းမွန်အောင် ပြုလုပ်ပေးတော်မူပါစေ) ဟုဆိုရမည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အစ္စလာမ်သာသနာသည် မွတ်စ်လင်မ်များအကြားရှိ ဝတ္တရားများကို ခိုင်မာစေရန်၊ ညီနောင်စိတ်ဓါတ်နှင့် ချစ်ခင်မှုတို့ကို ခိုင်မာအားကောင်း စေရန် အလေးအမြတ်ထားကြောင်း ဖော်ပြသည်။

(3706)

(110) – عن ابن عمر رضي الله عنهما قال: قال رسول الله صلى الله عليه وسلم:

«مَا زَالَ يُوصِينِي جِبْرِيلُ بِالْجَارِ، حَتَّى ظَنَنْتُ أَنَّهُ سَيُوَرِّثُهُ». [صحيح] - [متفق عليه]

(110) – အိဗ်နုအုမရ်(ရသွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကောင်းကင်တမန် ဂျိဗ်ရီလ်(အလိုင်းဟိစ္စလာမ်) သည် ငါကိုယ်တော်အား အိမ်နီးချင်းနှင့်ပတ်သက်၍ ကောင်းမွန်စွာ ဆက်ဆံ ရန် အမြဲမှာကြားတော်မူသည်။ အဘယ်မျှထိဆိုသော် အိမ်နီးချင်းအား အမွေ စားအမွေခံအဖြစ် သတ်မှတ်လိုက်မည်ဟုပင် ငါကိုယ်တော် ထင်မိခဲ့သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူ သည်။ ကောင်းကင်တမန် ဂျိဗ်ရီလ် (အလိုင်းဟိစ္စလာမ်)သည် ကိုယ်တော် အား အိမ်နီးချင်းနှင့် ပတ်သက်၍ ထိုအိမ်နီးချင်းသည် မွတ်စ်လင်မ်ဖြစ်စေ၊ ကာဖိရ်ဖြစ်စေ၊ ဆွေမျိုးတော်စပ်သည်ဖြစ်စေ၊ မတော်စပ်သည်ဖြစ်စေ အလေးထားရန်နှင့် အိမ်နီးချင်း၏အခွင့်အရေးကို ထိန်းသိမ်းစောင့်ရှောက် ရန်၊ ၎င်းအား ဒုက္ခမပေးဘဲ ကောင်းကျိုးပြုရန်၊ ၎င်းတို့ပေးသည့်ဒုက္ခအပေါ်သည်းခံရန် အကြိမ်ကြိမ်မှာကြားခဲ့သည်။ အိမ်နီးချင်း၏ ဝတ္တရားကြီးမား မှု နှင့်  ဂျိဗ်ရီလ် (အလိုင်းဟိစ္စလာမ်)၏ အကြိမ်ကြိမ်မှာကြားမှုတို့ကြောင့် လူတစ်ဦးသေဆုံးပြီးနောက်

သူ၏အိမ်နီးချင်းကိုပါ အမွေခွဲဝေပေးရမည်ဟူ သည့် ဝဟီဗျာဒိတ်တော် ကျရောက်လာမလားဟုပင် ကိုယ်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ထင်ခဲ့မိသည်။

### ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အိမ်နီးချင်းနှင့် သက်ဆိုင်သည့် ဝတ္တရားသည်ကြီးမားပြီး ထိုဝတ္တရား များကို လေးစားလိုက်နာရန် တာဝန်ရှိသည်။
2. အိမ်နီးချင်းဝတ္တရားနှင့် ပတ်သက်၍ အလေးအနက်ထားမှာတမ်းခြင်း သည် ၎င်းတို့အားဂုဏ်ပေးလေးစားရန်၊ ချစ်ခင်ရန်၊ ကောင်းကျိုးပြုပြီး ဆိုးကျိုးကိုဖယ်ရှားပေးရန်၊ နာမကျန်းဖြစ်သည့်အခါ သွားရောက်မေး မြန်းရန်၊ ပျော်ရွှင်စရာကိစ္စများတွင် ဝမ်းမြောက်ကြောင်းပြောဆိုရန်နှင့် ဒုက္ခရောက်သည့်အခါ ဖြေသိမ့်ပေးရန်တို့ လိုအပ်ကြောင်း ဖော်ပြ နေသည်။
3. အိမ်နီးနားချင်းများအနက် တံခါးပိုနီးသူ၏ ဝတ္တရားသည် ပို၍အရေး ကြီးသည်။
4. အိမ်နီးချင်းအား ကောင်းကျိုးပြုပြီး ၎င်းတို့၏ အခက်အခဲဒုက္ခများကို ဖယ်ရှားပေးခြင်းသည် လူ့အဖွဲ့အစည်း၏ ကောင်းကျိုးကို ဖော်ဆောင် ပေးသော အစ္စလာမ့်တရားလမ်းစဉ်၏ ပြီးပြည့်စုံမှုပင်ဖြစ်သည်။

(4965)

(111) – عن أبي الدرداء رضي الله عنه عن النبي صلى الله عليه وسلم قال: «مَنْ رَدَّ عَنْ عِرْضِ أَخِيهِ رَدَّ اللهُ عَنْ وَجْهِهِ النَّارَ يَوْمَ الْقِيَامَةِ». [صحيح] - [رواه الترمذي وأحمد]

(111) – အဗူဒရ်ဒါအ်(ရသိွယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အကြင် သူသည် မိမိညီနောင်၏ ဂုဏ်သိက္ခာကို (၎င်းသူကွယ်ရာ၌) ကာကွယ်ပေးခဲ့ လျှင် ကိယာမသ် တရားစီရင်မည့်နေ့၌ အလ္လာဟ်အရှင်မြတ်သည် ထိုသူ၏ မျက်နှာအား ဂျဟန္နမ်ငရဲမီးမှ ကာကွယ်ပေးတော်မူမည်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] – [သိရ်မိဇီကျမ်း၊ အဟ်မဒ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်။ အကြင်သူသည် မိမိ၏ မွတ်စ်လင်မ်ညီနောင်တစ်ဦးအား သူ၏ ကွယ် ရာ၌ သူ့အားစော်ကားနေခြင်း၊ မကောင်းပြောနေခြင်းတို့ကို တားမြစ်ကာ ၎င်း၏ ဂုဏ်သိက္ခာကို ကာကွယ်ပေးခဲ့လျှင် ကိယာမသ် တရားစီရင်မည့်နေ့၌ အလ္လာဟ်အရှင်မြတ်သည် ထိုသူအား ဂျဟန္နမ်ငရဲမီး၏ ပြစ်ဒဏ်မှ ကာကွယ် ပေးတော်မူမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. မွတ်စ်လင်မ်တို့၏ ဂုဏ်သိက္ခာကို ထိပါးစော်ကား၍ ပြောဆိုခြင်းကို တားမြစ်ထားသည်။
2. လုပ်ရပ်အမျိုးအစားနှင့်အညီ အစားရလဒ်ရရှိခြင်းဖြစ်သည်။ မိမိ ညီနောင်၏ ဂုဏ်သိက္ခာကို ကာကွယ်ပေးသူအား အလ္လာဟ်အရှင်မြတ် က ဂျဟန္နမ်ငရဲမီးမှ ကာကွယ်ပေးတော်မူမည်ဖြစ်သည်။
3. အစ္စလာမ်သာသနာသည် မွတ်စ်လင်မ်အချင်းချင်းအကြား၌ ညီနောင် စိတ်ဓာတ်နှင့် ကူညီရိုင်းပင်းခြင်းတို့ကို အားပေးသော သာသနာ ဖြစ် သည်။

(5514)

(112) – عن عائشة رضي الله عنها زوج النبي صلى الله عليه وسلم عن النبي صلى الله عليه وسلم قال: «إِنَّ الرِّفْقَ لَا يَكُونُ فِي شَيْءٍ إِلَّا زَانَهُ، وَلَا يُنْزَعُ مِنْ شَيْءٍ إِلَّا شَانَهُ».

[صحيح] - [رواه مسلم]

(112) – တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကြင်ရာတော် အာအိရှဟ် (ရည်ိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သည့် အရာ တွင်မဆို နူးညံ့သိမ်မွေ့မှု ရှိပါက ထိုအရာကို လှပတင့်တယ်စေပြီး၊ မည်သည့်အရာတွင်မဆို နူးညံ့သိမ်မွေ့မှုကို

ဖယ်ထုတ်လိုက်ပါက ထိုအရာ ကို ချို့ယွင်းမှု ဖြစ်စေသည်။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းလင်း မိန့်ကြားတော်မူခဲ့သည်မှာ အပြောအဆိုနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းတို့၌ နူးညံ့ သိမ်မွေ့ခြင်း၊ အလျင်စလိုမပြုခြင်းတို့သည် အရေးကိစ္စတိုင်းကို ပိုမိုလှပ ပြည့်စုံစေသည်။ ထို့ပြင် နူးညံ့သိမ်မွေ့မှုရှိသူသည် မိမိ၏လိုအပ်ချက်ကို ရရှိနိုင်မည်ဖြစ်သည်။

နူးညံ့သိမ်မွေ့မှု မရှိခြင်းသည် အရေးကိစ္စတိုင်းကို ချို့ယွင်းမှုဖြစ်စေပြီး ရုပ်ဆိုးအကျည်းတန်စေသည်။ ထို့ပြင်ကာယကံရှင်အား သူ၏လိုအပ်ချက် များ မရရှိအောင် တားဆီးပိတ်ပင်သည်။ အကယ်၍ ၎င်းအနေဖြင့် မိမိ လိုအပ်ချက်များကို ရရှိခဲ့လျှင်လည်း အခက်အခဲများဖြင့်သာ ရရှိလိမ့်မည် ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. နူးညံ့သိမ်မွေ့သည့် အကျင့်စာရိတ္တမွေးမြူရန် တိုက်တွန်းထားသည်။
2. နူးညံ့သိမ်မွေ့မှုသည် လူတစ်ဦးကို လှပတင့်တယ်စေပြီး သာသနာရေး၊ လောကီရေးကိစ္စများ ကောင်းမွန်စေရန်အတွက် အကြောင်းခံဖြစ် သည်။

(5796)

(113) – عن أنس بن مالك رضي الله عنه عن النبي صلى الله عليه وسلم قال:

«يَسِّرُوا وَلَا تُعَسِّرُوا، وَبَشِّرُوا وَلَا تُنَفِّرُوا». [صحيح] - [متفق عليه]

(113) – အနတ်စ် ဗင်န် မာလိက် (ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူ သည်။ အသင်တို့သည် (လူတို့၏ အရေးကိစ္စများကို) လွယ်ကူအောင် ပြုပေး ကြပါ၊ ခက်ခဲအောင် မပြုကြနှင့်။ သတင်းကောင်းပေးကြပါ၊ (ကောင်းမြတ် သည့် ကိစ္စများမှ) ဝေးကွာအောင် မလုပ်ကြနှင့်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

လောကီရေး သာသနာရေး ကိစ္စတိုင်းအား လူတို့အပေါ် လွယ်ကူသက်သာစေရန်နှင့် ခက်ခဲအောင်မပြုလုပ်ကြရန် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်။ သို့သော် ဤကိစ္စကို အလ္လာဟ်အရှင်မြတ် ခွင့်ပြုထားသော တရားတော်ဘောင်အတွင်းမှသာ ဆောင်ရွက်ရမည်။

လူတို့အား ကောင်းမြတ်သည့် သတင်းကောင်းများကိုပေးရန်နှင့် ကောင်းမှုများမှ ဝေးကွာအောင် မပြုလုပ်ရန် တိုက်တွန်းထားသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. မုအ်မင်န်တို့၏ တာဝန်သည် လူတို့အား အလ္လာဟ်အရှင်မြတ်ကို ချစ် မြတ်နိုးလာစေရန်နှင့် ကောင်းမြတ်သည့် ကိစ္စများကို လိုလားမှုရှိလာ စေရန် လုပ်ဆောင်ပေးရမည်ဖြစ်သည်။
2. အလ္လာဟ်ဘက်သို့ ဖိတ်ခေါ်သူ ဒါအီသည် လူတို့အား အစ္စလာမ်ဘက် သို့ဖိတ်ခါမြည့် သဗ်လိဂ်နည်းလမ်းကို ဟိက်မသ်အမြော်မြင်နှင့်တကွ ရွေး ချယ်ရမည်။
3. ဝမ်းမြောက်စရာ သတင်းကောင်းပေးခြင်းသည် ဒါအီကိုယ်တိုင်နှင့် လူ တို့အား တင်ပြသော ၎င်း၏တရားစကားများတွင် ပျော်ရွှင်မှု၊ စိတ်အား ထက်သန်မှု၊ စိတ်အေးချမ်းမှုတို့ကို မွေးဖွားပေးမည်ဖြစ်သည်။
4. ခက်ခဲအောင်လုပ်ခြင်းသည် ဒါအီ၏ စကားကို မနှစ်သက်ခြင်း၊ ကျော ခိုင်းခြင်းနှင့် သံသယစိတ်တို့ကို ဖြစ်ပေါ်စေသည်။
5. ကျေးကျွန်များပေါ်တွင်ရှိသော အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော် သည် အလွန်ကျယ်ဝန်းလှသည်။ အရှင်မြတ်သည် ခွင့်လွှတ်ချမ်းသာ ပေးသည့် သာသနာ၊ လွယ်ကူသည့် တရားလမ်းစဉ်ကို ၎င်းတို့အဖို့ ကျေနပ်နှစ်သက်တော်မူခဲ့သည်။
6. ရှရီအဟ် တရားတော်၏ အမိန့်များသည် လွယ်ကူသည်။

(5866)

(114) – عن أنس رضي الله عنه قال: كُنَّا عِنْدَ عُمَرَ فَقَالَ: «نُهِينَا عَنِ التَّكَلُّفِ».

[صحيح] - [رواه البخاري]

(114) – အနစ် (ရသိယလ္လာဟုအန်ဟု)က ပြောကြားခဲ့သည်။ ကျွန်ုပ်တို့ သည် ဟန်ဆောင်မှုပြုခြင်းမှ တားမြစ်ခြင်းခံရသည်။

[ဤဟဒီးဆ်သည် ဆဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

အနစ် (ရသိယလ္လာဟုအန်ဟု)က ပြောကြားခဲ့သည်။ အလ္လာဟ်အရှင် မြတ်၏ ရစူလ်တမန်တော် (ဆွလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိတို့အား စကားဖြစ်စေ၊ လုပ်ရပ်ဖြစ်စေ မလိုအပ်ဘဲ ခက်ခဲအောင်ပြုခြင်းမှ တားမြစ်တော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. တားမြစ်ထားသော ဟန်ဆောင်မှုပြုခြင်းမှာ - အမေးအမြန်းထူခြင်း၊ မိမိ မသိသည့်အရာကို သိချင်ယောင်ဆောင်ခြင်း၊ အလ္လာဟ်အရှင်မြတ်က လွယ်ကူမှုပေးထားသောကိစ္စရပ်ကို ခက်ခဲအောင်လုပ်ခြင်း စသည်တို့ ဖြစ်သည်။
2. မွတ်စ်လင်မ်သည် အပြောအဆို၌ဖြစ်စေ၊ လုပ်ရပ်၌ဖြစ်စေ၊

စားခြင်း၊ သောက်ခြင်း၊ စကားပြောခြင်းနှင့်
အခြေအနေအရပ်အရပ်တွင် ဟန် ဆောင်မှု၊ ခက်ခဲမှုမပါဘဲ
လွယ်ကူမှုကို ဖန်တီးပေးတတ်သော အကျင့် မျိုးကို
မွေးသင့်သည်။

3. အစ္စလာမ်သာသနာသည် လွယ်ကူသော သာသနာဖြစ်သည်။

(8945)

(115) – عن أنس بن مالك رضي الله عنه قال: قال رسول الله صلى الله عليه وسلم:
«إِنَّ اللهَ لَيَرْضَى عَنِ الْعَبْدِ أَنْ يَأْكُلَ الْأَكْلَةَ فَيَحْمَدَهُ عَلَيْهَا، أَوْ يَشْرَبَ الشَّرْبَةَ فَيَحْمَدَهُ عَلَيْهَا». [صحيح] - [رواه مسلم]

(115) – အနတ်စ်ဗင်န်မာလိက်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကျွန်တစ်ဦးသည် အစားအစာ စားပြီးနောက် ထို အပေါ် အရှင်မြတ်အား ချီးမွမ်းထောမနာပြုလျှင် သို့မဟုတ် သောက်စရာကို သောက်သုံးပြီးနောက် ထိုအပေါ် အရှင်မြတ်အား ချီးမွမ်းထောမနာပြုလျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းအားအမှန်တကယ်ပင် ကျေနပ်နှစ်သက် တော်မူသည်။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

ကျွန်တစ်ဦးအနေဖြင့် အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားသော ကျေးဇူး တော်များ၊ နိအ်မသ် စည်းစိမ်များနှင့် ပတ်သက်၍ အရှင်မြတ်အား ချီးမွမ်း ထောမနာပြုခြင်းသည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကို ရရှိစေသည့် ကိစ္စများတွင် ပါဝင်ကြောင်း တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)က ရှင်းပြတော်မူခဲ့သည်။ သို့ဖြစ်၍ အစားအစာ စားပြီးနောက် 'အလ်ဟမ်ဒုလိလ္လာဟ်' ဆိုရမည်။ သောက်စရာကို သောက်သုံးပြီးနောက် 'အလ်ဟမ်ဒုလိလ္လာဟ်' ဆိုရမည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အလ္လာဟ်အရှင်မြတ်၏ ရက်ရောမှုအား တင်ပြထားသည်။ အရှင်မြတ် သည် ရိဇ်ဇ်ရိက္ခာချီးမြှင့်တော်မူပြီး ထိုအပေါ်ချီးမွမ်းထောမနာပြုခြင်း ကြောင့် နှစ်သက်တော်မူသည်။
2. စားသောက်ပြီးနောက် ချီးမွမ်းထောမနာပြုခြင်းကဲ့သို့ အလွယ်ကူဆုံး အကြောင်းခံဖြင့်ပင် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကိုရရှိ နိုင်သည်။
3. စားသောက်ပြီးနောက် အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြု ခြင်းသည် အစားအသောက်ဆိုင်ရာ စည်းကမ်းများတွင်ပါဝင်သည်။

(5798)

(116) – عَنِ ابْنِ عَبَّاسٍ رضي الله عنهما قَالَ: قَالَ رَسُولُ اللَّهِ صَلَّى اللَّهُ عَلَيْهِ وَسَلَّمَ: «إِنَّ اللَّهَ يُحِبُّ أَنْ تُؤْتَى رُخَصُهُ، كَمَا يُحِبُّ أَنْ تُؤْتَى عَزَائِمُهُ». [صحيح] - [رواه ابن حبان]

(116) – အစ်ဗ်နုအဗ္ဗာစ်(ရသ္ဒိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိ ဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဧကန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် မိမိသတ်မှတ်ထားသည့် (ဝါဂျိဗ်) တာဝန်များကို လိုက်နာကျင့်သုံးခြင်းအား နှစ်သက်တော်မူသကဲ့သို့ မိမိလျှော့ပေါ့ပေးထားသည့် ခြွင်းချက်များကို လိုက်နာကျင့်သုံးခြင်းအား နှစ်သက်တော်မူသည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [အိဗ်နုဟိဗ်ဗာန် ဆင့်ပြန်ခဲ့သည်]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်မှာ အလ္လာဟ်အရှင်မြတ်သည် သာသနာကို လိုက်နာကျင့်သုံးသူပေါ် တွင်လွယ်ကူမှုရှိစေရန်အတွက် ခရီးထွက်နေစဉ် လေးရကာသ်ဆွလာသ်ကို နှစ်ရကာသ်ဝတ်ပြုခြင်း၊ ဆွလာသ်နှစ်ကြိမ်ကို ပေါင်းဖတ်ခွင့်ပြုခြင်း စသည် ဖြင့် အမိန့်ပညတ်ချက်များ၊ ခဝပ်ကိုးကွယ်မှုများ၌ မိမိတရားဝင်လျှော့ပေါ့ ပေးမှုများကို လက်ခံကျင့်သုံးခြင်းအား နှစ်သက်တော်မူသည်။ ဤကဲ့သို့ပင် အရှင်မြတ်သည် မိမိသတ်မှတ်ထားသော ဝါဂျိဗ်တာဝန်များကို လိုက်နာ

ကျင့်သုံးခြင်းအား နှစ်သက်တော်မူသည်။ အဘယ်ကြောင့်ဆိုသော် 'ဝါဂျိဗ်' တာဝန်ဖြစ်စေ၊ 'ရုခ်ဆွဟ်'ခြွင်းချက်အနေဖြင့် လျော့ပေါ့ပေးမှုဖြစ်စေ နှစ်ခု စလုံးသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ပင်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကျေးကျွန်များအပေါ်တွင်ရှိသော အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကိုဖော်ပြထားသည်။ အလ္လာဟ်အရှင်မြတ်သည် ရှရီအဟ် တရား တော်က ခွင့်ပြုထားသည့် ခံစားခွင့်အတိုင်း ကျင့်သုံးခြင်းကို နှစ်သက် တော်မူသည်။
2. ရှရီအဟ် တရားလမ်းစဉ်သည် ပြီးပြည့်စုံပြီး မွတ်စ်လင်မ်တို့အတွက် ခက်ခဲကျပ်တည်းမှုများကို ဖယ်ရှားပေးသည်။

(65017)

(117) – عن أبي هريرة رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «مَنْ يُرِدِ اللهُ بِهِ خَيْرًا يُصِبْ مِنْهُ». [صحيح] - [رواه البخاري]

(117) – အဗူဟုရိုင်ရဟ် (ရသ္ဒိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။

အလ္လာဟ်အရှင်မြတ်သည် တစ်ဦးတစ်ယောက်အား ကောင်းစေလိုလျှင် ထိုသူ့အား စမ်းသပ်ရန် အလို့ငှာ ဘေးဒုက္ခများ သက်ရောက်စေတော်မူသည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူ သည်မှာ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ မုအ်မင်န်သက်ဝင် ယုံကြည်သူ ကျေးကျွန်များအနက်မှ တစ်ဦးဦးအား ကောင်းစေလိုလျှင် ၎င်းတို့၏ အသက်ခန္ဓာများ၊ ဥစ္စာပစ္စည်းများ၊ သားသမီးများနှင့် ပတ်သက်၍ စမ်းသပ် တော်မူသည်။ ထိုသို့စမ်းသပ်ခြင်း၌ မုအ်မင်န်တစ်ဦးအတွက် ဒုအာ ဆု တောင်းမှုဖြင့် အလ္လာဟ်အရှင်မြတ်ထံခိုလှုံမှုတောင်းခြင်း၊ အပြစ်အကုသိုလ် များကို ပယ်ဖျက်ပေးခြင်း၊ အဆင့်အတန်းများ မြင့်မားခြင်းတို့ ရှိသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဧကန်မလွဲ မုအ်မင်န် သက်ဝင်ယုံကြည်သူသည် ဘေးဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ရမည်။
2. ဘေးဒုက္ခ၊စမ်းသပ်မှုများသည် တစ်ခါတစ်ရံတွင် အလ္လာဟ်အရှင်မြတ် က မိမိကျွန်အားချစ်ခင်နှစ်သက်သည့် လက္ခဏာတစ်ရပ်ဖြစ်ပြီး ၎င်း၏ အဆင့်အတန်းကို မြင့်မားစေရန်၊

ဂုဏ်သိက္ခာကို မြှင့်တင်ပေးရန်နှင့် ၎င်း၏အပြစ်အကုသိုလ်များကို ပယ်ဖျက်ပေးရန် အတွက်ဖြစ်သည်။

3. ဘေးဒုက္ခကြုံသည့်အခါ စိတ်ရှည်သည်းခံရန်နှင့် စိတ်ဂဏာမငြိမ် မဖြစ် စေရန် တိုက်တွန်းထားသည်။

(4204)

(118) – عن أبي موسى الأشعري رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «إِذَا مَرِضَ الْعَبْدُ أَوْ سَافَرَ كُتِبَ لَهُ مِثْلُ مَا كَانَ يَعْمَلُ مُقِيمًا صَحِيحًا». [صحيح] - [رواه البخاري]

(118) – အဗူမူစာအရ်အရီ(ရသို့ယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကျေးကျွန်တစ်ဦး နာမကျန်းဖြစ်သည့်အခါ သို့ မဟုတ် ခရီးထွက်သည့်အခါတွင် ၎င်းသူ မိမိ၏ဒေသ၌ ကျန်းမာသန်စွမ်းစဉ် ကျင့်ဆောင်ခဲ့သည့်အတိုင်း အကျိုးကုသိုလ်ရေးမှတ်ခြင်းခံရမည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အလ္လာဟ်

အရှင်မြတ်၏ ကျေးဇူးတော်၊ ကရုဏာတော်နှင့် ပတ်သက်၍ ပြောပြတော် မူခဲ့သည်။ မွတ်စ်လင်မ်တစ်ဦးသည် ကျန်းမာသန်စွမ်းပြီး မိမိဒေသ၌ရှိနေစဉ် အမလ်ကောင်းမှုများ ပြုလုပ်လေ့ရှိပါက ထိုသူနာမကျန်းဖြစ်သည့်အခါ သို့မဟုတ် ခရီးထွက်သည့်အတွက် မအားလပ်သည့်အခါ သို့မဟုတ် အခြား အကြောင်းတစ်စုံတစ်ရာကြောင့် ထိုအမလ်ကောင်းမှုများကို မဆောင်ရွက် နိုင်သည့်အခါ ထိုသူကျန်းမာသန်စွမ်းပြီး မိမိဒေသ၌ရှိနေချိန်တွင် အမလ် ကောင်းမှုများ ကျင့်ဆောင်ခဲ့သည့်အတိုင်း အကျိုးကုသိုလ် အပြည့်အဝ ရေး မှတ်ခြင်းခံရမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကျေးကျွန်များအပေါ်တွင်ရှိသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူး တော်သည် အလွန်ကြီးမားသည်။
2. ကျန်းမာသန်စွမ်းပြီး အားလပ်ချိန်ရှိနေစဉ် အချိန်ကိုတန်ဖိုးထားရန်နှင့် ကောင်းမှုများကို ကြိုးစားဆောင်ရွက်ရန် တိုက်တွန်းထားသည်။

(3553)

(119) – عن معاوية رضي الله عنه قال: سمعتُ النبيَّ صلى الله عليه وسلم يقول: «مَنْ يُرِدِ اللهُ بِهِ خَيْرًا يُفَقِّهْهُ فِي الدِّينِ، وَإِنَّمَا أَنَا قَاسِمٌ، وَاللهُ يُعْطِي، وَلَنْ تَزَالَ هَذِهِ الْأُمَّةُ قَائِمَةً عَلَى أَمْرِ اللهِ، لَا يَضُرُّهُمْ مَنْ خَالَفَهُمْ، حَتَّى يَأْتِيَ أَمْرُ اللهِ». [صحيح] - [متفق عليه]

(119) – မုအာဝိယဟ် (ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန် တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြား တော်မူသည်ကို ကြားသိခဲ့ရသည်။ အလ္လာဟ်အရှင်မြတ်သည် တစ်ဦး တစ်ယောက်ကို ကောင်းစေလိုပါက ထိုသူ့အား သာသနာရေးနှင့် စပ်လျဉ်း၍ နားလည်နိုင်စွမ်း ချီးမြှင့်တော်မူသည်။ ငါကိုယ်တော်သည် ဝေငှပေးသူဖြစ် ပြီး အလ္လာဟ်အရှင်ကသာ ပေးကမ်းချီးမြှင့်တော်မူသည်။ ဤအွမ္မသ်(အနက် အုပ်စုတစ်စု)သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အပေါ်တွင် အစဉ် အမြဲရပ်တည်လျက်ရှိနေမည်။ ၎င်းတို့အား ဆန့်ကျင်သူများသည် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်(ကိယာမသ်) ဆိုက်ရောက်လာသည်အထိ ၎င်း တို့အား နစ်နာဆုံးရှုံးအောင် ပြုနိုင်မည်မဟုတ်ပေ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် တစ်ဦးတစ်ယောက်အား ကောင်းစားစေ ရန် အလိုရှိတော်မူလျှင် ထိုသူ့အား မိမိ၏သာသနာတော်နှင့် စပ်လျဉ်း၍ တတ်ကျွမ်းနားလည်နိုင်စွမ်းကို ချီးမြှင့်တော်မူသည်။ ကိုယ်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်  အလ္လာဟ်အရှင်မြတ် ချီးမြှင့်သည့်

ရှိဇီရိက္ခာ၊ အိလ်မ်အသိပညာနှင့် အခြားအရာများကို
ဝေငှပေးသူဖြစ်သည်။ အမှန်တကယ် ပေးကမ်းချီးမြှင့်သူ အစစ်အမှန်မှာ
အလ္လာဟ်အရှင်မြတ်သာ ဖြစ်သည်။ အရှင်မြတ်မှအပ
အခြားအရာများသည် အကြောင်းခံများသာ ဖြစ်ကြပြီး
အရှင်မြတ်အလိုရှိမှသာ အကျိုးပြုနိုင်ကြမည်ဖြစ်သည်။ ဤ
အွမ္မသ်(အနက် အုပ်စုတစ်စု)သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်
အပေါ်တွင် အစဉ်အမြဲရပ်တည်လျက်ရှိနေမည်။ ၎င်းတို့အား ဆန့်ကျင်သူ
များသည် ကိယာမသ် ဆိုက်ရောက်လာသည်အထိ ၎င်းတို့အား
နစ်နာဆုံးရှုံး အောင်ပြုနိုင်မည် မဟုတ်ပေ။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. သာသနာ့ပညာနှင့် သာသနာ့ပညာကို သင်ယူခြင်း၏ ကြီးကျယ်မှု၊ မွန် မြတ်မှုကို ဖော်ပြထားပြီး သာသနာ့ပညာကို သင်ယူဆည်းပူးရန် တိုက် တွန်းထားသည်။
2. အမှန်တရားပေါ်တွင် ရပ်တည်ခြင်းသည် ဤအွမ္မသ်၌ မလွဲမသွေ ရှိနေ မည်ဖြစ်ပြီး အုပ်စုတစ်စုသည် အမှန်တရားကို စွန့်လွှတ်ပါက အခြား အုပ်စုက အမှန်တရားအပေါ် ရပ်တည်မည်ဖြစ်သည်။
3. သာသနာရေးနှင့် စပ်လျဉ်း၍ နားလည်နိုင်စွမ်းရှိခြင်းသည် မိမိ၏ ကျေးကျွန် ကောင်းစားစေရန်အတွက် အလ္လာဟ်အရှင်မြတ်၏ အလို တော်တစ်ခုပင်ဖြစ်သည်။

4. တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်၊ အရှင်မြတ်၏ အလိုတော်အရသာ ပေးကမ်းခြင်းဖြစ်ပြီး မည်သည့်အရာကိုမျှ မပိုင်ဆိုင်ပေ။

(5518)

(120) – عَنْ جَابِرِ بْنِ عَبْدِ اللَّهِ رضي الله عنهما أَنَّ النَّبِيَّ صَلَّى اللَّهُ عَلَيْهِ وَسَلَّمَ قَالَ: «لَا تَعَلَّمُوا الْعِلْمَ لِتُبَاهُوا بِهِ الْعُلَمَاءَ، وَلَا لِتُمَارُوا بِهِ السُّفَهَاءَ، وَلَا تَخَيَّرُوا بِهِ الْمَجَالِسَ، فَمَنْ فَعَلَ ذَلِكَ، فَالنَّارُ النَّارُ». [صحيح] - [رواه ابن ماجه]

(120) – ဂျာဗိရ်ဗင်န် အဗ်ဒုလ္လာဟ်(ရဿိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့ သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူ သည်။ အသင်တို့သည် ပညာရှင်များအပေါ် ဂုဏ်ဖော်ရန်၊ ပညာမဲ့များနှင့် ငြင်းခုံရန်၊ ထိုင်ဝိုင်းများတွင် ဦးစားပေးခံရရန် ရည်ရွယ်ချက်ဖြင့် သာသနာ့ ပညာအား မသင်ယူကြလေနှင့်။ မည်သူမဆို ဤကဲ့သို့ (ရည်ရွယ်ချက်ဖြင့်) သင်ယူခဲ့ပါက ငရဲမီးသို့ ကျရောက်ရမည်။ ငရဲမီးသို့ ကျရောက်ရမည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [အိဗ်နုမာဂျဟ်ကျမ်း]

## ရှင်းလင်းချက်

ပညာရှင်များအပေါ် ဂုဏ်ဖော်ကြွားဝါးရန်၊ ကျွန်ုပ်သည်လည်း အသင်တို့ကဲ့သို့ ပညာရှင်တစ်ဦးပင်ဖြစ်သည်ဟုပြသရန် သို့မဟုတ် အသိပညာ

နည်းပါးသူများ၊ ပညာမဲ့များနှင့် အငြင်းအခုံပြုရန် သို့မဟုတ် ထိုင်ဝိုင်းများတွင် ဦးစားပေးခံရရန်၊ အခြားသူများထက် ရှေ့တန်းတင်ခံရရန် စသည့် ရည်ရွယ်ချက်မျိုးဖြင့် ပညာသင်ယူဆည်းပူးခြင်းမပြုရန် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)က သတိပေးတားမြစ်တော်မူခဲ့သည်။ မည်သူမဆို ထိုရည်ရွယ်ချက်မျိုးထားခဲ့လျှင် ပညာသင်ယူဆည်းပူးခြင်းသည် အလ္လာဟ်အရှင်မြတ်နှစ်သက်ရန်အတွက် မဟုတ်ဘဲ ပြစားရန်အတွက် ဖြစ်သွားသောကြောင့် ဂျဟန္နမ်ငရဲမီးနှင့်သာ ထိုက်တန်သွားမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဂုဏ်ဖော်ရန် သို့မဟုတ် အငြင်းအခုံပြုရန် သို့မဟုတ် ထိုင်ဝိုင်းများတွင် ဦးစားပေးခံရရန် ရည်ရွယ်ချက်မျိုးဖြင့် သာသနာ့ပညာ သင်ယူသူအား ဂျဟန္နမ်ငရဲမီးဖြင့် သတိပေးခြိမ်းခြောက်ထားသည်။
2. ပညာသင်ယူသူနှင့် သင်ကြားပေးသူတို့သည် 'နီယသ်'ရည်စူးချက် မှန်ကန်မှုရှိရန် အရေးကြီးသည်။
3. 'နီယသ်'ရည်စူးချက်သည် အမလ်ကျင့်ဆောင်မှုများ၏ အခြေခံအုတ်မြစ်ဖြစ်ပြီး နောင်တမလွန်၌ အစားရရှိခြင်းသည် ထိုရည်စူးချက် အပေါ်တွင် မူတည်သည်။

(65047)

(121) – عن عثمان رضي الله عنه عن النبي صلى الله عليه وسلم قال: «خَيْرُكُمْ مَنْ تَعَلَّمَ الْقُرْآنَ وَعَلَّمَهُ». [صحيح] - [رواه البخاري]

(121) – အွတ်စ်မာန် (ရသိွယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ သင်တို့ အနက် ကုရ်အာန်ကျမ်းမြတ်အား သင်ယူပြီးနောက် သင်ကြားပေးသူသည် အမွန်မြတ်ဆုံးဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မွတ်စ်လင်မ်တို့အနက် အလ္လာဟ်အရှင်မြတ်ထံတော်တွင် အမွန်မြတ် ဆုံးနှင့် အဆင့်အတန်းအမြင့်ဆုံးသူမှာ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ် ခြင်း၊ အာဂုံဆောင်ခြင်း၊ သရ်သီလ်နှင့်တကွ ဖတ်ခြင်း၊ ရပ်နားခြင်း၊ အကျယ် ဖွင့်ဆိုခြင်းတို့ကို သင်ယူကာ ကိုယ်တိုင်လိုက်နာကျင့်သုံးပြီး မိမိတတ် မြောက်ထားသည့် ကုရ်အာန်ကျမ်းမြတ်၏ အသိပညာများကို အခြားသူအား ပြန်လည်သင်ကြားပေးသူဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကုရ်အာန်ကျမ်းမြတ်၏ ထွတ်မြတ်မှုကို တင်ပြထားသည်။

ကုရ်အာန် ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်၏
နှုတ်ကပါဠ်တော်ဖြစ်သည့် အတွက်
အကောင်းဆုံးစကားပင်ဖြစ်သည်။

2. သင်ယူသူများအနက် အကောင်းဆုံးသူမှာ မိမိအတွက်သာ သင်ယူခြင်း မဟုတ်ဘဲ အခြားသူများကိုပါ ပြန်လည်သင်ကြားပေးသူဖြစ်သည်။
3. ကုရ်အာန်ကျမ်းမြတ်ကို သင်ယူခြင်း၊ ပြန်လည်သင်ကြားပေးခြင်း၌ ရွတ်ဖတ်ပုံနည်းလမ်းဖြစ်စေ၊ အဓိပ္ပာယ်ရသများနှင့် အမိန့်ပညတ်ချက် များဖြစ်စေ အားလုံး အကျုံးဝင်သည်။

(5913)

**(122) – عَنْ أَبِي عَبْدِ الرَّحْمَنِ السُّلَمِي رحمه الله قَالَ: حَدَّثَنَا مَنْ كَانَ يُقْرِئُنَا مِنْ أَصْحَابِ النَّبِيِّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ أَنَّهُمْ كَانُوا يَقْتَرِئُونَ مِنْ رَسُولِ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ عَشْرَ آيَاتٍ، فَلَا يَأْخُذُونَ فِي الْعَشْرِ الْأُخْرَى حَتَّى يَعْلَمُوا مَا فِي هَذِهِ مِنَ الْعِلْمِ وَالْعَمَلِ، قَالُوا: فَعَلِمْنَا الْعِلْمَ وَالْعَمَلَ.** [حسن] - [رواه أحمد]

(122) – အဗူအဗ်ဒိရ်ရဟ်မာန် အတ်စ်စုလမီ(ရဟိမဟုလ္လာဟ်)က ဆင့်ပြန် ခဲ့သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ အဆွ်ဟာဗ် တော်များ အနက် ကျွန်ုပ်တို့အား ကုရ်အာန်ကျမ်းမြတ်ကို ဖတ်ကြား(သင်)ပြ ခဲ့သည့်သူများက ကျွန်ုပ်တို့အား ဆင့်ပြန်ပြောကြားခဲ့သည်။ ကေန်အမှန် ၎င်းတို့သည် တမန်တော်မြတ်

(ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)ထံမှ အာယသ်တော်ဆယ်ပိုဒ်ကို နားထောင်ပြီးနောက် ထိုအာယသ်တော်များတွင် ပါရှိသည့် 'အိလ်မ်'အသိပညာနှင့် အမလ်ကျင့်ဆောင်မှုများကို မသင်ယူ မချင်း နောက်ထပ်အာယသ်တော် ဆယ်ပိုဒ်ကို သင်ယူခြင်းမရှိခဲ့ပေ။ သာဝကကြီးများက ကျွန်တော်တို့သည် 'အိလ်မ်'အသိပညာနှင့် အမလ်ကျင့် ဆောင်မှုများကို သင်ယူခဲ့ကြသည်ဟု ပြောကြားခဲ့ကြသည်။ [ဤဟဒီးဆ်သည် ဟစန်အဆင့်ရှိသည်။] - [အိမာမ် အဟ်မဒ် ဆင့်ပြန်ခဲ့သည်။]

## ရှင်းလင်းချက်

ဆွဟာဗဟ်သာဝကကြီးများသည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်း ဟိဝစလ္လမ်)ထံမှ အာယာသ်တော်ဆယ်ပိုဒ်ကို နားထောင်ပြီးနောက် ထိုအာယသ်တော်များတွင်ပါရှိသည့် 'အိလ်မ်'အသိပညာများကို သင်ယူပြီး ၎င်းတို့အပေါ် လိုက်နာကျင့်သုံးမှု မပြုသေးသမျှ နောက်ထပ်အာယာသ် တော်ဆယ်ပိုဒ်ကို သင်ယူခြင်းမရှိခဲ့ပေ။ သာဝကကြီးများသည် 'အိလ်မ်' အသိပညာနှင့်အတူ အမလ်ကျင့်ဆောင်မှုကိုပါတွဲ၍ သင်ယူခဲ့ကြသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဆွဟာဗဟ်(ရဉ္ဓိယလ္လာဟုအန်ဟုမ်)တို့၏ ထွတ်မြတ်မှုနှင့် ကုရ်အာန် ကျမ်းမြတ်ကိုသင်ယူလေ့လာရန်

စိတ်အားထက်သန်မှုတို့ကို ဖော်ပြ ထားသည်။

2. ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ယူခြင်းဟူသည် ဖတ်ရွတ်ခြင်း၊ အလွတ်ကျက်မှတ်ခြင်း သက်သက်သာ မဟုတ်ဘဲ ကုရ်အာန်ကျမ်းတော်မြတ်၌ပါရှိသည့် အသိပညာများကို သင်ယူခြင်း ၎င်းတို့အပေါ် လက်တွေ့လိုက်နာကျင့်သုံးခြင်းပင်ဖြစ်သည်။
3. ပြောဆိုခြင်း၊ အမလ်ကျင့်သုံးခြင်းမတိုင်မီ 'အိလ်မ်'အသိပညာရှိရမည်။

(65058)

(123) – عن عبد الله بن مسعود رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «مَنْ قَرَأَ حَرْفًا مِنْ كِتَابِ اللهِ فَلَهُ بِهِ حَسَنَةٌ، وَالْحَسَنَةُ بِعَشْرِ أَمْثَالِهَا، لَا أَقُولُ {الم} حَرْفٌ، وَلَكِنْ {أَلِفٌ} حَرْفٌ، وَ{لَامٌ} حَرْفٌ، وَ{مِيمٌ} حَرْفٌ». [حسن] - [رواه الترمذي]

(123) – အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ်(ရသိွယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့ သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ ကျမ်း တော်မှ အက္ခရာတစ်လုံးကို ရွတ်ဖတ်ခဲ့လျှင် ထိုသူသည် ကောင်းမှုတစ်ခု ရရှိ မည်ဖြစ်သည်။ ကောင်းမှုတစ်ခုသည် ကောင်းမှုဆယ်ခုနှင့်ညီမျှသည်။ ငါ ကိုယ်တော်သည်(အလိဖ် လာမ် မီးမ်)ကို အက္ခရာတစ်လုံးဖြစ်သည်ဟု ဆိုလို ခြင်းမဟုတ်။ သို့သော်(အလိဖ်)သည် အက္ခရာတစ်လုံး

(လာမ်)သည်အက္ခရာ တစ်လုံး (မီးမ်)သည် အက္ခရာတစ်လုံးဖြစ်သည်။
[ဤဟဒီးဆ်သည် ဟစန်အဆင့်ရှိသည်။] - [သိရ်မိဇီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်မှ အက္ခရာတစ်လုံးဖတ်ရွတ်သည့် မွတ်စ်လင်မ်တိုင်းသည် အက္ခရာတစ်လုံးစီတွင် ကောင်းမှုဆယ်ခုရရှိ မည်ဖြစ်သည်။ ထိုကောင်းမှုသည် ၎င်းအတွက် အကျိုးကုသိုလ်ဆယ်ဆ အထိ တိုးသွားမည် ဖြစ်သည်။

ထို့နောက် ကိုယ်တော်က ရှင်းပြသည်မှာ ငါကိုယ်တော်သည် [ (အလိဖ် လာမ် မီးမ်)ကို အက္ခရာတစ်လုံးဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်။ သို့သော် (အလိဖ်)သည် အက္ခရာတစ်လုံး (လာမ်)သည် အက္ခရာတစ်လုံး (မီးမ်)သည် အက္ခရာတစ်လုံးဖြစ်သည်။] ဤသို့ဖြင့် အက္ခရာသုံးလုံးအတွက် ကောင်းမှု သုံးဆယ်ရရှိမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကုရ်အာန်ကျမ်းမြတ်ကို များပြောင်စွာဖတ်ရွတ်ရန် တိုက်တွန်းထား သည်။
2. ကုရ်အာန်ကျမ်းမြတ် ဖတ်ရွတ်သူသည် ၎င်းရွတ်ဖတ်လိုက်သည့် စကား လုံးတိုင်းရှိ အက္ခရာတိုင်းအတွက် ကောင်းမှုတစ်ခု ရရှိမည်ဖြစ်ပြီး ထိုကောင်းမှုသည် ကောင်းမှုဆယ်ခုအထိ

တိုးသွားမည်ဖြစ်သည်။

3. အလ္လာဟ်အရှင်မြတ်၏ ကျယ်ဝန်းလှသော ကရုဏာတော်နှင့် ရက်ရော မှုတို့ကြောင့် အရှင်မြတ်သည် မိမိ၏ကျွန်များအတွက် အကျိုးကုသိုလ် ကို အဆပေါင်းများစွာ တိုးပေးတော်မူသည်။ ဤသည် အရှင့်ထံတော်မှ ကျေးဇူးပြုမှုနှင့် ပေးကမ်းချီးမြှင့်မှုပင်ဖြစ်သည်။

4. ကုရ်အာန်ကျမ်းမြတ်သည် အခြားသော စကားများအားလုံးထက် သာပို မွန်မြတ်သည်။ ကုရ်အာန်ကျမ်းမြတ်သည် အရှင်မြတ်၏ မုကွဲပါဠ် တော်ဖြစ်သည့်အတွက် ထိုကျမ်းမြတ်အား ဖတ်ရွတ်ခြင်းသည် အိဗာ ဒသ် ခဝပ်ကိုးကွယ်မှုပင်ဖြစ်သည်။

(6275)

(124) – عَنْ عَبْدِ اللَّهِ بْنِ عَمْرٍو رَضِيَ اللَّهُ عَنْهُمَا قَالَ: قَالَ رَسُولُ اللَّهِ صَلَّى اللَّهُ عَلَيْهِ وَسَلَّمَ: «يُقَالُ لِصَاحِبِ الْقُرْآنِ: اقْرَأْ وَارْتَقِ، وَرَتِّلْ كَمَا كُنْتَ تُرَتِّلُ فِي الدُّنْيَا، فَإِنَّ مَنْزِلَكَ عِنْدَ آخِرِ آيَةٍ تَقْرَؤُهَا». [حسن] - [رواه أبو داود والترمذي والنسائي في الكبرى وأحمد]

(124) – အဗ်ဒုလ္လာဟ်ဗင်အမ်ရ်(ရဍိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့ သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကုရ်အာန်ကျွမ်းကျင်သူအား ပြောမည်မှာ- ဖတ်ပါ၊ တက်ပါ၊ အသင်လောက၌ ရှိစဉ်အခါက သရ်သီလ်နှင့်ဖတ်ခဲ့သည့်

အတိုင်းသရ်သီလ်နှင့်ဖတ်ပါ။ အသင်၏ အဆင့်အတန်းသည် သင်နောက်ဆုံး ဖတ်ရွတ်လိုက်သည့် အာယသ်တော်နှင့်အညီ ရှိနေမည်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဟစန်အဆင့်ရှိသည်။] – [အဗူဒါဝူဒ်ကျမ်း၊ သိရ်မိဇီကျမ်း၊ နစာအီ၏ ကုဗ်ရာကျမ်း၊ အဟ်မဒ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်။ ကုရ်အာန်ကျမ်းမြတ်ကို ဖတ်ရွတ်သူ၊ ကျမ်းလာအတိုင်း အမလ် ကျင့်ဆောင်သူ၊ ကုရ်အာန်ကျမ်းမြတ်ကို အမြဲတစေဖတ်ရွတ်ပြီး အာဂုံ ဆောင်သူသည် ဂျန္နသ်သို့ဝင်ရောက်သည့်အခါ ဤသို့ပြောကြားခြင်းခံရမည် ဖြစ်သည်။ အသင်ကုရ်အာန်ကျမ်းမြတ်ကို ဖတ်ပါ၊ ဂျန္နသ်၏အဆင့်များသို့ တက်ပါ အသင်လောက၌ ရှိစဉ်အခါက ဖြည်းညင်းတည်ငြိမ်စွာဖြင့် ဌာန် ကရိုဏ်းကျစွာဖတ်ခဲ့သည့်အတိုင်း သရ်သီလ်နှင့်ဖတ်ပါ။ အသင်၏ အဆင့် အတန်းသည် တစ်အာယသ်ပြီးတိုင်း အဆင့်တစ်ဆင့်တက်သွားပြီး သင် နောက်ဆုံး ဖတ်ရွတ်လိုက်သည့် အာယသ်တော်နှင့်အညီ အဆင့်အတန်း ရရှိ မည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အမလ်ကျင့်ဆောင်မှုများ၏ ပမာဏနှင့် ကျင့်ဆောင်သည့်နည်းလမ်း ပေါ်မူတည်၍

အစားပြန်လည်ရရှိမည်ဖြစ်သည်။

2. ကုရ်အာန်ကျမ်းတော်မြတ်ကို ကျွမ်းကျင်စွာ ဖတ်ရွတ်ရန်၊ ကျက်မှတ် ရန်၊ စဉ်းစားတွေးတောရန်၊ လိုက်နာကျင့်သုံးရန် တိုက်တွန်းထားသည်။
3. ဂျန္နသ်တွင် အဆင့်အတန်းများစွာရှိပြီး ကုရ်အာန်ကျမ်းမြတ်ကို ဖတ် ရွတ်ပြီး လိုက်နာကျင့်သုံးသူများသည် ဂျန္နသ်တွင်အမြင့်ဆုံး အဆင့် အတန်းကို ရရှိမည်ဖြစ်သည်။

(65054)

(125) – عَنْ أَبِي هُرَيْرَةَ رضي الله عنه قَالَ: قَالَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ: «أَيُحِبُّ أَحَدُكُمْ إِذَا رَجَعَ إِلَى أَهْلِهِ أَنْ يَجِدَ فِيهِ ثَلَاثَ خَلِفَاتٍ عِظَامٍ سِمَانٍ؟» قُلْنَا: نَعَمْ. قَالَ: «فَثَلَاثُ آيَاتٍ يَقْرَأُ بِهِنَّ أَحَدُكُمْ فِي صَلَاتِهِ خَيْرٌ لَهُ مِنْ ثَلَاثِ خَلِفَاتٍ عِظَامٍ سِمَانٍ».

[صحيح] - [رواه مسلم]

(125) – အဗူဟုရိုင်ရဟ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မိမိ၏ မိသားစုထံ ပြန်ရောက်သောအခါ ဝဖြိုးပြီးဧီးရှိသော ကုလားအုတ်မ သုံးကောင် တွေ့ရှိခြင်းအား နှစ်သက်ပါသလားဟု မေးမြန်းတော်မူသည်။ ကျွန်တော်တို့က ဟုတ်ကဲ့ နှစ်သက်ပါသည်ဟုဖြေကြားခဲ့ကြသည်။ ကိုယ် တော်က

မိန့်ကြားတော်မူသည်မှာ- သင်တို့အနက်တစ်ဦးတစ်ယောက်သည် မိမိ၏ဆွလာသ်အတွင်း၌ အာယာသ်တော်သုံးပိုဒ် ဖတ်မည်ဆိုပါက ဝဖြိုး၍ ဗီးရှိသော ကုလားအုတ်မသုံးကောင်ရရှိခြင်းထက် ပို၍ကောင်းမြတ်ပေ သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူခဲ့သည်မှာ- ဆွလာသ်အတွင်း၌အာယာသ်တော်သုံးပိုဒ် ဖတ်ခြင်း၏အကျိုးကုသိုလ်သည် လူတစ်ဦး မိမိ၏အိမ်တွင် ဝဖြိုး၍ဗီးရှိသော ကုလားအုတ်မသုံးကောင်ရရှိခြင်းထက် ပို၍ကောင်းမြတ်ပေသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဆွလာသ်အတွင်း ကုရ်အာန်ကျမ်းမြတ် ဖတ်ရွတ်ခြင်း၏ ထွတ်မြတ်မှု ကို တင်ပြထားသည်။
2. ကောင်းမြတ်သည့်အကျင့်သီလများသည် ပျက်စီးသွားမည့် လောကီ ဥစ္စာပစ္စည်းများထက် ပို၍ ကောင်းမြတ်ပြီး အမြဲကျန်ရှိနေမည့်အရာ ဖြစ်သည်။
3. ဤထွတ်မြတ်မှုသည် အာယာသ်တော်သုံးပိုဒ် ဖတ်ရွတ်ခြင်းဖြင့်သာ သီးသန့်ကန့်သတ်ထားခြင်းမဟုတ်ပါ။ ဆွလာသ်ဆောက်တည်သူသည် မိမိ၏ဆွလာသ်အတွင်း

အာယသ်တော်များ ပိုဖတ်လေလေ ထိုသူ၏
အကျိုးကုလိုလ်သည်လည်း ၎င်းဖတ်ရွတ်လိုက်သည့်
အာယသ်အရေ အတွက်နှင့်အညီ ကုလားအုတ်မများ
ရရှိခြင်းထက် ပို၍သာမြတ်မည် ဖြစ်သည်။

(65053)

(126) – عن أبي موسى الأشعري رضي الله عنه عن النبي صلى الله عليه وسلم قال:
«تَعَاهَدُوا هَذَا الْقُرْآنَ، فَوَالَّذِي نَفْسُ مُحَمَّدٍ بِيَدِهِ لَهُوَ أَشَدُّ تَفَلُّتًا مِنَ الْإِبِلِ فِي عُقُلِهَا».

[صحيح] - [متفق عليه]

(126) – အဗူမူစာ အရ်အရီ (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့သည် ကုရ်အာန်ကျမ်းမြတ်ကို စွဲမြဲစွာ ရွတ်ဖတ်ကြပါ။ အကြင် အရှင်၏ လက်တော်တွင် မုဟမ္မဒ်၏ အသက်ဝိညာဉ်ရှိပြီး ထိုအရှင်မြတ် အား တိုင်တည်၍ပြောမည် ကြိုးပြေ၍ ထွက်ပြေးသွားသည့် ကုလားအုတ် ထက် ကုရ်အာန်ကျမ်းမြတ်သည် ပိုမိုလျင်မြန်စွာ မေ့လျော့သွားတတ်သည်။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

ကုရ်အာန်ကျမ်းမြတ်ကို မိမိစိတ်နှလုံးသားထဲတွင် အလွတ်ကျက်မှတ် ပြီးနောက် ပြန်လည်မမေ့လျော့စေရန်အတွက် စွဲစွဲမြဲမြဲ ရွတ်ဖတ်နေရန် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့ သည်။ ထို့နောက် ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဤအချက်ကို ပို၍လေးနက်စေရန် ကျိန်ဆိုတော်မူကာ ကြိုးပြေ၍ ထွက်ပြေးသွားသည့် ကုလားအုတ်ထက်ပင် ကုရ်အာန်ကျမ်းမြတ်သည် ပို၍ လျင်မြန်စွာ မေ့လျော့သွားတတ်ကြောင်း မိန့်ကြားခဲ့သည်။ ကြိုးဟူသည် ကုလားအုတ်၏ အရှေ့ခြေဒူးခေါင်းနားတွင် ချည်နှောင်ထားသည့် ကြိုးကို ဆိုလိုသည်။ လူတစ်ဦးအနေဖြင့် ထိုကြိုးကို ချည်ထားပါက ကုလားအုတ်သည်ရှိနေမည်ဖြစ်ပြီး ဖြည်ထားလိုက်ပါက ထွက်သွားကာ ပျောက်ဆုံးသွား မည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကုရ်အာန်ကျမ်းမြတ်ကို အာဂုံဆောင်ထားသူသည် ကုရ်အာန်ကျမ်းမြတ်အား အမြဲတစေ ကြိမ်ဖန်များစွာ ဖတ်ရွတ်နေလျှင် ကျက်မှတ်ထားသမျှသည် ၎င်း၏ နှလုံးသားထဲ၌ ကျန်ရှိနေမည်ဖြစ်သည်။ သို့မဟုတ်ပါက မေ့လျော့သွားမည်ဖြစ်သည်။
2. ကုရ်အာန်ကျမ်းမြတ်ကို စွဲမြဲစွာရွတ်ဖတ်ခြင်း၏

အကျိုးကျေးဇူးများ အနက် အချို့မှာ- 'ဆဝါဗ်' ကုသိုလ်ရရှိခြင်း၊ ကိယာမသ်နေ့တွင် အဆင့် အတန်းမြင့်မားခြင်း စသည်တို့ဖြစ်သည်။

(5907)

(127) – عن أبي هريرة رضي الله عنه: أن رسول الله صلى الله عليه وسلم قال: «لَا تَجْعَلُوا بُيُوتَكُمْ مَقَابِرَ، إِنَّ الشَّيْطَانَ يَنْفِرُ مِنَ الْبَيْتِ الَّذِي تُقْرَأُ فِيهِ سُورَةُ الْبَقَرَةِ».

[صحيح] – [رواه مسلم]

(127) – အဗူဟုရိုင်ရဟ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့သည် မိမိတို့၏အိမ်များကို ကဗရ် သင်္ချိုင်းများအဖြစ် မပြုလုပ်ကြလေနှင့်။ ဧကန်မုချ ရှိုင်သွာန်သည် စူရဟ် ဗကရဟ်ရွတ်ဖတ်သော အိမ်မှထွက်ပြေးသည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အိမ်များကို ဆွလာသ်ဆောက်တည်ခွင့်မရှိသော ကဗရ်သင်္ချိုင်းများသဖွယ် ဆွလာသ် ဝတ်မပြုဘဲနေခြင်းမှ တားမြစ်တော်မူခဲ့သည်။

ထို့နောက် ကိုယ်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)က ရှိုင်သွာန်သည် စူရပ်ဗကရပ် ရွတ်ဖတ်သည့်အိမ်မှ ထွက်ပြေးကြောင်း မိန့် ကြားတော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အိမ်များတွင် အိဗာဒသ် မြားမြောင်စွာပြုလုပ်ခြင်း၊ နဖ်လ်ဆွလာသ်များ ဆောက်တည်ခြင်း မွတ်စ်သဟာဗ်ဖြစ်သည်။
2. ကဗရ်သင်္ချိုင်းများတွင် ဆွလာသ် ဆောက်တည်ခြင်း မပိုင်ပါ။ အဘယ် ကြောင့်ဆိုသော် ဤသည် ရှိရ်က် အလ္လာဟ်အရှင်မြတ်နှင့် တုဖက် နှိုင်းယှဉ် ကိုးကွယ်ခြင်းနှင့် ကဗရ်ထဲတွင်ရှိနေသူများနှင့် ပတ်သက်၍ အစွန်းရောက်ခြင်းဆီသို့ ပို့ဆောင်ပေးသည့် အကြောင်းခံတစ်ခု ဖြစ် သည်။ သို့သော် ဂျနာဇဟ်ဆွလာသ် ဝတ်ပြုခွင့်ရှိသည်။
3. ကဗရ်သင်္ချိုင်းများတွင် ဆွလာသ်ဆောက်တည်ခြင်းကို တားမြစ်ထား ကြောင်း ဆွဟာဗဟ်များ သိရှိပြီးဖြစ်သည်။ ထို့ကြောင့် တမန်တော် မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က အိမ်များတွင် ဆွလာသ် မဆောက်တည်ဘဲ ကဗရ်သင်္ချိုင်းများကဲ့သို့ ပြုလုပ်ထားခြင်းကို တား မြစ်တော်မူခြင်းဖြစ်သည်။

(6208)

(128) – عَنْ أُبَيِّ بْنِ كَعْبٍ رضي الله عنه قَالَ: قَالَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ: «يَا أَبَا الْمُنْذِرِ، أَتَدْرِي أَيُّ آيَةٍ مِنْ كِتَابِ اللهِ مَعَكَ أَعْظَمُ؟» قَالَ: قُلْتُ: اللهُ وَرَسُولُهُ أَعْلَمُ. قَالَ: «يَا أَبَا الْمُنْذِرِ، أَتَدْرِي أَيُّ آيَةٍ مِنْ كِتَابِ اللهِ مَعَكَ أَعْظَمُ؟» قَالَ: قُلْتُ: {اللهُ لا إِلَهَ إِلا هُوَ الْحَيُّ الْقَيُّومُ} [البقرة: 255]. قَالَ: فَضَرَبَ فِي صَدْرِي، وَقَالَ: «وَاللهِ لِيَهْنِكَ الْعِلْمُ، أَبَا الْمُنْذِرِ». [صحيح] - [رواه مسلم]

(128) – အုဗိုင်းယ္ဗုဗ်နုကအ်ဗ်(ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အို-အဗုလ်မွန်ဇိရ် အသင့်၌ရှိသော အလ္လာဟ်အရှင် မြတ်၏ ကျမ်းတော်တွင် မည်သည့်အာယသ်တော်သည် အကြီးမြတ်ဆုံး ဖြစ်သည်ကို အသင်သိပါသလား။ ကျွန်တော်က အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်သာ အသိဆုံးဖြစ်ပါသည်ဟု ဖြေကြားခဲ့ သည်။ တဖန်ကိုယ်တော်က အို-အဗုလ်မွန်ဇိရ် အသင့်၌ရှိသော အလ္လာဟ် အရှင်မြတ်၏ကျမ်းတော်တွင် မည်သည့်အာယသ်တော်သည် အကြီးမြတ် ဆုံးဖြစ်သည်ကို အသင်သိပါသလားဟု မေးတော်မူသည်။ ကျွန်တော်က (ٱللَّهُ لَآ إِلَٰهَ إِلَّا هُوَ ٱلْحَيُّ ٱلْقَيُّومُ) (စူရဟ် ဗကရဟ်- ၂၅၅) (အာယသုလ်ကုရ်စီ) ဖြစ်သည်ဟု ဖြေကြားခဲ့သည်။ထိုအခါ ကိုယ်တော်သည် ကျွန်ုပ်၏ ရင်ဘတ် ကို ပုတ်၍ မိန့်တော်မူသည်မှာ “အို-အဗုလ်မွန်ဇိရ် သင့်အတွက် အသင်၏ အိလ်မ်အသိပညာသည် မင်္ဂလာရှိပါစေ။” [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အုဗိုင်းယ်ယုဗ်နု ကအ်ဗ်အား ကုရ်အာန်ကျမ်းတော်မြတ်တွင် မည်သည့်အာယသ်တော်သည် အကြီးမြတ်ဆုံးဖြစ်ကြောင်း မေးမြန်းတော်မူခဲ့သည်။ ၎င်းက အဖြေပေးရန် တုံ့ဆိုင်းနေခဲ့သည်။ ထို့နောက်(ٱللَّهُ لَآ إِلَٰهَ إِلَّا هُوَ ٱلۡحَيُّ ٱلۡقَيُّومُ) (အာယသုလ်ကုရ်စီ) ဖြစ်သည်ဟု ဖြေကြားလိုက်သည်။ ထိုအခါ ကိုယ်တော်သည် ၎င်းကို ထောက်ခံခဲ့ပြီး သူ၏အသိပညာနှင့် ဉာဏ်အမြော်အမြင် ပြည့်စုံမှုကို ညွှန်ပြသည့်အနေဖြင့် သူ၏ရင်ဘတ်ကို ပုတ်တော်မူခဲ့သည်။ ထို့ပြင် ဤအသိပညာ ကိုအကြောင်းပြု၍ မင်္ဂလာရှိစေရန်နှင့် အကျိုးဖြစ်ထွန်းစေရန်အတွက် ဆု တောင်းပေးတော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အုဗိုင်းယ်ယုဗ်နုကအ်ဗ် (ရဿိယလ္လာဟုအန်ဟု)၏ ကြီးကျယ်သည့် ဂုဏ်အဆင့်အတန်းကို ဖော်ပြထားသည်။
2. ‘အာယသုလ်ကုရ်စီ’သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် အကြီးမြတ် ဆုံးအာယသ်တော်ဖြစ်သည့်အတွက် ၎င်းကိုအလွတ်ကျက်မှတ်ကာ အဓိပ္ပာယ်များကိုစဉ်းစားဆင်ခြင်ပြီး အမလ်ကျင့်သုံးရန် အရေးကြီး ပေသည်။

(65059)

(129) – عن أبي مسعود رضي الله عنه قال: قال النبي صلى الله عليه وسلم: «مَنْ قَرَأَ بِالْآيَتَيْنِ مِنْ آخِرِ سُورَةِ الْبَقَرَةِ فِي لَيْلَةٍ كَفَتَاهُ». [صحيح] - [متفق عليه]

(129) – အဗူမတ်စ်အူးဒ် (ရသ္ဝိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို စူရဟ်ဗကရဟ်၏ နောက်ဆုံးနှစ်အာယသ်ကို ညဥ့်ရွတ်ဖတ်လျှင် ၎င်းသူအတွက် လုံလောက်သွားပြီဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူ သည်မှာ - မည်သူမဆို စူရဟ်ဗကရဟ်၏ နောက်ဆုံးနှစ်အာယသ်ကို ညဥ့် ရွတ်ဖတ်လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းသူအား ဘေးအန္တရာယ်များ၊ ဆိုးကျိုးများ၊ မနှစ်မြို့ဖွယ်ရာများမှ ကင်းဝေးစေရန် လုံလောက်တော်မူ မည်ဖြစ်သည်။ ဟဒီးဆ်တော်၌ပါရှိသော လုံလောက်ပြီဟူသော စာသား၏ ဆိုလိုရင်းကို အချို့သာသနာ့ပညာရှင်များက သဟဂျ်ဂျုဒ် ညဆွလာသ် အတွက် လုံလောက်သွားသည်ဟုလည်းကောင်း၊ အချို့က မိမိရွတ်ဖတ်လေ့ ရှိသော ဇိကိရ်၊ သိလာဝသ် စသည်တို့အတွက် လုံလောက်သွားသည်ဟု လည်းကောင်း၊ အချို့က သဟဂျ်ဂျုဒ် ညဆွလာသ် အထမြောက်စေရန် အတွက် အနိမ့်ဆုံး ဖတ်ရွတ်ရမည့် အတိုင်းအတာဖြစ်ကြောင်း

စသည်ဖြင့် တင်ပြကြပြီး၊ အချို့ကလည်း အခြားအဆိုများကို တင်ပြကြသည်။ တင်ပြခဲ့ သော အဆိုတိုင်းသည် ဟဒီးဆ်စာသား၏ အလိုသဘောတွင်ပါရှိသဖြင့် အားလုံးမှန်ကန်ပေသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. စူရဟ်ဗကရဟ်၏ နောက်ဆုံးအာယသ်တော်များ၏ မွန်မြတ်မှုကို တင် ပြထားသည်။ ယင်းအာယသ်တော်များမှာ (آمن الرسول...) အာယသ်မှ စူရဟ် ဗကရဟ် အဆုံးထိဖြစ်သည်။
2. စူရဟ်ဗကရဟ်၏ နောက်ဆုံးအာယသ်တော်များအား ညဉ့်ဖတ်ရွတ်ခဲ့ ပါက ထိုအာယသ်တော်များသည် ဖတ်ရွတ်သူအား ဘေးအန္တရာယ်များ၊ ဆိုးကျိုးများနှင့် ရှိုင်သွာန်များမှ ကာကွယ်ပေးမည်ဖြစ်သည်။
3. ညသည် နေဝင်သည့်အချိန်မှစ၍ ဖဂျ်ရ်အလင်းရောင် ပေါ်ထွက်လာ သည့်အခါ ကုန်ဆုံးသည်။

(6274)

(130) – عن النعمان بن بَشِير رضي الله عنه قال: سمعتُ النبيَّ صلى الله عليه وسلم يقول: «الدُّعَاءُ هُوَ الْعِبَادَةُ»، ثُمَّ قَرَأَ: «{وَقَالَ رَبُّكُمُ ادْعُونِي أَسْتَجِبْ لَكُمْ إِنَّ الَّذِينَ يَسْتَكْبِرُونَ عَنْ عِبَادَتِي سَيَدْخُلُونَ جَهَنَّمَ دَاخِرِينَ} [غافر: 60]». [صحيح] – [رواه أبو داود والترمذي وابن ماجه وأحمد]

(130) – အန်နုအ်မာန်ဗင်န် ဗရှီးရ်(ရသို့ယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစ္စလမ်) မိန့်ကြားတော်မူသည်ကို ကြားသိခဲ့သည်။ ဧကန်အမှန်ပင်(ဒုအာ) ဆုတောင်း ခြင်းသည် အိဗာဒသ် ခဝပ်ကိုးကွယ်မှုပင်ဖြစ်သည်။ ထို့နောက် ကိုယ်တော် သည် ဤအာယသ်တော်ကို ရွတ်ဖတ်တော်မူသည်။ "ထို့ပြင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် (ဤသို့)မိန့်ကြားတော်မူခဲ့၏။ အသင်တို့သည် ငါအရှင်မြတ်ထံတော်တွင် ဆုတောင်း ပတ္ထနာပြုကြလေ ကုန်။ ငါအရှင်မြတ်သည် အသင်တို့၏ ဆုတောင်းပတ္ထနာပြုချက်ကို လက်ခံ တော်မူမည်။ ဧကန်စင်စစ် ငါအရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ခြင်းမှ မောက်မာကြကုန်သောသူတို့မှာမူကား မကြာမြင့်မီပင် ဂုဏ်အသရေ ယုတ် ညှံ့စွာနှင့် 'ဂျဟန္နမ်'ငရဲဘုံသို့ ဝင်ရောက်ကြကုန်အံ့သတည်း။" ကုရ်အာန် (၄၀:၆၀) [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] – [အဗူဒါဝူဒ်ကျမ်း၊ သိရ်မိဇီကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း၊ အဟ်မဒ်ကျမ်း]

## ရှင်းလင်းချက်

ဒုအာဆုတောင်းခြင်းသည် အိဗာဒသ် ခဝပ်ကိုးကွယ်မှုဖြစ်ကြောင်း တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်။ ထို့ကြောင့် ဒုအာတောင်းခံမှုအားလုံးသည် အလ္လာဟ်အရှင်မြတ်

အတွက်သာဖြစ်ရမည်။ သို့ဖြစ်၍ 'ဒုအာအု မတ်စ်အလဟ်' လောကီ၊ လောကုတ္တရာနှစ်ဌာနစလုံး၌ မိမိအတွက် ကောင်းကျိုးများရရှိရန်နှင့် ဆိုးကျိုးများဖယ်ရှားပေးရန်အတွက် တောင်းခံသည်ဖြစ်စေ၊ 'ဒုအာအု အိဗာဒဟ်' အလ္လာဟ်အရှင်မြတ် နှစ်သက်၊သဘောတူသည့် ပြောစကားတိုင်း၊ အတွင်းပိုင်းဆိုင်ရာ အပြင်ပိုင်းဆိုင်ရာ အမလ်ကျင့်ဆောင်မှုအားလုံး၊ စိတ် နှလုံးသားဖြင့်ဖြစ်စေ၊ ခန္ဓာကိုယ်ဖြင့်ဖြစ်စေ၊ ဥစ္စာပစ္စည်းဖြင့်ဖြစ်စေ ဆောင် ရွက်ရသော ခဝပ်ကိုးကွယ်မှုအားလုံးကို အလ္လာဟ်အရှင်မြတ် အတွက်သာ ပြုလုပ်ရမည်။

ၑင်းနောက် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစ္စလမ်)က အထောက်အထားအနေဖြင့် အာယသ်တော်အား ရွတ်ဖတ်တော်မူခဲ့သည်။ "ထို့ပြင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် (ဤသို့)မိန့်ကြားတော်မူခဲ့၏။ အသင်တို့သည် ငါအရှင်မြတ်ထံတော်တွင် ဆုတောင်းပတ္ထနာပြုကြလေကုန်။ ငါအရှင်မြတ်သည် အသင်တို့၏ ဆုတောင်းပတ္ထနာပြုချက်ကို လက်ခံတော်မူမည်။ ဧကန်စင်စစ် ငါအရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ခြင်းမှ မောက်မာကြကုန်သောသူတို့မှာမူကား မကြာမြင့်မီပင် ဂုဏ်အသရေယုတ်ညံ့စွာနှင့် 'ဂျဟန္နမ်'ငရဲဘုံသို့ ဝင်ရောက်ကြကုန်အံ့သတည်း။"

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဒုအာ ဆုတောင်းခြင်းသည် အိဗာဒသ် ခဝပ်ကိုးကွယ်မှု၏ အခြေခံ အုတ်မြစ်ဖြစ်သောကြောင့် အလ္လာဟ်အရှင်မြတ်မှအပ အခြားမည်သူ့ ထံတွင်မျှ ဒုအာတောင်းခံခွင့်မရှိပါ။
2. ဒုအာဆုတောင်းခြင်း၌ ကျွန်ပီသခြင်း၊ အလ္လာဟ်အရှင်မြတ်၏ ပြည့်စုံ ကြွယ်ဝမှုနှင့် အရှင်မြတ်၏ စွမ်းဆောင်နိုင်မှုတို့ကို ဝန်ခံခြင်း၊ ကျေး ကျွန်သည် အရှင်မြတ်ကို အမြဲလိုအပ်လျက်ရှိကြောင်းဖော်ပြခြင်းတို့ ပါဝင်သည်။
3. အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်း၊ အရှင်မြတ်ထံ ဒုအာ ဆု တောင်းခြင်းတို့မပြုဘဲ မာနထောင်လွှားသူများကို ပြင်ပြင်းထန်ထန် သတိပေးခြိမ်းခြောက်ထားသည်။ အလ္လာဟ်အရှင်မြတ်ထံ ဒုအာဆု တောင်းခြင်းမှ မာနထောင်လွှားသူများသည် သေးသိမ်သောသူများ အဖြစ်နှင့် ဂျဟန္နမ်ငရဲသို့ မကြာမီ ဝင်ရောက်ကြရမည်။

(5496)

(131) – عن عائشة رضي الله عنها قالت: كَانَ النَّبِيُّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ يَذْكُرُ اللهَ عَلَى كُلِّ أَحْيَانِهِ. [صحيح] - [رواه مسلم]

(131) – အာအိရှဟ်(ရည်သွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ပြောကြားခဲ့သည်။ တမန်တော်မြတ်

(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အလ္လာဟ်အရှင် မြတ်အား အချိန်တိုင်း သတိရတသလျက်ရှိသည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

မုအ်မင်န်တို့၏ မိခင်ကြီး အာအိရှဟ်(ရသ္ဓိယလ္လာဟုအန်ဟာ)က ပြော ပြသည်မှာ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) သည် အလ္လာဟ်အရှင်မြတ်အား သတိရတသရန် အလွန်ပင် ဆန္ဒပြင်းပြသူဖြစ်ပြီး အလ္လာဟ်အရှင်မြတ်အား အချိန်တိုင်း၊ နေရာတိုင်း၊ အခြေအနေတိုင်းတွင် သတိရတသလျက်ရှိသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်အား ဇိက်ရ် သတိရတသရန်အတွက် ဟဒတ်စ် အဆ်ဂရ် (ဝူသွူမရှိခြင်း)နှင့် ဟဒတ်စ် အက်ဗရ် (ရေချိုးရန် တာဝန်ထိုက်နေခြင်း)မှ ကင်းဝေးရမည် ဟူ၍ သတ်မှတ်ချက်မရှိပါ။
2. တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အလ္လာဟ် အရှင် မြတ်အား အမြဲဇိက်ရ်ပြုနေတော်မူသည်။
3. တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား နောက်လိုက်မှု ပြုသောအားဖြင့် အခြေအနေတိုင်းတွင် အလ္လာဟ်အရှင်မြတ်အား များ

စွာဇိက်ရ်ပြုရန်တိုက်တွန်းထားသည်။ သို့သော် အပေါ့၊ အလေးသွား ခြင်းကဲ့သို့ ဇိက်ရ်ပြုခြင်းကို တားမြစ်ထားသည့် အခြေအနေမျိုးတွင် ရွတ်ဆိုခွင့်မရှိပါ။

(8402)

(132) – عن أبي هريرة رضي الله عنه عن النبي صلى الله عليه وسلم قال: «لَيْسَ شَيْءٌ أَكْرَمَ عَلَى اللهِ تَعَالَى مِنَ الدُّعَاءِ». [حسن] - [رواه الترمذي وابن ماجه وأحمد]

(132) – အဗူဟုရိုင်ရဟ် (ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အလ္လာဟ်အရှင်မြတ်ထံတော်၌ ဒုအာဆုမွန်တောင်းခံခြင်းထက် ပို၍ မြင့် မြတ် သောအရာဟူ၍မရှိ။ [ဣျဟဒီးဆ်သည် ဟစန်အဆင့်ရှိသည်။] - []

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းလင်း မိန့်ကြား တော်မူခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်ထံတော်၌ ဒုအာဆုတောင်းခြင်းထက် ပို၍မြင့်မြတ်သော အိဗာဒသ်ဟူ၍မရှိပေ။ အဘယ့်ကြောင့်ဆိုသော် ဒုအာဆု တောင်းခြင်း၌ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်မှုကင်း၍ ပြည့်စုံကြွယ်ဝတော်မူသော အရှင်ဖြစ်ကြောင်း

ဝန်ခံခြင်း၊ ကျေးကျွန်၏ မတတ်စွမ်းနိုင်မှုနှင့် အရှင်မြတ်အား အမြဲလိုအပ်လျက်ရှိကြောင်း ဝန်ခံခြင်းတို့ပါဝင်သည့်အတွက်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဒုအာဆုတောင်းခြင်း၏ မွန်မြတ်မှုကို ဖော်ပြထားသည်။ အလ္လာဟ်အရှင် မြတ်ထံတော်၌ ဒုအာတောင်းခံသူသည် အရှင်မြတ်အား ဂုဏ်ပေး လေးစားသူ အရှင်မြတ်သည် လိုလားတောင့်မှုကင်း၍ ပြည့်စုံကြွယ်ဝတော်မူသောအရှင်ဖြစ်ကြောင်း ဝန်ခံသူဖြစ်သည်။ အဘယ့်ကြောင့်ဆို သော် မပြည့်စုံသူ လိုအပ်ချက်ရှိသူသည် ဆုတောင်းခြင်းခံရမည် မဟုတ်ပေ။ ထို့အတူ အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသော အရှင်ဖြစ်ကြောင်း ဝန်ခံသူဖြစ်သည်။ ကြားနိုင်စွမ်းမရှိသူသည် ဆု တောင်းခြင်းခံရမည်မဟုတ်ပေ။ ထို့အတူ အရှင်မြတ်သည် ရက်ရော တော်မူသော အရှင်ဖြစ်ကြောင်း ဝန်ခံသူဖြစ်သည်။ စေးနဲတွန့်တိုသူ သည် ဆုတောင်းခြင်းခံရမည်မဟုတ်ပေ။ ထို့အတူ အရှင်မြတ်သည် ကရုဏာထားတော်မူသောရှင်ဖြစ်ကြောင်း ဝန်ခံသူဖြစ်သည်။ သနား ကရုဏာစိတ် ကင်းမဲ့သူသည် ဆုတောင်းခြင်းခံရမည်မဟုတ်ပေ။ ထို့ အတူ အရှင်မြတ်သည် တတ်စွမ်းနိုင်တော်မူသော အရှင်ဖြစ်ကြောင်း ဝန်ခံသူဖြစ်သည်။

မတတ်စွမ်းနိုင်သူသည် ဆုတောင်းခြင်း ခံရမည် မဟုတ်ပေ။ ထို့အတူ အရှင်မြတ်သည် နီးကပ်တော်မူသော အရှင်ဖြစ် ကြောင်း ဝန်ခံသူဖြစ်သည်။ အဝေးတွင်ရှိသူသည် ကြားနိုင်မည်မဟုတ် ပေ။ ၎င်းအပြင် ချို့တဲ့မှုအပေါင်းမှ ကင်းစင်တော်မူသော အလ္လာဟ် အရှင်မြတ်၏ အခြားသောကြီးကျယ်မြင့်မြတ်လှသည့် ဂုဏ်တော်များ ကို ဝန်ခံသူလည်းဖြစ်သည်။

(5509)

(133) – عَنْ عَبْدِ اللَّهِ بْنِ عَمْرِو بْنِ الْعَاصِ رضي الله عنهما قَالَ: قَالَ رَسُولُ اللَّهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ: «إِنَّ الْإِيمَانَ لَيَخْلَقُ فِي جَوْفِ أَحَدِكُمْ كَمَا يَخْلَقُ الثَّوْبُ الْخَلِقُ، فَاسْأَلُوا اللَّهَ أَنْ يُجَدِّدَ الْإِيمَانَ فِي قُلُوبِكُمْ». [صحيح] - [رواه الحاكم والطبراني]

(133) – အဗ်ဒုလ္လာဟ်ဗင်န် အမ်ရ် ဗင်န်အာဆ် (ရသ္ဝိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ ဧကန်အမှန်ပင် အဝတ်အထည် သည် ဟောင်းနွမ်းသွားသကဲ့သို့ အသင်တို့အနက်မှ တစ်ဦးတစ်ယောက်၏ (နှလုံးသား) အတွင်း၌ရှိသော အီမာန်သည်လည်း ဟောင်းနွမ်းသွားသည်။ ထို့ ကြောင့် အသင်တို့နှလုံးသားအတွင်း၌ရှိသော အီမာန်အား သစ်လွင် လန်း ဆန်းလာစေရန် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဒုအာတောင်းခံကြပါ။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] – [ဟာကင်မ်ကျမ်း၊ သွဗ်ရာနီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူ ခဲ့သည်မှာ အဝတ်အစားအသစ်သည် ဝတ်ဆင်မှုကြာရှည်လာသည့်နှင့်အမျှ ဟောင်းနွမ်းသွားသကဲ့သို့ မွတ်စ်လင်မ်တစ်ဦး၏ နှလုံးသားထဲ၌ရှိသော အီမာန်ယုံကြည်မှုသည်လည်း ဟောင်းနွမ်းသွားတတ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ 'အိဗာဒသ်'ခဝပ်ကိုးကွယ်မှု လျော့နည်းလာခြင်း၊ အပြစ်အကုသိုလ်များ ကျူးလွန်ခြင်း၊ စိတ်အလိုရမ္မက်နောက်လိုက်ခြင်းတို့ကြောင့် ဖြစ်သည်။ သို့ဖြစ်၍ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ကျွန်ုပ်တို့၏ အီမာန်ယုံကြည်မှုအား သစ်လွင်လန်းဆန်းလာစေရန်အတွက် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဒုအာတောင်းခံခြင်း၊ ဆွလာသ် ဆောက်တည်ခြင်း၊ 'ဖရ်သ္ဖ်' တာဝန်များကျေပွန်ခြင်း၊'ဇိကဲရ်'သတိရတသခြင်းနှင့် 'အိစ်သိဂ်ဖါရ်'လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံခြင်းတို့ကို များမြောင်စွာ ပြုရန် ညွှန်ကြားပြသတော်မူခဲ့သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. နှလုံးသားထဲတွင် အီမာန်ခိုင်မြဲစေရန်နှင့် သစ်လွင်လန်းဆန်းမှုရှိစေရန် အတွက် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဒုအာတောင်းခံရန် တိုက်တွန်းနှိုးဆော်ထားသည်။
2. အီမာန်တွင် အပြောအဆို၊ အမလ်ကျင့်ဆောင်မှုနှင့် ယုံကြည်ချက်များ ပါဝင်သည်။ အီမာန်ယုံကြည်မှုသည် အမိန့်နာခံမှုဖြင့် တိုးတက်ပြီး၊ အမိန့်ဖီဆန်မှုဖြင့် လျော့နည်းကျဆင်းသည်။

(65020)

(134) – عن أبي هريرة رضي الله عنه أَنَّ رسول الله صلى الله عليه وسلم قال: «أَقْرَبُ مَا يَكُونُ الْعَبْدُ مِنْ رَبِّهِ وَهُوَ سَاجِدٌ، فَأَكْثِرُوا الدُّعَاءَ». [صحيح] - [رواه مسلم]

(134) – အဗူဟုရိုင်ရဟ်(ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကျွန်တစ်ဦးသည် မိမိအရှင်မြတ်နှင့် အနီးကပ်ဆုံး အချိန်မှာ စဂျ်ဒဟ် ဦးချနေချိန်ဖြစ်သည်။ထို့ကြောင့် အသင်တို့သည် (ထို အချိန်၌) ဒုအာအမြောက်အမြား တောင်းခံကြပါ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ရှင်းလင်းမိန့်ကြား တော်မူသည်မှာ ကျွန်တစ်ဦး မိမိအရှင်မြတ်နှင့် အနီးကပ်ဆုံးအချိန်မှာ ၎င်း သူစဂ်ျဒဟ် ဦးချနေချိန်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဆွလာသ် ဆောက်တည်နေသူတစ်ဦးသည် စဂျဟ်ဒဟ်ပြုသည့်အခါ အလ္လာဟ်အရှင် မြတ်၏ ရှေ့မှောက်၌ ရှိသေကျိုးငဲ့စွာဖြင့် မိမိခန္ဓာကိုယ်၏ အမြင့်ဆုံးနှင့် အမွန်မြတ်ဆုံး အစိတ်အပိုင်းကို မြေပြင်ပေါ်တွင် ချထားသည့်အတွက် ကြောင့်ဖြစ်သည်။

စဂ်ျဒဟ် ဦးချစဉ် ဒုအာများမြောင်စွာတောင်းခံရန် ကိုယ်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားထားသည်။ ဤသို့ဖြင့် ကိုယ်၊ နှုတ် နှစ်မျိုးစလုံးဖြင့် ကျိုးငဲ့မှု ပေါင်းစည်းသွားမည်ဖြစ်သည်။

## ဟာဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အမိန့်နာခံမှုသည် ကျွန်အား ကြီးကျယ်မြင့်မြတ်တော်မူသော ချီးကျူးမှု အပေါင်းမှ ကင်းစင်တော်မူသော အလ္လာဟ်အရှင်မြတ်နှင့် ပို၍နီးကပ် စေသည်။
2. စဂ်ျဒဟ် ဦးချနေစဉ် ဒုအာဆုမွန်အမြောက်အမြား တောင်းခံခြင်း မွတ်စ် သဟာဗ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဒုအာ လက်ခံ ခြင်းခံရသည့် နေရာများတွင်ပါဝင်သည်။

(135) – عَنْ عَائِشَةَ رضي الله عنها: أَنَّ النَّبِيَّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ كَانَ إِذَا أَوَى إِلَى فِرَاشِهِ كُلَّ لَيْلَةٍ جَمَعَ كَفَّيْهِ، ثُمَّ نَفَثَ فِيهِمَا فَقَرَأَ فِيهِمَا: {قُلْ هُوَ اللهُ أَحَدٌ}، وَ{قُلْ أَعُوذُ بِرَبِّ الْفَلَقِ}، وَ{قُلْ أَعُوذُ بِرَبِّ النَّاسِ}، ثُمَّ يَمْسَحُ بِهِمَا مَا اسْتَطَاعَ مِنْ جَسَدِهِ، يَبْدَأُ بِهِمَا عَلَى رَأْسِهِ وَوَجْهِهِ وَمَا أَقْبَلَ مِنْ جَسَدِهِ، يَفْعَلُ ذَلِكَ ثَلَاثَ مَرَّاتٍ. [صحيح] - [رواه البخاري]

(135) – အာအိရှဟ်(ရည်ိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ညစဉ်ညတိုင်း အိပ်ရာဝင် သောအခါ မိမိ၏လက်ဖဝါးနှစ်ဖက်ကို ပူးကပ်စုရုံးတော်မူပြီး ယင်းလက် ဖဝါးနှစ်ဖက်တွင် စူရဟ်အိခ်လာဆွ်၊ စူရဟ်ဖလပ်က်၊ စူရဟ်နာစ်တို့ကို ဖတ် ရွတ်ကာ မန်းမှုတ်တော်မူသည်။ ထို့နောက် ၎င်းလက်ဖဝါးနှစ်ဖက်ဖြင့် ရောက်နိုင်သလောက် ခန္ဓာကိုယ်နေရာအနှံ့ကို ပွတ်သပ်တော်မူသည်။ ကိုယ် တော်သည် လက်ဖဝါးနှစ်ဖက်ဖြင့် ပထမဦးဆုံး ဦးခေါင်း၊ ၎င်းနောက် မျက်နှာ၊ ၎င်းနောက်ခန္ဓာကိုယ်အရှေ့ဘက်မှစ၍ ပွတ်သပ်တော်မူသည်။ ကိုယ်တော်သည် ထိုအတိုင်းပင် သုံးကြိမ်သုံးခါ ပြုလုပ်တော်မူသည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကျင့်ဆောင်မှု နည်းလမ်းတစ်ခုမှာ ကိုယ်တော်သည် အိပ်စက်ရန်အိပ်ရာဝင်သည့်အခါ

ဒုအာတောင်းသူ ပြုလုပ်သကဲ့သို့ မိမိ၏လက်ဖဝါးနှစ်ဖက်ကို ပူးကပ်စုရုံးတော်မူပြီး အပေါ်သို့မြှောက်ကာ စူရဟ်အိခ်လာဆ်၊ စူရဟ်ဖလပ်က်၊ စူရဟ် နာစ်၊ သုံးပုဒ်ကို ဖတ်ရွတ်တော်မူပြီး ထိုလက်ဖဝါးနှစ်ဖက်ထဲသို့ တံတွေး အနည်းငယ်ပါသောလေဖြင့် ဖြေးညင်းစွာမန်းမှုတ်တော်မူသည်။ ၎င်းနောက် ထိုလက်နှစ်ဖက်ဖြင့် ဦးခေါင်း၊ မျက်နှာနှင့် ခန္ဓာကိုယ်၏ ရှေ့ပိုင်းတို့မှ စတင် ၍ ရောက်နိုင်သမျှ ခန္ဓာကိုယ်နေရာအနှံ့ကို ပွတ်သပ်တော်မူသည်။ ကိုယ် တော်သည် ဤအတိုင်း သုံးကြိမ်သုံးခါ ပြုလုပ်တော်မူသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အိပ်ရာမဝင်မီ ခိုလှုံခွင့်တောင်းခံသည့် စူရဟ်နှစ်ပုဒ်နှင့် စူရဟ် အိခ်လာဆ်တို့ကို ဖတ်ရွတ်ခြင်း၊ ၎င်းစူရဟ်များဖြင့်မန်းမှုတ်ခြင်း၊ ရောက်နိုင်သလောက် ခန္ဓာကိုယ်နေရာအနှံ့ကို ပွတ်သပ်ခြင်း မွတ်စ် သဟာဗ်ဖြစ်သည်။

(65060)

(136) – عن سَمُرَة بن جندبٍ رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «أَحَبُّ الْكَلَامِ إِلَى اللهِ أَرْبَعٌ: سُبْحَانَ اللهِ، وَالْحَمْدُ لِلَّهِ، وَلَا إِلَهَ إِلَّا اللهُ، وَاللهُ أَكْبَرُ، لَا يَضُرُّكَ بِأَيِّهِنَّ بَدَأْتَ». [صحيح] - [رواه مسلم]

(136) – စမုရဟ်ဗင်န် ဂျွန်ဒဗ် (ရဒိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အလ္လာဟ်အရှင်မြတ် အနှစ်သက်ဆုံး စကားရပ် လေးခုရှိသည်။ ၎င်းတို့မှာ စွဗ်ဟာနလ္လာဟ်၊ အလ်ဟမ်ဒုလိလ္လာဟ်၊ လာအိ လာဟ အိလ္လလ္လာဟ်၊ အလ္လာဟု အက္ကဗရ် ဖြစ်သည်။ ၎င်းတို့အနက် မည် သည့်စကားရပ်ဖြင့် စတင်သည်ဖြစ်စေ သင့်အားဆိုးကျိုးဖြစ်စေမည် မဟုတ်ပေ။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## **ရှင်းလင်းချက်**

အလ္လာဟ်အရှင်မြတ် အနှစ်သက်ဆုံး စကားရပ်လေးခုရှိကြောင်း တမန် တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကရှင်းလင်း မိန့်ကြားတော်မူခဲ့ သည်။ ၎င်းတို့မှာ -

(၁) "စွဗ်ဟာနလ္လာဟ်" အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ ကင်းစင်တော်မူသည်။

(၂) "အလ်ဟမ်ဒုလိလ္လာဟ်"ချစ်ခင်မှု ဂုဏ်ပေးလေးစားမှုနှင့်တကွ အရှင် မြတ်၏ ပြည့်စုံလှသော ဂုဏ်တော်များဖြင့် အရှင်မြတ်အား ဂုဏ်ပေးချီးမွမ်း ခြင်းဖြစ်သည်။

(၃) "လာအိလာဟ အိလ္လလ္လာဟ်" အလ္လာဟ်အရှင်မြတ်မှအပ စစ်မှန် သည့် ခဝပ်ကိုးကွယ်ရာအရှင်မရှိ။

(၄) "အလ္လာဟု အက္ကဗရ်" အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းထက် အကြီးကျယ်ဆုံးနှင့် ဂုဏ်သိက္ခာအရှိဆုံး ဖြစ်တော်မူသည်။

ဤဇိကိရ်တော်၏ မွန်မြတ်မှုနှင့် အကျိုးကုသိုလ် ရရှိရန်အတွက် ဖတ် ရွတ်သည့်အခါ အစဉ်လိုက်ဖတ်ရန် အရေးမကြီးပေ။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. "၎င်းတို့အနက် မည်သည့်စကားရပ်ဖြင့် စတင်သည်ဖြစ်စေ သင့်အား ဆိုးကျိုးဖြစ်စေမည် မဟုတ်ပေ။" ဟုမိန့်ကြားထားသည့်အတွက် ရှရီ အသ် တရားလမ်းစဉ်၏လွယ်ကူမှုကို ဖော်ပြထားသည်။

(5475)

(137) – عن أبي أيوب رضي الله عنه عن النبي صلى الله عليه وسلم قال: «مَنْ قَالَ: لَا إِلَهَ إِلَّا اللهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ وَلَهُ الْحَمْدُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ، عَشْرَ مِرَارٍ كَانَ كَمَنْ أَعْتَقَ أَرْبَعَةَ أَنْفُسٍ مِنْ وَلَدِ إِسْمَاعِيلَ». [صحيح] - [متفق عليه]

(137) – အဗူအိုင်ယူဗ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အကြင် သူသည် ဤဇိကိရ်တော်-

لَا إِلٰهَ إِلَّا اللّٰهُ وَحْدَهُ لَا شَرِيْكَ لَهُ، لَهُ الْمُلْكُ، وَلَهُ الْحَمْدُ، وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ

(တုဖက်နှိုင်းယှဉ်ခြင်းကင်း၍ တစ်ဆူတည်းဖြစ်တော်မူသော

အလ္လာဟ်အရှင်မြတ်မှအပ အခြားကိုးကွယ်ထိုက်သော အရှင်ဟူ၍ အလျှင်း မရှိပြီ။ စိုးပိုင်ခြင်းဟူသမျှသည် ထိုအရှင်မြတ်အဖို့သာ ဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်း ဟူသမျှသည် ထိုအရှင်မြတ် အဖို့သာဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကို စွမ်းဆောင် နိုင်တော်မူသော အရှင် ဖြစ်တော်မူ၏။) ကို ဆယ်ကြိမ်ရွတ်ဖတ်လျှင် ထိုသူသည် အစ္စမာအီးလ် (အလိုင်းဟိစ္စလာမ်)၏ သားစဉ်မြေးဆက်မှ ကျွန်လေးဦးအား သူကောင်းပြု သူကဲ့သို့ပင်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူ သည်။ အကြင်သူသည် ဤဇိကရ်တော်-

لَا إِلٰهَ إِلَّا اللّٰهُ وَحْدَهُ لَا شَرِيْكَ لَهُ، لَهُ الْمُلْكُ، وَلَهُ الْحَمْدُ، وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ

(အဓိပ္ပာယ်- တုဖက်နိုင်းယှဉ်ခြင်းကင်း၍ တစ်ဆူတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှအပ စစ်မှန်သည့် ခဝပ်ကိုးကွယ်ရာအရှင်ဟူ၍မရှိ။ စိုးပိုင်ခြင်းဟူသမျှသည် ထိုအရှင်မြတ် အဖို့သာ ဖြစ်တော်မူ၏။ ချစ်ခင်မှု၊ ဂုဏ်ပေးလေးစားမှုနှင့်တကွပြုသော ချီးမွမ်းထောမနာခြင်းအပါင်းသည် အရှင်မြတ်အဖို့သာ ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကို စွမ်းဆောင်နိုင်တော်မူသော အရှင် ဖြစ် တော်မူပြီး မည်သည့်အရာကမျှ ထိုအရှင်မြတ်ကို မတတ်စွမ်းနိုင်အောင် မပြုနိုင်ပေ။) တစ်ရက်လျှင်

ဆယ်ကြိမ်ဖတ်ရွတ်မည်ဆိုလျှင် အကျိုး ကုသိုလ်အနေဖြင့် အိဗ်ရာဟီးမ် (အလိုင်းဟိစ္စလာမ်)၏ သားတော် အစ္စမာအီးလ် (အလိုင်းဟိစ္စလာမ်)၏ သားစဉ်မြေးဆက်မှ ကျွန်လေးဦးအား သူကောင်းပြုသူကဲ့သို့ အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။ အစ္စမာအီးလ် (အလိုးင်ဟိစ္စလာမ်)၏ သားစဉ်မြေးဆက်ကို သီးသန့်တင်ပြထားခြင်းမှာ ၎င်းတို့သည် အခြားလူမျိုးများထက် မွန်မြတ်မှုရှိသည့်အတွက်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အလ္လာဟ်အရှင်မြတ်သည် ခဝပ်ကိုးကွယ်မှုခံထိုက်ခြင်းတွင် လည်း ကောင်း၊၊ စိုးပိုင်ခြင်းတွင်လည်းကောင်း၊ ချီးမွမ်းခံထိုက်ခြင်းတွင် လည်း ကောင်း၊ ပြည့်စုံသည့် ကွဒ်ရသ်စွမ်းအားတော်ကို ပိုင်ဆိုင်ရာတွင်လည်း ကောင်း တစ်ဆူတည်း တစ်ပါးတည်းဖြစ်တော်မူကြောင်း ဖော်ပြထား သည့် ဤဇိကိရ်တော်၏ မွန်မြတ်မှုကို ဖော်ပြထားသည်။
2. ဤဇိကိရ်တော်ကို ရွတ်ဆိုသူသည် ဖော်ပြပါအရေအတွက်ကို တစ်ဆက်တည်း ရွတ်ဆိုသည်ဖြစ်စေ၊ ခွဲ၍ရွတ်ဆိုသည်ဖြစ်စေ ထို အကျိုးကုသိုလ်ကို ရရှိမည်ဖြစ်သည်။

(5517)

(138) – عن أبي هريرة رضي الله عنه عن النبي صلى الله عليه وسلم قال: «كَلِمَتَانِ خَفِيفَتَانِ عَلَى اللِّسَانِ، ثَقِيلَتَانِ فِي الْمِيزَانِ، حَبِيبَتَانِ إِلَى الرَّحْمَنِ: سُبْحَانَ اللهِ الْعَظِيمِ، سُبْحَانَ اللهِ وَبِحَمْدِهِ». [صحيح] - [متفق عليه]

(138) – အဗူဟုရိုင်ရဟ် (ရသ္ဝိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကလိ မဟ်တော် နှစ်ခုသည် နှုတ်လျှာပေါ်တွင် (ရွတ်ဆိုရာ၌) လွယ်ကူ ပေါ့ပါးပြီး (မီဇာန်) ချိန်ခွင်၌ အချိန်စီးသည်။ အနန္တကရုဏာရှင်ထံတော်၌လည်း နှစ် သက်ဖွယ်ရာဖြစ်သည်။ ၎င်းတို့မှာ ( سُبْحَانَ اللهِ الْعَظِيمِ ، سُبْحَانَ اللهِ وَبِحَمْدِهِ ) ဖြစ်သည်။ အဓိပ္ပာယ်- (ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင် မြတ်သည် ချို့တဲ့မှုအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူ၏။ အလ္လာဟ်အရှင် မြတ်သည် ချို့တဲ့မှုအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူပြီး ချီးမွမ်းထောမနာ ခြင်းဟူသမျှသည် အရှင်မြတ်အတွက်သာ ဖြစ်တော်မူ၏။) [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ကလိမဟ် တော်နှစ်ခုကို တင်ပြကာ ယင်းကလိမဟ်တော်နှစ်ခုသည် လူတစ်ဦးအဖို့ မည်သည့်အချိန်တွင်မဆို အခက်အခဲမရှိ လွယ်ကူစွာ ရွတ်ဖတ်နိုင်သလို

မိဇာန်ချိန်ခွင်၌ အကျိုးကုသိုလ်ကြီးမားကာ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူ တော်မူသော အနန္တကရုဏာရှင်လည်း နှစ်သက်တော်မူကြောင်း မိန့်ကြား တော်မူခဲ့သည်။

၎င်းကလိမဟ်တော်မှာ -( سُبْحَانَ اللهِ وَبِحَمْدِهِ ، سُبْحَانَ اللهِ الْعَظِيمِ ) ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကလိမဟ်တော်နှစ်ခုတွင် ကြီးကျယ်မြင့်မြတ် ပြီး ပြီးပြည့်စုံသော အရှင်မြတ်၏ ဂုဏ်တော်များကို မြွက်ဆိုခြင်းနှင့် အရှင် မြတ်သည် လျော့နည်းမှု၊ ချို့တဲ့မှုများမှ သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဆိုခြင်းတို့ ပါဝင်သည့်အတွက်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အလ္လာဟ်အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဟခြင်း နှင့် အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းတို့ပါဝင်သော ဇိက်ရ်တော် သည် အကြီးကျယ်ဆုံး ဇိက်ရ်တော်ဖြစ်သည်။
2. ကျေးကျွန်များအပေါ်တွင်ရှိသော အလ္လာဟ်အရှင်မြတ်၏ ကျယ်ဝန်းလှ သော မဟာကရုဏာတော်ကို တင်ပြထားသည်။ အရှင်မြတ်သည် အနည်းမျှသော ကောင်းမှုအတွက် ကြီးကျယ်လှသော အကျိုးကုသိုလ် ကို ချီးမြှင့်တော်မူသည်။

(5507)

(139) – عن أبي هريرة رضي الله عنه أن رسول الله صلى الله عليه وسلم قال: «مَنْ قَالَ: سُبْحَانَ اللهِ وَبِحَمْدِهِ، فِي يَوْمٍ مِائَةَ مَرَّةٍ، حُطَّتْ خَطَايَاهُ وَإِنْ كَانَتْ مِثْلَ زَبَدِ الْبَحْرِ».

[صحيح] - [متفق عليه]

(139) – အဗူဟူရိုင်ရဟ်(ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို "سُبْحَانَ اللهِ وَبِحَمْدِهِ" ကို တစ်ရက်လျှင် အကြိမ်တစ်ရာ ရွတ်ဆိုမည်ဆိုပါက ထိုသူ၏ အပြစ်အကုသိုလ်များသည် ပင်လယ်ရေမြှုပ်ပမာများပြားခဲ့လျှင်လည်း ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို "سُبْحَانَ اللهِ وَبِحَمْدِهِ" ကို တစ်ရက်လျှင် အကြိမ်တစ်ရာ ရွတ် ဆိုမည်ဆိုပါက ထိုသူ၏ အပြစ်အကုသိုလ်များသည် လှိုင်းတံပိုးများ ပြင်း ထန်စွာ ရိုက်ခတ်သည့်အခါ ပင်လယ်ရေပြင်ပေါ်တွင် တက်လာသော အဖြူ ရောင်ရေမြှုပ်များပမာ များပြားနေလျှင်လည်း အပြစ်များကိုပယ်ဖျက်ကာ ခွင့်လွှတ်ချမ်းသာပေးခြင်း ခံရမည်ဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ဤဇိက်ရ်တော်ကို တစ်ရက်လျှင် (အကြိမ်တစ်ရာ) တဆက်တည်း ရွတ်ဆိုသည်ဖြစ်စေ၊ ခွဲ၍ရွတ်ဆိုသည်ဖြစ်စေ ထိုအကျိုးကုသိုလ်ကိုရရှိ မည်ဖြစ်သည်။
2. "သတ်စ်ဗီးဟ်"ဟူသည် အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ ကင်းစင်တော်မူကြောင်း မြွက်ဆိုခြင်းဖြစ်သည်။ "ဟမ်ဒ်" ဟူသည် ချစ် ခင်မှု ဂုဏ်ပေးလေးစားမှုနှင့်တကွအရှင်မြတ်၏ ပြည့်စုံလှသော ဂုဏ် တော်များဖြင့် အရှင်မြတ်အား ဂုဏ်ပေးချီးမွမ်းခြင်းဖြစ်သည်။
3. ဟဒီးဆ်တော်၌လာရှိသော အပြစ်အကုသိုလ်များကို ပယ်ဖျက်ခြင်း ဟူ သည် 'ဆွဂီရဟ်' သေးငယ်သော အပြစ်အကုသိုလ်များကိုဆိုလိုသည်။ 'ကဗီရဟ်' ကြီးလေးသော အပြစ်အကုသိုလ်များအတွက်မူ သောင်ဗဟ် အမှားဝန်ချတောင်းပန်ရန် လိုအပ်သည်။

(5516)

(140) – عن أبي مالكٍ الأشعريِّ رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «الطُّهُورُ شَطْرُ الْإِيمَانِ، وَالْحَمْدُ لِلَّهِ تَمْلَأُ الْمِيزَانَ، وَسُبْحَانَ اللهِ وَالْحَمْدُ لِلَّهِ تَمْلَآنِ -أَوْ تَمْلَأُ- مَا بَيْنَ السَّمَاوَاتِ وَالْأَرْضِ، وَالصَّلَاةُ نُورٌ، وَالصَّدَقَةُ بُرْهَانٌ، وَالصَّبْرُ ضِيَاءٌ، وَالْقُرْآنُ حُجَّةٌ لَكَ أَوْ عَلَيْكَ، كُلُّ النَّاسِ يَغْدُو، فَبَايِعٌ نَفْسَهُ فَمُعْتِقُهَا أَوْ مُوبِقُهَا».

[صحيح] - [رواه مسلم]

(140) – အဗူမာလိက် အလ်အရှ်အရီ(ရသိယလ္လာဟုအန်ဟု)က ဆင့်ပြန် ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)မိန့်ကြားတော်မူသည်။ သန့်ရှင်းစင်ကြယ်မှုသည် အီမာန်ယုံကြည်မှု ၏ တစ်ဝက်ဖြစ်သည်။ 'အလ်ဟမ်ဒုလိလ္လာဟ်'သည် မီဇာန်ချိန်ခွင်ကို အချိန် လေး၍ ပြည့်စေမည်။ 'စွဗ်ဟာနလ္လာဟ် ဝလ်ဟမ်ဒုလိလ္လာဟ်' ဇိကြ်ရ်တော် နှစ်ခုသည် (သို့မဟုတ် ဇိကြ်ရ်တော် တစ်ခုသည်) မိုးကောင်းကင်နှင့် ပထဝီ မြေပြင်ကြားကို ပြည့်စေသည်။ ဆွလာသ်သည် နူရ်အလင်းရောင်ဖြစ်သည်။ ဆွဒ်ကဟ် အလှူဒါနသည် သက်သေအထောက်ထားဖြစ်သည်။ 'ဆွဗရ်' သည်းခံခြင်း တရားသည် အလင်းရောင်ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ် သည် သင့်အတွက် သက်သေအထောက်အထား သို့မဟုတ် အသင်နှင့် ဆန့်ကျင်ဘက် သက်သေအထောက်အထားဖြစ်သည်။ လူတိုင်းသည် နံနက် စောစော(ရိုဇီရိက္ခာရှာဖွေရန်)ထွက်သွားကြပြီး မိမိကိုယ်မိမိ ရောင်းချလိုက် သည်။ ထို့ကြောင့် အချို့သည် မိမိကိုယ်ကို(ဂျဟန္နမ်မှ) လွတ်မြောက်စေပြီး အချို့သည် မိမိကိုယ်ကို(ဂျဟန္နမ်ထဲသို့ကျရောက်စေကာ) ပျက်စီးဆုံးရှုံးစေ သည်။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## **ရှင်းလင်းချက်**

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က

မိန့်ကြားတော်မူ သည်မှာ အပြင်ပိုင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်မှုအား ဝုသွ့ူပြုခြင်း၊ ရေချိုး ခြင်းတို့ဖြင့်ရယူနိုင်ပြီး ၎င်းတို့သည် ဆွလာသ်၏ အပြင်ပိုင်းဆိုင်ရာ ဖရ်သွ် ဖြစ်ကြသည်။ 'အလ်ဟမ်ဒု လိလ္လာဟ်'ရွတ်ဆိုခြင်းသည် မီဇာန်ချိန်ခွင်ကို အချိန်လေး၍ ပြည့်စေမည်။ ဤသို့ရွတ်ဆိုခြင်းသည် အရှင်မြတ်အား ချီးမွမ်းခြင်း၊ ပြည့်စုံလှသည့် ဂုဏ်တော်များဖြင့် အရှင်မြတ်အား ချီးမွမ်း ထောမနာပြုခြင်းဖြစ်သည်။ ထိုဇိက်ရ်တော်သည် ကိယာမသ်နေ့တွင် ချိန် တွယ်ခြင်းခံရမည်ဖြစ်ပြီး ၎င်းသည် မီဇာန်ချိန်ခွင်၌ ကောင်းမှုများဖြင့် ပြည့် စေမည်ဖြစ်သည်။ 'စွဗ်ဟာနလ္လာဟ် ဝလ်ဟမ်ဒုလိလ္လာဟ်'ကို ရွတ်ဆိုခြင်း သည် အရှင်မြတ်အား ချို့ယွင်းမှုအပေါင်းမှ ကင်းစင်တော်မူကြောင်း မြွတ် ဟခြင်းနှင့် အရှင်မြတ်ထံတော်တွင် အရှင်မြတ်နှင့် သင့်လျော်သည့်အတိုင်း ပြည့်စုံသည့် ဂုဏ်တော်များရှိကြောင်းကို ချစ်ခင်မြတ်နိုးမှုနှင့်တကွ ဂုဏ်မွမ်း ခြင်းဖြစ်သည်။ ထိုသို့ရွတ်ဆိုခြင်းသည် မိုးကောင်းကင်နှင့် ပထဝီမြေပြင် ကြားကိုပြည့်စေသည်။ ဆွလာသ်သည် လူသား၏နှလုံးသားနှင့် မျက်နှာ၏ အလင်းရောင်ဖြစ်ပြီး ကဗ်ရ်သ်ချိုင်းနှင့် ဟရှ်ရ်တို့တွင် နူရ်အလင်းရောင် ဖြစ် သည်။ 'ဆွဒကဟ် အလ္လူဒါနသည် သက်သေအထောက်ထားဖြစ်သည်။' အလ္လူဒါနသည် မုအ်မင်န်သက်ဝင်ယုံကြည်သူတစ်ဦး၌ မှန်ကန်သော အီမာန် ယုံကြည်မှုရှိကြောင်းညွှန်ပြသည့် သက်သေ အထောက်အထားပင် ဖြစ်

သည်။ ဤသည် ဆွဒ်ကဟ်အလှူဒါနပြုခြင်းကို တားမြစ်သော မုနာဖိက်
အယောင်ဆောင် မွတ်စ်လင်မ်နှင့် ဆန့်ကျင်ဘက်ပင်ဖြစ်သည်။ မုနာဖိက်
သည် ဆွဒကဟ်အလှူဒါနပြုခြင်းဖြင့်ရရှိမည့် အလ္လာဟ်အရှင်မြတ်
ပေးထား သော ကတိတော်များကို ထောက်ခံခြင်းမရှိပေ။ 'ဧကန်အမှန်ပင်
'ဆွဗ်ရ်' သည်းခံခြင်းတရားသည် အလင်းရောင်ဖြစ်သည်။' ဆွဗ်ရ်ဟူသည်
အမျက် ဒေါသဖြစ်သည့် စိတ်ကို ချုပ်တည်းထားခြင်းဖြစ်သည်။
သည်းခံခြင်း တရား သည် နေရောင်ခြည်ကဲ့သို့
ပူပြင်းတောက်လောင်မှုပါရှိသော အလင်းရောင် ပင်ဖြစ်သည်။
(ဆွဗ်ရ်သည်းခံသူသည် ရင်ထဲတွင် ပူပြင်းသောဒဏ်ကို ခံရ သည်။)
သည်းခံခြင်းသည် ခက်ခဲလှပြီး မိမိ၏'နဖ်စ်'စိတ်ကို ဆန့်ကျင်
တွန်းလှန်ရန်နှင့် စိတ်အလိုကို ချုပ်တည်းထားရန် လိုအပ်သည်။
ထို့ကြောင့် ပင် သည်းခံခြင်းတရား လက်ကိုင်ထားသူသည်
အမှန်တရားပေါ်တွင်ရှိနေသူ အလင်းရောင်ရရှိသူ၊ လမ်းမှန်ရရှိသူအဖြစ်
ရှိနေမည်ဖြစ်သည်။ ဆွဗ်ရ် သည်းခံခြင်းတရားကို
အလ္လာဟ်အရှင်မြတ်အမိန့် နာခံရာတွင်လည်း ကောင်း၊
အပြစ်အကုသိုလ်မှ ရှောင်ကြဉ်ရာတွင်လည်းကောင်း၊ လောက၏
အမျိုးမျိုးသောဒုက္ခအခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရာတွင်
လည်းကောင်း လက်ကိုင်ထားရန် လိုအပ်သည်။
'ကုရ်အာန်ကျမ်းမြတ်သည် သင့်အတွက်

သက်သေအထောက်အထားဖြစ်မည်။' ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းမြတ် အား ရွတ်ဖတ်ပြီး ထိုအတိုင်းလိုက်နာကျင့်သုံးပါက သင့်အတွက် သက်သေ အထောက်အထားဖြစ်မည်။ သို့မဟုတ် ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ် ခြင်း၊ လိုက်နာကျင့်သုံးခြင်း မရှိဘဲ စွန့်ပစ်ထားပါက 'အသင်နှင့် ဆန့်ကျင် ဘက် သက်သေအထောက်အထားဖြစ်သည်။' ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ဆက်လက်မိန့်ကြားတော်မူသည်မှာ လူ တိုင်းသည်ကြိုးစားအားထုတ်ကြသည်၊ မြေပထဝီအနှံ့သွားလာကြသည်၊ အိပ်ရာမှနိုးထပြီးနောက် မိမိတို့၏ လုပ်ငန်းဆောင်တာအသီးသီးကို ဆောင် ရွက်ရန် အိမ်များမှ ထွက်ခွာကြသည်။ ၎င်းတို့အနက် အချို့သည် အလ္လာဟ် အရှင်မြတ်၏အမိန့်ကို စွဲမြဲစွာနာခံကာ မိမိကိုယ်မိမိ ဂျဟန္နမ်ငရဲမီးမှ လွတ် မြောက်စေလိုက်သည်။ အချို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်ကို ဖီဆန် ကာ အကုသိုလ်များကျူးလွန်၍ မိမိကိုယ်မိမိ ဂျဟန္နမ်ငရဲမီးသို့ ကျရောက် စေကာ ပျက်စီးဆုံးရှုံးစေသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. 'သွဟာရဟ်' သန့်ရှင်းစင်ကြယ်မှုသည် နှစ်မျိုးရှိသည်။ တစ်မျိုးမှာ အပြင်ပိုင်း သန့်ရှင်းစင်ကြယ်မှုဖြစ်ပြီး ၎င်းကိုဝုဿူပြုခြင်း၊ ဂုစ်လ် ရေချိုးခြင်းဖြင့်ရရှိနိုင်သည်။ နောက်တစ်မျိုးမှာ အတွင်းပိုင်းဆိုင်ရာ

သန့်ရှင်းစင်ကြယ်မှုဖြစ်ပြီး ၎င်းကို
သောင်ဝ်ဟီးဒ်တရားကိုလက်ခံခြင်း၊ အီမာန်
သက်ဝင်ယုံကြည်ခြင်း၊ ကောင်းမှုပြုခြင်းတို့ဖြင့် ရရှိနိုင်သည်။

2. ဆွလာသ်ကို စွဲမြဲစွာဝတ်ပြုရန် အရေးကြီးကြောင်း တင်ပြထားသည်။ ဆွလာသ်သည် ဤလောကနှင့် ကိယာမသ် ရှင်ပြန်ထရမည့်နေ့၌ လူ သား အတွက် အလင်းရောင်ဖြစ်သည်။
3. ဆွဒ်ကဟ် အလှူဒါနပြုခြင်းသည် အီမာန်ယုံကြည်မှု စစ်မှန်ကြောင်း အထောက်အထားဖြစ်သည်။
4. ကုရ်အာန် ကျမ်းမြတ်သည် သင့်အတွက် သက်သေ အထောက်အထား ဖြစ်ပြီး အသင်နှင့်ဆန့်ကျင်ဘက် သက်သေအထောက်အထား မဖြစ် ရန်အတွက် ကုရ်အာန် ကျမ်းတော်မြတ်အားယုံကြည်ထောက်ခံကာ လိုက်နာကျင့်သုံးရန် အရေးကြီးသည်။
5. အသင်သည် စိတ်ကိုကောင်းမှုပြုခြင်း၌ လုံးပန်းစေခြင်းမရှိလျှင် ထို စိတ်သည် အသင့်အားမကောင်းမှု၌ လုံးပန်းစေလိမ့်မည်။
6. လူသားတိုင်းသည် အရှင်မြတ်၏ အမိန့်နာခံမှုဖြင့် မိမိကိုယ်မိမိ ဂျဟန္နမ် ငရဲမီးမှ လွတ်မြောက်စေသည့်အလုပ်ကိုဖြစ်စေ သို့မဟုတ် အပြစ် အကုသိုလ်ကျူးလွန်ကာ မိမိကိုယ်မိမိ ဂျဟန္နမ်ငရဲသို့ ကျရောက်စေ သည့် အလုပ်ကိုဖြစ်စေ မလွဲမသွေ

လုပ်ဆောင်ကြသည်။

7. ဆွဲဖ်ရ်သည်းခံခြင်းတွင် ဒုက္ခအခက်အခဲရှိသည်။ ထို့ကြောင့် ခံနိုင်ရည် ရှိရန်နှင့် အကျိုးကုသိုလ်ကို မျှော်လင့်ချက်ထားရန်လိုအပ်သည်။

(65004)

(141) – عن أبي هريرة رضي الله عنه قال: قال رسول الله صلى الله عليه وسلم: «لَأَنْ أَقُولَ: سُبْحَانَ اللهِ، وَالْحَمْدُ لِلَّهِ، وَلَا إِلَهَ إِلَّا اللهُ، وَاللهُ أَكْبَرُ، أَحَبُّ إِلَيَّ مِمَّا طَلَعَتْ عَلَيْهِ الشَّمْسُ». [صحيح] - [رواه مسلم]

(141) – အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ “စွဗ်ဟာနလ္လာဟ် ဝလ်ဟမ်ဒုလိလ္လာဟ် ဝလာအိလာဟ အိလ္လလ္လာဟ် ဝလ္လာဟုအက္ကဗရ်” (အဓိပ္ပာယ်- အလ္လာဟ်အရှင်မြတ်သည် ချွတ်ယွင်းမှုအပေါင်းမှကင်းစင်တော်မူသည်။ ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာဖြစ်ပြီး အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသောအရှင်ဟူ၍ အလျှင်း မရှိ။ အလ္လာဟ်အရှင်မြတ်သည် အကြီးကျယ်ဆုံးဖြစ်တော်မူသည်။) ဟု မြွက်ဆိုရခြင်းကို ငါကိုယ်တော်သည် နေထွက်ပေါ်သည့် အရာဟူသမျှထက်

(လောကရှိအရာခပ်သိမ်းထက်)ပို၍ နှစ်သက်တော်မူသည်။

[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

ဤကြီးကျယ်လှသည့် ကလိမဟ်တော်များဖြင့် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းသည် လောကနှင့် လောကရှိအရာခပ်သိမ်းတို့ထက် သာပို မွန်မြတ်ကြောင်း တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့သည်။ ၎င်းမှာ-

"စွဗ်ဟာနလ္လာဟ်" အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှကင်း စင်တော်မူသည်။

"အလ်ဟမ်ဒု လိလ္လာဟ်"ချစ်ခင်မှု ဂုဏ်ပေးလေးစားမှုနှင့်တကွ အရှင် မြတ်၏ ပြည့်စုံလှသော ဂုဏ်တော်များဖြင့် အရှင်မြတ်အား ဂုဏ်ပေးချီးမွမ်း ခြင်းဖြစ်သည်။

"လာအိလာဟ အိလ္လလ္လာဟ်" အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ် ခြင်းခံထိုက်တော်မူသောအရှင်ဟူ၍ အလျှင်းမရှိ။

"အလ္လာဟု အက္ကဗရ်" အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းထက် အကြီးကျယ်ဆုံးနှင့် ဂုဏ်သိက္ခာအရှိဆုံး ဖြစ်တော်မူသည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. အလ္လာဟ်အရှင်မြတ်အား ဇိက်ရ်ပြုရန် တိုက်တွန်းထားသည်။

ဇိကၠရ် ပြုခြင်းသည် နေထွက်ပေါ်သည့် အရာဟူသမျှထက် (လောကရှိအရာ ခပ်သိမ်းထက်)ပို၍ နှစ်သက်စရာကောင်းသည်။

2. ဇိကၠရ်ပြုခြင်း၌ အကျိုးကုသိုလ်များ၊ ထွတ်မြတ်မှုများရှိသည့်အတွက် ဇိကၠရ် အမြောက်အများပြုရန် တိုက်တွန်းထားသည်။
3. လောကီ၏ စည်းစိမ်များသည် အလွန်နည်းပါးပြီး ၎င်း၏အလိုရမ္မက် များသည်လည်း ပျောက်ကွယ်သွားမည်ဖြစ်သည်။

(6211)

(142) – عن جابر رضي الله عنه قال: سمعتُ رسولَ الله صلى الله عليه وسلم يقول: «أَفْضَلُ الذِّكْرِ: لَا إِلَهَ إِلَّا اللهُ، وَأَفْضَلُ الدُّعَاءِ: الْحَمْدُ لِلَّهِ». [حسن] – [رواه الترمذي والنسائي في الكبرى وابن ماجه]

(142) – ဂျာဗိရ်(ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိခဲ့သည်။ အမွန်မြတ်ဆုံး ဇိကၠရ်တော်မှာ 'လာအိလာဟအိလ္လလ္လာဟ်' ဖြစ်ပြီး အမွန်မြတ်ဆုံး ဒုအာဆုမွန်မှာ 'အလ်ဟမ်ဒုလိလ္လာဟ်'ဖြစ်သည်။ [ဤဟဒီးဆ်သည် ဟစန်အဆင့်ရှိသည်။] – [သိရ်မိဇီကျမ်း၊ နစာအီ၏ကုဗ်ရာကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစ္စလာမ်)က "အမွန်မြတ်ဆုံး ဇိက်ရ်တော်မှာ 'လာအိလာဟ အိလ္လလ္လာဟ်' ဖြစ်သည်"ဟု မိန့်ကြားတော်မူ ခဲ့သည်။ ထိုကလိမဟ်တော်၏ အဓိပ္ပာယ်မှာ - အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းခံထိုက်သောအရှင်မရှိ ဟူ၍ ဖြစ်သည်။ ထို့အတူ "အမွန် မြတ်ဆုံး ဒုအာဆုမွန်မှာ 'အလ်ဟမ်ဒု လိလ္လာဟ်' ဖြစ်သည်"ဟု မိန့်ကြား တော်မူခဲ့သည်။ ဤသည် လုပပြည့်စုံသည့် ဂုဏ်တော်အပါင်းကို ပိုင်ဆိုင် တော်မူသော၊ ချွတ်ယွင်းမှုအပေါင်းမှ ကင်းစင်တော်မူသော အလ္လာဟ်အရှင် မြတ်သာလျှင် နိအ်မသ် စည်းစိမ်များကို ချီးမြှင့်တော်မူသောအရှင် ဖြစ် ကြောင်း ဝန်ခံပြောကြားခြင်းဖြစ်သည်။

## ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ

1. ကလိမဟ်သောင်ဟီးဒ် 'လာအိလာဟ အိလ္လလ္လာဟ်'နှင့် 'အလ်ဟမ် ဒုလိလ္လာဟ်' ဒုအာကို များမြောင်စွာ ရွတ်ဖတ်ရန် တိုက်တွန်းထားသည်။

(3567)

(143) – عن خَوْلَةَ بِنْتَ حَكِيمٍ السُّلَمِيَّةَ قَالتْ: سَمِعْتُ رَسُولَ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ يَقُولُ: «مَنْ نَزَلَ مَنْزِلًا ثُمَّ قَالَ: أَعُوذُ بِكَلِمَاتِ اللهِ التَّامَّاتِ مِنْ شَرِّ مَا خَلَقَ، لَمْ يَضُرَّهُ شَيْءٌ حَتَّى يَرْتَحِلَ مِنْ مَنْزِلِهِ ذَلِكَ». [صحيح] - [رواه مسلم]

(143) – ခေါင်လဟ် ဗင်န်သိ ဟကီးမ် အတ်စ်စုလမိယ္ယဟ် (ရသ္ဒိယလ္လာဟု အန်ဟာ)က ဆင့်ပြန်ခဲ့သည်။ ကျွန်မသည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိရသည်မှာ - မည်သူ မဆို နေရာတစ်ခု၌ စခန်းချသည့်အခါ “أَعُوْذُ بِكَلِمَاتِ اللهِ التَّامَّاتِ مِنْ شَرِّ مَا خَلَقَ” (အလ္လာဟ်အရှင်မြတ်၏ ပြည့်စုံတော်မူသော ကလိမဟ်တော်များအားဖြင့် (အလ္လာဟ်အရှင်မြတ်) ဖန်ဆင်းထားတော်မူသော အဖန်ဆင်းခံ ခပ်သိမ်းတို့ ၏ ဘေးအန္တရာယ်မှ အရှင်မြတ်ထံ ကျွန်တော်မျိုး ခိုလှုံခွင့် တောင်းခံပါ၏။) ကိုရွတ်ဆိုပါက ၎င်းသူထိုနေရာမှ မထွက်ခွါသေးသရွေ့ မည်သည့်အရာကမျှ သူ့အား ဆိုးကျိုးတစ်စုံတစ်ရာ ပေးနိုင်မည်မဟုတ်ပေ။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] - [မွတ်စ်လင်မ်ကျမ်း]

## ရှင်းလင်းချက်

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိအွမ္မဟ်သား များအား လမ်းခရီးတွင်လည်းကောင်း၊ အပန်းဖြေရာတွင်လည်းကောင်း၊ အခြားကိစ္စတစ်စုံတစ်ရာကြောင့်လည်းကောင်း နေရာတစ်ခုတွင် စခန်းချ ရပ်နားသည့်အခါ လူတို့ကြောက်ရွံ့သော မကောင်းသည့် အရာတိုင်းမှ ကင်း ဝေးစေရန်အတွက် အကျိုးရှိသော ခိုလှုံမှုတောင်းခံခြင်းကို

သင်ကြားပေး တော်မူသည်။ ၎င်းမှာ အလွန်မွန်မြတ်လှသော၊ ဗရ်ကသ်မင်္ဂလာများ၊ ကောင်းကျိုးများနှင့်ပြည့်စုံလှသော၊ ချို့ယွင်းချက်အားနည်းချက်တို့မှ ကင်း စင်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ကလိမဟ်တော်များဖြင့် အဖန် ဆင်းခံတိုင်း၏ ဘေးအန္တရာယ်များမှ ခိုလှုံခွင့်ရယူခြင်းဖြစ်သည်။ ဤသို့ဖြင့် ထိုသူသည် ထိုစခန်းချသည့်နေရာတွင် ရှိနေသမျှကာလပတ်လုံး ဒုက္ခ ဆိုးကျိုးပေးနိုင်မည့်အရာအားလုံးမှ လုံခြုံမှုရရှိသွားမည်ဖြစ်သည်။

**ဟဒီးဆ်မှ သိမှတ်ဖွယ်ရာများ**

1. ခိုလှုံခွင့်တောင်းခံခြင်းသည် အိဗာဒသ် ခဝပ်ကိုးကွယ်မှုဖြစ်သည်။ ထို့ ကြောင့် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ နာမတော်များ၊ ဂုဏ် တော်များဖြင့်သာ ခိုလှုံမှုတောင်းခံရမည်။
2. အလ္လာဟ်အရှင်မြတ်၏(ကလာမ်) မုဗ္ဗာပါဌ်တော်သည် အရှင်မြတ်၏ ဆွိဖာသ် ဂုဏ်တော်များအနက်မှ ဂုဏ်တော်တစ်မျိုးဖြစ်သည့်အတွက် အရှင်မြတ်၏ မုဗ္ဗာပါဌ်တော်ဖြင့် ခိုလှုံမှုတောင်းခံခွင့်ရှိ၏။ အဖန်ဆင်းခံ ဖြင့် ခိုလှုံမှုတောင်းခံခြင်းသည် ရှိရ်က်ဖြစ်သည်။
3. ဤတောင်းဆုတော်၏ မွန်မြတ်မှုနှင့် ဗရ်ကသ်မင်္ဂလာကို ဖော်ပြထား သည်။
4. ဇိက်ရ်တော်များဖြင့် အကာအကွယ်ယူခြင်းသည်

လူသားအတွက်ဘေး အန္တရာယ်များမှ အကာအကွယ်ရရန် အကြောင်းခံတစ်ခုဖြစ်သည်။

5. အလ္လာဟ်အရှင်မြတ်မှအပ ဂျင်န်များ၊ ဂျာဒူပယောဂဆရာများ၊ လူလိမ် များနှင့် အခြားအဖန်ဆင်းခံများထံတွင် ခိုလှုံမှုတောင်းခံခြင်းကို ပယ် ဖျက်ထားသည်။
6. မိမိအရပ်ဒေသတွင်ဖြစ်စေ သို့မဟုတ် ခရီးတွင်ဖြစ်စေ တစ်နေရာရာ၌ ရပ်နားသည့်အခါ ဤဒုအာကို တောင်းခံရန် တရားတော်က သတ်မှတ် ထားသည်။

(5932)

## Table of Contents

စကားချီး.....2

ကေန်အမှန်ပင် အမလ်လုပ်ဆောင်ချက်များသည် ရည်စူးချက်များအပေါ်တွင် မူတည်သည်။ လူတိုင်းသည် မိမိရည်စူးခဲ့သည့် အရာကိုသာရရှိမည်ဖြစ်သည်။..5

အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခြင်းခံထိုက်သည့်အရှင်မရှိကြောင်းနှင့် မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်ဖြစ်ကြောင်း သက်သေခံခြင်း၊ ဆွလာသ်ဆောက်တည်ခြင်း၊ ဇကာသ်ပေးခြင်း၊ ရမသွာန်လတွင် ဆွိယာမ်ဥပုသ်စောင့်ထိန်းခြင်းနှင့် (မက္ကဟ်မြို့သို့) သွားရောက်နိုင်စွမ်းရှိသူအတွက် ကအ်ဗဟ်ကျောင်းတော်သို့ သွားရောက် ဟဂ်ျ ပြုခြင်းတို့ဖြစ်သည်ဟု မိန့်ကြားတော်မူသည်။.....8

ကေန်မုချ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ကျေးကျွန်များအပေါ်တွင်ရှိသည့်ဝတ္တရားမှာ ထိုအရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ရန်နှင့် အရှင်မြတ်နှင့်အတူ မည်သည့်အရာကိုမျှ ယှဉ်တွဲကိုးကွယ်မှု မပြုရန်ဖြစ်သည်။ ကျေးကျွန်များနှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်အပေါ်တွင်ရှိသည့် ဝတ္တရားမှာ အရှင်မြတ်နှင့်အတူ မည်သည့်အရာကိုမျှ ယှဉ်တွဲကိုးကွယ်မှု မပြုသူအား အဇာဗ်ပြစ်ဒဏ်မပေးရန်ဖြစ်သည်။.....18

မည်သည့် ကျေးကျွန်မဆို အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သော အရှင်မရှိကြောင်းနှင့် မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ အစေတော်နှင့် ရစူလ်တမန်တော်ဖြစ်ကြောင်း

စိတ်နှလုံးသားထဲမှ မှန်ကန်စွာ သက်သေခံခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အပေါ် ငရဲမီးကို ဟရာမ်အဖြစ်သတ်မှတ်တော်မူမည်ဖြစ်သည်။...............22

အကြွင်သူသည် ကလိမဟ်တော် "လာအိလာဟ အိလ္လလ္လာဟ်"အား ရွတ်ဆိုပြီး အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခံရသော အရာများကို ငြင်းပယ်ခဲ့ပါက ၎င်း၏ ပစ္စည်းဥစ္စာနှင့် အသက်သွေးတို့သည် (အခြားသူတစ်ဦးအတွက်) ဟရာမ်ဖြစ်သွားချေပြီ။ ၎င်းအား စာရင်းစစ်ဆေးခြင်းသည် အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်ပေသည်။ .............................................27

မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာကို ယှဉ်တွဲကိုးကွယ်ခြင်းမပြုပဲ သေဆုံးခဲ့ပါက ဂျန္နသ် သုခဘုံသို့ဝင်ရောက်ရမည်။ မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာကို ယှဉ်တွဲကိုးကွယ်၍ သေဆုံးခဲ့ပါက ဂျဟန္နမ်ငရဲဘုံသို့ဝင် ရောက်ရမည်။...........................................30

ဧကန်အမှန်အသင်သည် ကျမ်းရထားသူများထံ သွားရောက်နေသည်ဖြစ်ရာ အသင်သည် သူတို့ထံရောက်ရှိလျှင် ၎င်းတို့အား အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခြင်းခံထိုက်သောအရှင်မရှိကြောင်းနှင့် ဧကန်အမှန် ငါကိုယ်တော်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်းကို သက်သေခံရန် ပထမဦးဆုံးဖိတ်ခေါ်ပါလေ။....................................................32

ကိယာမသ် တရားစီရင်မည့်နေ့၌ ငါကိုယ်တော်၏ ရှဖာအသ် ကြားဝင်အသနားခံပေးမှုဖြင့် နဖူးစာအကောင်းဆုံးဖြစ်မည့်သူမှာ မိမိနှလုံးသားတွင်း၌ အရှင်မြတ်အတွက်သာရည်စူး၍ (လာအိလာဟအိလ္လလ္လာဟ်)ကို ရွတ်ဆိုခဲ့သူဖြစ်သည်။.......................................37

အီမာန် သက်ဝင်ယုံကြည်မှု၌ အကိုင်းအလက် (အစိတ်အပိုင်း) ခုနစ်ဆယ်ကျော် သို့မဟုတ် ခြောက်ဆယ်ကျော် ရှိသည်။ ၎င်းတို့အနက် အမြင့်မြတ်ဆုံးမှာ

“လာအိလာဟ အိလ္လလ္လာဟ်”ရွတ်ဆိုခြင်းဖြစ်ပြီး အနိမ့်ဆုံးမှာ လမ်းပေါ်မှ ဒုက္ခဖြစ်စေမည့် အရာကို ဖယ်ရှားပေးခြင်းဖြစ်သည်။ ........................................40

ငါအရှင်မြတ်သည် ဖက်စပ်ကိုးကွယ်သူတို့၏ ဖက်စပ်ကိုးကွယ်ခြင်းမှ ကင်းရှင်းတော်မူသည်။ အကြင်သူသည် အမလ်ကောင်းမှုပြုလုပ်ရာတွင် ငါအရှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ရာကို ဖက်စပ်ကိုးကွယ်ခဲ့လျှင် ငါအရှင်မြတ်သည် ထိုသူနှင့် သူ၏ဖက်စပ်ကိုးကွယ်မှုကိုပါ စွန့်ပစ်တော်မူသည်။ ........................................................................................................43

ငြင်းပယ်သူမှလွဲ၍ ငါကိုယ်တော် ၏ အွမ္မသ်သားအားလုံးသည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ကြရမည်။..........................................................................................45

နဆွ်ရာနီတို့သည် မရ်ယမ်၏ သားတော်(တမန်တော်အီစာ)(အလိုင်းဟိစ္စလာမ်)အား အတိုင်းထက်အလွန် ကြည်ညိုအမွှမ်းတင်ကြသကဲ့သို့ အသင်တို့သည် ငါကိုယ်တော်အား အတိုင်းထက်အလွန် ကြည်ညိုအမွှမ်းတင်ခြင်းမပြုကြနှင့်။ ငါကိုယ်တော်သည် အရှင်မြတ်၏ကျေးကျွန်သာဖြစ်သည်။ ထို့ကြောင့်ငါကိုယ်တော်အား အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်နှင့် အရှင်မြတ်၏ရစူလ်တမန်တော်ဖြစ်သည်ဟူ၍သာ သင်တို့ပြောကြလေကုန်။ ..47

အသင်တို့အနက် မည်သူမဆို မိမိ၏ သားသမီး၊ မိမိ၏ မိဘနှင့် လူသားအားလုံးထက် ငါကိုယ်တော်အား ပိုမချစ်သမျှ ကာလပတ်လုံး ပြည့်ဝသည့် မုအ်မင်န် မဖြစ်နိုင်ပေ။...................................................................50

အသင်တို့သည် အာယသ်တော်တစ်ခုမျှပင်ဖြစ်စေ ငါကိုယ်တော်ထံမှ ကြားသိခဲ့ရသည်တို့ကို ပို့ချကြပါ။ အစ္စရာအီလ်မျိုးနွယ်ထံမှ ကြားသိရသည်တို့ကိုလည်း ဆင့်ပြန်ပြောကြလေကုန်

(ထိုသို့ပြောကြားခြင်းသည်) အပြစ်တစ်စုံတစ်ရာမရှိပေ။ ထို့ပြင် အကြင်သူသည် ငါကိုယ်တော့်အပေါ် သိလျက်နှင့်တမင်လိမ်လည်ပြောဆိုခဲ့လျှင် ၎င်းသည် သူနေထိုင်ရမည့်နေရာအား ငရဲမီးတွင် သတ်မှတ်လိုက်ပါ။..................................52
ကောင်းစွာမှတ်သားကြလေကုန်၊ ငါကိုယ်တော်၏ ဟဒီးဆ်တော်တစ်ပုဒ်သည် လူတစ်ဦးထံသို့ ရောက်ရှိသည့်အခါ ထိုသူသည် မိမိ၏သလွန်ပေါ်တွင် မှီလျက် အသင်တို့နှင့် ကျွန်ုပ်တို့ကြားတွင် အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်မြတ်ရှိသည်။..........................................................................................54
အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏ကဗရ်အား ကိုးကွယ်ရာအဖြစ် မပြုလုပ်လိုက်ပါနှင့်။ ..........................................................................................57
အသင်တို့၏ နေအိမ်များကို ကဗရ်သင်္ချိုင်းများအဖြစ် မပြုလုပ်ကြနှင့်၊ ငါကိုယ်တော်၏ကဗရ်ကိုလည်း အီးဒ်မပြုလုပ်ကြနှင့် ငါကိုယ်တော်အပေါ်သို့ ဆွလာသ်မေတ္တာ ပို့သကြလေကုန်၊ ဧကန်မုချ အသင်တို့၏ ဆွလာသ်မေတ္တာ ပို့သမှုသည် အသင်တို့မည်သည့်နေရာတွင်ရှိသည်ဖြစ်စေ ငါကိုယ်တော်ထံ ရောက်ရှိလေသည်။ ..........................................................................................60
ငါကိုယ်တော်သည် အသင်တို့အနက် တစ်ဦးတစ်ယောက်အား ငါကိုယ်တော်အတွက် အချစ်တော်၊အဆွေတော်အဖြစ် သတ်မှတ်ခြင်းမှ အလ္လာဟ်အရှင်မြတ်ထံတွင် ကင်းရှင်းတော်မူသည်။ အမှန်တကယ်ပင် အလ္လာဟ်အရှင်မြတ်သည် အိဗ်ရာဟီမ်(အလိုင်းဟိစ္စလာမ်)အား (ခလီလ်)အချစ်တော်၊ အဆွေတော်အဖြစ် သတ်မှတ်ခဲ့သလို ငါကိုယ်တော်အားလည်း အချစ်တော်၊ အဆွေတော်အဖြစ် သတ်မှတ်တော်မူခဲ့သည်။ ..........................................................................................62

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ကျွန်ုပ်အား စေလွှတ်ခဲ့သည့်အတိုင်း ကျွန်ုပ်လည်း သင့်အားမစေလွှတ်ရဘူးလား။ ၎င်းမှာ မည်သည့်ရုပ်ပုံကိုမျှ မချန်ထားဘဲ ဖျက်ဆီးပစ်ရန်နှင့် မြင့်နေသည့် ကဗရ်သင်္ချိုင်းတိုင်းအား (မြေပြင်နှင့်) တပြေးတည်းဖြစ်အောင် ပြုလုပ်ရန်ဖြစ်သည်။.....................................................66

အတိတ်နိမိတ်ဆိုးကောက်သူ၊ အတိတ်နိမိတ်ဆိုးကောက်ပေးသူ၊ ဗေဒင်လက္ခဏာကြည့်သူ၊ ဗေဒင်လက္ခဏာကြည့်ပေးသူ၊ ဂျာဒူပယောဂပြုသူ၊ ဂျာဒူပယောဂပြုပေးသူ၊..........................................................................68

အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က မည်သို့အမိန့်ရှိသည်ကို သင်တို့သိကြပါသလားဟု မေးမြန်းတော်မူသည်။ သာဝကကြီးများက အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်သည်သာလျှင် အသိဆုံး ဖြစ်တော်မူပါသည်ဟု ဖြေကြားခဲ့ကြသည်။ ကိုယ်တော်ကမိန့်ကြားသည်မှာ- (အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်) ငါအရှင်မြတ်၏ ကျေးကျွန်များအနက်အချို့သည် ငါအရှင်မြတ်အား သက်ဝင်ယုံကြည်သူ 'မုအ်မင်န်'အဖြစ် နံနက်ချိန်သို့ ဝင်ရောက်ကြပြီး အချို့သည်ငြင်းပယ်သူ 'ကာဖိရ်'အဖြစ် နံနက်ချိန်သို့ဝင်ရောက်ကြသည်။..........72

ကောန်အမှန်ပင် ဂါထာမန္တန်မန်းမှုတ်ခြင်း၊ အင်းအိုင်အဆောင်လက်ဖွဲ့ချိတ်ဆွဲခြင်း၊ တစ်ဦးကတစ်ဦးကို ချစ်ခင်လာစေရန်အတွက် ဂျာဒူဖြင့်ပြုလုပ်ခြင်း စသည့်ကိစ္စရပ် အားလုံးသည် ရှိရ်က်ဖြစ်သည်။....................................................77

မည်သူမဆို အကွယ်ရှိအကြောင်းအရာများကို ဟောကြားသူထံသွား၍ တစ်စုံတစ်ရာ မေးမြန်းပါက ရက်ပေါင်း လေးဆယ်တိုင် ထိုသူ၏ ဆွလာသ် လက်ခံခြင်းခံရမည် မဟုတ်ပေ။ ...................................................................80

အကြင်သူသည် အလ္လာဟ်အရှင်မြတ်မှအပ အခြားတစ်စုံတစ်ရာဖြင့် ကစမ်ကျိန်ဆိုခဲ့လျှင် ထိုသူသည် (ကုဖ်ရ်) သွေဖည်ငြင်းပယ်မှု သို့မဟုတ် (ရှိရ်က်) ဖက်စပ်ယှဉ်တွဲမှု ပြုခြင်းဖြစ်သည်။ ......................................................................82

အသင်တို့သည် ကဗရ်သင်္ချိုင်းများပေါ်တွင် မထိုင်ကြနှင့် ၎င်းတို့ဘက်သို့လှည့်၍ ဆွလာသ် မဆောက်တည်ကြနှင့်။......................................................................85

အသင်တို့အနက် တစ်ဦးတစ်ယောက်ထံသို့ ရှိုင်သွာန်ကလာရောက်၍ ဤအရာကို မည်သူဖန်ဆင်းခဲ့ပါသနည်း၊ ဤအရာကို မည်သူဖန်ဆင်းခဲ့ပါသနည်းဟု မေးမြန်းရင်း နောက်ဆုံး သင်၏အရှင်သခင်ကို မည်သူဖန်ဆင်းခဲ့ပါသနည်းဟု မေးမြန်းလိမ့်မည်။ အကယ်၍ ထိုအဆင့်ထိ ရောက်လာခဲ့လျှင် أَعُوذُ بِاللَّهِ (အလ္လာဟ်အရှင်မြတ်၏ ထံတော်တွင်ခိုလှုံပါ၏ဟု) ရွတ်ဆိုကာ ထိုမကောင်းသည့်အတွေးကို စွန့်လိုက်ပါ။ ......................................................................87

အလ္လာဟ်အရှင်မြတ်သည် လူတစ်ဦးအား အုပ်စုတစ်စုကို ခေါင်းဆောင်ရန် ခန့်အပ်ထားရာ ထိုသူသည် ၎င်းတို့ကို လိမ်လည်လှည့်စားကာ ကွယ်လွန်ချိန်ဆိုက်ရောက်သဖြင့် ကွယ်လွန်သွားလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အပေါ် ဂျန္နသ်သုခဘုံကို ဟရာမ်ပြုတော်မူမည် ဖြစ်သည်။ ........................89

အို အလ္လာဟ်အရှင်မြတ် အကြင်သူသည် ကျွန်တော့်အွမ္မသ်၏ အရေးကိစ္စတစ်စုံတစ်ရာကို တာဝန်ယူထားပြီး ၎င်းတို့အပေါ် ခက်ခဲအောင်ပြုလုပ်ခဲ့လျှင် ထိုသူ့ကိုလည်း ခက်ခဲစေတော်မူပါ။ အကြင်သူသည် ကျွန်တော့်အွမ္မသ်၏ အရေးကိစ္စတစ်စုံတစ်ရာကို တာဝန်ယူထားပြီး ၎င်းတို့အပေါ် လွယ်ကူအောင်ပြုလုပ်ခဲ့လျှင် ထိုသူ့ကိုလည်း လွယ်ကူစေတော်မူပါ။......................................................................92

သာသနာဟူသည် "ကောင်းကျိုးလိုလားခြင်းဖြစ်သည်"......................................93

"အသင်မအနေဖြင့်ဆင်တူယိုးမှား အာယသ်တော်များနောက်ကို လိုက်နေကြသည့်သူများကို တွေ့ရှိပါက (မှတ်ယူပါ) ထိုသူများကို အလ္လာဟ်အရှင်မြတ်က (စိတ်နှလုံးတွင် သွေဖည်ယိမ်းယိုင်မှုရှိသောသူများဟု ကျမ်းမြတ်ကုရ်အာန်၌) အမည်ပေးထားသူများဖြစ်သည့်အတွက် အသင်တို့ ၎င်းတို့ကိုရှောင်ကြဉ်ပါ။..........................................................................................98

အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မကောင်းမှုတစ်ခုခုကို မြင်တွေ့ခဲ့ပါက ၎င်းအား မိမိလက်ဖြင့် တားမြစ်ပါ။ အကယ်၍ ထိုသို့မပြုလုပ်နိုင်လျှင် မိမိ၏နှုတ်လျှာဖြင့် တားမြစ်ပါ။ အကယ်၍ ထိုသို့မပြုလုပ်နိုင်လျှင် မိမိ၏စိတ်နှလုံးသားအတွင်းမှ ထိုအရာကိုမကောင်းမှုဟုမှတ်ယူပါ။ ဤသည် အီမာန်ယုံကြည်မှု၏ အနိမ့်ဆုံးအဆင့်ဖြစ်သည်။ ..........................................................................108

ကောင်းမှုအား ညွှန်ပြပေးသူသည် ထိုကောင်းမှုအား ပြုလုပ်သူကဲ့သို့ပင် အကျိုးကုသိုလ် ရရှိမည်ဖြစ်သည်..................................................................111

အကြင်သူသည် လူအုပ်စုတစ်စုဖြင့် တူဆင်အောင်ပြုလုပ်ခဲ့လျှင် ၎င်းသည် ထိုအုပ်စုအနက်မှပင်ဖြစ်သည်။.........................................................................114

အစွန်းရောက်သူများ ပျက်စီးပါစေ....................................................................116

အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီအား မဖန်ဆင်းမီအလျင်နှစ်ပေါင်းငါးသောင်းကပင် အဖန်ဆင်းခံများ၏သက္ကဒီရ်သတ်မှတ်ချက်များကို ရေးဆွဲတော်မူခဲ့သည်။.....118

၎င်းကပြောသည်မှာ ကျွန်တော်တို့အား အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်။

ထိုတမန်တော်သည် မှန်ကန်သူ၊ မှန်ကန်သည်ဟုထောက်ခံခြင်းခံရသူဖြစ်သည်။ ကိုယ်တော်ကမိန့်ကြားတော်မူသည်။ အသင်တို့အနက် တစ်ဦးတစ်ယောက်သည်မိခင်၏ဝမ်းဗိုက်ထဲ၌ ပေါင်းစည်းခံရပြီးနောက် စတင်သန္ဓေတည်သည့်အခါတွင်'နုသ်ဖဟ်'ကလလရည်ကြည်အဖြစ်ရက် ပေါင်း(၄၀)ကြာမြင့်သည်။ ......120

ဂျန္နသ်သုခဘုံသည် အသင်တို့အနက် တစ်ဦးတစ်ယောက်၏ ဖိနပ်သဲကြိုးထက်ပင် ၎င်းနှင့် ပို၍နီးကပ်သည်။ ဂျဟန္နမ်ငရဲဘုံသည်လည်း ထိုအတိုင်းပင်ဖြစ်သည်။ ......125

ဂျဟန္နမ်ငရဲအား စိတ်အလိုရမ္မက်များဖြင့် ဖုံးအုပ်ထားပြီး ဂျန္နသ်သုခဘုံအား မနှစ်မြို့ဖွယ်ရာများဖြင့် ဖုံးအုပ်ထားသည်။ ......127

အလ္လာဟ်အရှင်မြတ်သည် ဂျန္နသ်နှင့်ဂျဟန္နမ်ကို ဖန်ဆင်းတော်မူပြီးနောက် ဂျစ်ဗ်ရီလ်(عَلَيْهِ السَّلَامُ)အား ဂျန္နသ်သို့စေလွှတ်တော်မူခဲ့သည်။ ......129

အသင်တို့၏ (လောကီ)မီးသည် ဂျဟန္နမ်ငရဲမီး၏ အပုံ(၇၀)ပုံ တစ်ပုံမျှသာဖြစ်သည်။ ......134

ကလိမဟ်တော်"လာအိလာဟအိလ်လလ္လာဟ်"ကို ရွတ်ဆိုလိုက်ပါ။ ၎င်းကလိမဟ်တော်ဖြင့်ကျွန်တော်သည် သင့်အတွက် ကိယာမသ်နေ့၌ သက်သေခံပေးမည်ဖြစ်သည်။ ......136

ငါကိုယ်တော်၏ ကောင်ဆရ်ရေကန်(၏အကျယ်အဝန်း)သည် တစ်လတာခရီး အကွာအဝေးမျှရှိ၏။ ၎င်း၏ရေသည် နို့ထက်ပို၍ဖြူပြီး ၎င်း၏ရနံ့သည် ကတိုးထက်သာပို၍ မွှေးကြိုင်သည်။ ......140

သေခြင်းတရားသည် အနက်ရောင်အမွေးအနည်းငယ်ပါရှိသော သိုးဖြူတစ်ကောင်၏အသွင်သဏ္ဌာန်ဖြင့်ယူဆောင်လာခြင်းခံရမည်။ ......141

အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို အားကိုးထိုက်သည့်အတိုင်း ယုံပုံအားကိုးမည်ဆိုလျှင် နံနက်ခင်းတွင် ဝမ်းဗိုက် ဟောင်းလောင်းဖြင့် ထွက်သွားကြပြီး ညနေတွင် ဝမ်းဗိုက်ပြည့်လျက် ပြန်လာကြသည့် ငှက်များကို အလ္လာဟ်အရှင်မြတ်က ရိုဇီရိက္ခာချီးမြှင့်သကဲ့သို့ သင်တို့အား ရိုဇီရိက္ခာချီးမြှင့်တော်မူမည်ဖြစ်သည်။......146

အို - ငါအရှင်၏ကျွန်အပေါင်းတို့ ငါအရှင်မြတ်သည် မတရားမှုကို မိမိအပေါ်တွင် ဟရာမ် အဖြစ်သတ်မှတ်ထားတော်မူသည်။ ထို့အတူ အသင်တို့ ကြား၌လည်း ၎င်းအား ဟရာမ်အဖြစ် သတ်မှတ်တော်မူလိုက်သည်။ သို့ရှိရာ အသင်တို့အချင်းချင်း မတရားမှုမပြုကြလေနှင့်။......148

ကေန်အမှန် အလ္လာဟ်အရှင်မြတ်သည် မတရားပြုသူအား အချိန်ဆိုင်းငံ့ခွင့် ပေးထားတော်မူသည်။ အရှင်မြတ်က ၎င်းအား အရေးယူသည့်အခါ လွတ်မြောက်ခွင့် ပေးမည်မဟုတ်ပေ။......156

ကေန်အမှန် အလ္လာဟ်အရှင်မြတ်သည် ကောင်းမှုများနှင့် မကောင်းမှုများကို ရေးမှတ်တော်မူပြီးနောက် ၎င်းတို့အား အသေးစိတ်ရှင်းပြတော်မူခဲ့သည်။ ထို့ကြောင့် မည်သူမဆို ကောင်းမှုတစ်ခုကို ပြုလုပ်ရန်ရည်ရွယ်ပြီး မလုပ်ဖြစ်ခဲ့လျှင် ၎င်းကို အလ္လာဟ်အရှင်မြတ်သည် မိမိထံတော်တွင် ပြည့်စုံသည့် ကောင်းမှုတစ်ခုအဖြစ် ရေးမှတ်တော်မူသည်။ အကယ်၍ ထိုသူသည် ယင်းကောင်းမှုကိုပြုလုပ်ရန် ရည်ရွယ်ပြီးနောက် လက်တွေ့ပြုလုပ်ခဲ့ပါက ၎င်းကို ထိုသူ့အတွက် အလ္လာဟ်အရှင်မြတ်က မိမိထံတော်တွင် ကောင်းမှု(၁၀)ဆမှ အဆ(၇၀၀) အထိ၊ ထိုမှ အဆပေါင်းမြောက်မြားစွာထိ ရေးမှတ်တော်မူမည်ဖြစ်သည်။ ၎င်းအပြင် အကြင်သူသည် မကောင်းမှုတစ်ခုကို ပြုလုပ်ရန် ရည်ရွယ်ပြီး မလုပ်ခဲ့လျှင်

၎င်းကို အလ္လာဟ်အရှင်မြတ်သည် မိမိထံတွင် ပြည့်စုံသည့် ကောင်းမှုတစ်ခုအဖြစ် ရေးမှတ်တော်မူသည်။ အကယ်၍ ထိုသူသည် ၎င်းကိုပြုလုပ်ရန် ရည်ရွယ်ပြီးနောက် လက်တွေ့ပြုလုပ်ခဲ့လျှင် ၎င်းကို သူ့အတွက် အလ္လာဟ်အရှင်မြတ်သည် မကောင်းမှုတစ်ခုအဖြစ်သာ ရေးမှတ်တော်မူမည်။..........159

-အကြင်သူသည် အစ္စလာမ်သာသနာတော်၌ (စွဲမြဲစွာ တည်ရှိပြီး)ကောင်းမွန်စွာ လိုက်နာကျင့်သုံးခဲ့လျှင် အမိုက်ခေတ်တွင် ထိုသူ ပြုလုပ်ခဲ့သော ပြစ်မှုများအတွက် အရေးယူခြင်းခံရမည်မဟုတ်ပေ။ အကြင်သူသည် အစ္စလာမ်ကိုလက်ခံပြီး(ဘာသာပျက်ကာ) မကောင်းမှုကျူးလွန်ခဲ့လျှင် ထိုသူ အစ္စလာမ်လက်မခံမီနှင့် အစ္စလာမ်လက်ခံပြီးနောက် ကျူးလွန်သမျှ အပြစ်တို့ကို အရေးယူခြင်းခံရမည်။..........162

အသင်အလျှင်ကပြုခဲ့သည့် ကောင်းမှုများဖြင့် သင်အစ္စလာမ်သာသနာဝင် ဖြစ်လာခြင်းဖြစ်သည်။..........165

ကေန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူ၏ မည်သည့်ကုသိုလ်ကောင်းမှုကိုမျှ မတရားပြုတော်မူမည်မဟုတ်ပေ။ ၎င်းသည် ထိုကောင်းမှုကြောင့် လောက၌ ကောင်းကျိုးချီးမြှင့်ခြင်းခံရပြီး နောင်တမလွန် အာခိရသ်တွင်လည်း အစားပြန်လည်ရရှိမည်ဖြစ်သည်။..........166

ကျွန်တစ်ဦးသည် အပြစ်အကုသိုလ်တစ်ခုကို ကျူးလွန်ခဲ့ပြီးနောက် ၎င်းက အို - အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏ အပြစ်ကို ခွင့်လွှတ်တော်မူပါဟု တောင်းခံခဲ့သည်။..........168

ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော မဂ်လာအပေါင်းနှင့် ပြည့်စုံတော်မူသော ကြီးကျယ်မြင့်မြတ်တော်မူသော အရှင်မြတ်သည်

ည၏နောက် ဆုံး သုံးပုံတစ်ပုံအချိန်တွင် မိုးကောင်းကင်အောက်ဆုံးထပ်သို့
ညစဉ် ဆင်းသက်တော်မူပြီး မိန့်ကြားတော်မူသည်မှာ - .................................... 174
ကေန်အမှန်ပင် ဟလာလ်(တရားတော်က ခွင့်ပြုထားသည့်အရာ)သည်
ထင်ရှားပြီး၊ ဟရာမ်(တရားတော်က တားမြစ်ထားသည့်) အရာသည်လည်း
ထင်ရှားသည်။ ........................................................................................ 176
အို - ကောင်လေး ငါကိုယ်တော် သင့်အား အချို့သောစကားရပ်များကို
သင်ကြားပေးတော်မူမည်။ သင်အလ္လာဟ်အရှင်မြတ်၏
အမိန့်တော်များကို(လိုက်နာပြီး) ထိန်းသိမ်းပါလေ။ အရှင်မြတ်သည် သင့်အား
ထိန်းသိမ်းစောင့်ရှောက်တော်မူမည်။
အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို(လိုက်နာပြီး) ထိန်းသိမ်းပါလေ။
အလ္လာဟ်အရှင်မြတ်သည် သင့်အရှေ့မှ ကူညီတော်မူလိမ့်မည်။
သင်တောင်းခံမည်ဆိုပါက အလ္လာဟ်အရှင်မြတ်ထံတော်တွင်သာ တောင်းခံပါ။
သင်အကူအညီတောင်းမည် ဆိုပါကလည်း
အလ္လာဟ်အရှင်မြတ်ထံတော်တွင်သာ အကူအညီတောင်းခံပါ။ ....................... 180
အကြင်သူသည် ဝုဿွူရေသန့်စင်ခြင်းအား ကောင်းမွန်
ပြည့်စုံအောင်ပြုလုပ်မည်ဆိုလျှင် သူ၏ခန္ဓာကိုယ်မှ အကုသိုလ်များ
ကင်းစင်သွားမည်ဖြစ်ပြီး လက်သည်းအောက်ရှိ အကုသိုလ်များပါ
ကင်းစင်သွားမည်ဖြစ်သည်။ ........................................................................ 184
(မစ္စဝါက်) တံပူစားခြင်းသည် ခံတွင်းကို သန့်ရှင်းစင်ကြယ်စေပြီး
အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်မှုကိုရရှိစေသည်။ ................................. 186

အသင်ဆွလာသ်အတွက် အဇာန်ဖိတ်ခေါ်သံကို ကြားပါသလားဟု မေးမြန်းတော်မူသည်။ ၎င်းက ဟုတ်ကဲ့ (ကြားပါသည်)ဟု ဖြေကြားခဲ့ရာ ကိုယ်တော်ကသင် အဖြေပေးပါဟု မိန့်ကြားတော်မူသည်။..............................188

အကယ်၍ ကြီးလေးသော အပြစ်အကုသိုလ်များကို ရှောင်ကြဉ်ပါက ဆွလာသ်ငါးကြိမ်သည်လည်းကောင်း၊ ဂျုမုအဟ်တစ်ကြိမ်မှ နောက်ဂျုမုအဟ်သည်လည်းကောင်း၊ ရမသွာန်တစ်လမှ နောက်ရမသွာန်သည်လည်းကောင်း ယင်းတို့၏ စပ်ကြား၌ရှိသော အကုသိုလ်များအား ပလပ်စေမည်ဖြစ်သည်။..................................................190

အကြင်သူသည် ဖဂျ်ရ် ဆွလာသ်ကို ဆောက်တည်ပါက ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက်မှုအောက်တွင် ရှိနေမည်ဖြစ်သည်။..............................................................................192

မည်သူမဆို အဆ္ဂ်ရ်ဆွလာသ်ကို စွန့်လွှတ်ပါက ၎င်း၏ကောင်းမှုများသည် အမှန်တကယ်ပင် အချည်းနှီးဖြစ်သွားပေမည်။ ................................................194

ဧကန်အမှန် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် စဂ်ျဒဟ် နှစ်ခုကြားတွင် " اللَّهمَّ اغْفِرْ لِي، وارْحَمْنِي، وعافِني، واهْدِنِي، وارزقْنِي" (အဓိပ္ပာယ်- အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ၊ ကရုဏာပြုတော်မူပါ၊ ငြိမ်းချမ်းမှုအဖြာဖြာ ချီးမြှင့်တော်မူပါ၊ လမ်းမှန်တရားချီးမြှင့်တော်မူပါ၊ စားနပ်ရိက္ခာချီးမြှင့်တော်မူပါ။)ကို အမြဲတောင်းခံလေ့ရှိ၏။............................196

"အလ္လာဟွမ္မ အန်သတ်စ် စလာမု ဝမင်န်ကတ်စ် စလာမု သဗာရက်သ ယာဇလ်ဂျလားလိ ဝလ်အိက်ရာမ်"ကို ရွတ်ဆိုလေ့ရှိသည်။ (အဓိပ္ပာယ် - အို အလ္လာဟ်အရှင်မြတ်၊ အသင်အရှင်မြတ်သည်

ချို့တဲ့မှုအပေါင်းမှကင်းစင်တော်မူသော အရှင်ဖြစ်တော်မူ၏။
ငြိမ်းချမ်းသာယာမှုအပေါင်းသည် အသင်အရှင်မြတ်၏ထံတော်မှ
ကျရောက်လာခြင်းသာဖြစ်၏။ အို- အနန္တတန်ခိုးတော်ရှင်၊
ကျေးဇူးပြုတော်မူသောအရှင်၊ အသင်အရှင်မြတ်သည်
မင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူပါ၏။......................198
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်
ဆွလာသ်တိုင်း၏နောက်တွင် ထိုကလိမဟ်တော်များကို ရွတ်ဆိုခဲ့သည်။........200
အသင်ရပ်၍ ဆွလာသ် ဆောက်တည်ပါ အကယ်၍ အသင် (ရပ်၍
ဆွလာသ်ဆောက်တည်ရန်)မစွမ်းနိုင်လျှင် ထိုင်၍ ဆောက်တည်ပါ။ အကယ်၍
အသင် (ထိုင်၍ ဆွလာသ်ဆောက်တည်ရန်) မစွမ်းနိုင်လျှင် လဲလျောင်း၍
ဆောက်တည်ပါ။........................................................................................205
ဆွဒကဟ် အလှူဒါနသည် ဥစ္စာပစ္စည်းကို လျှော့နည်းစေမည်မဟုတ်၊
ခွင့်လွှတ်တတ်သူအား အလ္လာဟ်အရှင်မြတ်သည် ဂုဏ်သိက္ခာ
ပို၍တိုးပွားစေတော်မူမည်။ မည်သူမဆို အလ္လာဟ်အရှင်မြတ်အတွက်
ရိုကျိုးနှိမ့်ချခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည်
ထိုသူအားမြင့်တင်ပေးတော်မူသည်။..............................................................207
အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူသည်မှာ အို - အာဒမ်၏သား
သင်သုံးစွဲလှူဒါန်းပါ၊ သင့်အပေါ် ပြန်လည် သုံးစွဲခြင်းခံရမည်။ .........................208
လူတစ်ဦးသည် အကျိုးကုသိုလ်ကို မျှော်ကိုး၍ မိမိ၏ အိမ်သူအိမ်သားများအပေါ်
သုံးစွဲမှုတစ်ခုခုပြုခဲ့လျှင် ထိုသုံးစွဲမှုသည် ၎င်းသူအတွက်
ဆွဒကဟ်အလှူဒါနပင်ဖြစ်သည်။....................................................................210

အကြွင်သူသည် အကြွေးဆပ်ရန် ခက်ခဲနေသူအား နောက်ဆိုင်းပေးထားမည် သို့မဟုတ် ကြွေးမြီတစ်စုံတစ်ရာကို လျှော့ပေးလိုက်မည်ဆိုလျှင် ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းအား မိမိပလ္လင်တော်၏ အရိပ်အောက်၌ အရိပ်ပေးတော်မူမည်။ ထိုနေ့တွင် ၎င်း၏အရိပ်မှလွဲ၍ အခြားမည်သည့် အရိပ်အာဝါသမျှ ရှိမည်မဟုတ်ပေ။......................................212

ရောင်းသည့်အခါ၊ ဝယ်သည့်အခါနှင့် မိမိ၏ ရပိုင်ခွင့်ကို တောင်းဆိုသည့်အခါ သက်ညှာထောက်ထားသူကို အလ္လာဟ်အရှင်မြတ် ကရုဏာသက်တော်မူပါစေ။ ........................................................................................................213

ပုဂ္ဂိုလ်တစ်ဦးသည် လူတို့အား အကြွေးပေးလေ့ရှိသည်။ ၎င်းက မိမိ၏ အခိုင်းအစေအား သင်သည် ကျပ်တည်းသူဆီသို့ အကြွေးသွားတောင်းလျှင် စောင့်ဆိုင်းပေးပြီး နူးညံ့စွာဆက်ဆံပါ။ အလ္လာဟ်အရှင်မြတ်ကလည်း ကျွန်ုပ်တို့ကို ခွင့်လွှတ်ရန် မျှော်လင့်ရသည်ဟု အမြဲပြောလေ့ရှိသည်။............215

လူတစ်ချို့သည် အလ္လာဟ်အရှင်မြတ်၏ပစ္စည်းများကို မမှန်မကန် သုံးစွဲကြသည်။ ထို့ကြောင့် ၎င်းတို့အတွက် ကိယာမသ်နေ့တွင် ငရဲမီးရှိသည်။ ........................................................................................................217

မည်သူမဆို အီမာန်နှင့်တကွ အကျိုးဆဝါဗ်ကို မျှော်ကိုးပြီး ရမသွာန်လ၏ (ဆွိယာမ်)ဥပုသ်ကို စောင့်ထိန်းခဲ့လျှင် ၎င်းသူ ယခင်ကကျူးလွန်မိခဲ့သော အပြစ်အကုသိုလ်များ ခွင့်လွှတ်ပေးခြင်းခံရမည် ဖြစ်သည်။ ............................219

မည်သူမဆို ကဒ်ရ်ညမြတ်တွင် အီမာန်ယုံကြည်မှုနှင့်တကွ အကျိုးဆဝါဗ်ကို မျှော်ကိုးပြီး အိဗာဒသ်ခဝပ်ကိုးကွယ်မှုပြုခဲ့လျှင် ၎င်းသူ ယခင်ကကျူးလွန်မိခဲ့သော အပြစ်အကုသိုလ်များ ခွင့်လွှတ်ပေးခြင်းခံရမည်ဖြစ်သည်။..................................................................220

“မည်သူမဆို ဟဂ်ျပြုရာတွင် ကာမဂုဏ်နှင့်သက်ဆိုင်သည့် ညစ်ညမ်းသောစကားကိုလည်း မပြောဆို၊ အပြစ်ကျူးလွန်ခြင်းလည်း မရှိခဲ့သော် ၎င်းသည် သူ၏မိခင်က သူ့အား မွေးဖွားခဲ့သည့်နေ့ကအတိုင်း(အပြစ်ကင်းစင်သူအဖြစ်) ပြန်ရောက်လာမည်။” ........ 222

ဤနေ့ရက်များ(ဇွလ်ဟဂ်ျလ၏ ပထမဆယ်ရက်)၌ ကောင်းမှုပြုလုပ်ခြင်းအား အခြားသောနေ့ရက်များတွင် ကောင်းမှုပြုလုပ်ခြင်းထက် အလ္လာဟ်အရှင်မြတ်သည် ပို၍နှစ်သက်တော်မူသည်။ ........ 224

ကေန်အမှန် အလ္လာဟ်အရှင်မြတ်သည် သင်တို့၏ ခန္ဓာကိုယ်များနှင့် ရုပ်ရည်များကို ကြည့်တော်မူမည်မဟုတ်၊ သို့သော် သင်တို့၏ နှလုံးသားများနှင့် လုပ်ရပ်များကိုသာ ကြည့်တော်မူမည်ဖြစ်သည်။ ........ 226

အသင်တို့သည် ပျက်စီးဆုံးရှုံးစေမည့် အပြစ်ခုနှစ်မျိုးမှရှောင်ကြဥ်ကြပါ။ ...... 228

ဆွေမျိုးသားချင်း အဆက်ဖြတ်သူသည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရမည်မဟုတ်ပေ။ ........ 232

မည်သူမဆို ရိုဇ်ဇီရိက္ခာ ကျယ်ဝန်းစွာ ချီးမြှင့်ခံရရန်နှင့် ၎င်း၏သက်တမ်း ရှည်လျားမှုရရန် နှစ်သက်လိုလားလျှင် ဆွေမျိုးဆက်ပါ။ ........ 233

ဆွေမျိုးအချင်းချင်း အပြန်အလှန် တုံ့ပြန်ဆက်ဆံသူသည် စစ်မှန်ပြည့်ဝသော ဆွေမျိုးဆက်သူမဟုတ်ပေ။ စစ်မှန်ပြည့်ဝသော ဆွေမျိုးဆက်သူဟူသည် ဆွေမျိုးများက အဆက်အသွယ် ဖြတ်လိုက်သည့်အခါ ပြန်ဆက်သွယ်သူဖြစ်သည်။ ........ 235

အတင်းပြောခြင်းသည် အဘယ်အရာကို ခေါ်ဆိုကြောင်း အသင်တို့သိကြပါသလော။ သာဝကကြီးများက အလ္လာဟ်အရှင်မြတ်နှင့်

အရှင့်ရစူလ်တမန်တော်သာ အသိဆုံးဖြစ်ပါသည်ဟု ဖြေကြားခဲ့ကြသည်။
ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ အသင့်ညီနောင်နှင့်ပတ်သက်၍
၎င်းမနှစ်မြို့သောအရာကို ပြောဆိုခြင်းပင်ဖြစ်သည်။........................................237
ကုန်းချောသူသည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရမည်မဟုတ်ပေ။ ....................240
အလ္လာဟ်အရှင်မြတ် အရွံ့မုန်းဆုံးသူမှာ အလွန်ပြဿနာရှာတတ်သူပင်ဖြစ်သည်။
...............................................................................................................241
"မွတ်စ်လင်မ် နှစ်ဦးသည် ဓားကိုယ်စီဖြင့် အချင်းချင်း
ရင်ဆိုင်တိုက်ခိုက်ကြသည့်အခါ သတ်သူနှင့် အသတ်ခံရသူ (နှစ်ဦးစလုံး)
ငရဲမီးထဲသို့ ကျရောက်မည်ဖြစ်သည်။ ..............................................................242
အသင်တို့သည် ကွယ်လွန်သူများကို ဆဲဆိုမကောင်းပြောခြင်း မပြုကြလေနှင့်။
ကေန်အမှန်ပင် ၎င်းတို့သည် သူတို့ကြိုတင်ပို့ထားသည့် အရာများဆီသို့
ရောက်သွားကြပြီဖြစ်သည်။..............................................................................245
မွတ်စ်လင်မ်တစ်ဦးသည် မိမိညီနောင်အား သုံးရက်ထက်ပို၍ မခေါ်မပြောဘဲ
နေပိုင်ခွင့်မရှိပေ။ ၎င်းတို့နှစ်ဦးဆုံတွေ့သည့်အခါ တစ်ဦးနှင့်
တစ်ဦးကျောခိုင်းကြသည်။ ၎င်းတို့နှစ်ဦးအနက် အကောင်းဆုံးသူမှာ စလာမ်
စပေးသူပင်ဖြစ်သည်။ .......................................................................................247
မည်သူမဆို ငါကိုယ်တော်အတွက် မိမိ၏ပါးစောင်နှစ်ခုကြားတွင်ရှိသော
အရာ(နှုတ်လျှာ)နှင့် ခြေနှစ်ချောင်းကြားတွင်ရှိသော အရာ(အရှက်အင်္ဂါ)ကို
ထိန်းသိမ်းရန်တာဝန်ယူလျှင် ငါကိုယ်တော်သည် ထိုသူ့အတွက် ဂျန္နသ်သုခဘုံကို
တာဝန်ယူတော်မူသည်။ .....................................................................................249
ငါကိုယ်တော်၏နောက်တွင် ငါကိုယ်တော်သည် အမျိုးသားတို့အပေါ်
အမျိုးသမီးတို့ထက် ပိုပြီး အန္တရာယ်ကြီးသည့် ဖိသ်နဟ်ကို ချန်မထားခဲ့ပါ။.....251

အသင်တို့ လိုက်နာဖြည့်ဆည်းရန် အထိုက်တန်ဆုံး စည်းကမ်းချက်မှာ ကိုယ်လက်နှီးနှောခွင့် တရားဝင်စေရန်အတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်ပင်ဖြစ်သည်။ ........................................................................252

ဒွန်ယာ လောကသည် အကျိုးခံစားသည့် အရာဖြစ်ပြီး လောက၏ အကျိုးခံစားမှုများအနက် အကောင်းဆုံးမှာ ကောင်းမြတ်သော ဇနီးပင်ဖြစ်သည်။ ........................................................................254

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် (ကဇအ်) ဆံပင်တချို့ကိုရိတ်ပြီး တချို့ကိုမရိတ်ဘဲထားခြင်းကို တားမြစ်တော်မူခဲ့သည်။ ........................................................................256

ကေန်အမှန်ပင် အသင်တို့အနက် အကောင်းဆုံးသူသည် ကိုယ်ကျင့်တရား အကောင်းဆုံးသူပင်ဖြစ်သည်။ ........................................................................257

ကေန်အမှန်ပင် မုအ်မင်န် တစ်ဦးသည် ၎င်း၏ ကောင်းမြတ်သည့် ကိုယ်ကျင့်တရားကြောင့် ဆွိယာမ် ဥပုသ်စောင့်ထိန်းသူ၊ (ညတွင်ထ၍) ဆွလာသ် ဆောက်တည်သူ၏ အဆင့်အတန်းကို ရရှိသွားသည်။ ........................................259

မုအ်မင်န် သက်ဝင်ယုံကြည်သူများအနက် အီမာန် ယုံကြည်မှုအားဖြင့် အပြည့်ဝဆုံးသူမှာ ကိုယ်ကျင့်တရား အကောင်းဆုံးသူပင်ဖြစ်သည်။ သင်တို့အနက် အကောင်းဆုံးသူမှာ အသင်တို့၏ အမျိုးသမီးများအပေါ် အကောင်းဆုံးသူပင် ဖြစ်သည်။ ........................................................................261

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား ဂျန္နသ် သုခဘုံသို့ အများဆုံးဝင်ရောက်စေသည့်အရာမှာ အဘယ်အရာပါနည်းဟု လျှောက်ထားမေးမြန်းသည့်အခါ ကိုယ်တော်က (သက္ကဝါ) အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုနာခံပြီး အပြစ်အကုသိုလ်မှ

ရှောင်ကြဉ်ခြင်းနှင့် ကောင်းမြတ်သည့် ကိုယ်ကျင့်တရားဖြစ်သည်ဟု ဖြေကြားတော်မူခဲ့သည်။ ........ 262

အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် လူသားတို့အနက် အကျင့်စာရိတ္တအကောင်းဆုံးဖြစ်တော်မူသည်။ ........ 265

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကိုယ်ကျင့်တရားသည် ကုရ်အာန်ကျမ်းမြတ်ပင် ဖြစ်သည်။ ........ 267

အလ္လာဟ်အရှင်မြတ်သည် ကိစ္စရပ်တိုင်းတွင် ကောင်းမွန်စွာကျင့်မူရန် သတ်မှတ်ပြဌာန်းထားတော်မူသည်။ ........ 269

ကေန်မုချ တရားမျှတသူများသည် အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် ကြီးကျယ် မြင့်မြတ်တော်မူသော မဟာကရုဏာတော်ရှင်၏ လက်ယာဘက်တွင် နူရ်အလင်းရောင်နှင့်အတိပြီးသော ပလ္လင်များထက်ဝယ်ရှိကြလိမ့်မည်။ ........ 272

မိမိကိုယ်မိမိ ထိခိုက်နစ်နာအောင်ပြုခြင်းနှင့် အခြားသူကို ထိခိုက်နစ်နာအောင်ပြုခြင်းတို့ မပြုလုပ်ရ။ မည်သူမဆို တစ်ဦးတစ်ယောက်ကို ထိခိုက်နစ်နာအောင်ပြုခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းအား ထိခိုက်နစ်နာစေလိမ့်မည်။ မည်သူမဆို တစ်ဦးတစ်ယောက်အား ခက်ခဲဒုက္ခရောက်အောင်ပြုခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းအားခက်ခဲဒုက္ခရောက်စေလိမ့်မည်။ ........ 274

အသင်ဒေါသမထားနှင့်ဟု ........ 276

သူတစ်ပါးကို လှဲချနိုင်သူသည် အားအင်ရှိသူမဟုတ်ပေ။ အားအင်ရှိသူဆိုသည်မှာ ဒေါသထွက်သည့်အခါ မိမိစိတ်ကို ထိန်းနိုင်သူပင်ဖြစ်သည်။ ........ 278

အရှက်တရားသည် အီမာန်သက်ဝင်ယုံကြည်မှုအနက်မှဖြစ်သည်။.................280
လူတစ်ဦးသည် မိမိ၏ညီနောင်အား ချစ်ခင်ပါက
၎င်းအားချစ်ခင်ကြောင်းအသိပေးပါ။...............................................................282
ကောင်းမှုဟူသမျှသည် ဆွဒကဟ် အလှူဒါနပင်ဖြစ်သည်။ ..............................283
မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို
အီမာန်သက်ဝင်ယုံကြည်လျှင် ကောင်းသည့်စကားကိုသာ ပြောဆိုပါ၊ သို့မဟုတ်
ဆိတ်ဆိတ်နေပါ။ .........................................................................................285
သင်၏ညီနောင်အား ပြုံးရွှင်ချိုသာသော မျက်နှာဖြင့်
တွေ့ဆုံလိုက်ခြင်းပင်ဖြစ်စေ မည်သည့်ကောင်းမှုကိုမျှ
သင်အထင်မသေးလေနှင့်။ ...........................................................................287
လူသားတို့အား သနားကြင်နာမှု မရှိသူကို အလ္လာဟ်အရှင်မြတ်ကလည်း
သနားကြင်နာတော်မူမည် မဟုတ်ပေ။...............................................................289
မွတ်စ်လင်မ်တစ်ဦးသည် အခြားမွတ်စ်လင်မ် တစ်ဦးအပေါ်တွင်
ဝတ္တရားငါးခုရှိသည်။ ၎င်းတို့မှာ(၁) စလာမ်၏အဖြေပေးခြင်း (၂) လူမမာ
သတင်းမေးခြင်း (၃) ဂျနာဇဟ်လိုက်ပါ ပို့ဆောင်ခြင်း (၄) ဖိတ်ခေါ်ကျွေးမွေးမှုကို
လက်ခံခြင်း (၅) နှာချေသူကို ဆုတောင်းပေးခြင်းတို့ဖြစ်သည်။.......................290
ကောင်းကင်တမန် ဂျိဗ်ရီလ်(အလိုင်းဟိစ္စလာမ်)သည် ငါကိုယ်တော်အား
အိမ်နီးချင်းနှင့်ပတ်သက်၍ ကောင်းမွန်စွာဆက်ဆံရန် အမြဲမှာကြားတော်မူသည်။
အဘယ်မျှထိဆိုသော် အိမ်နီးချင်းအား အမွေစားအမွေခံအဖြစ်
သတ်မှတ်လိုက်မည်ဟုပင် ငါကိုယ်တော် ထင်မိခဲ့သည်။ .................................292

အကြင်သူသည် မိမိညီနောင်၏ ဂုဏ်သိက္ခာကို (၎င်းသူကွယ်ရာ၌) ကာကွယ်ပေးခဲ့လျှင် ကိယာမသ် တရားစီရင်မည့်နေ့၌ အလ္လာဟ်အရှင်မြတ်သည် ထိုသူ၏ မျက်နှာအား ဂျဟန္နမ်ငရဲမီးမှ ကာကွယ်ပေးတော်မူမည်ဖြစ်သည်။...295

မည်သည့် အရာတွင်မဆို နူးညံ့သိမ်မွေ့မှု ရှိပါက ထိုအရာကို လှပတင့်တယ်စေပြီး၊ မည်သည့် အရာတွင်မဆို နူးညံ့သိမ်မွေ့မှုကို ဖယ်ထုတ်လိုက်ပါက ထိုအရာကို ချို့ယွင်းမှု ဖြစ်စေသည်။ ..............................296

အသင်တို့သည် (လူတို့၏ အရေးကိစ္စများကို) လွယ်ကူအောင်ပြုပေးကြပါ၊ ခက်ခဲအောင် မပြုကြနှင့်။ သတင်းကောင်းပေးကြပါ၊(ကောင်းမြတ်သည့် ကိစ္စများမှ) ဝေးကွာအောင် မလုပ်ကြနှင့်။........................................................298

ကျွန်ုပ်တို့သည် ဟန်ဆောင်မှုပြုခြင်းမှ တားမြစ်ခြင်းခံရသည်။........................300

ကျွန်တစ်ဦးသည် အစားအစာ စားပြီးနောက် ထိုအပေါ် အရှင်မြတ်အား ချီးမွမ်းထောမနာပြုလျှင် သို့မဟုတ် သောက်စရာကို သောက်သုံးပြီးနောက် ထိုအပေါ် အရှင်မြတ်အား ချီးမွမ်းထောမနာပြုလျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းအားအမှန်တကယ်ပင် ကျေနပ်နှစ်သက်တော်မူသည်။...............................301

ကေန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် မိမိသတ်မှတ်ထားသည့် (ဝါဂျိဗ်) တာဝန်များကို လိုက်နာကျင့်သုံးခြင်းအား နှစ်သက်တော်မူသကဲ့သို့ မိမိလျော့ပေါ့ပေးထားသည့် ခြွင်းချက်များကို လိုက်နာကျင့်သုံးခြင်းအား နှစ်သက်တော်မူသည်။.............................................................................................303

အလ္လာဟ်အရှင်မြတ်သည် တစ်ဦးတစ်ယောက်အား ကောင်းစေလိုလျှင် ထိုသူ့အား စမ်းသပ်ရန် အလို့ငှာ ဘေးဒုက္ခများ သက်ရောက်စေတော်မူသည်။ .............................................................................................................304

ကျေးကျွန်တစ်ဦး နာမကျန်းဖြစ်သည့်အခါ သို့မဟုတ် ခရီးထွက်သည့်အခါတွင် ၎င်းသူ မိမိ၏ဒေသ၌ ကျန်းမာသန်စွမ်းစဉ် ကျင့်ဆောင်ခဲ့သည့်အတိုင်း အကျိုးကုသိုလ်ရေးမှတ်ခြင်းခံရမည်။ ............................................................ 306
အလ္လာဟ်အရှင်မြတ်သည် တစ်ဦးတစ်ယောက်ကို ကောင်းစေလိုပါက ထိုသူ့အား သာသနာရေးနှင့် စပ်လျဉ်း၍ နားလည်နိုင်စွမ်း ချီးမြှင့်တော်မူသည်။............... 307
အသင်တို့သည် ပညာရှင်များအပေါ် ဂုဏ်ဖော်ရန်၊ ပညာမဲ့များနှင့် ငြင်းခုံရန်၊. 310
သင်တို့အနက် ကုရ်အာန်ကျမ်းမြတ်အား သင်ယူပြီးနောက် သင်ကြားပေးသူသည် အမွန်မြတ်ဆုံးဖြစ်သည်။ ............................................... 312
ဧကန်အမှန် ၎င်းတို့သည် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံမှ အာယသ်တော်ဆယ်ပိုဒ်ကို နားထောင်ပြီးနောက် ထိုအာယသ်တော်များတွင်ပါရှိသည့် 'အိလ်မ်'အသိပညာနှင့် အမလ်ကျင့်ဆောင်မှုများကို မသင်ယူမချင်း နောက်ထပ်အာယသ်တော်ဆယ်ပိုဒ်ကို သင်ယူခြင်းမရှိခဲ့ပေ။......................... 313
မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်မှ အက္ခရာတစ်လုံးကို ရွတ်ဖတ်ခဲ့လျှင် ထိုသူသည် ကောင်းမှုတစ်ခု ရရှိမည်ဖြစ်သည်။ ကောင်းမှုတစ်ခုသည် ကောင်းမှုဆယ်ခုနှင့်ညီမျှသည်။ ..................................... 315
ကုရ်အာန်ကျမ်းကျင်သူအား ပြောမည်မှာ- ဖတ်ပါ၊ တက်ပါ၊ အသင်လောက၌ ရှိစဉ်အခါက သရ်သီလ်နှင့်ဖတ်ခဲ့သည့်အတိုင်း သရ်သီလ်နှင့်ဖတ်ပါ။အသင်၏ အဆင့်အတန်းသည် သင်နောက်ဆုံး ဖတ်ရွတ်လိုက်သည့် အာယသ်တော်နှင့်အညီ ရှိနေမည်ဖြစ်သည်။ .................................................... 317
အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မိမိ၏ မိသားစုထံပြန်ရောက်သောအခါ ဝဖြိုးပြီးဇီးရှိသော

ကုလားအုတ်မသုံးကောင်တွေ့ရှိခြင်းအား နှစ်သက်ပါသလားဟု မေးမြန်းတော်မူသည်။ ........ 319

အသင်တို့သည် ကုရ်အာန်ကျမ်းမြတ်ကို စွဲမြဲစွာ ရွတ်ဖတ်ကြပါ။ အကြင်အရှင်၏ လက်တော်တွင် မုဟမ္မဒ်၏ အသက်ဝိညာဉ်ရှိပြီး ထိုအရှင်မြတ်အား တိုင်တည်၍ပြောမည် ကြိုးပြေ၍ ထွက်ပြေးသွားသည့် ကုလားအုတ်ထက် ကုရ်အာန်ကျမ်းမြတ်သည် ပိုမိုလျင်မြန်စွာ မေ့လျော့သွားတတ်သည်။ ........ 321

အသင်တို့သည် မိမိတို့၏အိမ်များကို ကဗရ်သင်္ချိုင်းများအဖြစ် မပြုလုပ်ကြလေနှင့်။ ဧကန်မုချ ရှိုင်သွာန်သည် စူရဟ်ဗကရဟ်ရွတ်ဖတ်သော အိမ်မှထွက်ပြေးသည်။ ........ 323

အို-အဗုလ်မွန်ဇိရ် အသင့်၌ရှိသော အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်တွင် မည်သည့်အာယသ်တော်သည် အကြီးမြတ်ဆုံးဖြစ်သည်ကို အသင်သိပါသလားဟု မေးတော်မူသည်။ ကျွန်တော်က (ٱللَّهُ لَآ إِلَٰهَ إِلَّا هُوَ ٱلْحَىُّ ٱلْقَيُّومُ) (စူရဟ် ဗကရဟ်- ၂၅၅) (အာယသုလ်ကုရ်စီ) ဖြစ်သည်ဟု ဖြေကြားခဲ့သည်။ထိုအခါ ကိုယ်တော်သည်ကျွန်ုပ်၏ရင်ဘတ်ကိုပုတ်၍ မိန့်တော်မူသည်မှာ "အို-အဗုလ်မွန်ဇိရ် သင့်အတွက် အသင်၏အိလ်မ်အသိပညာသည် မင်္ဂလာရှိပါစေ။" ........ 324

မည်သူမဆို စူရဟ်ဗကရဟ်၏ နောက်ဆုံးနှစ်အာယသ်ကို ညဉ့်၌ရွတ်ဖတ်လျှင် ၎င်းသူအတွက် လုံလောက်သွားပြီဖြစ်သည်။ ........ 327

ဧကန်အမှန်ပင်(ဒုအာ) ဆုတောင်းခြင်းသည် အိဗာဒသ် ခဝပ်ကိုးကွယ်မှုပင်ဖြစ်သည်။ ........ 328

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်
အလ္လာဟ်အရှင်မြတ်အား အချိန်တိုင်း သတိရတသလျက်ရှိသည်။ ................. 331

အလ္လာဟ်အရှင်မြတ်ထံတော်၌ ဒုအာဆုမွန်တောင်းခံခြင်းထက်
ပို၍မြင့်မြတ်သောအရာဟူ၍မရှိ။ .................................................................... 333

ကေန်အမှန်ပင် အဝတ်အထည်သည် ဟောင်းနွမ်းသွားသကဲ့သို့
အသင်တို့အနက်မှ တစ်ဦးတစ်ယောက်၏(နှလုံးသား) အတွင်း၌ရှိသော
အီမာန်သည်လည်း ဟောင်းနွမ်းသွားသည်။ ထို့ကြောင့်
အသင်တို့နှလုံးသားအတွင်း၌ရှိသော အီမာန်အား သစ်လွင်လန်းဆန်းလာစေရန်
အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဒုအာတောင်းခံကြပါ။ ................................. 335

ကျွန်တစ်ဦးသည် မိမိအရှင်မြတ်နှင့် အနီးကပ်ဆုံးအချိန်မှာ စဂ်ျဒဟ်
ဦးချနေချိန်ဖြစ်သည်။ထို့ကြောင့် အသင်တို့သည် (ထိုအချိန်၌)
ဒုအာအမြောက်အမြား တောင်းခံကြပါ။ .......................................................... 337

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်
ညစဉ်ညတိုင်းအိပ်ရာဝင်သောအခါ မိမိ၏လက်ဖဝါးနှစ်ဖက်ကို
ပူးကပ်စုရုံးတော်မူပြီး ယင်းလက်ဖဝါးနှစ်ဖက်တွင် စူရဟ်အိခ်လာဆ်၊
စူရဟ်ဖလပ်က်၊ စူရဟ်နာစ်တို့ကို ဖတ်ရွတ်ကာ မန်းမှုတ်တော်မူသည်။ ........... 339

အလ္လာဟ်အရှင်မြတ် အနှစ်သက်ဆုံး စကားရပ်လေးခုရှိသည်။ ၎င်းတို့မှာ
စွဗ်ဟာနလ္လာဟ်၊ အလ်ဟမ်ဒုလိလ္လာဟ်၊ လာအိလာဟ အိလ္လလ္လာဟ်၊ အလ္လာဟု
အက္ကဗရ် ဖြစ်သည်။ ၎င်းတို့အနက် မည်သည့်စကားရပ်ဖြင့် စတင်သည်ဖြစ်စေ
သင့်အားဆိုးကျိုးဖြစ်စေမည် မဟုတ်ပေ။ ........................................................ 340

အကြင်သူသည် ဤဇိက်ရ်တော်- لَا إِلٰهَ إِلَّا اللّٰهُ وَحْدَهُ لَا شَرِيْكَ لَهُ،لَهُ
الْمُلْكُ،وَلَهُ الْحَمْدُ، وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ (တုဖက်နှိုင်းယှဉ်ခြင်းကင်း၍

တစ်ဆူတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှအပ အခြားကိုးကွယ်ထိုက်သော အရှင်ဟူ၍ အလျဉ်းမရှိပြီ။ စိုးပိုင်ခြင်းဟူသမျှသည် ထိုအရှင်မြတ်အဖို့သာ ဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်း ဟူသမျှသည် ထိုအရှင်မြတ် အဖို့သာဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကို စွမ်းဆောင် နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။) ကို ဆယ်ကြိမ်ရွတ်ဖတ်လျှင် ........................................................................................................................342

ကလိမဟ်တော် နှစ်ခုသည် နှုတ်လျှာပေါ်တွင် (ရွတ်ဆိုရာ၌) လွယ်ကူ ပေါ့ပါးပြီး (မီဇာန်) ချိန်ခွင်၌ အချိန်စီးသည်။ အနန္တကရုဏာရှင်ထံတော်၌လည်း နှစ်သက်ဖွယ်ရာဖြစ်သည်။.......................................................................345

မည်သူမဆို “سُبْحَانَ اللهِ وَبِحَمْدِهِ” ကို တစ်ရက်လျှင် အကြိမ်တစ်ရာ ရွတ်ဆိုမည်ဆိုပါက ထိုသူ၏ အပြစ်အကုသိုလ်များသည် ပင်လယ်ရေမြှုပ်ပမာများပြားခဲ့လျှင်လည်း ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည်။ 347

သန့်ရှင်းစင်ကြယ်မှုသည် အီမာန်ယုံကြည်မှု၏ တစ်ဝက်ဖြစ်သည်။ ‘အလ်ဟမ်ဒုလိလ္လာဟ်’သည် မီဇာန်ချိန်ခွင်ကို အချိန်လေး၍ ပြည့်စေမည်။‘စွဗ်ဟာနလ္လာဟ် ဝလ်ဟမ်ဒုလိလ္လာဟ်’ဇိက်ရ်တော်နှစ်ခုသည် (သို့မဟုတ် ဇိက်ရ်တော် တစ်ခုသည်) မိုးကောင်းကင်နှင့်ပထဝီမြေပြင်ကြားကိုပြည့်စေသည်။ ..................................348

“စွဗ်ဟာနလ္လာဟ် ဝလ်ဟမ်ဒုလိလ္လာဟ် ဝလာအိလာဟ အိလ္လလ္လာဟ် ဝလ္လာဟုအက္ကဗရ်” (အဓိပ္ပာယ်- အလ္လာဟ်အရှင်မြတ်သည် ချွတ်ယွင်းမှုအပေါင်းမှကင်းစင်တော်မူသည်။ ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာဖြစ်ပြီး အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသောအရှင်ဟူ၍ အလျှင်းမရှိ။ အလ္လာဟ်အရှင်မြတ်သည် အကြီးကျယ်ဆုံးဖြစ်တော်မူသည်။) ဟု

မြွက်ဆိုရခြင်းကို ငါကိုယ်တော်သည် နေထွက်ပေါ်သည့် အရာဟူသမျှထက် (လောကရှိအရာခပ်သိမ်းထက်)ပို၍ နှစ်သက်တော်မူသည်။............................354

အမွန်မြတ်ဆုံး ဇိက်ရ်တော်မှာ 'လာအိလာဟ အိလ္လလ္လာဟ်' ဖြစ်ပြီး အမွန်မြတ်ဆုံး ဒုအာဆုမွန်မှာ 'အလ်ဟမ်ဒု လိလ္လာဟ်' ဖြစ်သည်။...................356

မည်သူမဆို နေရာတစ်ခု၌ စခန်းချသည့်အခါ "**أَعُوْذُ بِكَلِمَاتِ اللهِ التَّامَّاتِ مِنْ شَرِّ مَا خَلَقَ**" (အလ္လာဟ်အရှင်မြတ်၏ ပြည့်စုံတော်မူသော ကလိမဟ်တော်များအားဖြင့် (အလ္လာဟ်အရှင်မြတ်) ဖန်ဆင်းထားတော်မူသော အဖန်ဆင်းခံ ခပ်သိမ်းတို့၏ ဘေးအန္တရာယ်မှ အရှင်မြတ်ထံ ကျွန်တော်မျိုး ခိုလှုံခွင့် တောင်းခံပါ၏။) ကိုရွတ်ဆိုပါက ၎င်းသူထိုနေရာမှ မထွက်ခွါသေးသ၍ မည်သည့်အရာကမျှ သူ့အား ဆိုးကျိုးတစ်စုံတစ်ရာ ပေးနိုင်မည်မဟုတ်ပေ။ .357



တမန်တော်မြတ် (ﷺ)၏ ဟဒီးဆ်တော်များသည် ရှရီအသ်တရားတော်ဆိုင်ရာ အရင်းအမြစ်များအနက် ဒုတိယမြောက်အရင်းအမြစ်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ- (၎င်း (တမန်တော် မုဟမ္မဒ်)သည် (မိမိ)စိတ်အလိုဆန္ဒအတိုင်း စကားပြောသည် မဟုတ်ပေ။ ထိုပြောဆိုမှုသည် (အလ္လာဟ်အရှင်မြတ် အထံတော်မှ) ထုတ်ပြန်ခြင်းခံရသော ထုတ်ပြန်ချက်သာ ဖြစ်သည်။) (စူရဟ် နဂ်ျမ် : အာယသ် ၃ - ၄)

ဟဒီးဆ်စွယ်စုံကျမ်းမှ ကောက်နုတ်ထားသော ဩဝါဒတော်များတွင် မွတ်စ်လင်မ်တစ်ဦး၏ သာသနာရေးနှင့် လောကီရေး အတွက် လိုအပ်သော အနှစ်ချုပ်ဟဒီးဆ်တော်များနှင့် ထိုဟဒီးဆ်တော်များ၏ အတိုချုပ်ရှင်းလင်းချက်၊ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ ပါဝင်ပြီး ကမ္ဘာပေါ်ရှိ ရှင်သန်အသုံးပြုနေသော ဘာသာစကားများဖြင့် ဘာသာပြန်ဆိုထားသည်။ သို့မှသာ ယင်းဟဒီးတော်များတွင်ပါဝင်သည့် အကြောင်းအရာကို လူအများ အကျိုးခံစားနိုင်မည်ဖြစ်ပြီး တမန်တော်မြတ် (ﷺ)၏စွန္နဟ်ကို လူသားများထံသို့ သူတို့၏ မိခင်ဘာသာစကားများဖြင့် ပို့ဆောင်နိုင်မည်ဖြစ်သည်။

9 786038 524961

موسوعة الأحاديث النبوية
HadeethEnc.com